
www.burmeseclassic.com



www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

# ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး၊
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# သျှင်မ

# အစဉ်အလာတွေ ဘယ်လိုရှိရှိ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၁၄၀၅၁၂၁၀

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၄၃၅၁၂၁၀

အကြိမ် - ပထမအကြိမ်၊

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)

ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်

အမှတ်(၈၈)၊ ၅၁ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

သျှင်မ

အစဉ်အလာတွေ ဘယ်လိုရှိရှိ/ သျှင်မ၊ ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၁။

၂၇၂ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) အစဉ်အလာတွေ ဘယ်လိုရှိရှိ



## အခန်း | ၁ |

"ဟာ… မမ…"

"အထဲမှာ ခြင်း ရှိလား"

"မရှိဘူး မမ၊ ဟို…"

ပြောရခက်နေသည့် မန်နေဂျာမျက်နှာကို စိုက်ကြည့်လိုက်တာနှင့် အထဲက ဆူညံသံတချို့၏ သက်ရောက်မှုကို ပမာ သိလိုက်သည်။

"မမ မမ အထဲမှာ ခြင်း မရှိဘူး၊ ဟိုလေ…"

ပမာ ဆက်ဝင်သွားတော့ မန်နေဂျာဘေးကနေ အူယားဖားယား ကပ်ပါလာ၏။ သစ်ခွဲစက်ကြီးနှင့် ပန်းချီပန်းပုအလုပ်ရုံက တွဲလျက် ဖြစ်သည်။

သစ်ခွဲစက်နှင့် အလုပ်ရုံကို နှစ်ခုစလုံး တွဲပြီး ဦးစီးကြပ်မတ်ဖို့ တာဝန်ပေးထားခဲ့တာ ခြင်း ကိုပါ။ ဘယ်အချိန် မေးကြည့်ကြည့်၊ လာကြည့်ကြည့် ခြင်း ရှိမနေတာ သူမရင်ထဲမှာ မန်တိုင်းမွှေနေ၏။

"မင်းတို့က မောက်မာလှချေလားကွ…၊ အလုပ်သမားတစ်ယောက် ထိခိုက်မှုကျင်မှုဖြစ်ရင် မင်းတို့တာဝန် မဟုတ်ဘူးလား၊ ကျန်းမာရေး ဆိုတာကရော စားပြီးသားပန်းကန်ထားသလို ခုဆေး၊ ခုပြောင်သွား တတ်လား"

"နေပါဦး ဘယ်သူ ဘာဖြစ်လို့လဲ"

"ဟာ… မမကြီး…"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲမှာ အကျအနထိုင်ပြီး ခေါင်းတခါခါဖြစ်နေသည့် စာရေးက နေရာမှ ပျာပျာသလဲ ထရပ်လိုက်၏။ အခြေအနေက ဘာလဲ၊ ခဏ အတွင်းမှာ တိခနဲ တိတ်ကျသွားလေသည်။

ပမာ က ဒီသစ်စက်မှာ ထိုင်သည့် သူဌေးတော့ မဟုတ်ပေမယ့် ခြင်း နှင့်ပတ်သက်နေသော အကြီးအကဲတစ်ယောက်အဖြစ် အားလုံးက သိထားကြသည်။

မောင်နှမ သို့မဟုတ် တစ်ခုခု ထိရောက်စွာ ပတ်သက်နေသည့် မြပမာ..။ သူမက ခြင်း ကို ပြောရေးဆိုခွင့်ရှိသည့် ပျတ်ဆတ်ဆတ် အနေတည်သော ခြင်း သည် မြပမာ ကိုတော့ နာခံမှုရှိတတ်တာ အားလုံး အသိ..။

ဒါပေမယ့်..။

ဒါပေမယ့်ဆိုသည့် တစ်နေရာရာမှာ စကားအသွားအလာတွေ ခလုတ်တိုက်မိကြရင်တော့ ထိုနှစ်ယောက်သည်..။

"ဒီလိုပါ မမ၊ မနေ့က ပန်းပုရုံဘက်မှာ ရုပါဂလူးထိပြီး အလုပ်သမားတစ်ယောက် ဆေးခန်းရောက်သွားတယ်"

"ဘယ်လို..၊ ရုပါဂလူးထိပြီး ဆေးခန်းရောက်တယ် ဟုတ်လား"

အလုပ်သမားတချို့ပါ အနားရောက်လာသဖြင့် ပမာ့ ဘေးမှာ လူတွေ ဝိုင်းသွား၏။

"ရုပါဂလူးထိတာ ဆေးခန်းမရောက်နိုင်ဘူးလို့ သူဌေးက ပြောချင်တာလား"

အရေးဆိုနေသည့် အသက်သုံးဆယ်ကျော်ခန့်လူက ပမာ့ ကို မျက်မှောင်ကြုတ်၍ မရဲတရဲကြည့်ကာ...

"ပန်းပုသမားတွေဆိုတာ ရုပါဂလူးဆောင်ရတာပဲ၊ ကျွန်တော်တို့.."

"တော်တော့..."





ပမာ က အမိန့်ဆန်သည့်လေသံနှင့် ပိတ်ပစ်လိုက်သဖြင့် ထိုလူ အသံ တိတ်သွား၏။

"မင်းကို ငါမေးတာ မဟုတ်ဘူး"

ရူးရူးရဲရဲကြည့်ပြီး တစ်လုံးချင်း ပြောသည်။ ထိုသူ ပြုံးတိပြုံးကြောင် ပါးစပ်ပိတ်သွားမှ...

"ရုပါဂလူးက ဘယ်လိုထိတာလဲ"

စာရေး မြင့်ဦး က စားပွဲရှေ့ကို ကပျာကယာ ထွက်လာကာ...

"ရုပ်တုရဲ့ လက်သန်းလေးတစ်ဖက် ပဲ့သွားတယ်.."

"တစ်ချောင်းလုံးမှ မဟုတ်တာ၊ အဖျားလေး နည်းနည်းပဲ ပဲ့တာ"

အရေးဆိုသူက နောက်ကျကျန်ခဲ့မှာစိုးသည့်လေသံနှင့် ဝင်ပါလာ ပြန်သည်။

"ဒီလောက် အပျက်အစီးလေးဖြစ်တိုင်း တစ်ခုလုံး အစားပြန်ထိုး နေရင် ဒီအလုပ် လုပ်မစားတော့ဘူး"

"မစားတော့ရင်လဲ နေ..၊ မင်းပါးစပ်ကို ပိတ်ပြီး တော်ရုံသွားထိုင် နေလိုက်၊ ရုပါဂလူး ဘယ်လိုထိသလဲဆိုတဲ့ကဏ္ဍကို မရောက်သေးဘူး၊ လူလို နားမလည်ဘူးလား"

"နားလည်ပါတယ်၊ ဒါပေမယ့် ပြဿနာဖြစ်လာရင် နှစ်ဖက်စလုံး ရဲ့စကားကိုတော့ သူဌေး နားထောင်သင့်တာပေါ့"

"နှစ်ဖက်စလုံးကို မေးရအောင် ငါက စခန်းမှူး မဟုတ်ဘူး၊ မင်းတို့ကလဲ အိုးပုတ်လုပြီး ရန်သတ်နေကြတာ မဟုတ်ဘူး၊ ဖြစ်တဲ့ အကျိုးအကြောင်းကို သိဖို့လိုတယ်၊ ပြီးရင် တရားတဲ့အတိုင်း ဖြစ်ရမယ် နားလည်တယ်နော်.."

ထိုလူ ပါးစပ်ပြင်နေရင်း အသံတိတ်သွား၏။

"ဒီတစ်ခါ မင်း ဝင်ပါရင် ငါ့အဆိုးမဆိုနဲ့.."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ မမ…၊ အဲဒီအပဲ့ကို ပြန်ကပ်ဖို့ စူပါဂလူးညှစ်လိုက်တာ မျက်လုံးကို ဝင်သွားတယ်"

ပမာ မျက်နှာပျက်သွား၏။

"အခြေအနေကရော…"

"မျက်လုံးကိုတော့ မထိပါဘူး၊ ဒါပေမယ့် မျက်ခမ်းစပ်တွေ နည်းနည်း ပွန်းရှသွားတယ်"

"ဘယ်ကလာ နည်းရမှာလဲ၊ ညာဘက်မျက်လုံးတစ်ခုလုံး စုတ်ပြတ်သွားတာပါ၊ သူဌေးက ငွေနည်းနည်းလေးပဲ ချပေးတယ်၊ ကျွန်တော်တို့မှာ အခု ဆေးဆက်ကုဖို့ ဘာမှမရှိတော့ဘူး"

ထိုလူ ဝင်ပြောပေမယ့် ပမာ မျက်လုံးတစ်ချက်ပဲ ဝေ့ကြည့်ပြီး စာရေးကိုပဲ မေးသည်။

"ခြင်း က ဘယ်လောက်ပေးထားသလဲ"

"မနေ့က ဖြစ်ဖြစ်ချင်း ဆေးခန်းဖိုး ပေးတယ်၊ ကျွန်တော်ပါပါတယ်၊ အဲဒါပြန်ကြတော့ သုံးသောင်းပေးလိုက်တယ်"

"ကျွန်တော်တို့က ငွေလိုချင်တာ မဟုတ်ဘူး၊ ရောဂါကုပေးရမယ့် အာဝန်ရှိတဲ့အတိုင်း ပြီးဆုံးတဲ့အထိ တာဝန်ယူရမှာပေါ့"

ပမာ ထိုသူ့ကို ရင်ဆိုင် လှည့်၍တည့်တည့်ကြည့်သည်။

"မင်းက ဒီက အလုပ်သမားလား"

ထိုသူ မျက်နှာတစ်ချက်ပျက်သွားပြီး ခေါင်းခါ၏။

"ကျွန်တော့်အစ်ကိုကြီးက အလုပ်သမားပါ၊ ဒါပေမယ့်…"

"ရပြီ…၊ အခု တစ်ပြားမှမပေးနိုင်ဘူး၊ ဘာကတိမှလဲ မရဘူး၊ မင်း အခုပြန်ပြီး ဆေးခန်းက စာရွက်စာတမ်းတွေ အားလုံးအစုံ ယူခဲ့၊ လူနာကိုပါ ခေါ်လာ…"

"လူနာက မျက်စိထိထားလို့ အပြင်ကို သိပ်ထွက်လို့ ရဘူး"





"ဆေးခန်းတော့ သွားနိုင်တယ်မို့လား၊ မင်းတို့ လိုချင်ရင်လာပေါ့"

"မသိလို့ မေးပါရစေ၊ သူဌေးက ဒီစက်ရုံသူဌေးနဲ့ ပတ်သက်နေလို့လား"

ပမာ့ မျက်နှာ တင်းခနဲဖြစ်သွား၏။

"မဆိုင်တာ မမေးနဲ့၊ အခု မင်းတို့ကိစ္စကို ငါ ရှင်းပေးမှာ၊ ခြင်းနဲ့ရှင်းဖို့မလိုဘူး၊ ရောဂါဖြစ်တာနဲ့ ဆေးဖိုးဝါးခချပေးရအောင် ဒါ လမ်းဘေးမှာ အက်ဆီးဒင့်ဖြစ်တာ မဟုတ်ဘူး၊ ကိုယ့်စက်ရုံက အလုပ်သမား ရောဂါမှတ်တမ်းမှာ ပြတဲ့အတိုင်း အဖြေထုတ်မယ်၊ ဒီဝန်းဒီခြံထဲမှာဖြစ်တဲ့ကိစ္စ တကယ် အရေးပါတာမှန်ရင် တစ်သက်လုံးဖြစ်ဖြစ် တာဝန်ယူသွားလို့ရတယ်၊ အရေးမပါဘဲ ချုံ့ဖို့ချဲ့ဖို့ ကြိုးစားတာဆိုရင် မိတ္တူတွေက တရားမဝင်ဘူး"

"ဒီမှာ သူဌေး…"

"ဟိတ်လူ တော်ပြီ…၊ ခင်ဗျားကို ပြောထားတာ စကားကုန်ပြီမို့လား၊ ပြန်တော့ဗျာ"

အရေးအခင်းကို ပြန်လှည့်မကြည့်တော့ဘဲ စာရေးမြင့်ဦး ကို မှာစရာရှိတာမှာခဲ့ပြီး ပမာ ပြန်ထွက်လာခဲ့၏။ မန်နေဂျာနှင့် စာရင်းကိုင် နှစ်ယောက်ကလည်း အထွက်ကျမှ ရေးကြီးသုတ်ပျာတွေဖြစ်လျက် နောက်က ပါလာကြ၏။

"ခြင်း က ဘယ်သွားနေတာလဲ ကိုပိုက်"

"ဂစ်တာနဲ့ရောက်လာတဲ့ကောင်တွေနောက် ပါသွားတာပဲ မမရာ၊ ဒီညနေ သစ်ကိုယ်စားလှယ်တွေနဲ့ ချိန်းထားတာ ရှိတယ်၊ အဲဒါ သူ့ကိစ္စဖြစ်တာကို…"

"ခုကိစ္စရော…၊ ဒီလို လက်လွှတ်စပယ်နေလို့ရသလား၊ ကိစ္စတစ်ခုကို ပြတ်အောင်ရှင်းရမယ်ဆိုတာတော့ နားလည်ရမှာပေါ့၊ အလုပ်သမား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ လူများစု…"

"ဒီကိစ္စမှာတော့ ကိုခြင်း မမှားဘူး၊ မျက်ခမ်းစပ်ကို ထိသွားတာလေ၊ မျက်တောင်တွေပါကုန်တဲ့အတွက် ဒီလိုဆိုးသွားတာ၊ ဆရာဝန်ကလဲ သိပ်အရေးမကြီးဘူးလို့ ပြောလိုက်တာပဲ၊ ဒဏ်ရာကို ရောဂါပိုးမဝင်အောင် ဂရုစိုက်ဖို့ပဲ မှာတာ၊ သူတို့ကိုက ခြေကျိုးလက်ကျိုးဖြစ်သွားတဲ့လူလို့ နှင့်အောင် လိုချင်တာ"

"စုပါလူးက ဒီလို အန္တရာယ်ရှိမှန်းသိရက်နဲ့ ဂရုစိုက်ရမှာပေါ့၊ ဒီအတွက် စည်းကမ်းတစ်ခု သပ်သပ်ထုတ်ထားရမှာ…"

ဘာလုပ်လုပ် တိကျသည်၊ လာဘ်မြင်သည့်ဟု နာမည်ကြီးသည့် ပမာ ကို ကိုပိုက် က သေချာကြည့်သည်။

သူတို့အမြင်မှာတော့ ပမာ က လုပ်ငန်းကြီးတွေကို ဦးစီးနိုင်ကာ ခြင်း ကတော့ ဒီအလုပ်မှာပဲ ထိုင်သည်။ မောင်နှမလို့ ထင်ထားရပေမယ့် ဘာမှမတော်စပ်ကြဘဲ ပိုင်ဆိုင်မှုတွေကိုတော့ ခွဲခြားထား၏။

ဘယ်လိုပတ်သက်သလဲ အတိအကျကိုတော့ သူတို့ မသိပေ။ နောက်တစ်ခုက မြပမာ ဆိုသည့်မိန်းမက ခပ်ပျော့ပျော့ထဲက မဟုတ်သည့်အတိုင်း ခြင်း ကလည်း တစ်ချက်မှ နူးညံ့လိုက်လျောခဲ့တာ မရှိ…။

မတည့်အတူနေဆိုတာမျိုးလောက် မပြင်းထန်သော်လည်း ရန်ဖြစ်နေကြတာပဲ များသည်ထင်၏။

"ကိုပိုက်.."

"ဗျာ…"

"ခြင်း လာရင် ပြောလိုက်..၊ အဲဒီကိစ္စ တို့ လွှဲယူသွားတယ်လို့၊ ဦးတော့ ဒီနေ့ စောစောအိမ်ပြန်ဖို့ပါ ပြောလိုက်.."

"ဟုတ်ကဲ့ မမ"

တားထွက်သွားတဲ့အထိ လိုက်ကြည့်နေသည့် သူ့အားကို စာရေး





ရောက်လာကာ…

"ဒေါ်မြပမာ က တော်တော်လှတယ်နော်"

"ဘာ ဒေါ်မြပမာ လဲ မင်းက..၊ ခုမှ အသက်သုံးဆယ်တောင် မပြည့်သေးတဲ့ဟာ…"

"ဟုတ်ပါတယ်၊ ဒါပေမယ့် လူသာငယ်ပြီး ဂုဏ်ရှိန်ထည်ဝါတယ်လေ၊ ကိုခြင်း ထက် ငါးနှစ်ပဲကြီးတဲ့ဥစ္စာ၊ အသက် တော်တော်ကွာသလို ထင်ရတယ်၊ ခုနကများ ဟိုပုဂ္ဂိုလ်ကို ဖိဟောက်ပစ်လိုက်တာ မျက်လုံးတွေက မီးတောက်သွားသလိုပဲ၊ အသံကလဲ ဘယ်လောက် အာဏာစက်ပြင်းသလဲ မပြောနဲ့၊ ဟိုလူ တွန့်ခနဲတောင် ဖြစ်သွားတယ်"

ကိုပိုက် က စက်ရုံထဲ ပြန်လှည့်ဝင်လာပြီး…

"မင်းက အဲဒါကိုပဲ မြင်တာလား၊ ကိုခြင်း က လူငယ်ဆန်ပြီး မြပမာ က ထည်ဝါနေတာကိုက စိတ်ဓာတ်အရည်အချင်း မတူတာလေ၊ လုပ်ငန်းကြီးတွေ နှစ်ခု၊ သုံးခုကို သူတစ်ယောက်တည်း ဦးစီးလုပ်ကိုင်နေတာ ကြည့်ပါလား၊ ကိုခြင်း ကျတော့ ကိစ္စတစ်ခုကို ဇောက်ချလုပ်တတ်တာ ကောင်းပေမယ့် ခုခေတ်မှာ ဒီလိုအမြင်နဲ့ တိုးမပေါက်နိုင်တော့ဘူး"

ကွယ်ရာမှာမို့ မြပမာ လို့ ခေါ်ပေမယ့် ရှေ့မှာတော့ အသက်ငယ်တာကြီးတာတွေ ထားပြီး အလုပ်ရှင်လိုပဲ ရိုသေလေးစားကာ 'မမ'လို့ အများနည်းတူ ခေါ်ရပါသည်။

တကယ်တော့ မန်နေဂျာကအစ စာရေးတွေအထိ မြပမာ ထက် နှစ်နှစ်၊ သုံးနှစ်တော့ ကြီးကြတာ သေချာသည်။

"ဆရာပိုက်.."

"ဘာတုံး.."

"မမနဲ့ ကိုခြင်း မောင်နှမတွေ မဟုတ်ကြဘူးဆိုတော့ တစ်နေ့နေ့ ညားကြမယ်လို့များ မထင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်နှမတွေမဟုတ်တိုင်း ညားစရာလားကွ၊ မြပမာ က တည်တံ့တယ်၊ ကိုခြင်း က လူငယ်ပီပီ လွတ်လွတ်လပ်လပ်၊ တစ်ခါတလေ ပွတ်ဆတ်ဆတ်နဲ့.."

"ကျွန်တော်ကတော့ ဖြစ်စေချင်တယ်"

"ဘာဖြစ်လို့လဲ"

"ကိုခြင်း ကို စိုးရိမ်လို့ပါ၊ ကိုခြင်း ပုံစံက မမနဲ့ လက်ထပ်မှကို ဖြစ်မှာ..."

ဘာကို ရည်ရွယ်ပြီးပြောမှန်းတော့ မသိ။ ကိုပိုက်ကလည်း ခေါင်းညိတ်၏။

ဒီနေရာမှာ သတိတော့ ရသေးသည်။ ကာယကံရှင်တွေ ဘာမှ မသိဘဲ ဝေဖန်နေကြတာဆိုတော့ 'ဘေးကြည့်ကသာ' ဆိုတာမျိုး..။





## အခန်း [၂]

"ငါ့မိဘတွေမရှိတော့ပေမယ့် မင်းမိဘတွေ ရှိသေးတယ် ခြင်း၊ သားသမီးမြေးမြစ်တွေရတဲ့အထိ ငါ့သားကြီး နေထိုင်ကောင်းရဲ့လားလို့ လည်ပင်းရှည်နေတတ်တဲ့ ငါတို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ မေတ္တာတရား အစဉ်အလာထဲမှာ အိမ်ထောင်မကျသေးတဲ့ ယောက်ျား၊ မိန်းမ ဘယ်အသက်အရွယ်ဖြစ်ဖြစ် လူကြီးမိဘ အုပ်ထိန်းသူကို ဂရုမစိုက်လို့ မရဘူး"

"လူကြီးသူမလေသံနဲ့ဗျာ..၊ မမ ဒီဘက်ကူးလာတာ မေမေနဲ့ တွေ့ဖို့လား၊ ကျွန်တော့်ကို ဒါတွေပြောဖို့လား.."

"မင်းအမေရှေ့မှာပဲ မင်းကို ပြောစရာရှိတာ ပြောမလို့.."

"ကျွတ်!..."

ခြင်း မျက်နှာရှုံ့မဲ့နေရုံမကဘဲ ဆံပင်ကို သပ်ချသည့်လက်က ရှေ့နောက် ခါထွက်နေတာ မပြီးနိုင်။ ပမာ က မထိုင်ပါ။ ခြင်း ထိုင်နေသည့်ဘေးမှာ လက်ပိုက်လေးရပ်လျက် ခြင်း လှုပ်ရှားပြုမူနေသမျှကို စူးစိုက်ကြည့်နေ၏။

"သမီးနဲ့ ဘာဖြစ်နေပြန်ပြီလဲ သား"

"ဖိုမှာ မေးနေပြီလေ..၊ ပြောလိုက်..."

ခြင်း က ဒေါ်ခင်ယု မေးတာကိုမဖြေဘဲ ပမာ့ ကို မပ်ချဉ်ချဉ် မျက်နှာနှင့်ကြည့်ပြီး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible]တော့ နေရာမှထရပ်ပြီး ထွက်သွားဖို့ ခြေလှမ်းပြင်၏။

"ပြောမှာ...၊ မင်း ပြန်ထိုင်.."

"ဘာလို့ ထိုင်ရမှာလဲ၊ ထိုင်ထခိုင်းတိုင်း နာခံရအောင် ကျွန်တော်က ကျောင်းသားလား"

"ကျောင်းသား ဟုတ်ဟုတ်၊မဟုတ်ဟုတ် အတတ်ပညာ၊ အသိပညာတစ်ခုခုကို သင်ယူနေချိန်မှာ ဘယ်အသက်အရွယ်ဖြစ်နေနေ တပည့်က တပည့်ကျင့်ဝတ်အတိုင်း နေရတာပဲ၊ မင်းက ဘွဲ့တစ်ခုရပြီးတာနဲ့ နာခံတတ်တဲ့အကျင့်ကိုပါ ထားခဲ့လိုက်တာလား"

ခြင်း မျက်နှာတင်းသွားသည်။ မျက်နှာချမ်းဆိုင်ဖြစ်သွားသည့် ပမာ ကို စိုက်ကြည့်လိုက်ပြီးမှ...

"ဟုတ်တယ်"

"သား နေစမ်း...၊ ဘာတွေပြောနေတာလဲ"

ဒေါ်ခင်ယု က သားဖြစ်သူကို တွန်းဖယ်ကာ ပမာ နှင့်သားကြားမှာ ဝင်ရပ်လိုက်၏။

တိုက်နှစ်လုံးတွဲက ခြံကြီးထဲမှာ တွဲလျက်သားရှိနေသည်။ ပုံစံကွဲပေမယ့် တိုက်နှစ်လုံး၏ အနိမ့်အမြင့် အရွယ်အစားက အပြိုင်ပဲဖြစ်၏။ ခြံတံတိုင်းမှာ အေ,ဘီ မကွဲဘဲ တိုက်ကျမှ အေ,ဘီ ကွဲနေသည်။

ခေါင်းရင်းက အေမှာ ပမာ က တစ်ကိုယ်တည်းနေလျက် ခြေရင်းတိုက်မှာတော့ ဦးအောင်ခြင်း၊ ဒေါ်ခင်ယု တို့သည် တစ်ဦးတည်းသောသား လွတ်လပ်ခြင်း နှင့် နေထိုင်ကြ၏။

ဒီလူနှစ်ဦး၏ နှစ်လုံးတွဲတိုက်မှာ အတူနေကြပေမယ့် ဘာမှ သွေးသားမတော်စပ်ကြပါ။ ဘယ်လိုပတ်သက်ပြီး ဘယ်လိုဆက်စပ်ခဲ့ကြတယ် ဆိုတာကတော့...

"သားရယ် မင်း စကားပြောတာ နားဝင်ဆိုးလှချေလားဟင်"





"ရောင်းသူ,ဝယ်သူ အသံတူရတယ်"

ခြင်း က တစ်ခွန်းမှမခံ၊ ပမာ က အစကတည်းက စကားနည်းသလောက် ပြောပြီဆိုလည်း တစ်လုံးချင်း အေးဆေးစွာထွက်ဆိုတတ်သူမို့ တိတ်ဆိတ်နေ၏။

"သား ပြန်ထိုင်ဦး၊ စက်ရုံက ကိစ္စတစ်ခု ဘယ်လိုဖြစ်သွားသလဲ၊ ပြောပြစမ်း.."

"မေမေ သိပြီးသားပဲ မေမေရာ.."

"အခု တစ်မျိုးဖြစ်နေပြီဆို..."

"အဲဒါလဲ သိနေပြီမို့လား"

"မဟုတ်ဘူး၊ နေ့လယ်ကတည်းက မင်းဖေဖေ ဖုန်းဆက်ထားလို့ သိတာ"

သားဖြစ်သူမျက်လုံးတွေ ပမာ ဆီပဲ ရောက်နေတာကို သိသည်။ ထို့ကြောင့် ရှင်းပြရသေးသည်။ ဒီသားနှင့် ပမာ ကျမှ အသက်တူတာလည်း မဟုတ်ဘဲ ဘာဖြစ်လို့ မတည့်အတူနေ ဆိုတာလို ဖြစ်နေခဲ့မှန်းမသိ..။

"သမီးပမာ ထိုင်လေကွယ်"

"မထိုင်တော့ဘူး အန်တီ၊ စူပါဂလူးထိထားတဲ့ကိစ္စ ပြီးသွားပါပြီ၊ ဒီမှာ ဆေးမှတ်တမ်းတွေရော၊ ကရုဏာကြေးယူထားတဲ့စာချုပ်နဲ့ တခြားလိုအပ်တာတွေ ပါတယ်"

"ငါလုပ်လိုက်မှ ပြီးတယ်ဆိုတာမျိုး လာပြတာလား"

"သားရယ်..၊ မင်းက..."

ဒေါ်ခင်ယု ကိုယ့်သားပါးစပ်ကို ဘယ်လိုပိတ်ထားပေးရမှန်းလည်း မသိတော့ပါ။ ဒီကောင်လေးဟာ အရွယ်မရောက်ခင်ကတည်းက ပမာ့ကိုဆို စကားကောင်းလည်း မပြော၊ အကောင်းမြင်ဝါဒနှင့်လည်း မကြည့်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့··။

"ဆိုရေးရှိက ဆိုရတယ်၊ ပြောရေးရှိက ပြောရတယ်၊ လာပြစရာ မလိုဘူး၊ ယောက်ျားဆိုတာလဲ နေရာတကာ အကျအနကောက်ပြီး နှုတ်လှန်ထိုးတာမျိုး မလုပ်ရဘူး၊ ဒါ မလောက်လေးမလောက်စား လူငယ်တွေရဲ့အလုပ်··"

"ဘာပြောတယ်··"

"ဟော့·· ဘာပြောပြော သမီး မှန်တယ်၊ မင်း ထိုင်နေစမ်း သား၊ တကယ်ပဲ စကားက လိုရင်းကို မရောက်တော့ဘူး"

"ဒါဆိုလဲ ပြောကြပါလား၊ လူကို ဘာလို့ ဆွဲထားသေးလဲ"

"မင်း လက်ထဲမှာ ဒါတွေရှိမှ ဖြစ်မှာလေ၊ ဘာတွေ ဆက်ပြောဖို့လိုသလဲဆိုတာ အခု ငါ ဘာလုပ်ခဲ့တယ်ဆိုတာသိမှ မင်း ရှေ့ဆက်လို့ရမှာ"

ပမာ ဝင်ပြောလိုက်မှ ခြင်း ပေါက်ကွဲလို့ ကောင်းသွား၏။

"မမကို ဘယ်သူက ဝင်လုပ်ပေးပါ၊ ကူညီပေးပါ ပြောလို့လဲ၊ ကျွန်တော့်အလုပ်သမားကိစ္စ ကျွန်တော် စီရင်နိုင်တယ်"

"စီရင်နိုင်ရင် စီရင်ချက်ချလို့ရအောင် အဆုံးသတ်လေ၊ အလုပ်နဲ့ ပြဿနာကိုထားပြီး ဘယ်အဆောင်ရှေ့မှာ ဂီတာတီးဖို့ သွားနေတာလဲ၊ ကိုယ်ပိုင်စီးရီးထုတ်ဖို့ ကျင့်တာလား၊ ဂစ်တာတစ်လက်နဲ့ အချိန်ကုန်နေတာ လုပ်ငန်းကြီးတစ်ခုရဲ့ ခေါင်းဆောင်ကောင်း မဟုတ်ဘူး"

"ကျွန်တော့်ဘာသာ ကျွန်တော်ပိုင်တဲ့လုပ်ငန်းကို သွန်ပစ်ပစ်၊ ကြဲပစ်ပစ် မမ ပူစရာ မလိုပါဘူး၊ 'အခွေတော်' သစ်စက်ကြီး တစ်ခုလုံးက လွတ်လပ်ခြင်း ဆိုတဲ့ကောင်နဲ့ပဲ ဆိုင်တယ်"

"အဲဒီ သစ်စက်ကြီးတစ်ခုလုံးမှာ မင်း တစ်ယောက်တည်းရှိတာ မဟုတ်ဘူးလေ၊ ကျယ်ပြန့်ခြင်းဆိုတာ အင်အား··၊ အင်အားရှိလာတိုင်း





ခိုင်မာတာ မဟုတ်ဘူး၊ အဲဒီမှာ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အလုပ်က ခိုင်မာစွာရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ဖို့ပဲ၊ အလုပ်သမားတွေကို ငါ လခပေးထားတာပဲဆိုတဲ့ မျက်လုံးနဲ့ မကြည့်ရဘူး၊ အလုပ်သမားတိုင်း ကိုယ့်အပေါ် နာခံတတ်အောင် ကိုယ်က အရည်အချင်းရှိရတယ်၊ မင်းကြည့်ရတာ နာခံနေကြတာလား၊ မျိုသိပ်နေကြတာလား ဆိုတာလဲ သိပုံမရဘူး"

စကားပြောပြီဆို တင်စီးသလိုထင်ရပေမယ့် ပမာ့တို့က ရုတ်တရက် သူများတိုးမဝင်နိုင်အောင် ပိတ်ဆို့ပြောဆိုတာမျိုးလည်း ကျွမ်းကျင်၏။

"မင်းရဲ့အလုပ်သမားတချို့ မင်းအပေါ်မှာ မကြည်လင်ဘူး၊ အဲဒါ သိရဲ့လား ခြင်း··၊ မယုံဘူးဆိုရင် အခုပြဿနာဖြစ်တဲ့ ကျော်စွာလင်း ဆိုတဲ့လူကို ကြည့်··၊ ပြဿနာကို ပုံကြီးချဲ့ပြီး အကျယ်ကဝင့် ဖြန့်ခင်းထားတာ၊ အဲဒါကြောင့် ဒီလောက် မလိုအပ်ပေမယ့် လိုအပ်လာနိုင်အောင် သက်သေ၊ စာရွက်စာတမ်းအားလုံး မင်း သိမ်းထားဖို့ ယူလာတာ"

ပမာ က ဒေါ်ခင်ယု လက်ထဲ ရောက်ပြီးသည့်အိတ်ကို မျက်လုံးနှင့် ကြည့်ပြကာ···

"အခု ငါလဲ မခံချင်စိတ်နဲ့ ပြဿနာကို ကရုဏာ၊ မေတ္တာတွေ မထည့်ဘဲ ခပ်ပြတ်ပြတ် လက်စသတ်လိုက်တယ်၊ သူတို့က ရှေ့ဆက်မယ်၊ ရုံးတက်မယ်နဲ့ ကြိမ်းဝါးသံတွေ ထွက်နေတုန်း···"

"တောက်··၊ ဒီလိုလုပ်လို့ ရမလား"

"ဥပဒေက တက်ခေါက်သံနောက် လိုက်မှာ မဟုတ်ဘူး၊ အဲဒီ စာရွက်စာတမ်းတွေကို မင်း သိမ်းထားရင် ရပြီ"

ပမာ က ဒါပဲဆက်ပြောပြီး လှည့်ထွက်သွားသည်။ ခြင်း မျက်နှာ ဖျက်သွားတာ သွေးဆုတ်လို့မရအောင်ပင်··။



www.burmeseclassic.com

www.burmeseclassic.com



''တောက်!…''

''အို… သား…၊ ကိုယ့်ထက်ကြီးတဲ့လူရှေ့မှာ တက်ခေါက်တာ သိပ်ကိုရိုင်းတဲ့ အပြုအမူ…''

''ဟိုမှာ အိမ်ပြန်ရောက်သွားပြီ မေမေ၊ နေပါဦး… မေမေက ကျွန်တော့်ကို ဖိတယ်၊ ဖေဖေက သူ့လုပ်ငန်းတွေကို ကူညီပေးနေတယ်၊ မေမေတို့က ဘာဖြစ်တာလဲ၊ ကျွန်တော်နဲ့ မမ ဘယ်သူက အရင်း၊ ဘယ်သူက အဖျားလဲ''

''ကလေးစကားတွေ ပြောနေပြန်ပြီ သားရယ်''

ဒေါ်ခင်ယု ရှင်းပြဖို့လည်း စိတ်မရှည်တော့ပါ။ ပမာ နှင့် ကတောက်ကဆတ်တွေ ပြောမိကြတိုင်း ပမာ့ ဘက်က လိုက်တာချည်း။ မကျေမနပ် ပြောလာခဲ့တာ ခုမှမဟုတ်…။

ဒီ့ထက် ပိုဆိုးတာက မဖြေနိုင်တာတွေ မေးလာတိုင်း ဒေါ်ခင်ယု ဒုက္ခရောက်ရတာတွေ၊ ခြင်း အမြင်မှာလည်း မိဘနှစ်ပါးစလုံးကို စကားနာထိုးနေတာ မဟုတ်ပေ၊ တကာယ်ကို နားမလည်တော့တာ ဖြစ်သည်။

တစ်ခြံတည်းမှာ တိုက်နှစ်လုံးတွဲ၊ နှစ်လုံးကြားမှာ သေချာရပ်ကြည့်မှ အောက်ခြေမှာ လူတစ်ယောက်သွားတာလောက်အောင် ခြားထားသေးတာကို မြင်ရသည်။

အပေါ်ဝရန်တာက နှစ်ခုကပ်လျက်။ နောက်ဖေး ဝရန်တာ ထွက်မလား ပိုတောင် နီးကပ်နေသေးသည်။ ထို့ပြင် နောက်ဖေးအဆင်းသံလှေကားက ခြင်း တို့ဘက်မှာပဲ တပ်ထားတာမို့ ဟိုဘက်ဒီဘက် လမ်းဖောက်ထားသလိုပင်…။

ဒီလို အတူတကွ ယှဉ်အောင်တန်းနေကြပြီး ဆွေမျိုးသားချင်းတော်ကြတာလဲ မဟုတ်။ ပမာ့ မှာ မိဘတွေမရှိကြတော့လို့ ကိုယ့်မိဘကပဲ ကြည့်ရှုစောင့်ရှောက်နေရသလိုလိုနှင့် ချမ်းသာတာကျတော့ ဆီနဲ့ ရေ…။





ပမာ က နယ်မှာ စက်ရုံတွေ ရှိသည်။ နေပြည်တော်မှာဆို ဘယ်သူမှ ဘာမှမလှုပ်ရှားခင်ကတည်းက ဟိုတယ်ကြီးဆောက်ပြီး တခမ်းတနားနေရာယူထားနိုင်ခဲ့တာလည်း မြပမာ ပဲဖြစ်သည်။

သူမမှ စီးပွားရေးအမြင် ရှိသည်၊ သူမမှ စေ့စပ်သေချာသည်၊ လက်လှုပ်တိုင်း ရွှေဖြစ်နေတာ သူမ…။ မြပမာ အောင်မြင်မှုသရုပ်များနှင့် နာမည်ကျော်လာခဲ့သမျှ သူကတော့ ဘာမှမဟုတ်ခဲ့တဲ့ကောင်…။

''ကျွန်တော်တို့မှာ ဒီသစ်စက်ကလွဲရင် ဘာစီးပွားမှ မရှိတော့ဘူးလား ဖေဖေ''

''ရှိချင်ရင် တိုးတက်ပွားများလာအောင် မင်း ကြိုးစားပေါ့''

ဖေဖေ့ကို မေးလိုက်မိမှ ကိုယ်ကပဲ ပေါ့သာခိ အချောင်သမားလုံးလုံး။ တကယ့်ကို မယှဉ်သာအောင် ကွာနေတာ မတွေးဘဲ မနေနိုင်၊ မမေးဘဲလည်း မနေနိုင်ပေ…။

ပုဂ္ဂလိက ငွေစုငွေချေးဘဏ် အသေးစားလေး ဖွင့်ထားသည့် ပမာသည် အိမ်ကထွက်တော့လည်း ဖေဖေက ကားမောင်းပို့သည်။အပြန်မှာလည်း ဖေဖေကပဲ မောင်း၏။

အိမ်မှာ ကားနှစ်စီးရှိနေတာပဲ။ မေမေလည်း ကားမောင်းတတ်တာမဟုတ်ဘဲ အိမ်မှာ တစ်စီးထားခဲ့တာ ဘာလုပ်တာလဲ…။

အလုပ်တူလုပ်ရင်လည်း သူလည်းသွား၊ ကိုယ်လည်း ကိုယ့်ကားနှင့်ကိုယ်ထွက်ပါလား။ သဘာဝမကျတာတွေက အဲဒီကတည်းက စခဲ့တာ။ မေမေကတော့ မြပမာ ဆို ပြေးပဲပွေ့တော့မယ့်အတိုင်း…။

''မိန်းကလေး နုနုငယ်ငယ်လေးတစ်ယောက်တည်း သားရယ်…၊ ဆွေမျိုးမတော်ပေမယ့် မေမေက မေမွေးသမီးလေးလို ချစ်ခဲ့တာ၊ ဒရိုင်ဘာငှားနိုင်တိုင်း စိတ်ချရမတဲ့လား၊ တွေးလဲ ကြည့်ပါဦး''

လို့ ပြောပဲပြောရက်ပါပေ့ ဆိုသည့် အကြည့်တွေနှင့် ပြောမှုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီမိန်းမကလည်း အချိုးမပြေ··။

"သား···"

ဒေါသတွေဆူပွက်ကာ သူ လှည့်ထွက်လိုက်တော့ မေမေက လက်ကိုဆွဲထားကာ···

"အဲဒီတစ်ယောက်ကို သား အလုပ်ထုတ်ပစ်မှာလား၊ ဘယ်လိုဆွေးနွေးလိုက်လဲ"

"ဟိုဆရာမကြီးကိုပဲ မေးလေ··၊ သူ ဒါရိုက်တာ ဝင်လုပ်တာ၊ သူ့ဇာတ်လမ်း ဖြစ်သွားပြီ"

"ဩော် ခက်တော့တာပဲ ဒီကောင်လေး··"

ဒေါ်ခင်ယု ခေါင်းကုတ်ရင်း ကျန်ခဲ့လေသည်။





## အခန်း [၄]

"ခြောက်လက်မပတ်လည် တိုင်လုံး ခြောက်ဆယ်နော်၊ ပြီးတော့ရော···"

"ဒီမှာ အားလုံးပါတယ် ကိုခြင်း၊ ကိုခြင်း စစ်ပြီးရင် လက်မှတ်ထိုးပေးဦးနော်"

ပြီးတော့ သွားချင်ရာ ထွက်ထွက်သွားတတ်လို့ ဆိုသည့်အကြည့်ဇာ့စနဲ ရောက်လာပြီး မြင့်ဦး က မျက်လွှာချ၏။

ခြင်း က ပြုံးလိုက်ပြီး စားပွဲထိုင်တာနှင့် လက်မှတ်ထိုးပေးလိုက်သည်။

"ဒီည အောနိုက်ဆင်းဖို့ အလုပ်သမား ဘယ်လောက်လဲ၊ မန်နေဂျာတွေပါ နေရမှာ၊ နေ့နဲ့ည သေချာလူချိန်းပြီး နားနိုင်းလား"

"ဟုတ်ကဲ့ပါ"

"ညဘက်က ထိခိုက်မှုတွေ ရှိတယ်လေ၊ ငါ သေချာပြောတယ်နော်၊ ဒီတစ်ခါ မင်းကိုပါ အလုပ်ထုတ်ပစ်မှာ···"

"ဟုတ်ကဲ့ပါ ကိုခြင်း၊ လုံးဝ စိတ်ချပါ"

ဟု ပြောရင်း သူ့ လက်မှတ်ထိုးဖို့ စာရင်းစာမျက်နှာတွေကိုလည်း စုံအောင် ဆွဲလှန်သွား၏။

"မြင့်ဦး··"

"ဗျာ··၊ ကိုခြင်း"



www.burmeseclassic.com

www.burmeseclassic.com



“မင်းတို့ရှေ့မှာ ငါ့ကို ဟိုတစ်ယောက် တော်တော် အတင်းတုတ်သွားပုံရတယ်”

“ဗျာ..၊ ဘယ်တစ်ယောက်လဲ”

“မမ..”

“ဟာ... လုံးဝ မဟုတ်ဘူး၊ မဟုတ်တာ ကိုခြင်းရာ၊ မမလောက် စကားနည်း တိကျပြီး အပြောညက်တာ တကယ် ရှားပါတယ်၊ ရောက်လာစကပဲ ကိုခြင်း ကို မေးတာ..”

ခြင်း က ပြုံးလိုက်ရင်း မြင့်ဦး ကို စိုက်ကြည့်သည်။

“ဒါဆို မင်းတို့ ငါ့အတင်း တုတ်ပြီ”

“အမယ်လေး.. ဘုရားပေးပေး၊ ကျမ်းပေးပေးပါ ကိုခြင်း ရယ်..၊ ကိုခြင်း က အလုပ်ရှင်ဖြစ်ပြီး လူငယ်ဆန်ဆန် နေတတ်တယ်၊ အလုပ်သမားရယ်လို့ ခွဲခြားမဆက်ဆံဘူး၊ ကိုခြင်း လို အလုပ်ရှင်မျိုးကိုမှ ချစ်ခင်လေးစားမှုမရှိရင် ကျွန်တော်တို့ အလကားကောင်တွေ ဖြစ်ပြီပေါ့”

မြင့်ဦး ရှင်းပြပုံက တကယ့်ကို လှိုက်လှိုက်လှဲလှဲ။ သူ သိပါသည်။ ဒါပေမယ့် ဒီကိုရောက်ရောက်လာတတ်သည့် မြပမာ ကိုတော့ မကျေနပ်တာ အမှန်ပင်..။

“ဪ..၊ ဒါနဲ့ မနက်ပိုင်းက ယွန်း လာသွားတယ်ဆို၊ ကိုပိုက်က သူနဲ့ မတွေ့ဘူးတဲ့”

“ကျွန်တော်နဲ့လဲ မတွေ့လိုက်ဘူး ကိုခြင်း၊ ဦးစီးနဲ့ တွေ့သွားတယ်ထင်တယ်၊ ကျွန်တော် လွှတ်လိုက်မယ်လေ”

“အး... သွားတော့”

မြင့်ဦး ထွက်သွားပြီး ဦးစီးမလာခင် ဖုန်းဝင်လာ၏။ အလုပ်သမား ဦးစီး ဦးသစ်လွင် ရှေ့ရောက်လာတော့ ဖုန်းတစ်ဖက်ကိုင်ရင်း သူ လက်ခါပြလိုက်သည်။





ဦးသစ်လွင် ပြန်ထွက်သွားမှ...

“ယွန်း..၊ ကိုယ် ခုပဲ ရောက်တာ”

“နှစ်ရက်ရှိပြီ ခြင်း ရယ်..၊ အလုပ်က ဘယ်လောက်တောင် ရှုပ်နေလို့လဲ၊ ဖုန်းတောင် ဆက်မရဘူး”

“မအားလပ်အောင် မဟုတ်ပေမယ့် စိတ်မအား လူမအားဖြစ်နေလို့ပါ၊ အခု အားသွားပြီ၊ ဘာလုပ်မလဲ..၊ ဘယ်ကို လာရမလဲ”

“ဖေဖေ ရောက်နေတာ ခြင်း ရဲ့..”

“ဟင်!.. ဟုတ်လား..၊ မင်းကို လာခေါ်တာလား”

“အဟွန်း.. ခြင်း က စီးပွားရေးလုပ်ငန်းရှင်ပီပီ လေသံတွေပြောင်းကုန်ပြီနော်”

“ဘာဖြစ်လို့လဲ”

“ငါ့ကို မင်းတွေ၊ ကိုယ်တွေနဲ့ ပြောနေတာလေ”

“ဪ...”

သူ ဖုန်းကိုင်ရင်း ပြုံးမိသည်။ ယွန်း က သူနှင့် ဟိုးငယ်ငယ်လေးကတည်းက သူငယ်ချင်းတွေ ဖြစ်သည်။ ဒါပေမယ့် အဲဒီတုန်းကတည်းက သူက ယွန်း ထက် အသက်နှစ်နှစ် ပိုကြီးတဲ့သူ..။

နင်တွေ ငါတွေနှင့် ကြီးပြင်းခဲ့ကြတာမှန်ပေမယ့် မတွေ့ကြတဲ့ ကာလမှာ အသက်တွေအရွယ်တွေလည်း ပြောင်းလဲခဲ့တာပဲ။ ပြီးတော့ ပြန်ဆုံကြတဲ့အချိန်မှာ ခုခေတ်ပုံဒီဇိုင်းနှင့် ယွန်း က နုနုငယ်ငယ်ပုံလေး ပေါက်နေသည်မို့ ကိုယ့်ကို နင်တွေငါတွေနှင့်ပြောလာမှာကို မကြိုက်ချင်..။

“ဘာလဲ လူရှိန်အောင်လား..၊ ပြောင်းလဲသွားတာလား”

ယွန်း အသံလေး ထွက်လာပြန်သည်။ သူက ခေါင်းညိတ်လိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



“ပြောင်းလဲသင့်တာတော့ ပြောင်းလဲမှ ကောင်းသလားလို့ပါ၊ ဥပမာ ငယ်ငယ်ကတော့ သူငယ်ချင်း ကြီးပြင်းလာကြတော့ ချစ်သူတွေ ဖြစ်သွားကြတာမျိုး..”

“အပွန်း..”

ယွန်း ရယ်နေတာကို နားထောင်ရင်း သူ ပြုံးလိုက်မိသည်။

“ဟုတ်ပါပြီ..၊ ဒါလဲ ဒါလို့ မပြောသင့်တော့ဘူးဆိုတာ သိပါတယ်၊ နင်က အရပ်ကြီးက မြင့်မြင့်၊ ဖြူဖြူချောချောနဲ့၊ ပြီးတော့ ကိုယ်ပိုင်လုပ်ငန်းတွေနဲ့ဖြစ်နေတဲ့သူ၊ ငါ.. အဲ... တို့ကတော့ ခုချိန်ထိ လည်ရာပြန်စားရေးလေ၊ အိုခေ.. နောက်ကို ဆင်ခြင်မယ်၊ ယူ ကျေနပ်တယ်နော်..”

“လုပ်ပါ..၊ ကမ္ဘာကြီး ငြိမ်းချမ်းတာပေါ့”

သူ ယွန်း နှင့်ဖုန်းပြောတုန်း စားပွဲပေါ်က ဖုန်းမြည်လာပြန်သည်။ သူ ယူပြီး နားထောင်လိုက်တော့ မမဆီက...

“ယွန်း ခဏနော်..၊ ကိုယ် ဖုန်းနှစ်လုံးနဲ့ မပြောတတ်လို့၊ ပြီးရင် ပြန်ဆက်လိုက်မယ်”

ဒီဘက်ကဖုန်းထဲမှာ စောင့်နေရလို့ စိတ်မရှည်သည့် မမလေသံက ရေခဲငွေ့တွေ ထွက်နေသလား ထင်ရ၏။

“မမ ပြော...”

“မင်းနဲ့ပြောချင်လို့ မဟုတ်ဘူး ခြင်း..၊ တစ်မနက်လုံး ဖုန်းဆက်တာ မရဘူးလို့ မေးလာတဲ့သူရှိလို့..”

“ဩော်...”

ရရအောင် သူမှ စက်ရုံမှာ မရှိဘဲ..။

“လက်ကိုင်ဖုန်းက တစ်မနက်လုံးပဲ ပြောနေတာလား”

ယွန်း နှင့်စကားလက်စသတ်တာကို မမ ကြားသွားပြီ ထင်သည်။





ယွန်း နှင့်ပြောတာ ခဏပဲရှိသေးတာပါ။ မနက်က သူငယ်ချင်းတွေ နှင့် ကိစ္စအရေးကြီးလို့ ပိတ်ထားခဲ့တာလည်း ယွန်း နှင့်မဆိုင်..။

ဒါပေမယ့် မမကို သူ ဘာတစ်ခုမှ မရှင်းဖြစ်ခဲ့..။

“ ‘သီရိနှန်း’ဆောက်လုပ်ရေးက ဖုန်းပြောချင်လို့ စောင့်နေတယ်၊ ဒါပဲ...”

“ကျွန်တော်က ဘာလုပ်ရမှာလဲ”

“ဖုန်းနားမှာ မရှိမယ့်အကြောင်းတွေကို ရှောင်၊ ပါစင်နယ်လ်ဖုန်းကို ခဏ အနားပေးထားလိုက်..”

ဖုန်းကို ဒွက်ခနဲမြည်အောင် ချသွားသည်။ ဖုန်းကို ပြန်ကြည့်မိပြီး ခြင်း က ပြုံး၏။ ဒါပေမယ့် အံကြိတ်ထားသည့် နှုတ်ခမ်းသားတို့က မပွင့်ဘဲ ခပ်စေ့စေ့ မဲ့ပြုံးဖြစ်သည်။

တစ်အိမ်တည်းနေပေမယ့် လုပ်ငန်းလည်း တူတာမဟုတ်၊ မမနှင့်သူ တွဲသွားတွဲလာတွေလည်း သိပ်ရှိခဲ့တာမဟုတ်ဘဲ လူတွေက ဘာဖြစ်လို့ သူ့ကိုမတွေ့တိုင်း၊ သူနှင့် တစ်ခုခုလွဲချော်သွားတိုင်း မြပမာ ဆီကိုပဲ အကြောင်းကြားစာရောက်အောင် ပို့ကြတာလဲ..။

ဘာမှမဆိုင်တာတွေ အားလုံးသိအောင် မဆိုင်သလို ဘယ်လိုနေမလဲ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄ ]

"ဘယ်လိုနေရမှာလဲ…"

"မဆက်ဆံဘဲ နေပေါ့"

မေးခွန်းတစ်ခုမဆုံးခင် မေမေ့ဆုံးဖြတ်ချက်က မြန်မြန်ဆန်ဆန်ကြီး ထွက်ကျလာသည်။

"သားအမိ ဘာဖြစ်နေကြတာလဲ"

ရေချိုးခန်းထဲက ထွက်လာသည့် ဦးအောင်ခြင်း က သားအမိနှစ် ယောက်အခြေအနေကို အကဲခတ်၍မေး၏။ ခြင်း က စီးကရက် လက် ကြားညှပ်လျက် ထိုင်နေရာကနေ ဖအေရောက်လာတော့ နေရာရွှေ့ထိုင် လိုက်သည်။ တစ်သက်လုံးက နေခဲ့သည့်ပုံစံအတိုင်း လူကြီးမိဘတွေက မေးမြန်းမှောက်လှင့်နေပေမယ့် သူနှင့်မသက်ဆိုင်သလိုလို၊ မသိသလိုလို…။

"အစ်ကိုသားလေ…"

"ဘာဖြစ်ပြန်ပြီလဲ"

"ယွန်းယွန်း နဲ့ပြန်ဆုံနေတယ်တဲ့"

"ဘယ်သူ!…"

ဦးအောင်ခြင်း ရုတ်တရက် မှတ်မိမှာ မဟုတ်ဘူးဆိုတာ ဒေါ်ခင်ယု က သိသည်။ ထို့ကြောင့် ပါးစပ်ထဲမှာ ပြောဖို့စကားက အဆင်သင့်ရှိ နေပြီးဖြစ်တဲ့အတိုင်း…

"တင်သန္တာ ရဲ့သမီးလေ၊ နွေနေယွန်းယွန်း"





"နွေနေယွန်းယွန်း…၊ ယွန်းယွန်း… ဪ…"

သူ မျက်နှာခပ်တောင်းတောင်းငဲ့ပြီး စီးကရက် သောက်နေလိုက်၏။ ဖေဖေ့ဆီက ရာသီဥတုကတော့ ကိုယ့်ဘက် ပါနိုင်ချေရှိတာကို နားနှင့် ဆုံးဖြတ်လိုက်နိုင်သည်။

"အင်း… ယွန်းယွန်း ဆိုမှပဲ သတိရတော့တယ်၊ သူတို့ သူငယ်ချင်း တွေပဲကွာ"

"ဘာသူငယ်ချင်းလဲ အစ်ကို၊ ရှင့်သားကို ဟိုတုန်းက အနူအဝဲ သူတောင်းစားလို သူ့သမီးနဲ့ အတူတူဆော့ခွင့် မရှိဘူး၊ မုန့် အတူတူစား ခွင့် မရှိဘူးနဲ့၊ ထို… ထွမ်… မလုပ်ရုံတမယ်ပဲ ဆက်ဆံခဲ့တာ"

"တင်သန္တာ ကိုက အပြောရိုင်း၊ စရိုက်ကြမ်းနဲ့ပါ၊ ချမ်းသာတဲ့ လူတိုင်း အဆင့်အတန်းအလိုက် မြင့်မြတ်အောင် မနေနိုင်ဘူးကွ၊ တချို့ ကျတော့ မိဘက ရည်မွန်ကြတယ်၊ သားသမီးကျမှ ဆုံးမ မနိုင်လို့ ဆိုးသွမ်းနေတာတွေ ရှိတာပဲ"

"ရှိတာပေါ့၊ အဲဒီမှာ လူရည်မွန်လေးလေ"

ဒေါ်ခင်ယု က သူ့ကို မေးငေါ့ပြလိုက်မှန်းသိကာ ခြင်း က ပြုံး၏။ မိဘကဆူနေတာကို စီးကရက်သောက်မပျက်သည့်ပြင် ပြုံးနေလိုက်သေး သည်။ ဒေါ်ခင်ယု ကတော့ သားဖြစ်သူကို အသည်းယားကာ မျက်နှာ ကြီး ရှုံ့မဲ့နေသလောက် ဦးအောင်ခြင်း က ပြုံးတုံ့တုံ့မျက်နှာနှင့်…။

"မင်းက ဘယ်လိုသား ဖြစ်လာခဲ့မှန်းတော့ မသိဘူး၊ ဒါပေမယ့် ရှေ့လျှောက်ပြီး တော်သင့်ကောင်းမွန်တဲ့ သားဖြစ်ဖို့ ဖေဖေ မျှော်လင့် ချင်တယ်"

"ကျွန်တော် အခု ကြိုးစားနေတာပဲ. ဖေဖေ"

"မဆိုးပါဘူးလို့ ပြောနိုင်ပေမယ့် ကြိုးစားတဲ့ လူငယ်တစ်ယောက် တော့ မဟုတ်သေးဘူး သား၊ အလုပ်လဲ လုပ်တယ်၊ ထင်သလိုလဲ နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ထင်သလိုနေတယ်ဆိုတဲ့ကိစ္စမှာ အသောက်အစား အလောင်းအစား မဖက်တော့ လူဆိုးလေးလို့ ပြောလို့မရတာပဲ၊ ဒီလောက်နဲ့ လူငယ်တစ်ယောက်ရဲ့အနာဂတ်က အကောင်းဆုံးဖြစ်လာမှာ မဟုတ်ဘူး''

''အကောင်းဆုံးက လက်ထဲကို ချက်ချင်းရောက်မလာနိုင်ဘူးဆိုတာပဲ၊ ဖေဖေတို့က နားလည်ပေးသင့်ပါတယ်''

''ဘာဖြစ်လို့ မရောက်နိုင်ရမှာလဲ သား..။ မင်းကို မိကောင်းဖခင်က မွေးထားတာ၊ ဖေဖေတို့က မချမ်းသာခဲ့ကြပေမယ့် မင်းကလဲ သံချေးတတ်နေတဲ့ သံပြားတစ်ချောင်း မဟုတ်သလို ဖေဖေတို့ကလဲ သားတစ်ယောက်ကို မွေးတော့မွေးထုတ်လိုက်ပြီး လမ်းပေါ်မှာ အမြင်မတော်တဲ့သူက ကျွေး ဆိုတာမျိုး မွေးမြူခဲ့တဲ့မိဘတွေ မဟုတ်ဘူး၊ သားရဲ့အသိ၊ ဖေဖေတို့ရဲ့ ဆိုဆုံးမမှုတွေ၊ မင်းရဲ့ခေါင်းထဲမှာ ပြည့်ဝနေပြီးသားပါ၊ မင်းကို ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် မွေးမြူခဲ့သလို ယောကျ်ားကောင်းဆိုတာ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်နိုင်ရမှာပေါ့၊ သူများကို နားမလည်တဲ့သူဟာ ကိုယ့်ကို သူများနားလည်တာ၊ မလည်တာကိုလဲ ဂရုမစိုက်တတ်ကြဘူး၊ ငါ့သားကျမှ...''

''ဒီလိုမဟုတ်ဘူး ဖေဖေ..၊ ကျွန်တော် သူများပေးသနားတာကို အမုန်းဆုံးပဲ၊ သူများက နားလည်ပေးတာကို လိုချင်လို့ပြောတာလဲ မဟုတ်ဘူး၊ တစ်ခု ဝန်ခံရရင်...''

သူ စကားထောက်သွားတာကို ဦးအောင်ခြင်း က နားစွင့်နေ၏။

''မမကို ဘယ်တော့မှ မမီနိုင်တဲ့ အပြစ်တစ်ခုမှာ ရှေ့ဆက်မတိုးချင်ဘဲ မခံချင်စိတ်တွေနဲ့ နစ်မွန်းနေခဲ့တယ်၊ အဲဒါ အမှန်ပဲ...''

ဦးအောင်ခြင်း အံ့ဩသည့်အကြည့်တွေဖြစ်သွားပြီးမှ လေးဖင့်စွာ ခေါင်းခါသည်။

''ဒါကိုတော့ မပြိုင်ချင်ပါနဲ့ကွာ၊ ပမာ က မင်းနဲ့ပြိုင်ပြေးမယ့်





မျဉ်းပြိုင်တစ်ကြောင်း မဟုတ်ဘူး၊ မင်း သူ့ကို ပြိုင်နေတယ်ဆိုရင်တောင် မင်းရဲ့ ကောက်ကွေ့စွာ ဝေ့ဝိုက်ပြေးနေတဲ့ ကောက်ကွေ့ကြောင်းတွေပေါ်မှာ သူက တည့်တည့်ဖြတ်ပြေးတတ်တဲ့ မျဉ်းဖြောင့်တစ်ကြောင်းပဲ၊ မင်းသူနဲ့ နီးလာပြီထင်လိုက်၊ ဝေးကွာသွားလိုက်နဲ့၊ မောပန်းလာတာပဲ အဖတ်တင်မှာ...''

''အဲဒီလောက် ကွာဝေးနေတာ ဘာဖြစ်လို့လဲ ဖေဖေ၊ သူက မိန်းမသားတစ်ယောက်ပါ၊ ကျွန်တော့်ထက် အသက်ပိုကြီးတာ ငါးနှစ်တည်း၊ အရွယ်ကွာသလို ဂိုက်ဆိုက်တွေထုတ်ထားပေမယ့် ဘာတွေ ကွာဟနေလို့လဲ''

ဦးအောင်ခြင်း က ဘယ်လိုနားချရမှန်းမသိတော့သည့် မျက်ဝန်းတွေနှင့် သူ့ကို ငေးနေ၏။ ခြင်း က နားလည်သည်။

''ယောကျ်ားဖြစ်ပြီး မိန်းမတစ်ယောက်နဲ့ ပြိုင်ဆိုင် အနိုင်လုချင်နေတာ မဟုတ်ဘူး ဖေဖေ၊ သူ့ဘဝနဲ့ ကျွန်တော့်ဘဝ ဘာဖြစ်လို့ ကွာဟနေတာလဲ..၊ ကွာနေတယ်ဆိုတဲ့အဖြေမှာ တစ်ခြံတည်း အတူတူလာနေဖြစ်ကြတာက ပဟေဠိပဲ၊ ပြီးတော့ ကျွန်တော်တို့က ဆွေမျိုးတော်စပ်ကြတာလဲ မဟုတ်ဘူး''

ဦးအောင်ခြင်း မျက်နှာရှုံ့သွားတာကို ခြင်း က အားမလိုအားမရလိုက်ကြည့်၏။

''ဘယ်သူက ဘယ်သူ့ကို မှီနေတာလဲ..၊ ကျွန်တော်တို့မိသားစုဘက်မှာ အားနည်းနေတာကို သိပေမယ့် ဖေဖေက သူ့ကို ဦးဆောင်လမ်းပြတဲ့သူ ဖြစ်နေတယ်၊ မေမေက သူ့အတွက် လုံခြုံတဲ့အရိပ်ကို ပေးထားတယ်၊ ဒါပေမယ့် တိုးတက်မှုကျတော့ ကျွန်တော်တို့ဘက်မှာ ဘာမှမရှိဘူး၊ ပြောပါဦး ဖေဖေ..၊ ဖေဖေတို့ ဘယ်လိုနားလည်မှုတွေနဲ့ ယုံကြည်ရှားနေကြတာလဲ၊ ဟိုတစ်ယောက်က ပြောလိုက်ရင်တော့ စကားရော၊ လူရော ကောင်းကင်းမှာ တက်ချိတ်နေတာ..''



www.burmeseclassic.com

www.burmeseclassic.com



"ဆက်စပ်မရတာတွေ ရှိလာရင် မတွေးနဲ့ပေါ့ သားရယ်..၊ သူနဲ့ ဖေဖေတို့ မတူရင် မတူတာကိုပဲ မှတ်"

"ကျွန်တော်က ပုံပြင်နားထောင်တဲ့အရွယ်မှမဟုတ်တာ ဖေဖေရာ.."

ခြင်း က မီးသေသွားပြီဖြစ်သည့် စီးကရက်ကို ပြတင်းပေါက်ကနေ ခြံထဲ လွှဲပစ်လိုက်ကာ...

"တတ်နိုင်ရင် ကျွန်တော် ဒီမှာ မနေချင်ဘူး၊ သစ်စက်တစ်လုံးပဲ ရှိရှိ၊ အိုးဖုတ်တဲ့ဖို တစ်ခုပဲပိုင်ပိုင် ကိုယ့်စီးပွား ကိုယ့်ရပ်ဝန်းမှာပဲ ရပ်တည်ချင်တယ်"

"ဒါက ကိုယ့်ရပ်ဝန်းမဟုတ်ဘူးလို့ သားက ပြောချင်တာလား"

"မသိဘူးလေ..၊ အတူတူနေကြပြီး ဘာတွေ ပတ်သက်နေမှန်း မသိဘူး၊ ဖေဖေတို့ကိုက ကျွန်တော့်ကျမှ လျှို့ဝှက်နေသလိုပဲ"

"အေး... မင်း မေးလွန်းလို့ ဖေဖေ တစ်ခုပြောပြမယ်၊ လျှို့ဝှက်ချက်ဆိုတာ လူတိုင်း၊ နေရာတိုင်း၊ အရာရာတိုင်းမှာ ရှိနေတတ်တယ်၊ ဥပမာအွှာ ကြောင်တွေမှာ မသေဆေးပင်ဆိုတာ ရှိတယ်၊ သူတို့ ဖမ်းဆီးစားသောက်မိတဲ့သတ္တဝါမှာ အဆိပ်ရှိနေရင် ဒါမှမဟုတ် အဆိပ်ရှိတဲ့ သတ္တဝါတစ်ကောင်ကောင် ကိုက်ခံလိုက်ရရင် အဲဒီဆေးပင်ဆီရောက်အောင် ရှာသွားပြီး အဆိပ်ကို ဖြေနိုင်တယ်၊ ဒါပေမယ့် ဒါကို သူတို့က တခြားသတ္တဝါတွေ အသိမခံကြဘူးကွ၊ အနီးစပ်ဆုံးပြောရရင် လူပေါ့ကွာ..၊ လူကြည့်နေရင် အဆိပ်ကိုမဖြေတော့ဘဲ အသေခံတယ်၊ မင်း စဉ်းစားကြည့်လေ..၊ ဒါက ကြောင်ဆိုတဲ့ သတ္တဝါမျိုးရိုးရဲ့ တစ်ကိုယ်ကောင်းဆန်ခြင်းတစ်ရပ်၊ ဒါမှမဟုတ် လျှို့ဝှက်ချက်ပေါ့၊ ဒါကို လျှို့ဝှက်ချက်ရယ်လို့ သူတို့ သိထားတာမှ မဟုတ်တာ"

"ကျွန်တော့်အပေါ်မှာ မသိစေချင်တဲ့ လျှို့ဝှက်ချက်က ဒီလို အသက်နဲ့ထပ်တူညီတဲ့ လျှို့ဝှက်ချက်မျိုးလား ဖေဖေ"





ဦးအောင်ခြင်း က ပြုံးလိုက်သည်။

"တစ်ခါတစ်ရံမှာ အသက်ထက် အရေးကြီးနေတာ ရှိတတ်တယ် သားရဲ့၊ အဲဒီတော့ သားကို မပြောပြနိုင်တဲ့ တစ်စုံတစ်ရာဟာ အသက်တစ်ချောင်းကဲ့သို့ အရေး...ဘာမျိုးမဟုတ်ဘူးလို့ ပြောနိုင်သလို အသက်ထက် အရေးကြီးတာမျိုးလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါပေမယ့် မင်းတို့၊ ဖေဖေတို့ရဲ့ မိသားစုဘဝအတွက် အရေးပါခြင်း၊မပါခြင်း ဘယ်ဘက်မှာပဲထားထား ရတယ်၊ ဒါကို မင်းက ဘာလဲဆိုပြီး တစ်ထိုင်တည်း ဆံပင်တွေဖြူသွားအောင် တွေးနေလဲ ဖေဖေတို့အတွက် သိပ်အရေးမပါတဲ့ အဖြစ်တွေမို့လို့ နောက်ထပ် မရေရာတဲ့ ကောင်းကျိုး၊မကောင်းကျိုးတွေ ဖြစ်မလာအောင် ပါးစပ်ပိတ်နေရမှာပဲ"

ဖေဖေ ပြောနေတာတွေကို သူ လိုက်လို့မမီတော့ပါ။ ဒါပေမယ့် မရမက မေးဖို့ကလဲ မဖြစ်နိုင်..။

"အတိတ်ကို သမင်လည်ပြန်ကြည့်ပြီး တွေဝေရပ်ငေးနေမလား ဒါမှမဟုတ် ပစ္စုပ္ပန်မှာ ငုတ်တုတ်ထိုင်ပြီး သင်္ကြိုင်းချည်တွေကို ရေတွက်နေတော့မလား၊ အေး... မင်းရဲ့ခေါင်းထဲမှာ အနာဂတ်ကို မေ့ထားလိုက်ရင်တော့ သွားပြီ ငါ့သား..၊ ဘုရားအလောင်း ဇနကမင်းသားဟာ ပင်လယ်ထဲမှာ မုန်တိုင်းမိတာနဲ့ ဒီခရီးကို ငါမထွက်မိရင် အကောင်းသားလို့ နောင်တတွေနဲ့ တွေဝေမှိုင်ငေးနေခဲ့ရင် အသက်ရှင်သန်ခွင့် ရခဲ့ပါ့မလား၊ ဖေဖေ့ဆီက မင်းလိုချင်တဲ့အဖြေစကား မကြားရလို့ ဒီဘဝ၊ ဒီနေရာမှာပဲ ဒီကျောက်ချနေတော့မယ်ဆိုရင်တော့ သဘောပေါ့ကွာ"

ဦးအောင်ခြင်း စကားဖြတ်၍ နေရာမှထ၊သည်။ ဒီစကား ဒီလိုအခြေအနေရောက်လာတိုင်း ဖေဖေ့ဘက်က ရေရာတာ တစ်ခါမှမကြားခဲ့ရပါ..။

ဒါပေမယ့် ခုတစ်ခါကတော့ နောက်ထပ် ဘာမှမမေးရဲအောင် ဒိန်းပိတ်ဆို့သွားခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဪ… နေဦး…"

သူပဲထ,ပြီး သူ့ဘာသာ နေဦးပြောကာ ဦးအောင်ခြင်း က ခြင်းရှေ့မှာရပ်လိုက်ပြီး…

"စကားတွေ အများကြီးပြောဖြစ်သွားပြီကွဲ့စကပြောနေတဲ့အကြောင်း ပျောက်သွားတယ်၊ ယွန်းယွန်း တို့က ရန်ကုန်ကို ပြောင်းလာကြတာလား၊ မင်းနဲ့ ခုမှ ဆုံဖြစ်တာလား"

"သူနဲ့ကျွန်တော် ဆုံဖြစ်တာ ကြာပါပြီ"

"ဘယ်လောက် ကြာတာလဲ..၊ တန်းမှတ်မိကြတာလား.."

"ဟုတ်တယ်..၊ သူ့ဦးလေးဆိုတဲ့လူကြီးနဲ့ သစ်စက်ထဲကို ရောက်လာကြတာ၊ စကားပြောဖြစ်ကြရင်းနဲ့ တစ်ယောက်ကိုတစ်ယောက် အကဲခတ်ရင်း မှတ်မိသွားတာပဲ၊ သူ့အမေပဲ ပါတယ်တဲ့၊ ခုတော့ သူတို့ တစ်မိသားစုလုံး ရန်ကုန်မှာ အခြေချကြမှာလို့ ပြောတယ်"

"ခု ဒီမှာ လူမစုံသေးဘူးပေါ့"

ခြင်း က ခေါင်းညိတ်သည်။

"အေး.. ဖေဖေ စကားအများကြီးတော့ မပြောချင်ဘူးကွာ၊ မင်းအမေကတော့ မိန်းမသားပီပီ မကျေနပ်နိုင်တာတွေကိုပြောပြီး မင်း နားပူအောင် ပြောမှာပဲ၊ အမိကက အရုပ်ရေးတယ်ဆိုတာလဲ အရောင်ခြယ်မှ ရုပ်လုံးပေါ်တာပါ၊ ငယ်ဘဝလေးတွေဟာ သရုပ်ဖော်ပုံလေးတွေလိုပဲကွာ၊ အရောင်တင်ပြီဆိုတာကတော့ အရွယ်ရောက်တဲ့အချိန်ပေါ့၊ ကိုယ်ရေးတဲ့ အရုပ်က ကိုယ်ခြယ်မှုန်းတဲ့အတိုင်း ထွက်လာမှာပဲ၊ အကောင်းဆုံးဖြစ်အောင် စဉ်းစား…"

ဖေဖေ ထွက်သွားပေမယ့် သူ ငုတ်တုတ်မေ့ကျန်ရစ်ခဲ့၏။ ပြောသွားသမျှ ယောက်ျားကောင်း အလက်ာတွေ၊ ချိန်ထိုးစဉ်းစားဖို့အတွက်က သမာဓိချိန်ခွင်ကြီး လိုတာလား၊ လျှပ်စစ်ကွန်ပျူတာလို ဦးနှောက်လား..။





ခေါင်းထဲမှာ ရှုပ်ယှက်ခတ် ကျန်ရစ်၏။

မေမေ ပြောသွားတဲ့ မကျေနပ်ခြင်းတရားတွေထဲမှာ ချိန်ထိုးဆုံးဖြတ်ခွင့်မပါတာ သူ သိသည်။ တစ်ရံဆီအခါက ဒေါ်တင်သန္တာ၏ မောက်မာရိုင်းစိုင်းခဲ့သမျှအပေါ်မှာ နာကြည်းနေခဲ့၏။ ယွန်း သူ့အပေါ်မှာ အနိုင်ယူတတ်တာကိုလည်း မကြိုက်ပေ..။

"လာစမ်း..၊ မင်း အပြင်ကို လုံးဝ မထွက်နဲ့၊ မအေက ခင်ကြီးကျယ်၊ သမီးက ဆတ်ဆလူးလေး၊ ဖြစ်ပြီဆို အသားမထိရသေးဘူး သံပြိုနဲ့..၊ တောက်…"

ကိုယ့်ကလေးကို ဖိချုပ်ထိန်းသိမ်းပေမယ့် သူကလည်း ယွန်း ကို ခင်တွယ်နေခဲ့၏။ ယွန်း ရဲ့ဖေဖေက သမီးကို ယောက်ျားလေးဖြစ်စေချင်ခဲ့တာမို့ ကြိုတင်ဝယ်ခြမ်းထားခဲ့သည့် ကစားစရာတွေကရော နောက်မှဝယ်ပေးတဲ့အရုပ်တွေရော၊ အားလုံးက စက်ရုပ်တွေ၊ ပြိုင်ကားတွေပဲ ဖြစ်နေ၏။

ဒါကို သူ သဘောကျလို့မဆုံး။ ယွန်း ရောက်လာမှ ကစားစရာတွေ ပါသည်။ ယွန်း နှင့်ဆော့မှ ဒါမျိုးတွေကို သူ ကိုင်ခွင့်ရခဲ့သည်။

ယွန်း တို့တိုက်ကြီးရဲ့ နောက်ဖေးလမ်းထဲက ခြံကျယ်ကြီးမှာ ခြင်းဆိုတဲ့ကောင်လေး နေခဲ့၏။ ဒါပေမယ့် အိမ်လေးကတော့ တစ်ထပ်ပျဉ်ထောင် ခပ်စုတ်စုတ်လေးပါ။ အဖေဖြစ်တဲ့သူက သူများတွေလို နိုင်ငံခြားထွက်ပြီး စီးပွားရှာတာတော့ မဟုတ်ပေမယ့် ရန်ကုန်မှာ အလုပ်လုပ်နေသည်။ လစဉ်မဟုတ်ဘဲ မကြာမကြာ ပို့ပေးခဲ့သည့်ငွေတွေ၊ ပစ္စည်းတွေနှင့် အဘွားရယ်၊ မေမေရယ်၊ ခြင်း ရယ်အတွက် ဘာမှမပူပင်ခဲ့ရပေ..။

ကိုယ့်ဘဝလေးနှင့်ကိုယ် ပြည့်စုံနေသော်လည်း ဒေါ်တင်သန္တာ အမြင်မှာ နောက်ဖေးချောင်ကဲ အနုပ်စုတ်ကုပ်စုတ်တွေဆိုတာ ပါးစပ်က မချ..။



www.burmeseclassic.com

www.burmeseclassic.com



ယွန်း နှင့်သူ ငယ်ပေါင်းစစ်စစ်ကြီးမဟုတ်ဘဲ ယွန်း တို့ နောက်ဆေးခြံတံတိုင်းခတ်ကာမှ တအား ရင်းနှီးသွားခဲ့တာဖြစ်သည်။

ယွန်း တို့၊ ခြင်း တို့ ခြံထဲ ကူးလူးဝင်ထွက်တာ မကြိုက်တော့ တစ်ခြမ်းပြိုကျနေသည့်တံတိုင်းကို အားလုံး ဖြိုပစ်လိုက်ပြီး အသစ်ပြန်ခတ်၏။ သို့သော် တံတိုင်းဖြိုပြီးမှ တစ်ဖက်က ဆက်သွယ်ရေးရုံးဝင်းနှင့် မလွတ်မလပ်ဖြစ်နေသောကြောင့် ဟိုရှင်းဒီရှင်းဖြစ်နေသဖြင့် တော်တော်ကြာသွား၏။

ဒီပြဿနာကြားမှာ လူကြီးတွေ အလုပ်ရှုပ်နေတုန်း ယွန်း နှင့် ခြင်း က ပျော်လို့မဆုံးနိုင်။ မခွဲနိုင်မခွာရက် ခင်တွယ်ကြတာမျိုးတော့ မဟုတ်ပါ··။

အသွားဆုံးတော့ ခြင်း တို့ရန်ကုန်ကိုပြောင်းကြဖို့ ဖေဖေက အကြောင်းကြား၏။ သူ နှုတ်ဆက်ဖို့လည်း ယွန်း ကိုရှာမတွေ့၊ ယွန်း လည်း သူ့ဆီရောက်မလာ··။

အိမ်ကိုပြန်ကြည့်ရင်း ကလေးဘဝမှာ ကလေးပီပီ ဝမ်းနည်းသလို ဖြစ်ခဲ့ရသည်။ ချစ်ခင်ခြင်း၊ ကွဲကွာခြင်းကတော့ ဒါပါပဲ··။

ခက်သည်က ပြန်တွေ့ကြတော့ ယွန်း ဆိုတဲ့ကောင်မလေးက မူမူနွဲ့နွဲ့ ချစ်စရာလေး ဖြစ်နေခဲ့၏။

ချစ်တော့ မချစ်မိသေးဘူး ထင်တာပါပဲ··။





## အခန်း | ၅ |

"တကယ်လား··၊ တကယ် မရှိသေးတာလား"

"တကယ်ပြောတာ၊ မယုံဘူးလား"

"အင်း···"

ယွန်း က ခေါင်းလေးညိတ်ပြီး ရယ်သည်။ ပခုံးအောက်လောက်ထိ ပျော့ပျော့စင်းစင်းလေးကျနေသော အနီရောင်သမ်းသည့်ဆံပင်တွေက သူမ ခေါင်းငုံ့လိုက်တိုင်း အရောင်လက်နေသလိုပင်··။

ယွန်း ကို သူတွေ့တိုင်း အနီတွေ၊ အနက်တွေပဲ အဝတ်များကာ မျက်ခွံစပ်လေးတွေမှာ ကာလာတွေ ထင်းနေအောင် တင်ထားတတ်၏။

မျက်ခုံးတန်းသွယ်သွယ်လေးကလည်း အညိုရင့်ရောင် ထင်းနေသဖြင့် သူမ မျက်ခုံးလေးပင့်ပြီး စကားပြောတိုင်း ရင်ခုန်ဖို့ကောင်းသည်။

ယွန်း က သဘော်သီးဖျော်ရည်ကို ဇွန်းနဲ့မွှေနေရင်း မျက်လွှာပင့်ကြည့်ကာ···

"မယုံတာက ဒီလိုပါ၊ ယူက အရမ်းချောလာတယ်၊ စီးပွားရေးအရလဲ အမှတ်ပြည့်အဆင့်ကို ရနေပြီမို့လား"

"ဘယ်စာမေးပွဲမှာ အမှတ်ပြည့်နိုင်တာလဲ"

"သွားပါ··၊ သူ့ကိုယ်သူ ရိုးရိုးသားသားပုံလေးနဲ့"

"ဩော်··· ကဲ·· တကယ်မေးနေတာ၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုကောင်မှန်းတောင် ဂရုမစိုက်မိခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ယွန်း က မဲ့မဲ့လေးကြည့်၍ ...

"ဟုတ်ပါတယ်၊ ဒီကတော့ ဂရုစိုက်မိတယ်လေ၊ ယူ့အကြောင်း ပြောပြတော့ မေမေကိုယ်တိုင် အံ့ဩနေတာကိုး၊ ဒီလို ကြိုးစားသွားရင် ဒီ့ထက် အောင်မြင်မှာတဲ့"

"အဲဒီ့တော့ ..."

"အဲဒီတော့ ဤကဲ့သို့သော အထက်ပါ၊ အောက်ပါ အရည်အချင်း များအရ လိုချင်တဲ့မိန်းကလေးတွေ အများကြီးဖြစ်နေမှာပေါ့"

"အဲဒီထဲမှာ မင်း ပါနိုင်လား"

"ခြင်း နော် ..၊ ဘာလဲ လူကို ရည်စားစကားပြောနေတာလား၊ မဖောက်ပြန်နဲ့"

"မပြောသေးပါဘူး၊ ပြောရင် ဖြစ်နိုင်မလားလို့ သွေးတိုးစမ်းနေတာနော် ..."

"သေလိုက် .."

ယွန်း မျက်နှာလေးက ပါးမို့လေးတွေရဲနေတော့ ပိုလှသည်၊ သူ စိုက်ကြည့်နေလေ ယွန်း က မျက်လွှာချနေလေ ..။

"ဒီမှာ ဒီလိုကြည့် ..၊ ဇေစရာ ရှိတယ်"

"ဘာလဲ"

"မင်းမှာရော ချစ်သူရှိနေပြီလား"

ယွန်း က အအေးသောက်လိုက်ရင်း ပြုံးသည်။ နားနှစ်ဖက်မှ လိမ္မော်ရောင်နားကွင်းဝိုင်းကြီးတွေ လှုပ်ခတ်သွားခဲ့ပြီး ...

"အမှန်အတိုင်း ဖြေရမှာလား"

"ဒါပေါ့"

"ရှိဖူးတယ်"

"ဘယ်နှစ်ယောက်လဲ"





တစ်ယောက်ပဲပေါ့ ဘာညာနှင့် စိတ်ဆိုးမာန်လေးဖြစ်သွားပြီးမှ ဖြေမယ်ထင်သော်လည်း ယွန်း က ခေါင်းညိတ်လေသည်။

"နှစ်ယောက် .."

"တော်လှချေလား"

"မကဲ့ရဲ့နဲ့လေ၊ ပြောလဲ ပြရသေးတယ်"

ခြင်း က စီးကရက်မီးညှိရင်း ရယ်နေ၏။

"တစ်ယောက်က အကြာကြီးချစ်ခဲ့ပြီးမှ မေမေ့ကြောင့် ပြတ်သွားကြတာ"

"ဆင်းရဲလို့ ဖြစ်မယ်"

"ဟုတ်တယ်၊ ဒါပေမယ့် ခြင်းရယ် ..၊ သမီးရှင်ဆိုတာကတော့ ဒီလိုပဲ တွက်ရတာပေါ့နော်၊ အဲဒါကြောင့် သားရှင်တွေကလဲ သူဟို့ရဲ့ သားလေးတွေ မျက်နှာမငယ်ရအောင် ပညာရေး၊ စီးပွားရေးတွေ သင်ကြား လမ်းညွှန်ပေးကြတာပေါ့၊ သူက အရမ်းဆင်းရဲတာ ခြင်း ရဲ့"

ခြင်း ခေါင်းညိတ်ပေးလိုက်ပေမယ့် မေ့သွားခဲ့သည်။ အတိတ်က ခြေရာတွေက နှလုံးသားနုနုမှာ ထင်ကျန်ရစ်သည်ထင်၏။

"တက္ကသိုလ်တက်တာတောင် သဘော်သားနဲ့သွားတဲ့ သူ့အစ်မက ထောက်ပံ့လို့ တက်နိုင်တာ"

"ဩော် ... နောက်တစ်ယောက်ကရော .."

"တို့ကို အလေးအနက်မထားဘူး ထင်လို့"

"အနက်ဝတ်ပြီး ကျောက်တုံး 'မ' လာဖို့ မေ့သွားတာ ထင်တယ်"

"ခြင်း ..."

ယွန်း အသံလေးက ခပ်ဆောင့်ဆောင့် ထွက်၏။

"တို့ကို တစ်ခုခုအတွက် လှောင်နေတာများလား"

"ဘာတစ်ခုခုမှ မရှိပါဘူး၊ ဒါပေမယ့် မင်းပြောမှုသမျှ ကြားရ



www.burmeseclassic.com

www.burmeseclassic.com



တာ နားမချမ်းသာဘူး ဖြစ်နေတယ်၊ ကိုယ်လဲ အဲဒီလိုကောင်မျိုး ဖြစ်နေတော့...''

''အို.. ယူနဲ့ ဘာဆိုင်လို့လဲ''

''ဆိုင်ပါတယ်၊ ကိုယ် ဒီထက် အဖြစ်ဆိုးခဲ့တာ ခုချိန်ထိပဲ''

''အတိတ်ကို တစ်ကပြန်စမယ်ဆိုရင်တော့ စိတ်မကောင်းပါဘူးလို့ပြောရမှာပဲ ခြင်း၊ တို့က နှစ်ယောက်တည်းရဲ့ ခံစားချက်ကိုပဲ ထုတ်နုတ်ရယ်မောချင်တာ၊ ယူ့ရင်ဘတ်ထဲမှာ ကင်နိစတန်းရှိနေပြီ''

''နေပါဦး''

ယွန်း မျက်နှာလေးတင်းနေလျက် နေရာမှ ထရပ်လိုက်သည်။ ခြင်း က လက်ကို ဖျတ်ခနဲ ဖမ်းဆုပ်လိုက်ပြီး...

''ပြန်ထိုင်စမ်းပါ၊ ကိုယ်တို့ တွေ့ကြတာ ရန်ဖြစ်ဖို့မှ မဟုတ်တာ''

''ကိုယ့်ကိုယ်ကို သေချာရဲ့လား ပြန်မေးဦး၊ ရောက်ကတည်းက တစ်ခုမှ ကောင်းကောင်းမပြောသေးဘူး''

ယွန်း က နှုတ်ခမ်းရှုလျက်နှင့် ပြန်ထိုင်သည်။ ခြင်း ကတော့ ဘာကိုမှ စိတ်ထဲမထားခဲ့သည့်မျက်နှာနှင့်ဖြစ်ကာ...

''ဆောရီး..၊ မင်းကိုမြင်တော့ သူငယ်ချင်းဖြစ်ခဲ့တာလေးကို ပြန်သတိရသွားလို့ပါ''

''ခုလဲ သူငယ်ချင်းပဲ''

ခြင်း က ပြုံးလိုက်ပြီး တစ်ဖက်လှည့်ရယ်သည်။ သူ ဝင်လာကတည်းက ဆိုင်ထဲကို အရင်ရောက်နေသည့် ယွန်း က စကားပြောတာတောင် အကြည့်မပျက်၊ အကဲခတ်မပြတ် ရှိခဲ့ရင်း...

''ခြင်း ကို တစ်ခုမေးချင်တယ်''

''မေးလေ''

''မေးတော့ မမေးသင့်ဘူးထင်တယ်၊ ဒါပေမယ့် တို့ကလဲ သိချင်





တယ်၊ ယူ စိတ်မဆိုးရဘူးနော်''

ခြင်း က ခေါင်းညိတ်ပြလိုက်၏။ ပြီးတော့ စီးကရက်ပြာခြွေသည့် လက်မှာ မျက်လွှာစင်းချရေးရင်း ယွန်း မေးမှာကို စောင့်နေသည်။

ယွန်း ကလည်း ခြင်း ရဲ့လက်သူကြွယ်မှာစွပ်ထားသည့် ပတ္တမြား လက်စွပ်ကို ကြည့်လိုက်မိကတည်းက မျက်လုံးတစ်ချက်မှ မလွှဲ..။

လက်စွပ်ကွင်းက နဂါးကိုယ်လုံးဖြစ်ကာ ပတ္တမြားကို ခံတွင်းထဲမှာ ထည့်ငုံထားသည့်ပုံစံ ဖြစ်၏။ ပုံသဏ္ဍာန်ပေါ်ရုံပေမယ့် ပတ္တမြားကတော့ မီးလုံးကလေးကို တဖျပ်ဖျပ်ရှူးတောက်နေ၏။

လွန်ခဲ့သည့် ဝါးနှစ်လောက်က ထင်သည်။ ရန်ကုန်မှာ အခြေချဖို့ ဖေဖေက ရန်ကုန်ကို မကြာခဏရောက်သလို တစ်ခါနေလျှင် နှစ်လ လောက်ကြာ၏။ တကယ်တော့ ဖနီးနှင့် ယောက္ခမကြောင့်သာ ပြောင်းရမှာဖြစ်ကာ ဖေဖေက ရန်ကုန်မှာနေချင်တဲ့သူ မဟုတ်မှေ့။

ထို့ကြောင့် ရန်ကုန်ရောက်ပြီဆို ယောက္ခမအိမ်မှာ ဖင်မြဲအောင် မထိုင်ဘဲ မိတ်ဆွေတချို့နှင့် သွားလာစူးစမ်းရင်း အချိန်ဖြုန်း၏။

တစ်ခေါက်မှာ ဖေဖေ ပြည်ကိုပြန်ရောက်လာပြီး ပစ္စည်းတစ်ခု ချိုချိုချောင်ချောင်ရလာသည်ဟု ကြားရသည်။ သိပ်မကြာခင်မှာပဲ ထို ပစ္စည်းကြောင့် ပြဿနာတွေတက်ကြ၏။

လူကြီးတွေက ယွန်း မသိအောင် ဖုံးဖိရှင်းလင်းနေကြသော်လည်း ယွန်း လည်း ကလေးမှ မဟုတ်တော့ဘဲ..။

မေမေ့ကို မရမကမေးတော့မှ လက်စွပ်တစ်ကွင်းလို့ပြောပြီး မြင်လိုက်ရတာက ယခု ခြင်း လက်ထဲမှာ စွပ်ထားသည့်လက်စွပ်..။

ပုံစံကဆန်းပြီး ရှေးဆန်နေတာလည်း ပေါ်လွင်သည်။ ဒီပုံစံ ဘယ်တော့မှ မရိုးနိုင်တာဟ။ အမြဲတမ်း ရှုးရဲလက်ဖြာနေသည့် ပတ္တမြားကြောင့်ပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"တန့်ပိုးအမှန်က သိန်းထောင်ကျော်တယ် သမီးရဲ့၊ မမေတို့ကလဲ ရတနာကုန်သည်မှမဟုတ်တာ ဘယ်လိုလုပ်သိမှာလဲ၊ ညည်းအဖေက အဲဒါကို နှစ်ရာတည်းနဲ့ရလာတာ၊ ခုမှ ပစ္စည်းအခိုးခံရပါတယ်ဆိုပြီး ပိုင်ရှင်က လိုက်လာတာလေ၊ ပါလာတဲ့ကောင်မလေးက လုံးဝ မလျှော့ဘူး၊ သူ့အဖေဆိုတဲ့ သူဌေးကြီး ကောင်းလို့.."

မမေက အတိုချုပ်ရှင်းပြပြီး လက်စွပ်ကိုလည်း ပြေးအပ်သည်။ ဒီပစ္စည်းကြောင့် မြွေပါလည်း ဆုံး၊ သားလည်း ဆုံး ဖြစ်ခဲ့ရတာ မေ့နိုင်ပါ့မလား။

လွန်ခဲ့တဲ့ ငါးနှစ်လောက်မှာကတည်းက ဒီလက်စွပ်မျိုးကို ဝတ်နိုင်လောက်အောင် ခြင်း ဘဝ ပြောင်းလဲသွားတာတော့ မဖြစ်နိုင်..။

ဒါဆို.. ဒါက ဘာလဲ..၊ ယွန်း ကတော့ ထဲထဲဝင်ဝင် တွေးနေပြီဖြစ်၏။ ခြင်း က သတိထားမိပုံ မရပါ။ တစ်ခု မေးချင်တယ်ပြောပြီး စကားသံ ထွက်မလာပေမယ့် သူကိုယ်တိုင်က စီးကရက်မီးသေသွားတာကိုမြင်ပြီး နောက်တစ်လိပ် ထပ်ထုတ်ခြင်း၊ မီးညှိခြင်းမှာ အလုပ်ရှုပ်နေသဖြင့် ယွန်း ကိုမကြည့်။ ထိုစဉ် အိတ်ထဲက ဖုန်းမြည်လာတော့ ခြင်း စီးကရက်တစ်ဖက်နှင့် ဖုန်းထုတ်ကိုင်၏။

"ဟလို.."

"ငါ ခေါ်နေတာ၊ ဖုန်းနံပါတ် မကြည့်ဘူးလား"

"မကြည့်မိဘူး"

ဖုန်းထဲမှာ မမ လေသံက ကြားနေကျအတိုင်းထက် နည်းနည်းမှ မလျှော့..။

"အခု စက်ထဲမှာလား"

ခြင်း မျက်လုံးတွေ စိုက်ကြည့်နေသည့် ယွန်း နှင့်ဆုံသွား၏။ ယွန်း ကလည်း အားနာပါးနာလေးတောင်မှ မျက်နှာမလွှဲခဲ့ပေ။ ဖုန်း





ဆက်တာ ဘယ်သူလဲဆိုတာကို ကျားကုပ်ကျားခဲ နားစိုက်ထောင်နေသည့်ပုံ ကွက်တိ..။

"ကျွန်တော် အပြင်မှာ..၊ မမ ဘာလုပ်မလို့လဲ"

"မင်းကိစ္စ အရေးမကြီးရင် ခဏထားခဲ့ပြီး (...)လမ်းဆုံကို မင်းလာခဲ့စမ်းပါ၊ တို့ ကားပျက်နေတယ်"

"ကားပျက်တာ ဝပ်ရှော့ခေါ်လိုက်လေ"

"ခေါ်ပြီးပြီ၊ ဒါပေမယ့် ငါက ပြန်လာရမှာမဟုတ်ဘူး၊ ဆက်သွားရမှာ..."

"ကားငှားသွားပေါ့ဗျာ..၊ အပြင်ကို တကူးတကထွက်လာပြီဆိုကတည်းက ဘယ်သူ့အတွက် အရေးကြီးကြီးမကြီးကြီး ကိုယ့်အတွက်ကြီးလို့ပေါ့၊ ကျွန်တော် လာလို့မရဘူး၊ ဒါပဲမို့လား"

မေးပြီးတာနှင့် ဖုန်းချပစ်လိုက်သည်။ စကားလုံးတွေလို လူကမပြတ်သားဘဲ စိတ်ထဲမှာ ပမာ့ အသံတွေ ကျန်ရစ်ခဲ့၏။

သူမ သွားလေရာကို ဖေဖေ ပါနေတတ်တာပဲ၊ ဘာလဲ ဟိုနားဒီနားလား၊ ဝေးဝေးလံလံလား၊ ဘာပဲဖြစ်ဖြစ် တော်ရုံအရေးကြီးတာလောက်နှင့် မြပမာ ဆိုသည့်မိန်းမ တကွစီ ဘယ်တော့မှ မစီးဘူးဆိုတာ သူသိသည်။

"ခြင်း.."

"ဟင်.."

"မေးချင်တာ အဲဒါပဲ..၊ ယွန်းနဲ့ ဒေါ်မြပမာ ဆိုတဲ့ သူဌေးမကြီးတစ်ယောက် အရမ်းရင်းနှီးတယ်တဲ့၊ အဲဒါ ခုန ဖုန်းဆက်နေတဲ့ 'မမ' ဆိုတာလား"

"ဟုတ်တယ်"

ခြင်း က စီးကရက်ကို မီးညှိကာစမှာပဲ ခွက်ထဲမှာ ဖိနှစ်ချေပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို အိတ်ထဲထည့်လိုက်သည်။

"သူနဲ့ အိမ်နီးကပ်လျက်နေတာဆို..."

"ဟုတ်တယ်..၊ အဲဒါတွေက အရေးမပါတာတွေပါကွာ၊ နောက်မှ ပြန်ဆုံမယ်နော်၊ အခု လစ်လိုက်ဦးမယ်"

"ဘာ!..."

ဘယ်လိုမှ မထင်..၊ ခုပဲ ပြောလိုက်တော့ ဥပေက္ခာတွေနှင့်..။

"ခြင်း ဘာဖြစ်တာလဲ၊ ငါက ဒီမှာ တစ်ယောက်တည်း ကျန်ခဲ့ရမှာလား"

"ဒါဆို ကိုယ် ရှင်းလိုက်မယ်လေ၊ မင်းလဲ ပြန်မှာမို့လား"

"မပြန်ဘူး"

ယွန်း မျက်နှာလေးနီရဲရှုပွနေတော့ ခြင်း ကရယ်၍ စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက်ကာ...

"ရည်းစားဆိုရင်တော့ မေမေဆူတာခံပြီး ကိုယ် အတူနေမှာပါ၊ အခုက သူငယ်ချင်းဆိုတော့ မေမေ နားပူတာကို မခံနိုင်ဘူး၊ မမ သွားချွန်ရင် မေမေက ကိုယ့်ကို မပြီးနိုင်မဆုံးနိုင် ဆူမှာ၊ ကားတစ်စီးစီ ပြန်ရမှာပဲဆိုတော့ မပို့တော့ဘူး၊ အိုခေနော်.."

"သေလိုက်.."

ယွန်း ပုံစံက ငယ်ငယ်က မျက်နှာလေး ပြန်ဖြစ်လောက်အောင် ဆိုးနွဲ့စိတ်ကောက်တာလေးမို့ ကားပေါ်ရောက်တဲ့အထိ သူ ပြုံးနေမိတာ မပြီးနိုင်..။

သိသားပဲ..၊ မေးစရာရှိတယ်ဆိုပြီး စလာကတည်းက မမ အကြောင်းပဲဆိုတာ။ မနှစ်ကလည်း အခု နာမည်ကြီးနေတဲ့ အဆိုတော် 'စကားပွင့်' နှင့်သူ ရင်းနှီးမှုတွေနှင့် တရားလွန် ချည်နှောင်မိခဲ့ဖူးသည်။

စကားပွင့် တို့က လူကုံထံအသိုင်းအဝိုင်းတွေပါ။ ကိုယ်ပိုင် တေးသံ





သွင်းနှင့် ကိုယ်တိုင်ဆို၊ ကိုယ်တိုင်ထုတ်တာ ဖြစ်သည်။

ခုတော့ ဒုတိယစီးရီးမှာပဲ နာမည်ကျော် ဖြစ်သွားခဲ့၏။

သူမနှင့် ကတောက်ကဆတ် ပြတ်စဲလမ်းခွဲခဲ့ရခြင်းဟာလည်း မမ နှင့်ပတ်သက်၍ပဲ ဖြစ်သည်။

ဘယ်အရာမှာဖြစ်ဖြစ် သူ့အပေါ်မှာ ကောင်းကျိုးကို မဖြစ်ထွန်းစေခဲ့သော..၊ ဒီနေ့ထိလည်း ဆက်ဆံရေးရယ်လို့ တစ်ခါမှ ပြေပြစ်သည် မရှိခဲ့သော... မြပမာ ဆိုသည့်မိန်းမကို သူ့ဘက်က မပတ်သက်လို၍ မဆက်ဆံချင်လို့လည်း မဖြစ်။ ဖြစ်ကိုမဖြစ်သည့် ဆက်စပ်နေခဲ့သော အကြောင်းအရာများစွာအနက်..။

"ကျွီ.."

"အား..."

လန့်သွားသည့် ခပ်အုပ်အုပ် အာမေဋိတ်သံလေးနှင့် သူ့ဘက်လှည့်ကြည့်လာသည့် မျက်ဝန်းတွေက ရူးရူးရဲရဲ..။

"ဘယ်မုန်တိုင်းနဲ့ လွှင့်လာတာလဲ ခြင်း၊ မင်း ကန်းနေလား"

တစ်ဖက်က တက္ကစီနှင့် ဆန့်ကျင်ဘက်လားရာအတိုင်း ကားကို ထိုးရပ်ထားသဖြင့် ပမာ က ကားနှစ်စီးကြားမှာ ကပ်ကပ်လေး..။

တံခါးဖွင့်ဆင်းကာ ခြင်း က ဒီဘက်ကို ထွက်မလာဘဲ တံခါးပေါ်မှာ လက်တစ်ဖက်တင်၍...

"ကားဆရာ ရပြီ"

ဟု တက္ကစီသမားကို ပြော၍ ဆက်သွားဖို့ မေးဆတ်ပြလိုက်သေးသည်။ ပြီးမှ...

"ဘယ်မုန်တိုင်းမှ မကြောက်ဘူး၊ ခင်ဗျားရဲ့မုန်တိုင်းကို ကြောက်လို့ ပြေးလာတာ၊ ဒီပြဿနာက ဒီကနေ့ရှေ့ပြီး အိမ်မှာ ပေါက်ကွဲမှာကို သိလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!…"

ကိုယ်က အိမ်ကို အတို့အထောင်လုပ်မှာစိုးပြီး ပြေးချလာတယ်ပေါ့။ ဒေါ်သက ထောင်းခနဲဖြစ်သွားပေမယ့် ပမာ က တော်ရုံနှင့်တော့ ဗုန်းဒိုင်းကြဲပေါက်ကွဲတတ်တဲ့အကျင့် မရှိ··။

"ဩော် ငါ့ကို လိုက်ပို့ပေးဖို့ လာတာလား၊ အံ့သြစရာပဲ၊ မင်းရဲ့ ဖုန်းထဲကစကားကြောင့် အဲဒီကိစ္စ ငါ့ခေါင်းထဲမှာ မရှိတော့ဘူး၊ ဒီလို ချက်ချင်းကြီး စိတ်ပြောင်းပြီး ထပြေးလာမယ်မှ မထင်တာ"

ခြင်း မျက်နှာ ရဲခနဲ ညိုသွား၏။ ပမာ က ပြုံးသည်။

"စိတ်ပြောင်းသွားတဲ့အတွက် ကျေးဇူးပဲ"

တစ်ဖက်မှာ လမ်းဘေးမှာချရပ်ထားသည့်ကားကို တစ်ချက်ပဲ လှမ်းကြည့်ကာ ပမာ က သူ့ကားပေါ်ကို အကျအနဝင်ထိုင်သည်။

ဒေါသကြောင့် ဘယ်လိုညာလိုအပြုံးမှ မျက်နှာမှာမရှိတော့ဘဲ ခြင်း အံကြိတ်၏။ ဖြစ်နိုင်လျှင် ဒီမိန်းမကို ကားပေါ်ကနေ ဆွဲချပစ်ခဲ့ချင်သည်။

သူ ကားထဲဝင်ထိုင်ပြီး စက်နှိုးခြင်း၊ ဆောင့်ခနဲ ထွက်ခြင်းကို မျက်ဝန်းလေး ဖွေကြည့်၍ မမက မဲ့သည်။

မင်းရဲ့ဒေါသမှာ ပရက်ရှာနည်းနေသေးတယ် ခြင်း၊ ကြိုးစားလိုက်ဦး··။





## အခန်း [၆]

စက်မှုဇုန်ထဲကို ဒီလောက်တောင် သွားနေရသလားလို့ တွေးမိခဲ့ဖူးသည်။ မသိပေမယ့် မေးလည်းမကြည့်ခဲ့ဖူးပါ။ ခုကျမှ သိရသည်။

သံထည်ပစ္စည်းစက်ရုံ ထူထောင်ထားသည်တဲ့။ စိတ်ထဲမှာ တော်တော် ချဉ်သွားမိသည်။ စက်ရုံကိုရောက်တော့ သူ ကားပေါ်ကနေ လုံးဝမဆင်းဘဲ ဒီတိုင်းနေလိုက်၏။ ပမာ ကလည်း မခေါ်ပါ။ ပြန်တော့လို့လည်း မပြောဘဲ ဒီတိုင်းဆင်းသွားသည်။ ဂျပန်ကီမိုနိုအနီပွင့်နှင့် ကမာအပွေ့သား အနီရောင်အပါးလေးကို ရင်စေ့လက်ရှည်လေး ဝတ်ထား၏။

တင်ပါးနားထိရှည်သော ဆံပင်တွေကတော့ အမြဲတမ်း ဖြန့်လျက်သား··။ တစ်ခါတလေ ဘီးကုပ်လေးနှင့် နဖူးလေးမှာ ပြောင်းရှင်းနေအောင် သိမ်းတင်ထားတတ်ပြီး တစ်ခါတစ်ခါကျတော့ နားသယ်စပ်နစ်ဖက်ကိုပဲ ဘေးထိုးကလစ်လေးတွေနှင့် ညှပ်တင်ထားတာလည်း ရှိသည်။

ဘာပဲဖြစ်ဖြစ် သူမမျက်နှာမှာ ရင့်ကျက်မှုတွေ ရှိမနေပါ။ သိပ်ကို ခန့်ချင်တော့လည်း အင်္ကျီရင်စေ့တွေ၊ လက်ရှည်တွေပဲ ဝတ်ပေမပေါ့။

တင်းပြည့်သွယ်လုံးသည့် နောက်ကျောပြင်လေးကိုကြည့်၍ ဖိတ်ထဲမှာ ကဲ့ရဲ့ခြင်းတွေဖြစ်ပြီးမှ မျက်နှာလွှဲမိသည်။ မျက်လုံးတွေက စက်ရုံဝင်းကြီးထဲကို လျှောက်ဝေ့ကြည့်နေမိ၏။ စီးကရက်မီးခိုးငွေ့တွေကို သာသာလေးမှုတ်ထုတ်ရင်း ဒီဘက်လှည့်လိုက်တော့ ပမာ နှင့်ယောက်ျားကြီးသုံးယောက် စက်ရုံထဲက ထွက်လာကြတာ မြင်ရသည်။ စက်ရုံကြီးကအသစ်ကြီးဖြစ်ကာ အထဲမှာ လည်ပတ်နေပြီလား၊ မလည်ပတ်သေးဘူးလားမသိ။ တော်တော်ကြီးကြီးကျယ်ကျယ် ထူထောင်ထားတာက သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူတွေကိုကြည့်၍ သူ တွေးမိတာက မကြာခင် မြပမာ နားက ထွက်ခွာပေးရတော့မှာကို ဖြစ်သည်။

လုပ်ငန်းတစ်ခု ထူထောင်ပြီဆို ရှယ်ယာဝင်တွေနှင့် အင်အားအရင်ရှ သည်။ အခြေတကျဖြစ်ပြီ၊ သူမ နားလည်ပြီဆို တစ်ဦးပြီးတစ်ဦး ဖြုတ် ၏။ မြပမာ တို့ရာဇဝင်ကိုက တစ်ဦးတည်း ရပ်တည်နိုင်သမျှ ဘယ်နေရာ မှာမှ မိုလ်မထားခဲ့ . .။ သူ ကုရှင်မှာမျက်နှာမှောလှန်ပြီး စီးကရက်သောက် နေစဉ် တံခါးပိတ်သံနဲ့ ငြိမ့်ခနဲအသံကြောင့် မျက်လုံးတွေ ပွင့်သွား၏။

"စီးကရက်နံ့တွေ တစ်ကားလုံး မွှန်နေတာပဲကွာ၊ မင်း ကြိုက် တတ်ရင်လဲ အောက်မှာ ဆင်းသောက်ပါလား"

"ဒီတိုင်းပဲ နေချင်လို့လေ၊ အောက်မှာ ဆင်းနေစေချင်ရင် ထိုင်စရာ ရှာပေးခဲ့ပါလား"

"သိပြီ . .၊ မင်းက ယောက်ျားပျင်းကျောခင်းဆိုတဲ့အစားထဲကပဲ"

"မကဘူး၊ စီးကရက်ပါ ကြိုက်သေးတယ်"

ပမာ့ မျက်နှာလေးတည်သွားပြီး သူ့ကို မှန်ထဲကနေ ကြည့်သည်။ သူကလည်း ပြန်စိုက်ကြည့်သည်။

"ဘယ်ကို မောင်းမှာလဲ၊ သွားစရာတစ်ခု ရှိသေးတယ်"

"ကျွန်တော် လာခဲ့တာ၊ ဖုန်းဆက်တဲ့ကိစ္စတစ်ခုအတွက်ပဲ၊ ကျွန်တော ဆောရီး"

ကားကို လာလမ်းအတိုင်း ပြန်ဝိုက်၏။ ပမာ ဘာမှမပြောဘဲ နေလိုက်ပေမယ့် ပေါင်ပေါ်မှာတင်ပြီး ဆုပ်ကိုင်ထားသည့်ဖိုင်က လက်ထဲ မှာ ထအော်တော့မတတ် ဖိချခံနေရ၏။ လွတ်လပ်ခြင်း . .၊ မင်း လွတ်လပ် သလို ပြောနိုင်ပါတယ်၊ ငါဟာ မိဘရဲ့အမှားတစ်ခုကို ကြိုတင်သိရှိထား ခဲ့ရပြီး မလွန်ဆန်နိုင်ခဲ့တဲ့နောက် . .။





## အခန်း [၇]

"သူ့ဘာသာ ဘာတွေပဲထူထောင် ထူထောင်လေ၊ ကျွန်တော့်သစ် စက်နဲ့ ချိတ်စရာလား"

"သားရယ် . .၊ မိသားစုလို နေလာကြတဲ့လူတွေမို့လို့၊ ခြေရင်း ခေါင်းရင်းမခွဲခြားဘဲ တစ်ပြေးညီတည်း သတ်မှတ်လိုက်တာပေါ့၊ အခု ကုန်မာစက်ရုံ ပြီးသွားပြီ၊ သစ်ခွဲစက်ကြီး ရှိတယ်၊ ပမာ့ ရဲ့အစီအစဉ် ဘယ်လောက်ကောင်းသလဲ၊ ခုခေတ်က ကွန်စထရပ်ရှင်ခေတ်၊ အိမ်တွေ သူ့ထက်ငါ အပြိုင်အဆိုင်ဆောက်ပြီး ဘယ်လောက်ပွင့်လန်းနေကြသလဲ ကြည့်စမ်း"

ဖေဖေက ပြောလိုက်၊ မေမေက ချီးမွှမ်းလိုက်၊ သူ့အတွက်တော့ ဘာမှမပါပေ။ ကိုယ့်ဘာသာ သံထည့်စက်ရုံမကလို့ နတ်ရေကန်ကြီးပဲ တည်တည် လုပ်ပေါ့၊ ဒါနှင့် ဟိုဟာနှင့် ချိတ်ဆက်ပြီး ကွန်စထရပ်ရှင် လုပ်ငန်း ထူထောင်ဦးမည်တဲ့ . .။

ဒီမိန်းမ တာဖြစ်လို့ လောဘတွေ ဒီလောက်တက်နေတာလဲ၊ ယောက်ျားတွေ ကြီးကြီးငယ်ငယ် အားလုံးနှင့် ပြေပြစ်အောင် ဆက်ဆံ သလို လုပ်ငန်းအင်ပါယာတွေ ချဲ့လာလိုက်တာ ကြောက်စရာ . .။

ဒါတောင် ခေါင်းစဉ်တပ်ထားတာကျတော့ မိဘမဲ့ တစ်ကောင် ကြွက်မိန်းကလေး တဲ့ . .၊ လေးငါးဆယ်ကောင် အစုလိုက်ရှိကြတဲ့ ကြွက် တွေထက် ရှေ့က အများကြီးပြေးချင်နေတာကျတော့ ဘယ်မှာလည်း ဆိုတဲ့မျက်နှာ . .။



www.burmeseclassic.com

www.burmeseclassic.com



''ဒီကိစ္စ ကျွန်တော် မမနဲ့ ပြောမယ်''

''သား…''

သူ့ ဖျတ်ခနဲ ထရပ်လိုက်တော့ မေမေပါ ပြိုင်တူပါလာကာ…

''ဘာကို မေးမှာလဲ..၊ မင်းတောင်မှ လုပ်ငန်းတွင်ကျယ်လာဦးမယ့်ကိစ္စ၊ ယောက်ျားလေးဖြစ်ပြီး သဘောထားသေးရာ ကျဦးမယ်ကွယ်''

''ကျေပါစေ မေမေ..၊ ကျွန်တော့်လက်နဲ့ရှေးလို့ ဘာပုံပဲထွက်လာလာ သူများလက်လွှဲပြီး ဆရာလုပ်မှာတော့ မခံနိုင်ဘူး၊ နားတတ်တယ်..၊ မြပမာ ဆိုတဲ့မိန်းမနဲ့ပတ်သက်ရင် သဘောထားသေးတာ မဟုတ်ဘူး၊ ရှိကိုမရှိတာ''

သူ ဒီဘက်ကနေ ဟိုဘက်ကို ချက်ချင်းကူးသွားသည်။

''မိသီ တံခါးတွေပိတ်ပြီးရင် နင် အိပ်တော့''

''ဟုတ်ကဲ့ မမ''

စကားသံကြားလိုက်ရပြီး သူ ဝင်လိုက်တဲ့ဘက်ကို အိမ်ဖော်ကောင်မလေး ထွက်လာ၏။ သူ့ကိုမြင်တော့ ဒီဘက်ကို မလာတော့ဘဲ ဟိုဘက်ခြမ်းတံခါးတွေဆီ ပြန်လှည့်သွားသည်။

ဒီအိမ်နှစ်အိမ်က ဘယ်အချိန်ဖြစ်ဖြစ် သူ ကူးသန်းသွားလာနေကျ။ တစ်ခါတလေဆို ဖေဖေကိုယ်တိုင် ဒီမှာ စာရင်းလုပ်နေရင်း နှစ်ယောက်တည်း မနိုင်လို့ သူ့ကိုလှမ်းခေါ်သည့်အခါ သားအဖနှစ်ယောက် ဟိုဘက်ကိုပြန်ကူးကာ ညဥ့်နှစ်နာရီကျော်မှ…

''မမ..''

ထမင်းစားခန်းထဲထိ ဝင်လိုက်သွားတော့ ပမာ က ပန်းသီးတစ်လုံးကိုင်လျက် ဓားကို ရေဆေးနေသည်။ တစ်ချက်ပဲ လှမ်းကြည့်ပြီး ပန်းသီးကို အခွံခွာခြင်း စတင်ရင်း…

''ဘာလဲ..''





''မမ အခု ချမှတ်လိုက်တဲ့ ပရောဂျက်မှာ ကျွန်တော် လုံးဝမပါဘူး''

''မင်းကို ဘယ်သူက ခေါ်လို့လဲ''

ပန်းသီးအခွံခွာရင်း ပမာ က ခုံဘေးမှာရပ်နေလျက် ထိုင်လည်း မထိုင်၊ သူ့ကိုလည်း မကြည့်..။

''ထားလိုက်ပါ၊ လူကို မခေါ်သလို အဲဒီလူရဲ့အရေးပ်ကိုလဲ မစဉ်းစားပါနဲ့၊ ဒေါ်မြပမာ နဲ့ကျွန်တော် ဘာအလုပ်အကိုင်ကြောင့်မှ လက်တွဲဖြစ်ဖို့ မလွယ်ဘူး''

ပမာ့ မျက်နှာလေး မော့လာ၏။

''မင်းကို မလိုအပ်လို့ မမေးတဲ့နောက်မှာ မင်း ဒါတွေကို ဒီထိလာပြောနေဖို့ မလိုဘူး ခြင်း၊ မိဘလက်အောက်မှာပဲ ရှိနေသေးတဲ့လူတစ်ယောက်ဟာ ဥပမာ မင်းလို..၊ အဲဒီမှာ သွားထိုင်၊ အဲဒါကိုလုပ်ပ လို့ မိဘက ညွှန်ပြထားလို့ မတတ်သာစွာ ပါဝင်ဦးစီးနေရတဲ့သူအတွက် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချပြီး ဦးဆောင်ရမှာ မဟုတ်ဘူး''

''မမ…''

''နေဦး ပြောဖို့ ကျန်သေးတယ်၊ အဲဒါကြောင့် အန်ကယ်နဲ့တိုင်ပင်လိုက်တယ်၊ အားလုံး ညှိနှိုင်းကြပြီးမှ ဆုံးဖြတ်ခဲ့တာ၊ ဆိုလိုတာက မင်း ဒီနေရာမှာပြောနေရင် အသက်ထွက်သွားလဲ စိတ်မကောင်းရုံအပြင် ဘာမှပြောင်းလဲသွားဖို့ မရှိဘူး''

ခြင်း မျက်ဝန်းတွေက စူးရဲနေလျက်..။

''ကျွန်တော်ကလဲ ကျွန်တော့်အရည်အချင်းကောင်းတွေ ဘယ်လောက်ပဲ ရှိနေပါတယ်လို့ မမကို လာရှုတ်ပြနေတာ မဟုတ်ဘူး၊ အခု ကျွန်တော်လုပ်နေတဲ့လုပ်ငန်းဟာ မနက်ဖြန်၊ သဘက်ခါမှာပဲ ထင်းပုံအထိ ရောက်သွားသွား၊ အဲဒါ ကျွန်တော့်အပိုင်း၊ အခုပြောနေတာ မမနဲ့ပွားရေးတွေ သံစုံမြည်ဖို့အတွက် ကျွန်တော် လက်တွဲမပေးနိုင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အား…"

လက်ကို ဓားထိသွားပြီ ထင်သည်။ ခြင်း မျက်နှာမဲ့ပြုံးတစ်ချက် ဖြစ်သွား၏။

ကိုယ့်ဒေါသနှင့် ကိုယ်ပဲ…၊ စားပွဲစွန်းမှာ လက်တစ်ဖက်တင်ပြီး ရပ်နေရာကနေ လက်ကိုကော့ပြောင်း၍ သေသေချာချာကို ကြည့်ပေးလိုက်၏။

ပမာ က လွတ်ကျသွားသည့်ဓားကို ကောက်၍ ရေဆေးလိုက်သေးသည်။ ပြီးတော့ ဓားကို ဓားစင်မှာ သေချာစိုက်ထားလိုက်၏။ လက်ဖဝါးကို ထောင်ထားကာ ဘယ်ထွက်သွားမှန်းမသိပေမယ့် မျက်လုံးက သူမကိုပဲ လိုက်ကြည့်နေမိတာမို့ ဆေးပုလင်းနှစ်လုံးနှင့် ပတ်တီးယူပြီး ရွှီးကော့စ်ပု ဘေးနားမှာ အလုပ်ရှုပ်နေတဲ့အထိ မြင်နေရ၏။

သူမ တစ်ခုခု ဆက်ပြောလာမလားလို့ သူ ထွက်မသွားဖြစ်တာဖြစ်သည်။ ဒါပေမယ့် ကြည့်နေရင်း သူ့မျက်နှာ တည်သွား၏။

ထောင်ထားသည့် ပမာ့ လက်ချောင်းကြားထဲကနေ နီရဲသောသွေးတွေ စီးကျလာကာ မီးရောင်အောက်မှာ ဖွေးဖွေးနီနေသည်။

တစိမ့်စိမ့် တတောက်တောက်ကျလာခြင်းက သူမလက်တစ်ဖက်တည်းနဲ့ ဆေးပုလင်းဖွင့်ခြင်း၊ ဘာညာလှုပ်ရှားခြင်းရဲ့ကြားမှာ သွက်သွက်လက်လက်ကြီး ဖြစ်လာသည်။

"ဘာတွေ စိတ်ကူးယဉ်လွန်နေလို့ ဒီလောက် ထိသွားတာလဲ"

မနေနိုင်တဲ့စိတ်က သူမနားကို ဘယ်လိုရောက်သွားမှန်း မသိ…။

"ရတယ်၊ ရတယ်၊ ဖယ်…"

"မရလို့၊ ခုထိ မရဘူးဖြစ်နေတယ်မို့လား၊ ဖယ်ပါ၊ လက်က…"

လက်ခလယ်ထိပ်ဖျားဆစ်မှာ မန်ကျည်းစေ့တစ်ခြမ်းလောက် ငိုက်လှီးခံထားရသလို ဓားရာကြီးက ထင်းနေ၏။

အရက်ပြန်နှင့် ဖိပွတ်၊ ဆေးကြောနေရင်းကတောင် သွေးတွေက





…ခြာနဲ့ ရဲတက်လာလိုက်၊ တစိမ့်စိမ့် စီးကျသွားလိုက်…။

နှုတ်ခမ်းလေးကိုက်ထားသည့် ပမာ့ မျက်နှာကို နီးနီးကပ်ကပ်လေး …တစ်ချက်တော့ စိုက်ကြည့်မိသည်။ ဒဏ်ရာက မကြီးပေမယ့် သိပ်တော့ …သေးပေ…။

ယောက်ျားလေးတွေတောင်မှ အရက်ပြန်နှင့် ဒဏ်ရာ ဒီလောက် …တ်ဆက်နေမှတော့ အသံမထွက်ဘဲ နေနိုင်မှာမဟုတ်…။

မြပမာ ဆိုသည့်မိန်းမကတော့ တွန့်ခနဲတောင် မဖြစ်။ ညည်းညူ …ခြင်းလည်း မမြင်၊ ဘာလဲ…၊ ဒီနေရာမှာလည်း ဂုဏ်ယူဝင့်ကြွားစွာ …န့်ဆောင်ကြီးကျယ်ပြတာပဲလား…။

ပတ်တီးစည်းပေးနေရင်း ဖြန်းခနဲ ထဖြစ်ခဲ့သည်။ စေတနာတွေ၊ …တ်ပျောက်၊ ငှက်ပျောက် ဖြစ်ကုန်၏။ ဒီမိန်းမ ကြောက်တတ်တဲ့စိတ် … ရှိရဲ့လား…။

သူ ကြားဖူးသည်။ သူမ ဆယ်တန်းအောင်တဲ့နှစ်က ကားအက်ဆီး …ဖြစ်ခဲ့သည်တဲ့။ မြို့ဆက်ဝေးသည့်နေရာမှာမို့ ဖြစ်သည့်ကားကလည်း …င်းပြေးသွား၏။ ကားမောင်းသည့် အန်ကယ်ဦးမောင်မောင်မြင့် သတိ …တစ်ချက် ရတစ်ချက်ဖြစ်ကာ သူမနဖူးမှာလည်း ဒဏ်ရာရခဲ့သည်ဟု …ည်။

လာသည့်ကားကို လက်ပြတားပြီး အကူအညီတောင်းတာ မရ … ကားသမားကို ခဲနဲ့ကောက်ထုပြီး ဦးမောင်မောင်မြင့်ကို တင်ကာ …ကိုယ်တိုင် ထိုကားကို မောင်းပြန်ခဲ့သည်တဲ့…။

သတ္တိကတော့ ရာဇဝင်နှင့် သမိုင်းနှင့်ပါ…။

"ပြီ…၊ ပတ်တီးတွေ ဒီလောက်ထူပြိန်းနေအောင် စည်းဖို့မှ မလိုတာ"

"ဟင်…"

အတွေးလွန်သွားသဖြင့် ပမာ့ အသံထွက်လာမှ အထပ်ထပ် ပတ်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည့်ကိုယ့်လက်ကို သတိရ၏။ ဒါပေမယ့် ကိုယ်မှားသွားတာကို လည်း ဝန်မခံချင်··။

"သွေးတွေ တအားထွက်နေလို့လေ၊ ဘာလဲ မျိုနိုင်၊ မသိပ်နိုင်ဖြစ်အောင် နာသွားလို့လား"

"နာသွားအောင် လုပ်နေတာလားလို့ သတိပေးတာ၊ ဒီလောက် အသံမထွက်တဲ့မိန်းမ၊ သေစမ်းဆိုပြီးတော့···"

"ဟာ··· အဲဒါတော့ မမ အသားလွှတ် စော်ကားလိုက်တာပဲ၊ စေတနာတွေ ဗလပွနဲ့မဟုတ်ပေမယ့် နေမယ်ဆို အနေသာကြီး"

"နေလိုက်ပေါ့ကွာ၊ ဒါ အသက်ပါသွားနိုင်တဲ့ဒဏ်ရာမှ မဟုတ်တာ၊ သွားတော့···"

ခံပြင်းစိတ်ကြောင့် ပခုံးနှစ်ဖက်ကနေ ဆွဲခါပြီး ကိုင်ပေါက်ပစ်ချင်စိတ်ကို မနည်း ချုပ်တီးနေရသည်။ ထိုအခါ ဆက်လက်ရပ်တည်နေဆဲ သူ့ရဲ့မီးတောက်မျက်ဝန်းများနှင့် ခြင်း နောက်ကို ခြေတစ်လှမ်းရွှေ့လိုက်ပြီးမှ···

"တောက်!··"

"ဟော့···"

ချာခနဲ ကျောခိုင်းပစ်လိုက်တော့ ပမာ ထံမှ တားဆီးသံ ဟိန်းထွက်လာ၏။

"ငါ မင်းထက် အသက်ကြီးတယ် ခြင်း၊ မျက်နှာတည့်တည့်ကြည့်ပြီး တက်ခေါက်တဲ့အထိ မရိုင်းစိုင်းပါနဲ့"

"ဟုတ်ပါတယ်၊ လေးစားပါတယ်၊ ခင်ဗျားက လေးစားသင့်တဲ့ မိန်း မတစ်ယောက်ပဲ၊ ဒါပေမယ့် အဲဒီလို လေးစားကြပေမယ့်လူတွေထဲမှာ ကျွန်တော် မပါဘူး"

သူ့ကျောပြင်ကိုကြည့်နေရင်း ဒေါသဖြစ်ရခြင်းက ခါးသီးစွာ မုန်း





တီးမိတဲ့အထိ ဖြစ်၏။ မျက်နှာချင်းဆိုင်ပြီး မကျေမလည်တွေ ပြောမိကြတိုင်း မကြာခဏကြားရတတ်တာ ဒီတက်ခေါက်သံ··၊ ပြီးတော့ စိတ်မထင်ရင် မထင်သလို ပက်ခနဲ ပက်ခနဲ ပြောတတ်တဲ့ 'ခင်ဗျား' ဆိုတာကိုရော··၊ ဒေါသတကြီးဖြစ်ပြီး 'ခင်ဗျား' ချင်း ထပ်အော်ပြောပြီဆို ကိုယ့်ကို လှိမ့်ပိန့်ကန်ကျောက်ခံနေရသလို နာကျင်ခံရခက်၏။

ခြင်း ဆိုသည့် လူငယ်တစ်ယောက်ဟာ ဦးအောင်ခြင်း၊ ဒေါ်ခင်ယုတို့၏သားဆိုတာတောင် အံ့ဩစရာ ဖြစ်နေပါပြီ။

အန်ကယ်ဦးအောင်ခြင်း က သူမအပေါ်မှာ မဆိုထားနှင့်၊ ဖေဖေကိုတောင် ရဲဘော်ရဲဘက်တစ်ယောက်လိုရော သူငယ်ချင်းကောင်းတစ်ယောက်လိုပါ အမျိုးမျိုးသော ဂရုစိုက် စောင့်သိခြင်းများနှင့် နေထိုင်လာခဲ့တာ သမီးဖြစ်တဲ့ သူမလက်ထက်အထိ··။

ဖေဖေကလည်း မဆုံးခင်မှာ အန်ကယ်တို့မိသားစုနှင့် ဒီတိုင်း မခွဲမခွာနေသွားဖို့ အန်ကယ့်ကိုပဲ လူကြီးမိဘ ဆရာသမားလို ယုံကြည်လေးစားစွာ လက်တွဲနာခံဖို့၊ ဘာမဆို တိုင်ပင်ဖို့··၊ နောက်ဆုံး ခြင်းရဲ့နောင်ရေးအထိ မှာကြားသွားခဲ့သေးသည်။

လူငယ်ချင်းမို့ စိတ်အခန့်မသင့်စရာ၊ မလိုလားတာ ဘာတွေ့တွေ့၊ ဘယ်လိုပြဿနာမျိုးပဲ ပေါ်ခဲ့ပါစေ အန်ကယ်ဦးအောင်ခြင်း တို့မိသားစုနှင့် ခွဲထွက်ဖို့ စိတ်မကူးရဆိုတာတောင် ပါခဲ့သည်။

ဖေဖေ မှာခဲ့လို့ တစ်ခုတည်းလည်း မဟုတ်ပါ။ ဖေဖေ ဆုံးသွားတော့ ကျန်ခဲ့သည့် လုပ်ငန်းကိစ္စတွေ၊ ငွေကြေးပြဿနာတွေကို ဆက်လက်လှုပ်ရှား ထိန်းသိမ်းတတ်သွားအောင် သူမကို အန်ကယ်ဦးအောင်ခြင်း ကပဲ နွေးညမပြတ် သင်ကြား ပြောပြခဲ့တာဖြစ်သည်။

ဦးဆောင်ပေးပါဆိုတာကျတော့ ဦးအောင်ခြင်း က ခေါင်းခါ၏။ အကဲခတ်မလွယ်သော လူကြီးတွေရှိခဲ့ကြသည့်အပိုင်းမှာ ပမာ မသိခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာတွေလည်း ရှိနိုင်၏။

ဒါပေမယ့် သေချာတာက ဒီနေ့ထိ ဦးအောင်ခြင်း က ပမာ့ အတွ
လေးစားအားထားရတဲ့ ဦးလေးသားချင်းလို ဆရာသမားကဲ့သို့လု

ဒါကြောင့် ခြင်း ကို သူမခေါင်းထဲ မထည့်ဘဲနေနိုင်အောင် ကြ
စားခဲ့သည်။ ဖြစ်လာခဲ့ကြတာကလည်း နှစ်အိမ်ကပ်လျက်မှာ အတူ
နေမိခဲ့ကြတာမို့ ဒါကိုပဲ ထည့်ခံစားနေလို့မရ..။

ဒီအကြောင်းကြောင်းတွေကို သင်းက မသိတတ်နားမလည်
ရိုင်းပျနေပေမယ့် ပမာ့ ဘက်က ဒီထက် မပိုသင့်အောင် ထောက်ထ
နေရတာတွေ ရှိသည်။

ပမာ ကိုယ့်လက်ကဒဏ်ရာကို ငုံ့ကြည့်ပြီး အပြင်ထွက်လာခဲ့သည်
ထင်သည့်အတိုင်း အပြင်မှာ ဦးအောင်ခြင်း က မျက်နှာမကောင်း
ရှိနေလျက်...

"သမီးကို သားကိုယ်စား အန်ကယ် တောင်းပန်ပါတယ်ကွ
သူ မကျေနပ်ဘူးဆိုပေမယ့် အလုပ်ကိစ္စကို သမီး စိတ်စနောင့်စနင်းဖြ
ပါနဲ့၊ ခု ပြောဆိုသွားတာတွေအတွက်ရော အလုပ်ကိစ္စအတွက်ပါ အ
အတွက် တောင်းပန်တာပါ"

"မဟုတ်တာ အန်ကယ်ရယ်..၊ ဒီလောက် တောင်းပန်ရအော
သူစိမ်းလိုနေကြတဲ့လူတွေမှ မဟုတ်တာ၊ သူနဲ့ ပမာ ဖြစ်ကြတိုင်း နှ
စလုံးမှာ အပြစ်ရှိပါတယ်"

"မဟုတ်ဘူး၊ သားက ရိုင်းကိုရိုင်းတဲ့ ကလေးပါ"

"ပမာ ကလဲ သူ့ အဲဒီလို ပြောထွက်လာအောင် ပြိုင်ဆိုင်ပြော
တွေ ရှိတယ်လေ၊ တကယ်ဆို ကိုယ်က အသက်ကြီးတဲ့သူ..."

"သမီး မမှားပါဘူး၊ ယောက်ျားနဲ့ မိန်းမသဘာဝအရ ယော
ဟာ သဘောထားကြီးရမယ်၊ သည်းခံနိုင်ရမယ်၊ အသက်ကွာတ





တာလဲ သူကတောင် သမီးကို ပြန်ငုံ့ကြည့်နေရတာ၊ အဲဒါတွေကြောင့်
အန်ကယ် စိတ်မကောင်းဖြစ်ရပါတယ်ကွယ်"

"ရပါတယ် အန်ကယ် ထိုင်လေ၊ အဲဒါပြောဖို့သက်သက် ကူးလာ
တာလား"

"ဟုတ်တယ်၊ ချက်ချင်းလိုက်လာပြန်ရင်လဲ တားသူရှိနေမှ ပိုပြီး
ပြောလို့ကောင်းနေမှာစိုးလို့ အသာလေး စောင့်နေလိုက်တာ၊ သမီး အန်တီ
ဆိုရင် ဒီရက်ပိုင်းမှာ ကျန်းမာရေးသိပ်မကောင်းတော့ သူ့သားကို ပြောဆို
မကောင်းတာတွေပါရောပြီး တဖွဖွ ညည်းနေတာပဲကွယ်"

"ဟုတ်ပါရဲ့..၊ ပမာ ဒီရက်ပိုင်း အန်ဝီနဲ့တောင် စကားမပြောဖြစ်
ဘူး၊ မနက်ကျမှပဲ ကူးခဲ့ဦးမယ်"

"ရတယ်သမီး၊ သူက ဒီလိုပဲ၊ သူ့သား ပြောကောင်းဆိုကောင်း
ပြန်ဖြစ်လာတာနဲ့ ကြည်ကြည်လင်လင် ဖြစ်သွားတာပဲ၊ အန်ကယ် သွား
မယ် သမီး"

"ဟုတ်ကဲ့"

"တံခါးတွေ သေချာစစ်နော်"

ဦးအောင်ခြင်း က ပြောလည်းပြောရင်း အိမ်ထဲကနေ တံခါးတွေကို
သူကိုယ်တိုင် လိုက်စစ်သွားသေးသည်။

အလုပ်စားပွဲထိုင်ရင်း ဦးအောင်ခြင်း လို စိတ်ချယုံကြည်ရတဲ့ လူကြီး
အုပ်ထိန်းသူတစ်ယောက် ချန်ထားပေးခဲ့တဲ့ ဖေဖေ့ကို မှန်းပြီး ကျေးဇူးတင်
နေမိသည်။

အတူတူတွဲသွားလျှင် ဦးလေးလိုလို အဖေလိုလို ထင်ရအောင်
ဦးအောင်ခြင်း က အရပ်မြင့်မြင့်ကြီးနှင့် ဥပဓိရုပ်လည်း ခံ့ညားလှသည်။

ဒါပေမယ့် အလုပ်သွား အလုပ်ပြန်တိုင်းမှာ ပမာ့ရဲ့ဒရိုင်ဘာလို
သူကိုယ်တိုင် ကားမောင်း၍ စောင့်ရှောက်ခြင်းလည်း ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မှာခဲ့သည့်အတိုင်း ကုမ္ပဏီမှာ ရှယ်ယာဝင်တစ်ဦးအဖြစ် နေရာပေးတာကိုလည်း မယူ၊ သူ့မဘေးမှာပဲ အတွင်းရေးမှူးအဖြစ်နေရင်း တာဝန်ထမ်းဆောင်ခဲ့သည်။

''ဒီလိုနေတော့ အလုပ်အတွက်ရော သမီးရဲ့ လုံခြုံရေးအတွက်ပါ ကူညီလို့ရတာပေါ့''

ဟု ပြောခဲ့သည့်အတိုင်း ဘာအခွင့်အရေးမှ မတောင်းဆိုခဲ့ဘဲ တစ်ချက်မှလည်း ပုံစံမပြောင်းလဲဘွာ ဒီနေ့ထိ တာဝန်ကျေခဲ့၏။

ဦးအောင်ခြင်း အကြောင်း တွေးမိတိုင်း ကျေးဇူးတင် လေးစားမိရ သလောက် ခြင်း ကတော့ လေးစားထိုက်ပါသည်။ ချစ်ခင်အပ်ပါ၏။





## အခန်း [ ၈ ]

''ဟော့ ခြင်း...''

သူ လှည့်ကြည့်လိုက်တော့ ယွန်း က အနက်ရောင် စတော့ကင် ကျပ်ကျပ်လေးနှင့် တင်အောက်မှာ အတွန့်ဖက်လေးတွေပါသည့် လက် ပြတ်လည်ကပ်အင်္ကျီရှည်ကို ဝတ်ထားသည်။

အနက်ရောင် နားကွင်းဝိုင်းရှည်ကြီးနှင့် မျက်မှန်နက်လေးလည်း တပ်ထားတော့ ဗာစ်ကိုယ်လုံး နက်မှောင်ပြီး ဆင်းနေ၏။

ထို့ပြင် ကြက်သွေးရောင် နှုတ်ခမ်းသားလေးတွေက ပြောင်အိအိ၊ လှုပ်လီလှုပ်လဲ့နှင့် သူ ငေးခနဲဖြစ်သွားပြီး မျက်လုံးပြန်လွှဲဖို့ ရုတ်တရက် မေ့သွားသည်။

''ယူ တစ်ယောက်တည်းလား''

''အင်း...၊ မင်းရော...''

''မေမေ ပါတယ်''

ယွန်း ပြတဲ့ဘက်ကို လှည့်လိုက်တော့ ယွန်း ရဲ့မေမေက သူ့ဘေး နီးနီးလေးကိုရောက်နေပြီ ဖြစ်၏။

''ဩော်... အန်တီ''

ဒေါ်တင်သန္တာ ဆိုသော မိန်းမကြီးကတော့ ဟိုတုန်းကထက်အောင် ပို၍ ရင့်ရော်ကြမ်းတမ်းလာသလို ထင်ရကာ ပိုပြီး စူးရဲလာသလိုရှိသည့် မျက်လုံးအကြည့်တွေကြောင့် ခြင်း စိတ်ထဲမှာ ဖျင်းခနဲတော့ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မှေ့နိုင်ပါ့မလား..။

"ဟဲ့ ကောင်လေး၊ ဘာလာလုပ်တာလဲ၊ ဒါ နင်တို့ ဟာတွေ
လာပြီး တုံးလုံးပက်လက်လှဲရမယ့်နေရာလား၊ ထစမ်း..၊ သွား... ပြ
တော့.."

"မခေါ်နဲ့..၊ အိမ်ထဲခေါ်မလာနဲ့လေ၊ မွေးနေ့မို့ကျွေးချင်ရင် ထ
ပေးလိုက်၊ ချို့တွေဘာတွေနဲ့လဲ ထည့်မနေနဲ့၊ ရေခဲသေတ္တာထဲထည့်ထ
အသားဘူးတွေ ရှိတယ်၊ ပေးပြီး ဘာမှပြန်မတောင်းရအောင်"

"အမယ်လေး..လေး..၊ ဒီထိလိုက်လာပြီး ရေသောက်တာ
ရေခွက်ထဲ ထည့်မသောက်ဘဲ ရေသန့်ဘူးကို ဒီတိုင်းမော့တယ်၊ လူပါး
လိုက်တာ၊ ရာရာစစ..၊ ဟဲ့.. မိယွန်းယွန်း ခေါ်သွားစမ်း၊ သွားပြန်လွှ
လိုက်.."

ဖြစ်ရပ်တွေကိုလဲ မှတ်မိနေသေးသည်။ ဖြစ်စဉ်အလိုက် တင်ကျ
ရစ်အောင် ပြောခဲ့ဖူးတဲ့စကားတွေကလည်း ခေါင်းထဲမှာ အကန့်လိုက
မပျက်မယွင်း ရှိနေဆဲပါ။

"အင်း... မှတ်မိပြီ၊ လူကောင်ကြီးထွားလာတော့ မနည်း ကြ
ယူရတယ်"

ဒေါ်တင်သန္တာ ပြောတော့ ခြင်း ကပြုံးသည်။

တကယ်ကို ပြောင်းလဲလာတာ ဟုတ်ရဲ့လားလို့ စူးစမ်းနေတဲ့ မျ
လုံးကြီးကို မသိဘဲနေမလား..။

ပြီးတော့ ကြည့်လိုက်တဲ့အကြည့်က လက်စွပ်ကို တန်းနေ
ကြည့်ပါဦး ဒေါ်တင်သန္တာ တကယ် ကျွဲလတီ မှန်ရဲ့လား..။

စိတ်ထဲမှာ ချဉ်နေသည့် ခြင်း ရဲ့မျက်လုံးတွေက အေးစက်ငေ
နှုတ်ခမ်းက ပြုံးနေပေမယ့် အံကြိတ်ထားတာနဲ့လည်း တူ၏။ ဒေါ်တ
သန္တာ နှင့်သူ ဓမ္မပြင်သည့်အပြုံးတို့နှင့် ဖျတ်ခနဲတော့ စူးစိုက်ကြည့်မိ





ကာ...

"အန်တီ နေကောင်းတယ်နော်"

"ကောင်းပါတယ်၊ ဒါနဲ့ မင်းတို့ အင်းလျားလမ်းမှာ နေတာဆို.."

မျက်တောင်ဖျားတို့ အထက်အောက် ဖျတ်ခနဲ ဖျတ်ခနဲအပြေးမှာ
ဟိုတုန်းကလို အထင်မြင်သေးဆဲအကြည့်တို့က ယှီးလေးခိုနေကြ၏။

"ဟုတ်တယ်..၊ အင်းလျားလမ်းထဲဝင်ပြီး သိပ်မရှာရပါဘူး၊ ဝရန်
တာခြောက်ခုနဲ့ နှစ်လုံးတွဲတိုက်ကြီးက ကျွန်တော်တို့တိုက်ပဲ"

"သြော်... သြော်..."

မပြောင်းလဲအောင် ဟန်ဆောင်နေရပေမယ့် မျက်ဝန်းတွေမှာတော့
ပြုံးကြည်သွားသည်ထင်၏။

"အေးပေါ့လေ..၊ ရန်ကုန်လိုနေရာမျိုးမှာ သမီးအတွက် ငယ်ပေါင်း
ကြီးဖော်တစ်ယောက်နဲ့ ပြန်ဆုံရတာ အားကိုးရတာပေါ့၊ မင်း ခု ဘာလုပ်
နေလဲ"

"သစ်စက်မှာ ထိုင်နေပါတယ်"

"ခြင်း ရဲ့သစ်စက်က စက်ရုံကြီးတွေထက်တောင် ကြီးသေးတယ်၊
ကွန်ပျူတာရက်ရှင်တွေ လက်ကိုင်ထားရတဲ့ သစ်စက်ပဲ မေမေ၊ ခြင်း တို့က
အရမ်းကို ပြောင်းလဲနေတာ"

"အင်း.. အင်း.. ဝမ်းသာပါတယ်ကွယ်"

သားအမိနှစ်ယောက်ကိုကြည့်၍ ခြင်း ကတော့ နားလည်နေပါ
သည်။ သူ ဘယ်လိုအခြေအနေဆိုတာ ဟိုတုန်းကတည်းက ကြိုတင်
ပြောပြမထားဘဲ ဒေါ်တင်သန္တာ လိုမိန်းမကြီးက ခုလို အရေးပေးမှု
နှုတ်ဆက်ပြောဆိုဖော်ရမတဲ့လား..။

သိပြီးသားတွေကို ခုမှ မိတ်ဆက်ပေးသလိုလို လုပ်နေသေးသည်။
ယွန်း ကိုတော့ သူ မနာကြည်းနိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူမအမေနှင့်ပတ်သက်ပြီး နာကျင်စရာတွေ အစပြန်ပေါ်လာတိုင်း ရင်ထဲမှာ ရှိနေခဲ့သည့် နူးညံ့ခြင်းတရားတွေ ခဏတာဖြုတ်ပျောက်ကွယ်တတ်၏။

ထိုနေ့က ပလာဇာအပေါ်ဆုံးထပ်မှာ စားသောက်ဆိုင်ထိုင်ရင်း သုံးဆောင်ကြ စကားပြောဖြစ်ခဲ့ကြသည်။ နှလုံးသားတစ်ခြမ်းက မီးသင့်သလိုရှိကာ တစ်ခြမ်းကတော့ နွံသာသင်းသော ကျောက်စက်ရေအိုင်မှာ ဖေးတင်နေရသလို··။

အရမ်းသွက်လက်ပြီး ချစ်စရာကောင်းသော ယွန်း ကို သူ စိတ်ဝင်စားနေမိပါပြီ··။

ဒါဆို··၊ သူမရဲ့အမေကို ထည့်မတွက်လို့ ရနိုင်သည်လား··။





## အခန်း | ၉ |

"မမကြီး ဟိုဘက်မှာ ညွှန့်သည်ရောက်နေတယ်"

"ဟေ··"

ပမာ ရဲ့အိမ်ဖော်ကောင်မလေး ရောက်လာပြောတော့ ဒေါ်ခင်ယုစားပွဲတင်ပန်းအိုးလေးကို လှပအောင် ပြုပြင်နေရင်း မော့ကြည့်မိသည်။

"ဘယ်သူလဲ မိသီ··"

"ကိုကိုလေးရဲ့သူငယ်ချင်းလို့ ပြောတယ်၊ မမကြီးကိုလဲ မေးနေသို့၊ ကျွန်မ ဒီဘက်လွှတ်လိုက်ရမလားဟင်"

"အေး·· အေး·· လွှတ်လိုက်"

မိသီ ပြန်ထွက်သွားပြီး သိပ်မကြာလိုက်ခင် တံခါးပိတ်သံရောက်နိုးသံရော ကြားလိုက်ရကာ အိမ်ရှေ့ကို ကားအနက်လေးတစ်စီးထိုးရပ်လာ၏။

ကားလမ်းက ခြံထဲမှာပဲ ဝလုံးပုံစံရှိနေသဖြင့် ခြံပြင်ကို ထွက်ထွက်ဝင်ဝင် အားလုံး အဆင်ပြေနေသည်။

ညွှန့်သည်က ဟိုဘက်မှာမေးပြီး ဒီဘက်ကို ဆက်မောင်းလာတာဖြစ်မည်။ အိမ်ထဲကနေ လှမ်းကြည့်နေဆဲမှာ ကားပေါ်ကဆင်းလာတာ မိန်းကလေးဖြစ်နေသဖြင့် လူကို မမှတ်မိသေးမီ တွေးလိုက်မိတာက နွေးနေယွန်းယွန်း··။

"အန်တီ နေကောင်းတယ်နော်"



www.burmeseclassic.com

"ဟင်..၊ သမီးက..."

"ယွန်းယွန်း လေ..၊ သမီးနဲ့ပြန်ဆုံနေတာကို ခြင်း က ပြောပြမထားဘူးလား"

"ဩော်..."

ဒေါ်ခင်ယု က ခုမှ မှတ်မိသလိုပြုံး၍ တံခါးဖွင့်နေရင်း...

"ပြောပါတယ်ကွယ်..၊ လူကိုတော့ ခုမှ မြင်တာလေ၊ အန်တီက အသက်အရွယ်တွေကိုတွက်ကြည့်ပြီး သမီးကို ယဉ်ယဉ်ခန့်ခန့်လေးလား၊ မရိုင်းမယဉ်လေးလားလို့ မှန်းထားတာ"

"ဟင်..၊ ဒါဆို သမီးက ကလက်နေတယ်လို့ ပြောလိုက်တာလား"

အထဲကိုဝင်လာရင်း ယွန်း က ဟီးလ်ဒေါက်ကြီးနှင့်ဖိနပ်ကို ငုံ့ချွတ်လျက် နှုတ်ခမ်းစူသည်။ သူမဝတ်ထားတာက လည်ကပ်ကိုယ်ကျပ်အင်္ကျီအနီရဲရဲနှင့် ဂျင်းအနက်ရောင်ဘောင်းဘီရှည်၊ ပြီးတော့ ခရုပ်အကွက်တွေနှင့် ကျောက်သီးတွေပါသော ပုတီးရှည်ကြီးကို ဆွဲထားသေးသည်။ နားဆွဲကအစ ဆွဲကြိုးနဲ့ ဆင်တူ..။

တစ်ကိုယ်လုံး လှုပ်ခါနေတဲ့အတိုင်း ဝတ်ထားသည့်ပစ္စည်းတွေနှင့် လူ၊ ရှုပ်ယှက်ခတ်နေ၏။

ဘယ်လိုအဓိပ္ပာယ်နှင့် ပြောလိုက်တာမှန်း သိသာပါစေ၊ မြင်သာပါစေ..။ ဒေါ်ခင်ယု ရေရွှတ်သံများကို ပင့်သက်ရှိုက်၍ ရင်ထဲမှာပဲ သိမ်းထားလိုက်ကာ...

"မဟုတ်ပါဘူး၊ သမီးက ခုလိုကျတော့လဲ သွက်သွက်လက်လက် ချစ်စရာပုံလေးပေါ့၊ သားနဲ့ ချိန်းထားကြတာလား၊ သား အန်တီ့ကို ဘာမှ မှာမသွားလို့"

"ဟင့်အင်း မချိန်းပါဘူး..၊ သမီးက တမင် ရှာဖွေပြီးလာတာ"





သားဘဝ ပြောင်းလဲသွားပြီဆိုတာကို မယုံကြည်လို့ သေချာအောင် ကြည့်တာ မဟုတ်ဘူးလား။ လူကြီးမို့ လူငယ်တစ်ယောက် ပါးစပ် း လိုက်တာနှင့် ဘာကိုဆိုလိုချင်တာမှန်း သိနေသည်။

"ထိုင် သမီး..၊ ဘာသောက်မလဲ၊ အပူလား.. အအေးလား"

"ရတယ် အန်တီ၊ ရှိတာပဲပေး"

ယွန်း သည် ရင်းနှီးခဲ့ဖူးသူတွေမို့ ဂရုမစိုက်တာလား၊ ဟိုတုန်း ဘည်းက အထင်သေးစိတ်နှင့် လေးစားမှုမရှိတာလား၊ ဘာမှန်းတော့ ...။

ထိုင်ခဲ့လိုက်ပေမယ့် ခေါင်းတစ်ခုလုံး ချာလပတ်လည်သွားအောင် အိမ်လုံးကို လိုက်မော့ကြည့်သည်။ ပြီးတော့ နှုတ်ခမ်းလေးမဲ့လိုက်၊ ခေါင်းညိတ်လိုက်နှင့်..။

"တကယ် အဟုတ်ပဲနော်"

"ဘာလဲ သမီးရဲ့.."

ဒေါ်ခင်ယု က အလွယ်တကူရှိသည့် အအေးဘူးတစ်ဘူးနှင့် ဖန်ခွက် ယူလာရင်း သူမ ရှေ့မှာ ထိုင်လိုက်သည်။

"ဩော်... အန်တီတို့ အရမ်းပြောင်းလဲသွားတာလေ၊ အန်ကယ် ဘုန်းကြီးမှာဆို.."

"ဟုတ်တယ်..၊ ဟိုအရင်ကတည်းက အန်တီတို့က ပြည်မှာပဲ လေ၊ သူက ရန်ကုန်မှာလာပြီး သူ့သူငယ်ချင်းနဲ့ ဒီအလုပ်ကိုလုပ် ကြာလာတော့ သူ့ကို ယုံကြည်ပြီး အားလုံးလွှဲတဲ့အထိ ဖြစ်ခဲ့တာ ထတီသစ္စာရှိတယ်ဆိုရင် တစ်ချိန်ချိန်မှာ အဲဒီလူဟာ သစ္စာတရားရဲ့ ကျေးဇူးကို ရလာတာပါပဲ"

"အင်း... နော်.."

"လူတစ်ယောက်ရဲ့ ပစ္စက္ခအခြေအနေကိုပဲကြည့်ပြီး အထင်မြင်

www.burmeseclassic.com



သေးတတ်ကြတဲ့လူတွေဆိုရင်တော့ ဒါကို ထည့်တွက်ကြမှာ မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ်ပါ၊ ဖိအားတစ်ခုခုရှိနေမှ ရှန်းကြွခြင်းဆိုတဲ့ ဂုဏ်သတ္တိတွေ ဖြစ်လာတာ၊ လူတွေ အယူအဆအမျိုးမျိုးရှိကြတာ မဆန်းပါဘူး''

ယွန်း မျက်နှာလေးတော့ ပျက်ရှာသည်။ သူမဘက်မှာလဲ မိဘက တစ်ဖက်၊ သူငယ်ချင်းက တစ်ဖက်ပါ..။

ဟိုတုန်းက သူငယ်ချင်းမို့ သူငယ်ချင်းလို ဝေးကွာခဲ့ကြတာက အတိတ်ဆိုတဲ့ တစ်ခန်းရပ်မှာ ပြီးဆုံးခဲ့ပေမယ့် သူငယ်ချင်းမဟုတ်တော့ဘူးဆိုရင်တော့..။

''သမီးက သားနဲ့တွေ့ဦးမှာလား၊ အန်တီ ဖုန်းဆက်ခေါ်ပေးမယ်လေ''

ကိုယ့်ကို ပြန်စေချင်တာလားလို့ တွေးမိပြီး ဒေါ်ခင်ယု မျက်နှာကို အကဲခတ်ရသေးသည်။

''ဟင့်အင်း..၊ ဒီကပြန်မှပဲ သမီး ဝင်တွေ့လိုက်တော့မယ်၊ ဒါနဲ့ မေးရဦးမယ်၊ စပ်စုတာ မဟုတ်ဘူးနော် အန်တီ''

''မေးလေ..၊ ဘာများလဲ''

''ခြင်း ကပြောတော့ နှစ်လုံးတွဲတိုက်ဆိုတော့ ဆန်းနေလို့ တမင်လာကြည့်တာ၊ ဟိုလေ ဝရန်တာခြောက်ခုနဲ့ ဆိုလို့ပါ၊ အရမ်းလှမှာပဲလို့''

''အခု မလှဘူးလား''

''လှပါတယ်၊ ဒါပေမယ့် နှစ်လုံးတွဲဆိုတာက တကယ်ကို တိုက်နှစ်လုံးပူးနေတာပဲနော်၊ ဟိုဘက်မှာ တစ်ဦးသပ်သပ်ပေါ့၊ ဟုတ်လား''

''ဟုတ်တယ်လေ၊ ကိုအောင်ခြင်း ရဲ့သူငယ်ချင်း ကျေးဇူးရှင်သူဌေးပေါ့''

''ဟင်!...''

''အစက ဟိုဘက်တိုက်ပဲရှိတာ၊ နောက်တော့မှ အန်တီတို့အတွက်





ဒီဘက်မှာ ပုံစံတူ ကပ်ဆောက်ရင်း နှစ်လုံးတွဲဖြစ်အောင် နည်းနည်းပါးပါး ပြင်ဆင်လိုက်တာပေါ့''

နည်းနည်းပါးပါး သံယောဇဉ် မဟုတ်ပါလား..။

ပြောလို့သာ ကြားနေရတာ သိပ်မယုံချင်..၊ သူငယ်ချင်းမို့ ခံစားခွင့်ပေးတာဆိုလည်း ကိုယ်နှင့် တန်းတူရည်တူ၊ ပုံစံတူ ဒီလိုလုပ်ပေးတယ်ဆိုတာ ဖြစ်သင့်တာထက် လွန်နေ၏။

''ဒါဆို သူဌေးက...''

''ဆုံးသွားပါပြီ''

''ဩော်... သစ်စက်က သူဌေးက ဦးစီးခိုင်းထားတာလား၊ ဟို... အပိုင်...''

''အဟွန်း..''

အစကတော့ ဣန္ဒြေလေးနှင့် ထိန်းထိန်းသိမ်းသိမ်း မေးနေတာပဲဖြစ်သည်။ မေးနေရင်း လောဘတွေတက်လာတော့ ယွန်း မျက်နှာလေးစိတ်စောပြီး တက်ကြွနေတာကို ဒေါ်ခင်ယု မသိမသာ ပြုံးမိ၏။

''သစ်စက်တင်မကဘူး ဟောဒီသူဌေး ထူထောင်ထားသမျှကို ဆက်ညှိုးထိုးတိုင်း ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုတုန်းကတည်းက ဆက်မက ပေးနေတာကို ကိုအောင်ခြင်း က မယူခဲ့လို့''

လာပြန်ပြီ..၊ ယုံတမ်းစကားတွေ..။ ယွန်း မအိမ်လည်လေးပြုံး၍ ခေါင်းညိတ်နေရပေမယ့် ဟုတ်ပါ့မလားဆိုတဲ့ စိတ်ကလည်းမပျောက်..။

တကယ်ဆို သူများအတွင်းရေးကို ဒီလောက်ထိ မစပ်စုသင့်မှန်း ယွန်း သိသည်။ ဒါပေမယ့် မေမေ့အမြင်မှာ ခြင်း ဆိုတဲ့ကောင်လေးကို အဆင့်ကြီးစရာလူအဖြစ် မြင်လာစေချင်သည်။

သူမ ဘွဲ့ရပြီးကတည်းက အိမ်ထောင်ချပေးဖို့ချည်း စိတ်စဉ်နေသည့် အနေတွက်ချက်ထဲမှာ ယွန်း အတွက် ဖြစ်သင့်သော အိမ်ထောင်ဖက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ထက် အများကြီး မြင့်မားမနေတောင် မနိမ့်ပါးစေရ..။

ခြင်း ကို ဟိုတုန်းကနှင့် ဘာမှမဆိုင်တော့သည့် အခြေအနေတစ်ခုခု မှာရှိနေမှန်း မေမေ အသိအမှတ်ပြုစေချင်သည်။

အကယ်၍ မကြာမတင်သောကာလတစ်ခုမှာများ ခြင်း ဘက်က ဖွင့်ဟလာခဲ့ရင် ဒီတစ်ခါတော့ ခြင်း ကို သူမ မစွန့်လွှတ်ချင်တော့ပေ။ မေမေ စီစဉ်ပေးခဲ့တာတွေကို ငြင်းခဲ့သမျှ ကိုယ်ကြိုက်နေတာကလည်း တင့်တယ်မြင့်မားတဲ့သူပါဆိုတာကို ပြချင်သည်။

ခြင်း ကို ချစ်မိနေတဲ့အပြစ်ကြောင့်ပါ..။

"သူ့ခွေးက မိသားစုတွေ ကျန်ခဲ့မှာပေါ့၊ အဲဒီလို တစ်ထပ်တည်း ဖြစ်နိုင်ပါ့မလား"

"လောကမှာ သူများဂွစာ်ကို လက်ညှိုးထိုးပြပြီးကြွားတာ လူလိမ္မာ ပဲ သမီးရဲ့..၊ အနိတ်ိက လိမ်ပါ့မလား၊ သားလေးအတွက် မျက်နှာမငယ် ရအောင် သူ့အဖေ ကြိုးစားခဲ့သမျှ အခု သားကိုယ်တိုင်လဲ လုပ်ငန်းတွေ ကို ဦးစီးနိုင်ပြီဆိုတော့ သားအတွက် အိမ်ထောင်ဖက် ရွေးတဲ့နေရာမှာ မျက်နှာငယ်စရာ မရှိတော့ဘူးလို့တော့ ထင်ရတာပဲလေ"

"ဟင်..၊ ခြင်း ကို လက်ထပ်ပေးတော့မှာလား"

"ဒီလိုလဲ မဟုတ်သေးပါဘူး"

ယွန်း သက်ပြင်းခိုးလေးချတာကို ဒေါ်ခင်ယု က စိုက်ကြည့်သည်။ ရင်ထဲမှာ ဒီထက်မက များပြားသောစကားတွေ ပြောဖို့ရှိနေသေးပေမယ့် မပြောတော့ပါ။ ပြောလည်း ပြောသင့်နေပေမယ့် ရှိပါစေတော့..။

ဒါပေမယ့် အတိတ်က သားလေး နစ်နာခဲ့ရသမျှအတွက် နည်းနည်း တော့ မသမာမှု ပြုခဲ့မိသည်။

ကိုယ့်လောက် မဟုတ်ရင်တောင် နည်းနည်းဖြစ်ဖြစ် နာကြည်း အောင်ပါ။





သားအပေါ်မှာ ဒီမိန်းကလေး မျှော်လင့်ချက်တွေ အများကြီး ဖြစ် သွားပြီကို သိလိုက်တော့ ကျေနပ်သည်။

အဲဒီလိုဖြစ်စေချင်လို့ မျိုးသိပ်ချုပ်တီးပြီး အကောင်းဆုံး ဆက်ဆံ ပေးလိုက်တာဖြစ်မှန်း သူမကတော့ သိရှာမှာမဟုတ်..။

သံယောဇဉ်မှာ အလျားအနံ မရှိပေမယ့် ချစ်ခြင်းမေတ္တာမှာတော့ အသွားအပြန် ရှိလိမ့်မည်။ ထို့အတူ ဝေဒနာတစ်ခု၏ ဖြစ်စဉ်မှာလည်း အရင်းအမြစ်ဆိုတာ ရှိတာပါပဲ..။

စိတ်ကူးတွေယဉ်ပေတော့ ယွန်း ရေ..၊ အရင်းအမြစ်ကို မရှာတတ် သရွေ့ ဖြစ်ပျက်သံသရာထဲမှာ မင်းလေး မျှော်လင့်ရင်း၊ ကျဆုံးရင်းနှင့်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၀ ]

မျှော်လင့်ရတဲ့ဘက်မှာ ရှိရခြင်းဟာ ဒါ ပထမဆုံး ဖြစ်သည်။ ယောကျ်ားတစ်ယောက်ရဲ့အိမ်ကို ရောက်၊ အလုပ်ထဲကို လိုက်၊ ဒါလည်း ပထမဆုံးပါ။ ကိုယ့်အတိုင်းအတာနဲ့ကိုယ် မာမာတင်းတင်း နေနိုင်ပါလျက်နှင့် ခြင်း ကိုမှချစ်ခဲ့မိလို့..။

"ပြောစရာရှိတယ်ဆို ပြောလေ ခြင်း..."

"စဉ်းစားနေတာ..."

"ဘာကိုလဲ"

"ခလုတ်ကန်သင်းများ ရှိနိုင်သေးလားလို့၊ ကိုယ့်ဘက်မှာ ပြောတာပါ"

"ဘယ်လို!..."

ခြင်း က ရယ်သံညည်။ အတူတူ ယှဉ်တွဲလျှောက်နေသည့် သူမကို ငုံ့ကြည့်၍...

"သြော်... ကိုယ်က အခု ပြောင်းလဲနေပြီဆိုပေမယ့် 'ငယ်နိုင်'ဆိုတဲ့သဘောလိုပေါ့၊ မတူတန်လို့ သိမ်ငယ်ရခြင်းဆိုတဲ့ ခံစားချက်ကတော့ ခုထိ ရှိနေသေးတယ်"

"ဘာ... ခြင်း က သိမ်ငယ်တတ်တယ်၊ ဟုတ်လား..၊ ယွန်း.."

ယွန်း က မဲ့ရွဲ့ပစ်လိုက်ပေမယ့် အပြာရောင် ပန်းပွင့်နားကပ်လေးတွေနှင့် အလှမပျက်၊ အသွားမပျက်..။





"ဟုတ်ရဲ့လား ခြင်း ရယ်..၊ တို့အထင်တော့ ခွင်တွေ့တိုင်း ဆော်နေသလိုပဲ"

"မဟုတ်တာကွာ.."

"ဟုတ်တယ်လေ..၊ ခြင်း ရဲ့အခြေအနေက ဒါတွေ ပြောနေဖို့မှ မလိုတော့တာ၊ ဟိုနေ့က အိမ်ကိုရောက်သွားတော့လဲ အန်တီက နာကြည်းသံတွေနဲ့ ရိတယ်"

"မင်းက ထင်နေတာပါ"

ဒါကို ကာကွယ်ပြောဖို့တော့ သူ့ပါးစပ်က မထွက်ဘဲ ဖြစ်နေခဲ့၏။ ယွန်း နှင့်ကိစ္စကို မေမေက ဘယ်လိုမှ နှစ်မြို့မှာမဟုတ်တာ သေချာပြီးသား..။

အဲဒီနေ့က ကောင်းကောင်းမွန်မွန် ဆက်ဆံလိုက်တယ်ဆိုတာတောင် သူ အံ့သြနေခဲ့သည်။ ယွန်း နှင့်သူ လက်တွဲကြမည်ဆိုလျှင် အခက်အခဲတွေ အများကြီးပဲဆိုတာ တွေးလေ အသက်ရှုကျပ်လေ..။

"ဘာတွေ သက်ပြင်းချနေတာလဲ ခြင်း၊ ဒီမှာ သွားစရာရှိသေးတယ်၊ ပြောစရာရှိ မြန်မြန်ပြော..."

"ရှောပင်ထွက်မှာများ အရေးတကြီးကွာ.."

"ကြီးရတယ်လေ၊ ဒီက တစ်ယောက်တည်း သွားရမှာ.."

"ကိုယ် တကယ် မအားလို့ပါ၊ ဒီနေ့ကျမှ သစ်တွေချမှာနဲ့ တိုက်ဆိုင်နေတယ်"

"မအားဘဲနဲ့ လူကို ဘာလို့ချိန်းတာလဲ"

"ဒီမနက်တော့ အားနေတယ်လေ၊ မနက်က ချိန်းစာ၊ မင်းကမှ မလာဘဲ"

ယွန်း က သူ့ကိုမော့ကြည့်ပြီး မျက်စောင်းထိုးသည်။

"ကဲပါ ဟုတ်ပါတယ်..၊ မလာမိတာ ကျွန်မအပြစ်၊ ပြော..."



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်..."

နေညိုပြီးပေမယ့် ကန်တော်ကြီးဥယျာဉ်ထဲမှာ သစ်ပင်ရိပ်လွတ်တဲ့ နေရာတွေမှာ ပူနေတုန်း...။ နှစ်ယောက်အတူ နေရိပ်လေးတွေမှာ ကပ် လျှောက်ရင်း ပခုံးချင်းတိုက်မိလိုက်၊ မြက်ခင်းတွေပေါ် ရောက်သွားလိုက်...။

"ယွန်း.."

"ဟင်.."

"ခုနေ ကိုယ်က လက်ထပ်ခွင့်တောင်းရင် ဖြစ်နိုင်မလားဟင်"

"လုံးဝ မဖြစ်နိုင်ဘူး"

ခြင်း အသံ ခဏတိတ်သွား၏။ ပြီးမှ...

"ဘာဖြစ်လို့လဲ"

"အိမ်ထောင်ပြုဖို့ စိတ်ကူးရှိရင် မေမေ လက်ထပ်ပေးဖို့ပြောတဲ့ ယောက်ျားတွေမှ အများကြီး..."

"ပြောပါဦး၊ ဘာစိတ်ကူးတွေ ရှိတာလဲ"

"ကိုယ်ချစ်တဲ့သူက ဖွင့်ပြောလာရင် ရည်းစားထားမယ်"

"သြော်..."

"ရည်းစားသက်တမ်းမှာ၊ အဲဒီလူ ကိုယ့်အပေါ် ဘယ်လောက် မြတ်နိုးသလဲ၊ ဘယ်လောက် အလိုလိုက်ကြည်ဖြူနိုင်သလဲ၊ အရှည်အချင်း အားလုံးကို စစ်ဆေးပြီး ကျေနပ်မှ..."

"အဟွန်း.. ယွန်း..၊ အရမ်းတော်တာပဲနော်၊ ဒါပေမယ့် ကိုယ်က မင်းထက် တော်တယ်၊ အဲဒါ ယုံလား"

"ဘာတော်တာလဲ"

"မင်းချစ်နေတဲ့သူကို ကိုယ် သိနေလို့.."

"ဘာ..."

အံ့သြသွားသလိုလို မလုံမလဲ ဖြစ်သွားသလိုနှင့် အသံ ခပ်စူးစူး





လေး ထွက်လာသည်။

ပြီးတော့မှ ဖျတ်ခနဲ လက်ခုပ်တီးလိုက်ပြီး ရယ်ကာ...

"ဖြစ်ရလေ ခြင်း ရယ်..၊ လူတတ်ကြီး လုပ်ချင်ရင်လဲ တို့ဆီက တခြားလျှို့ဝှက်ချက်တစ်ခုခုကို ဖော်ထုတ်ဖို့ စဉ်းစားပါလား"

"တခြား လျှို့ဝှက်ချက်မှ ကိုယ် စိတ်မဝင်စားတာ၊ ကိုယ်နဲ့ပတ်သက်တာပဲ ကိုယ် ဝင်စားတယ်"

"ဘယ်လို..."

"မသိချင်ယောင်ဆောင်မနေပါနဲ့ ယွန်း ရယ်.."

ခြင်း က ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ထား၍ တစ်လှမ်း ချင်းလှမ်းနေရင်း ယွန်း မျက်လွှာချပစ်တာကို ငဲ့စောင်းကြည့်သည်။ ယွန်း က ဖျတ်ခနဲ ပြန်မော့ကာ...

"ဘာဟန်ဆောင်တာလဲ၊ ယူနော်..."

"ယူဖို့အကြောင်းတွေ ပြောနေတာပဲ၊ မင်းက ပတ်ပြေးနေတာလေ"

"ဘာပြေးတာလဲ၊ ဒီက စိတ်ထဲရှိတဲ့အတိုင်း ပြောနေတာ၊ ရည်းစား မထားရသေးဘဲနဲ့တော့ ယောက်ျား မယူနိုင်ပါဘူး"

"ဒါဆိုလဲ ထားကြမယ်လေ"

"အို.. အား..."

ပခုံးချင်း တိုက်ပစ်လိုက်သဖြင့် ယွန်း ဘေးတိုက်လေး ယိုင်ထွက် သွားသည်။ အရှိန်များသွားသည်မို့ ယွန်း ကိုယ်လေး တကယ် ပုံကျသွား မှ ဖြစ်၏။ ဒါပေမယ့် ခြင်း က သူပဲ တိုက်ပစ်လိုက်ပြီး သူပဲ ပြန်ဆွဲ ဆိုက်ကာ...

"ဆောရီး..."

"သေလိုက်လေ.. သေပါလား၊ နင့်လိုလူမျိုးနဲ့များ လုံးဝ ရည်းစား မလုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲကွာ၊ စိတ်မရှည်တော့ဘူး"

"စိတ်မြန်လက်မြန်နဲ့၊ ဟွန်း… အရမ်းမုန်းဖို့ကောင်းတဲ့လူ"

"ချစ်ဖို့ကောင်းတာတွေပဲ ကြည့်လေ၊ မင်း ချစ်နေတဲ့သူက ဖွင့်ပြောလာတာနော်၊ ဟန်ဆောင်နေရင် သူများနဲ့ ငြိသွားလို့မှ်မယ်၊ ဒီထဲမှာ ကောင်မချောချောလေးတွေ အများကြီးပဲ၊ တော်ကြာ ရည်းစား မထား လိုက်ရဘဲ ကောင်မလေးအမေ ပေးစားတဲ့ ဘဲကြီးနဲ့ ညားသွားရင်…"

"ကြည့်စမ်း‥၊ အစုတ်ပလုတ် ခြင်း‥၊ ပါးစပ်ပုပ်ကြီးနဲ့၊ ကဲ‥ ကဲ‥"

လက်သီးဆုပ်လေးတွေ ပစ်ဝင်လာတော့ ခဏလေး သည်းခံပေး လိုက်၏။ ပြီးတော့ သူမ ပခုံးလေးကို ဆွဲသိမ်းဖက်ထားလိုက်သည်။

လောကကြီးက ငြိမ်းချမ်းလို့ပါလား‥။





## အခန်း [ ၁၀ ]

"ခုပဲ အလုပ်စားပွဲက ထ,တာ"

"… … …"

"ဒါပေါ့‥၊ မိန်းမယူဖို့စိတ်ကူးတွေ ရှိနေပြီဆိုတော့ ကြိုးစားရတာ"

"… … …"

"ဟုတ်တယ်‥၊ ကိုယ်က ပေါ့ပေါ့နေပေါ့ပေါ့စားလေ၊ ဝါသနာ အပါဆုံးက အဲဒါ‥"

"… … …"

"ဟား… ဟား… ဟား…"

ဖုန်းပြောနေတာ ကြာလာတော့ ကိုယ့်အလုပ်နှင့်ကိုယ် အမှတ်တမဲ့ နေခဲ့ပေမယ့် သတိထားမိလာသည်။ ဦးအောင်ခြင်း က အိပ်ရာဝင် ခြေလက်ဆေးပြီး ရေချိုးခန်းထဲက ထွက်လာတာဖြစ်ကာ ဒေါ်ခင်ယု က မနက်စောစော ဆွမ်းချိုင့်အတွက် မုန်လာဥလှီးပြီးသားကို ရေခဲ သေတ္တာထဲထည့်နေရင်း နားထဲမှာ ဝင်နေတာဖြစ်သည်။

သား ဖုန်းပြောနေတာ ကြာပါပြီ‥၊ ဘယ်သူနဲ့ပြောနေမှန်းလည်း သိကာ ဘာအကြောင်းဆိုတာက မကြားတစ်ချက် ကြားတစ်ချက်‥။

"မင်းသား ဘယ်သူနဲ့ပြောနေတာလဲ ခင်‥၊ ညဉ့်နက်နေမှ…"

ဒေါ်ခင်ယု ဘေးကို ဦးအောင်ခြင်း ရောက်လာ၏။ ထိုအခါကျမှ ဒေါ်ခင်ယု ရေခဲသေတ္တာနားကခွာခဲ့ရင်း လင်မယားနှစ်ယောက် နားစွင့် လိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယွန်း နဲ့ပြောနေတာ ဖြစ်မယ်၊ ရှင့်သား အဲဒီကောင်မလေးနဲ့ ချစ်သူတွေများ ဖြစ်နေပြီလား မသိဘူး"

"မင်းက သေချာမသိဘူးလား"

"ရှင့်သားအကြောင်း သိသားနဲ့၊ သူ့ကြည့်လိုက်ရင် ဘာမှကို ထင်စရာ မရှိဘူး၊ မေးလဲ ဝန်ခံမှာမှ မဟုတ်တာ၊ ကျွန်မထင်တာတော့ ယွန်း က သားကို စိတ်ကူးနေတာ သေချာသလောက်ပဲ"

"ကူးဖို့ များတာပေါ့ကွ၊ ငယ်ငယ်ကတည်းက ရင်းနှီးပြီးသားတွေ ဥစ္စာ၊ နှစ်တွေအကြာကြီး ပျောက်ကွယ်နေကြပြီးမှ ပြန်တွေ့တော့..."

ဦးအောင်ခြင်း စကားရပ်သွားသည်။ အိပ်ခန်းထဲရောက်လာကြပြီမို့ ဝရန်တာမှာ ဖုန်းပြောနေသည့် ခြင်း အသံကိုလည်း မကြားရတော့ပေ..။

ဒေါ်ခင်ယု က ဗီရိုနားသွားကာ ဦးအောင်ခြင်း အတွက် ညဝတ် အင်္ကျီထုတ်နေလျက် ဦးအောင်ခြင်း က တံခါးကို ပိတ်ပစ်လိုက်၏။

ပြီးတော့ ဇနီးဖြစ်သူနားကို သွက်သွက်လျှောက်သွားကာ...

"မင်း သိပြီးသားပဲ ခင်..၊ ဒီကိစ္စကို အရေးမကြီးသလို ဘာဖြစ်လို့ လုပ်နေတာလဲ"

"ဒုက္ခပါပဲ အစ်ကိုရယ်.."

ဒေါ်ခင်ယု မျက်နှာမကောင်းစွာ လှည့်လာရင်း ညဝတ်အင်္ကျီကို လှမ်းပေးသည်။ ဦးအောင်ခြင်း က ယူ၍ အင်္ကျီကိုလည်း ခုတင်ပေါ် ပစ်ပေါက်ချ၏။ လူကလည်း နောက်ပြန် ခေါင့်ခနဲ ထိုင်လိုက်ကာ...

"တစ်ယောက်နဲ့တစ်ယောက် -လက်ထပ်ကြတဲ့နေရာမှာ မိန်း ကလေးက မချစ်ပေမယ့် သိမ်းပိုက်ခံရတာတွေ ရှိတယ်၊ မထူးစိတ်ပိုက် ပြီး မိန်းကလေးဘက်က တစ်သက်လုံး မျိုသိပ်ပေါင်းသင်းသွားရတာ တွေလဲ ရှိတယ်၊ ဒါပေမယ့် ယောကျ်ားလေးဘက်က 'ဟင့်အင်း' ဆိုရင် ဘာမှလုပ်လို့မရတော့ဘူး၊ မင်း အဲဒါတွေ နားမလည်ဘူးလား ခင်ရယ်"





"လည်တယ်လေ..၊ ဒီနေ့ထိလဲ သားမှာ ချစ်သူရှိခဲ့တာမှ မဟုတ် ဘဲ၊ ဒီကောင်မလေးကတော့ ပြန်ဆုံနေကြတယ်လို့ ကြားနေပေမယ့် ဘယ်အခြေအနေ၊ ဘယ်လောက်ထိ တွေ့နေ၊ ချိတ်နေသလဲ တကယ်ကို မသိတာ၊ ကလေးတွေလဲ မဟုတ်ကြတော့ မေးရမှာ ခက်နေတယ်"

"ခက်လို့ မရဘူး ခင်၊ ငါက မင်းကို သူ့အမေရှိနေတာပဲဆိုပြီး ယုံယုံကြည်ကြည် ထားခဲ့တာ"

"အော်... ဒါဆို ကျွန်မက အထိန်းအသိမ်းမတတ်တာပေါ့"

ဦးအောင်ခြင်း ခေါင်းခါနေလျက် ခဏတော့ ပါးစပ်ပိတ်သွား၏။ ပြီးမှ...

"မင်းနဲ့ငါ အဲဒီလို အကျအနကောက်ပြီး စကား အနိုင်လုပြောနေ ရမယ့်အချိန် မဟုတ်တော့ဘူး ခင်၊ အချိန်က သိပ်ကို အရေးကြီးနေပြီ၊ အခု ငါ သတိထားမိသလောက်ဆို ညဘက်ညဥ့်နက်မှချည်းပဲ၊ ဒီကောင် ဖုန်းပြောနေတာကြာပြီ၊ မင်း သေချာမသိသေးပေမယ့် ဒီလောက်ဆို တွေးကြည့်လို့ရပြီ၊ ယွန်း နဲ့ချစ်နေကြတာ"

ဒေါ်ခင်ယု မျက်နှာငယ်ကျသွား၏။ မှန်တင်ခုံကြီးရှေ့မှာ နောက် ပြန်ထိုင်လိုက်ပြီး ဦးအောင်ခြင်း မျက်နှာကိုကြည့်ကာ...

"ဟုတ်တယ်..၊ ကလေးတွေရဲ့ မင်္ဂလာကိစ္စက ပျက်လို့မဖြစ်ဘူး၊ သူတို့ချစ်နေကြပြီဆိုရင် ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်.."

အရေးတကြီးကိစ္စဆိုတာ သတိရလာတော့ အသံများပင် တုန်ချင် ၏။ ဦးအောင်ခြင်း ၏စကားသံ ချက်ချင်းထွက်မလာလေ စိုးရိမ်စိတ်များ ဖြစ်ရလေ..။

"ဟုတ်ပါတယ် ကျွန်မ အပြစ်ပါ၊ ကျွန်မလေ လူငယ်ချင်း နီးစပ် သွားနိုင်တာကို တွေးမိပါတယ်၊ ဒါပေမယ့် ဒီမိသားစုကို သားရင်ထဲမှာ ခင်မင်မှုနဲ့ စွဲလမ်းကျန်ရစ်လိမ့်မယ်လို့တော့ မထင်ခဲ့ဘူး၊ နကြည်းမှုတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီး တုပ်နှောင်ရင်း သူစိမ်းပြင်ပြင် ဖြစ်သွားကြမှာပဲလို့..''

''တော်ပါကွာ၊ မိန်းကလေးက ဒီလောက်ရင်းနှီးချင်နေတာ မင်းမို့ပဲ ထင်နေ...''

ဒေါ်ခင်ယု ခေါင်းငုံ့သွားရှာသည်။ ဟုတ်ပါသည်..၊ သူမပဲ ကိုယ့်သားကို အထင်ကြီးနေတဲ့ မိန်းမပါ။ ဟိုနေ့က အိမ်မှာရောက်လာပြီး မေးမြန်းစပ်စုသွားတုန်းကတောင် ကြိတ်ပြုံးနေမိတုန်း..။

သား ရင်ထဲမှာ ဒီလောက် ခံထားရတဲ့ဒဏ်ရာတွေ ဘာတစ်ခုမှ ရှိမနေခဲ့ဘူးလား..။

''ခင်...''

''ရှင်...''

''သားကို မင်း ဖွင့်ပြောလိုက်တော့..''

''ပြောရမယ်...''

ဦးအောင်ခြင်း က ဆုံးဖြတ်ပြီးသည့်လေသံနှင့် ခေါင်းပါညိတ်ကာ...

''သူတို့ လွှန်လွှန်ကျွံကျွံတွေ ဖြစ်၊ ကတိတွေထားကြပြီးရင် ပိုဆိုးကုန်မယ်''

''ရှင်ကရော...''

''ငါလဲ ဟိုဘက်မှာ ပြောပြဖို့ ကြိုးစားတော့မယ်၊ နှစ်ဖက်စလုံးက လွယ်တော့ မလွယ်ဘူး၊ သူတို့ချည်း မတည့်ကြတော့ ပိုဆိုးနေတယ်၊ ဒါပေမယ့် ဒီကတိတွေကို ဘာကြောင့်မှ အပျက်ခံလို့ မဖြစ်ဘူး ခင်''

''ဟုတ်ပါတယ်..၊ ကိုမောင်တို့လင်မယားက ကျွန်မတို့ရဲ့ ကျေးဇူးရှင်တွေ၊ ဘယ်လောက်မြင့်မားတဲ့မိန်းမဖြစ်ဖြစ် သားနဲ့ လုံးဝ ပေးစားဖို့ မဖြစ်နိုင်ဘူး၊ ကျွန်မ ကြိုးစားပါ့မယ်''

မိဘတွေမှာ ဘယ်လို ကြိုတင်စီစဉ်မှုတွေ ရှိနေသလဲဆိုတာ ခြင်း မသိပေ..။ ဖုန်းချပြီးတဲ့အထိ သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်နေဆဲ ဖြစ်သည်။





ယွန်း ကို သူ ချစ်သည်။ မဟုတ်တရုတ် ဇရုတ်ကျချင်တာမျိုးလို ကချော်ကချွတ်တွေ ပြောရင်းစရင်းနှင့်ပဲ ချစ်မိသွားခဲ့တာဖြစ်၏။

ဒါပေမယ့် ဒေါ်တင်သန္တာ ကိုတော့ စိတ်လည်း မဝင်စား၊ တကယ်လို့ ဝင်စားတယ်ဆိုရင်တောင် ထပ်တူညီကြဖို့တော့ မဖြစ်နိုင်ပေ..။

ယွန်း နှင့်လက်ထပ်ပြီးတဲ့အခါ ဒီပြဿနာကို ရှင်းရဖို့ရှိတာလည်း မသိလို့မဟုတ်၊ နောက်ဆုံး လင်မယားကွဲတဲ့အထိလည်း ဖြစ်နိုင်သေးသည်။

ဒါကြောင့်လည်း ယွန်း ကို ချစ်ခွင့်တောင်းပေမယ့် ယွန်း ကလည်း လိုက်လျောမှုကိုသိလျက်နှင့် လက်ထပ်ဖို့အတွက် သူ ခပ်အေးအေးနေခဲ့တာဖြစ်သည်။

အားလုံးကို စွန့်လွှတ် စွန့်စားရဲတဲ့အထိ အချစ်တွေ အရောင်ရင့်လာမှ လက်ထပ်မည်။ ဒါမှ လက်ထပ်ပြီးတဲ့အခါ ဘယ်သူတွေ ဘာတွေဖြစ်ကြဆိုတဲ့ သတ္တိတွေ ရှိလာနိုင်သည်။

အိပ်ရာဝင်တိုင်း သီချင်းနားထောင်နေကျအတိုင်း နားကျပ်တပ်ထားလိုက်တော့ သီချင်းသံ ငြိမ့်ငြိမ့်လေး တိုးဝင်လာတော့သည်။

ဒါပေမယ့် ယွန်း နှုတ်ခမ်းပါးလေးတွေကို ဖျောက်လို့မရသေး..။

ယွန်း ကို သူ စွဲလမ်းမြတ်နိုးစွာ ချစ်မိနေသည်လေ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၀၂]

ညှို့သည့်တွေနှင့် ဝင်လာသည့် ပမာ ကို သူ လှမ်းမြင်လိုက်တော့ မျက်မှောင်ကြုတ်သွား၏။ ယောကျာ်းလေးတွေချည်း လေးယောက်ဖြစ်ကာ လေးယောက်စလုံးက အသက်လေးဆယ်ဝန်းကျင်လောက်၊ ရုပ်တွေက ခပ်ဖြောင့်ဖြောင့်နှင့်··။

ပမာ က မိုးပြာရောင်ဖျော့ဖျော့ အပျော့သားရင်ဖုံးအင်္ကျီလေးနှင့် ပေမယ့် ရင်ဖုံးလေးက ခေတ်မီမီမို့ ပုံတုံးကြီးဖြစ်မသွားပေ··။

ပြည့်တင်းလှပသည့် ကိုယ်လုံးထက်မှာ တင်ပါးထိဆံနွယ်တွေက မည်းနက်ဝဲဖြာနေ၏။ အင်္ကျီက ခပ်ပွပွ သက်သောင့်သက်သာလေးပဲ ပေမယ့် မြန်မာဆန်ဆန်မို့ ကိုယ်လုံးအလှကို ထင်းနေအောင် ပြထားသလိုပင်··။

ဒီကော်ဖီဆိုင်လေးက ချစ်သူစုံတွဲတွေပဲ လာကြတာဖြစ်သည်။ အလုပ်ကိစ္စဆိုလည်း တခြား တန်ရာသွားကြပါလား··။

စုံတွဲမဟုတ်သော်လည်း တစ်အုပ်စုလုံး ရှင်းသန့်ချောမောသူတွေချည်းမို့ ဆိုင်ထဲမှာ ရှိသမျှလူတွေ၏အကြည့်က သူတို့ဆီမှာ ခဏတော့ ရှူးစိုက်သွားကြ၏။

ပြီးတော့ သူတောင်မှ အပြင်စားပွဲမှာပဲ ထိုင်ခဲ့တာ··။

ပမာ တို့လူစုက အတွင်းခန်းထဲကို ဝင်သွားကြ၏။ ခါတိုင်းဆို သူမသားမှာ ဖေဖေ အမြဲပါတယ်မို့လား။ ဖေဖေ ဘယ်ရောက်သွားလဲ··။





"ဘာဖြစ်သွားတာလဲ ခြင်း··၊ အလုပ်ကိစ္စတစ်ခုခု သတိရသွားလို့လား"

သူ့မျက်နှာ ချက်ချင်းပြောင်းလဲသွားတော့ ယွန်း က ပျာပျာသလဲ မေး၏။

"မဟုတ်ဘူး··"

ခေါင်းပဲ ခါပြလိုက်ပြီး ထိုတံခါးဆီကို ခဏခဏ ရောက်မိသည့် မျက်လုံးက ကိုယ်ကလည်း မပိုင်းပါဘဲနှင့်··။

"ခြင်း··"

"ဟင်··"

"ခြင်း ကို တစ်ခုမေးဦးမယ်"

"မေးစမ်းပါကွာ··၊ တွေ့ပြီဆို မေးခွန်းတွေချည်း မေးနေပြီးတော့ ဘစ်ခုတွေ၊ တစ်ခြမ်းတွေ စကားခံမနေပါနဲ့"

"ခြင်း က ငြိုငြင်တာလား"

"ငြိုငြင်နေတာကို မျိုသိပ်လို့ ရမလား··၊ တကယ် ငြိုငြင်တဲ့နေ့ဟာ···"

"ဘာဖြစ်လဲ···"

"ငြိုငြင်တဲ့နေ့ပေါ့··လို့"

သူ့မျက်နှာ ခပ်ပြုံးပြုံးကို ယွန်း က စိုက်ကြည့်ပြီး မကျေနပ်··။

"အခုက မေမေ ပြောတာကို ယွန်း က ကြားရတာ၊ ယွန်း က အဲဒီလို သူများပြောမှ မသိချင်ဘူး"

"အမေဆိုတာ သူများမှမဟုတ်တာ၊ သမီးရဲ့အိမ်ထောင်ရေးအတွက် မိခင်ဖြစ်တဲ့သူက သတင်းစုဆောင်းတာ၊ သင့်၊မသင့် ဝေဖန်တာ ဒါ သဘာဝကျတာပဲ"

"ခြင်း လေသံတွေက မေမေ့ကို မကျေနပ်နေတာတွေ့ သိသာလား



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ သိလား''

ထိုအချိန်မှာ မျက်လုံးချင်း ဖျတ်ခနဲ ဆုံသွားသည်။

''သူ့အမေကို မကျေနပ်တာ ရှိချင်ရှိနေမှာဖြစ်ပေမယ့် သူ့သမီးကို ချစ်လို့ မျှိုသိပ်ထားတယ်ဆိုရင် မင်း ကိုယ့်ကို နားလည်နိုင်ပါ့မလား''

ယွန်း မျက်လုံးလေးဝိုင်းသွားသည်။ သူ့အတွက်မှာ ဘယ်အရာဖြစ်ဖြစ် ပေါ့ပါးလွတ်လပ်ခြင်းနှင့်သာ ဖြတ်သန်းခဲ့တာ ဖြစ်သည်။

ခြင်း ဆိုတာလည်း ဟိုတုန်းကတည်းက အကြောင်းသိ၊ ဓာတ်သိ…။

ပြောရမယ်ဆို မေမေ ဘယ်လိုသဘော အယူအဆရှိနေခဲ့တာ သိပြီး သားပဲ။ ခေါင်းထဲထည့်ဖို့ မလိုဘူးထင်ခဲ့သည့်ပြဿနာကို ခြင်း က ထောက်ပြလိုက်တော့ ရင်ထဲမှာ အောင့်သက်သက်တော့ ဖြစ်၏။

ယွန်း ဘာမှမဖြေနိုင်တာကို တစ်ချက်ကြည့်ပြီး ခြင်း ကပြုံးသည်။

အသည်းပုံလေး ငြိမ်သက်စွာတင်နေသည့် ကော်ဖီကို သူ မွှေနှောက် ပစ်လိုက်တော့ ယွန်း က လိုက်ကြည့်ရင်း မျက်မှောင်ကြုတ်သည်။

''ခြင်း ရင်ထဲမှာ ဘာတွေကြံစည်ထားသေးလဲဟင်၊ တို့ဘက် ကတော့…''

ခြင်း က လက်ကာ၍…

''မလိုအပ်သေးပါဘူး၊ ဆောရီး…၊ ကိုယ် လောသွားတယ်''

သူတို့ စကားပြောနေကြတုန်း အထဲကို နောက်ထပ် ယောကျ်ား နှစ်ယောက် ဝင်သွား၏။ ထိုသူတွေ ကိုင်ထားသည့်ဖိုင်နှင့် လက်ကိုင် အိတ်တွေကြည့်ခြင်းအရ ပမာ နှင့်ဝိုင်းမယ့်လူတွေပဲမှန်း သူ သိလိုက်၏။

ကုမ္ပဏီကိစ္စမှန်း သိနေပေမယ့် စိတ်က ထိုဆီရောက်သွားတိုင်း စနိုးစနောက် ဖြစ်၏။ ခဏကြာတော့ လူလေးယောက် ပြန်ထွက်လာသည်။

ယောကျ်ားနှစ်ယောက်နှင့် ပမာ ပဲကျန်ခဲ့လိမ့်မည်။ နောက်ထပ် ခဏကြာသွားတော့ တစ်ယောက် ထွက်သွားပြန်သည်။





ဒီတစ်ခါ ခဏကြာသွားပေမယ့်လည်း ထပ်ထွက်မလာတော့ပါ။ ခြင်း စိတ်တွေက အမြင်မတော်ခြင်းပုံစံနှင့် ဒေါသတွေ ဖြစ်ကုန်၏။

ဖြစ်ချင်သလိုဖြစ်၊ နေချင်သလိုနေ၊ မမြင်ကွယ်ရာမှာ သွားပါလား…။ ဆုံးဖြတ်ချက်တစ်ရပ်နှင့် ချထားသောဖုန်းကို ကိုင်လိုက်တော့ ယွန်း က စကားပြောမလို့ ပါးစပ်ဟ,လိုက်ခြင်းကို ပြန်ပိတ်ပြီး မျက်မှောင် ကြုတ်၏။

''ဘယ်ကို ဆက်မလို့လဲ''

''ခဏ…''

သူ နေရာမှ ထ,ထွက်ခဲ့ပြီး ကောင်တာနောက်ကျကျမှာ ရပ်လိုက် သည်။

''ဟလို…''

''မမ…''

''အင်း…၊ သိတယ်၊ ပြော…''

''သစ်စက်က ငွေထုတ်ဖို့ကောင်တွေ မမဆီကို ရောက်လာလား''

''မရောက်ပါဘူး၊ တို့က အပြင်မှာ…''

''ဟုတ်တယ်၊ သူတို့ ခုပဲ ဖုန်းဆက်ကြတာ၊ မမရော ဖေဖေရော မရှိဘူးတဲ့၊ ငွေထုတ်လို့ မရလို့တဲ့''

''ဩော်… ဒုက္ခပါပဲ…၊ အဲဒီငွေကိစ္စ မင်း ခုမှပြောရလား ခြင်း၊ အန်ကယ်နဲ့ပြောလိုက်လဲ ရတယ်၊ မလာခင်ဆယ့်ငါးမိနစ်လောက်က ကြိုဆက်လိုက်လဲ ရတယ်''

''ဘာမှမလုပ်ဘဲ အခု လွှတ်လိုက်တယ်ဗျာ၊ မမ ဘာလုပ်မှာလဲ၊ ဘွန်တော်လဲ ရည်းစားနဲ့ တွေ့နေတာ''

ဒေါသတွေ ဘယ်လောက်မွှေနေပြီလဲ မသိပါ။ ဖုန်းထဲမှာ တက် ခေါက်သံသဲ့သဲ့ကြားရပြီး ပြောသွားတာက 'ခု သွားလိုက်မယ်' တဲ့…။



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ရသည့် ငွေအမောင့်က နည်းတာမဟုတ်၊ ဒါကို ကြိုတင်သတိပေးထားတာမရှိဘဲ သူကိုယ်တိုင်လည်း မဟုတ်ဘဲ အလုပ်သမားတွေကို လွှတ်လိုက်တဲ့ကိစ္စဟာ ဘယ်လိုမှ သဘာဝမကျတာကို ပမာသိမှာပေါ့..။

ဒါပေမယ့် တက်ခေါက်၏။ သူ ဂရုမစိုက်စွာ လုပ်ပစ်တတ်တာတွေရှိတော့ ဥပေက္ခာလည်း မထားနိုင်ဘဲ ခဏအတွင်းမှာပဲ ဆိုင်ထဲကနေ ထပြန်သွားရတာကို မြင်လိုက်ရ၏။

"ဟား..."

ဖုန်းပိတ်လိုက်ပြီး သူ ရယ်မိသည်။ ပမာ ဘေးကနေ လိုက်ပါသွားရှာသောပုဂ္ဂိုလ်၏ကျောပြင်ကိုကြည့်ပြီးတော့လည်း ရယ်ချင်နေသည်။

ပြီးတော့မှ သတိရသွားမိ၏။

ငါ ဝင်လိုက်ရင်တော့ ဒုက္ခ..။





## အခန်း [ ၀၄ ]

ရည်းစားနှင့်ဖြတ်ရခြင်းဟာ ဒုက္ခလား၊ ဒေါသလားတော့ မသိ။ သူကတော့ ဘာမှန်းမသိသည့်ခံစားချက်တွေနှင့် စီးကရက် ဖိသောက်နေတာ အနားမှာ စီးကရက်တိုပေါင်းများစွာ ဝပ်စင်းခံစားလျက်ရှိ၏။

ပန်းပုထုနေသည့်အသံတွေ နားထဲမှာ ဝင်နေသည်။ သူရှိနေလို့ သီချင်းသံကို တိုးတိုးညက်ညက်လေး ဖွင့်ထားတာပေမယ့် ကြားနေရ၏။

ပိုဆိုးတာက ယွန်း မေးသွားတဲ့မေးခွန်းတွေကို ပြန်ကြားနေခြင်း..။

"ယွန်ကစကားများရင် ခန့်တတ်တဲ့သူ၊ အဲဒါကြောင့် တည့်တည့်ပဲမေးတော့ …မယ်၊ ယွန်တို့နဲ့တိုက်ချင်းကပ်လျက်မှာ အပျိုကြီးတစ်ယောက်နေတယ်ဆို.."

"ပိုင်ဆိုင်မှုတွေက ဘယ်လိုရှိနေကြတာလဲ၊ ဒါက မမေးမဖြစ်တဲ့ကိစ္စ… ခြင်း၊ မမေကတော့ မိဘဝီဝီ သမီးကိုတင့်တယ်စေချင်တာပဲ၊ တို့…တော့ အပျိုကြီးမမဆိုတာကို တွေ့ပူခဲ့တာ၊ တစ်ခါတစ်ခါ ယွန်ပါးစပ်…ထဲမှာ 'မမ'လို့ ခေါ်လိုက်တာတွေ သတိထားမိတယ်၊ အဲဒီ အပျိုကြီးက …ယ်အသက်လဲ၊ ဘယ်လိုပုံစံလဲ၊ ဘာမှမတော်ကြဘဲနဲ့ အတူကပ်နေကြ…တော့ ဘယ်လောက် ရင်းနှီးနေကြလဲ..၊

တအံ့နွေးနွေးနဲ့ တွေးမနေချင်ဘူးကွာ၊ ယွန် ပိုင်ဆိုင်တာ နို့ဆီခွက်…စ်လုံးပဲဖြစ်ဖြစ် တခြားသူတစ်ယောက်နဲ့ ပတ်သက်မနေရင် ပြီးတော့၊ …ပူနေတာက ပိုင်ဆိုင်မှု အဓိကမဟုတ်ဘူး၊ ပတ်သက်မှု..၊ အဲဒါ…သည်ပါ ခြင်းရယ်.."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို နားကို မလည်တော့ဘူး ခြင်း၊ ရန်ကုန်တစ်မြို့လုံးမှာ စီးကရက်တွေ အများကြီး ရှိသေးတယ်၊ တော်ပြီလား"

"ဟင်!…"

အတွေးတွေကို ဖျက်ဆီးပစ်လိုက်သံက နားထဲကို ပုံးကွဲသွားသလိုပင်…။

"ဘာကိစ္စရှိလို့လဲ"

ဒရင်းဘက်တစ်လုံးနှင့် ကျကျနန တွေးနေတုန်းမို့ ခြင်း မျက်နှာ တင်းသွားသည်။ မထချင်ထချင်မျက်နှာနှင့် ငုတ်တုတ်ထထိုင်လိုက်တာ ကို ပမာ က လက်ပိုက်လေးရပ်နေရာက ကြည့်ကာ…

"ကိစ္စရှိလို့ မဟုတ်ဘူး၊ သစ်စက်ကို ငါ့ကိစ္စနဲ့ ငါလာတာ၊ ဒီဘက်မှာ ပစ္စည်းတင်ထားတဲ့ကားကြီး ကျောက်ချနေတာ မြင်လို့"

အဲဒါ ဘာဖြစ်လဲဆိုသည့် မျက်လုံးတစ်ချက် ဝေ့လာ၏။ ခြင်း မျက်နှာသည် ဆံပင်တွေကို အပြောင်သိမ်းလှန်ဖြီးကာ တိုတိုရှင်းရှင်းပုံနှင့် မျက်ခုံးတွေကို တွန့်ထားတတ်တာ ပုံသေဖြစ်နေ၏။

ထို့ကြောင့် သူ့မျက်နှာက ခက်ထန်နေတတ်တာလည်းရှိကာ ဘာ လိုမှလည်း လူရည်မွန်နှင့်မတူ။ မျက်လုံးချင်းဆုံသည်နှင့် မကျေလည် ခြင်းတွေနှင့် သူထက်ငါ စစ်ခင်းလျက်…။

"ပစ္စည်းတွေ သွားပို့မှာမဟုတ်ဘူးလား၊ မင်း ပခုံးနဲ့ထမ်းပြီး သွား ပို့ရမှာမဟုတ်ဘဲ လက်မှတ်လေးတစ်ချက်တင်ပြီး လွှတ်လိုက်ရမှာ"

"အဲဒါ မမ အလုပ်မဟုတ်ပါဘူး၊ ကျွန်တော့်ကိစ္စ ကျွန်တော်သိတယ်"

"မင်းက ငါ့အလုပ်မဟုတ်ဘူးပြောလဲ ငါကတော့ တစ်ပြေညီ လို့ပဲ သတ်မှတ်ထားတယ်"

အနှာပေါ်တုတ်ကျသလို ခြင်း ဆတ်ခနဲ ဖြစ်သွား၏။

မော့ကြည့်နေရသည့်အဖြစ်ကို မလိုလားစွာ သူမရှေ့မှာ ထရပ် ပြီးဖြစ်ကာ…





"ဘာဖြစ်လို့ အဲဒီလို သတ်မှတ်တာလဲ"

"တစ်အိမ်တည်းနေကြတာမို့လို့လေ၊ ပြီးတော့ အန်ကယ့်အလုပ်က ငါ့အလုပ်ပဲ၊ ကိုယ် လိုအပ်တာကျတော့ လာပါကူပါနဲ့ တွဲခေါ်ခဲ့ပြီး သူ့ဘက်ကျမှ မသိသလိုနေလို့ မရဘူး"

"ဒီလုပ်ငန်းတွေကို ဖေဖေက တစ်ချက်ဝှေ့ပင် လာကြည့်ခဲ့တာ မဟုတ်ဘူး၊ မမ နေတတ်သလိုမနေရင် ကျွန်တော်ကလဲ မယဉ်ကျေးတတ်ဘူး"

"မင်း လူလိမ္မာမဟုတ်မှန်း ငါ သိသားပဲ၊ ဒီနေရာမှာ ပိုင်ဆိုင်မှုတွေ သာရှုတ်ပြမနေစမ်းပါနဲ့ကွာ၊ ဒီမှာ ငါတောင်မှ ငါလုပ်နေတဲ့လုပ်ငန်းတွေ ကို ခုချိန်ထိ မပိုင်ဆိုင်သေးဘူး"

ခြင်း အံ့သြသွားသည်။ တစ်ဦးတည်းသောသမီးက မိဘတွေမရှိ တော့သည့်နောက်မှာ ကျန်ခဲ့သမျှကို ပိုင်ဆိုင်ရမှာပဲ မဟုတ်ဘူးလား…။

"အဲဒီတော့ လက်ရှိလုပ်နေတဲ့အလုပ်မှာ စေတနာထားရမယ်၊ မင်း ဘာဖြစ်လို့ အလုပ်ကိစ္စတွေပြောတိုင်း ပိုင်ဆိုင်မှုတွေ ထည့်ပြောနေတာလဲ ခြင်း…"

ခြင်း မျက်နှာ ရဲခနဲဖြစ်သွား၏။ ပမာ က သံမံတလင်းပေါ်မှာ ကိုင်းပစ်ချထားသည့် စီးကရက်တိုတွေကို ခပ်မဲ့မဲ့လေး ငုံ့ကြည့်ကာ…

"အခု ငါ့အလုပ်တစ်ခုက မင်းနဲ့ လက်တွဲထားရတော့ ပိုလိုတယ်၊ အညည်းကွဲနေရင်လဲ အလုပ်လုပ်ရင်း ကွဲလို့ရတယ်၊ ဘိန်းစားလို မှေးဖက် အိပ်ချနေတာ ယောကျ်ားမဆန်ဘူး"

ပြောချင်ရာပြောပြီး လှည့်ထွက်သွား၏။ လှမ်းဆွဲထားရအခက်၊ ဖမ်းဆွဲပစ်လို့လဲ မတော်…။ တော်တော်ကြာမှ တက်ခေါက်ဖို့ကို သတိရ ပြီး သူ့မှာ ဒီမိန်းမရှေ့ရောက်တိုင်း ဘာမှမဟုတ်တဲ့ကောင်…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၀၄ ]

နေလယ်က အပေါ်ထပ်တစ်ထပ်လုံး ဖြူးစ်ပြတ်သွားလို့ အန်ကယ် ဦးအောင်ခြင်း လာပြင်ပေးသွား၏။ အလုပ်လုပ်ရင်း မေးခွန်းတစ်ခု မေးသွားပုံက ထူးဆန်းနေသဖြင့် ညဘက် အလုပ်စားပွဲထိုင်တဲ့အထိ မကြာခဏ တွေးဖြစ်နေခဲ့၏။

"သမီး အခု Plan ချနေတဲ့လုပ်ငန်းမှာ လက်တွဲနေတဲ့ မောင်စစ်သွေးနဲ့က သမီးနဲ့ လုပ်ငန်းပူးပေါင်းချင်တာသက်သက် မဟုတ်ဘူး ထင်တယ်"

မေးခွန်းလိုလို ဘာလိုလိုက 'သမီးလည်း ရိပ်မိနေမှာပါ' လို့ မေးသလို မျက်လုံးများကြောင့် ကိုစစ်သွေးနှင့် သူမ ဘယ်အတိုင်းအတာထိ ရင်းနှီးနေကြပြီးလဲဆိုတာကို သိချင်နေမှန်း သိသာ၏။

ထို့ကြောင့် စိတ်ထဲမှာ ထူးဆန်းနေတာပါ။

ဦးအောင်ခြင်း ဟာ စပ်စုတတ်သူ မဟုတ်သည့်ပြင် ဒီလိုပြဿနာမျိုးမှာ ပို၍ စည်းကမ်းရှိမယ့်သူမျိုး ဖြစ်သည်။ ဘယ်တုန်းကမှလည်း ဒီစကားမျိုးတွေနှင့် အချိန်မဖြုန်းခဲ့သူမို့ ဒီတစ်နေကုန် ဒါပဲတွေးမိနေခဲ့မိ၏။

ဒါက အိမ်ထောင်ရေး၊ သူမလည်း ငယ်တော့တဲ့အရွယ်မှ မဟုတ်တော့တာ..။ ကိုယ်က ဆုံးဖြတ်ဖို့ကြုံလာပြီဆိုမှ ဖုန်းပြောတိုင်းပင်ရမှာ ဖြစ်ကာ အဲဒီကျမှ သင့်၊မသင့် စဉ်းစားဝေဖန်ရမှာမို့လား..။

ကိုစစ်သွေးက ကိုယ့်အပေါ်မှာ မရိုးသားမှန်းလည်း ပမာ သိသည်။ သူ့လိုပဲ မရိုးသားကြတဲ့ ယောကျ်ားတွေလည်း ရှိခဲ့တာပဲ..။





ဒီလူကျမှ ဂရုစိုက်မိအောင် ဖြစ်သွားတာတော့ ဆန်းနေတာ အမှန်ပင်။ သူမစိတ်ထဲမှာတော့ ကိုစစ်သွေးကို ထူးခြား ဦးစားပေးပြီး ဆက်ဆံပြောဆိုခဲ့မိတာ မရှိဘူးထင်သည်။ ဘာဖြစ်လို့ ဒီလိုမေးလာတာလဲ..။

ကိုယ်မေးခွန်းနှင့်ကိုယ် ရှုပ်ထွေးနေစဉ် မီးက မျက်တောင်တဖျပ်ဖျပ် ခတ်လာ၏။ ပြီးတော့ တစ်အိမ်လုံး မှောင်ကျသွားလေသည်။

"တောက်!..."

အတွေးထဲမှာ နစ်မွန်းသွားမိသည်မို့ မီးမျက်တောင်ခတ်နေပေမယ့် အလုပ်တွေကို သိမ်းဖို့ နောက်ကျသွား၏။

လုပ်ထားသမျှတွေ အားလုံး သွားပြီ..။ မောက်စ်မှာ တင်ထားသည့် သက်က ကိုင်ပေါက်ပစ်ချင်စိတ်တွေဖြစ်အောင် အော်ဟစ် တောင်းဆိုနေသည့်နှယ်..။

"မမလေး.."

"အေးဟေ့..၊ ငါ့အလုပ်စားပွဲမှာ ကိုယ့်ဘာသာ မီးအိမ်ရှာထွန်းလိုက်.."

"မမလေး မီးအိမ်တစ်လုံးက အပေါ်မှာ၊ တစ်လုံးက အဲဒီ အပေါ်ထပ်မှာလေ.."

"ခက်တော့တာပဲ မိသီရယ်..၊ အင်ဗာတာဆီ စမ်းသွားလိုက်၊ ချက်နေပေမယ့် ခဏတော့ လင်းလို့ရသေးတယ်"

"ကျွန်မ အဲဒါကြီးတွေ မကိုင်ရဲဘူး မမလေးရဲ့"

သေလိုက်တော့ မိသီရေ..။

ဒေါ်သကတော့ ကိုယ့်ဘာသာပဲ ခုန်ပေါက်အော်ဟစ်ချင်တော့သည် အထိ။ စက်ပစ္စည်းတွေဆို မီးဖွင့်တာပိတ်တာလောက်ပဲ မိသီ တို့ ကျွမ်းကျင်သည်။

ဘယ်ပလပ်ခေါင်းကို ဖြုတ်လိုက်စမ်း၊ ဘယ်မီးခုံမှာ သွားထိုးလိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာနိုင်းနိုင်း ဘယ်လိုအာမခံခံ ဒူးတုန်လက်တုန်ကနေ မလှုပ်··။

ဒါကိုသိပေမယ့် တစ်ခါတလေ မဖြစ်မနေ လုပ်ရမှာဆိုသည့်စိတ်လေးများဝင်မလာ:လို့ သူမကလည်း နိုင်းမိခဲ့သည်ချည်း··။

တိုက်ကြီးနှစ်ထပ်စလုံး မှောင်မည်းနေတော့ အောက်ထပ်ကိုဆင်းသွားဖို့က မလွယ်ပေ။ စားပွဲကနေထပြီး ဘယ်ကိုသွားရမလဲ အရင်စဉ်းစားရင်း···

''မိသီ···''

''ရှင်··· မမလေး··''

သေချာသည်။ အောက်ထပ်မှာ မိသီ ရောက်တဲ့နေရာမှာပဲကျောက်ချနေပြီ··။

''မီးအိမ်တစ်လုံးက ဘယ်မှာလဲ''

''ဘုရားခန်းရှေ့က နှစ်ထပ်စားပွဲလေးရဲ့အောက်ထပ်မှာ မမလေး''

ထိုနေရာရောက်ဖို့ကို သတိထားပြီး သွားနေရသည်။ အလယ်မှာလှေကားကြီးတစ်ခုလုံးရှိနေသဖြင့် လှေကားထိပ်နားနီးပြီ အမှတ်တမဲ့ခြေချော်ကျသွားရင် မလွယ်··။

ထိုစဉ် အောက်ထပ်က စကားပြောသံသဲ့သဲ့ကို ကြားလိုက်ရသလိုလို··၊ အောက်ကနေ တမင် အော်ပြောတာမဟုတ်ဘဲ အပေါ်က မကြားရပေ။ ထို့ကြောင့် အန်ကယ်ဦးအောင်ခြင်း ကူးလာသည်လားဟု တွေးလိုက်မိသေးသည်။

ဒါပေမယ့် သိပ်မကြာလိုက်မီ···

''ဟာ!··''

''အမယ်လေး···''

''ဒုန်း··''

''အား···''





နောက်ကနေ ပစ်ခတ်တိုက်လိုက်ပြီး ပမာ ဟပ်ထိုးလဲသွားတော့မိမိရရ ပြန်ဆွဲဖက်၏။

ပြီးတော့ ခြေဖဝါးစောင်းပေါ်ကို ဘာကြီးပြုတ်ကျမှန်းမသိဘဲ နှစ်ယောက်သား လုံးထွေးကျသွားလေသည်။

''ဖယ်စမ်း··၊ မင်း·· မင်း··· ဘယ်လိုလုပ်လိုက်တာလဲ၊ ကျွတ်··ကျွတ်···''

မှောင်နှင့်မည်းမည်းပေမယ့် ရေမွှေးနံ့နှင့်တူသော စီးကရက်နံ့ကြောင့်ခြင်း မှန်း ပမာ သိလိုက်၏။

ကိုယ်ကလည်း ဒီနေ့မှ နက်ပြာရောင်ဝတ်ထားခဲ့မိကာ သူလည်းဘာရောင်ဝတ်ထားမှန်းမသိပေမယ့် မျက်နှာတစ်ခုမှလွဲ၍ ဘာမှမမြင်ရ··။

''ဘယ်ထိသွားတာလဲ··၊ ကျွန်တော်လဲ စမ်းတက်လာတာပဲ၊ လှေကားထိပ်နားမှာ မမက ဘာရပ်လုပ်နေတာလဲ''

''ရပ်နေတာ ဟုတ်မလားဟဲ့၊ ဘုရားခန်းကို သွားမလို့ ဖြတ်လာတာ၊ လွှတ်လေ လက်ကို··''

''မမ အရင် ထထိုင်လိုက်··၊ လက်က ကျောအောက်မှာ ပိနေတာ''

''အို!··· ငါ ထ,လိုက်ရင် မင်းနဲ့···''

မျက်နှာချင်း ဝမ်းဆက်ဖြစ်သွားနိုင်သည်ဟု ပြောမထွက်ဘဲ ဖြစ်သွား၏။ ထပ်လျက်သား လဲနေကြတာ ကိုယ်က သူ့ရင်ဘတ်အောက်မှာ···

ရင်ဘတ်အင်္ကျီစကို ဆုပ်ဆွဲထားမိလိုက်၊ လန့်ဖျပ်လွှတ်လိုက်၊ နှာခေါင်းထဲမှာ ရေမွှေးနံ့ဝင်လာသလိုလို စီးကရက်နံ့လိုလို··။

''ဆောရီး မမ··၊ ခဏ ခဏလေး···''

''အား···၊ ခြေထောက်ကို မနင်းနဲ့လေ''

''ဆောရီး''

နှစ်ယောက်သား သံစုံမြည်နေတာ မှောင်ထဲမှာပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခြင်း..၊ မင်း ဘာလုပ်နေတာလဲ"

ဟိုစမ်းဒီစမ်းလက်က ခြေထောက်ပေါ်ရောက်လာသဖြင့် ခြေကို ရုတ်လိုက်ရင်း ဒေါသနှင့် အော်လိုက်မိ၏။

"မီးအိမ်ကို စမ်းနေတာလေ၊ မမချည်းပဲ စွက်အော်နေ၊ မီးပြင်ပေး မလို့ ဒီက အကောင်းနဲ့လာတာ"

"မီးပြင်မယ့်လူက ခတ်မီးလေးတောင် ကိုင်မလာဘူးလား"

"မေမေ ဖွတ်အော်နေလို့ ဘာမှကို ဆွဲချိန်မရဘူး၊ မိသီ ပေးတဲ့ မီးအိမ်ကလဲ ဖွင့်တာ လင်းမှမလင်းတာ၊ အဲဒါကို စမ်းဖွင့်ရင်း တက်လာတာ"

"ဖြစ်ရလေ..၊ အဲဒီမီးအိမ်ကြီး ငါ့ခြေထောက်ပေါ် ကျတာပေါ့"

"ဟုတ်တယ်..၊ ဘာလဲ ခုမှ ဒါကြီးပါလားဆိုပြီး သတိလစ်ချင် သလို ဖြစ်သွားတာလား"

ပြောရင်း မီးရောင်လေးဖွင့်လာတော့ နှစ်ယောက်သား ကြမ်းခင်း ပေါ်မှာပဲ မျက်နှာချင်းဆိုင်ထိုင်နေကြတဲ့ ပုံရိပ်လေးတွေ ထင်းသွား၏။

ခြင်း သည် ဆံပင်ရှည်တွေ ကပိုကရိုလေးဖြန့်ကျလျက် ဝင်းဖန့်ဖြူနု သည့်မျက်နှာလေးနှင့် ပမာ ကို သေချာစိုက်ကြည့်မိလျက် ပမာ မျက်လွှာ လေး ဖျတ်ခနဲ ပင့်တက်လာပေမယ့် ချက်ချင်း မျက်နှာလွှဲပစ်၏။

တိတ်ဆိတ်သွားသည့်ခဏလေးမှာ ပမာ မနေတတ်သလိုကြီး ခံစား လိုက်ရကာ နေရာမှထရပ်ဖို့ ဖြစ်၏။

"ဟာ!... နေဦး၊ ခြေထောက်မှာ သွေးတွေ..."

"ရပါတယ်"

"မဟုတ်ဘူး၊ တော်တော်များတယ် ထင်တယ်"

ထိုညက မီးပြင်ဖို့ရောက်လာသည့် ခြင်း က ကျန်းမာရေးမှူးဖြစ် သွားခဲ့၏။ လှုပ်လီလှုပ်လဲ့ မီးအိမ်လေးအရောင်နှင့် ဆေးပုလင်းနှင့် ပစ္စည်းတွေ သွားရှာ၊ ပြန်လာ၊ ပမာ တကယ့်ကို မထနိုင်တော့ပေ..။





ညာဘက်ခြေစောင်းမှာ တစ်လက်မလောက် အရေခွံ လန်ထွက် သွားသည်ဟုပြောတော့ မိသီ သတင်းပေးမှုကြောင့် ဒေါ်ခင်ယု ရင်ဘတ် ဖိပြီး ပြေးလာ၏။

နေမကောင်း၍ မှိန်းနေသည်ဟုဆိုသော ဦးအောင်ခြင်း ကလည်း ခြင်း နမော်နမဲ့နိုင်တာကို ဆူလို့မပြီးနိုင်..။

ခြင်း ကတော့ အဆူခံနေရတာထက် ပမာ ဆိုသည့်မိန်းမရဲ့မျက်နှာ ကိုပဲ စိတ်ဝင်စားနေခဲ့၏။ ချောလွန်းလှလွန်းလို့ မဟုတ်ပါ။

သူ့ရှေ့ကျမှ သွေးထွက်သံယိုဖြစ်တာ မြင်ရခြင်းက ဒါနဲ့ဆို နှစ်ခါ။ တခြားသော ထိခိုက်နာကျင်စရာတွေ ဖြစ်ရတာလည်း မြင်ခဲ့ဖူးသည်။

မိန်းမတစ်ယောက်ဖြစ်ပြီး မျက်ရည်တောက်တောက်ကျဖို့ သင့်ပေ မယ့် မကျ။ အော်ဟစ်ညည်းညူသင့်တာတွေမှာလည်း မျက်နှာလေး တစ်ချက်လောက် မဲ့လိုက်ရုံနဲ့ ပြီး၏။

သိပ်မထူးခြန်းဘူး ထင်ရပေမယ့် ဒီမိန်းမ ဆန်းတော့ဆန်းလေသည်။

"ဆရာဝန်ပင့်ပြီး ဆေးထိုးထားမှ ထင်တယ်၊ တော်ကြာ ညကျ သမီး အရမ်းနာနေလိမ့်မယ်"

"ဒဏ်ရာက အားလုံးပြီးသွားပြီပဲ အန်တီ၊ ရပါတယ်..၊ ပြီးတော့ အရေခွံလန်သွားတာပဲ သိပ်အကြီးအကျယ်ကြီးမှ မဟုတ်တာ"

"ဒီလိုတော့ မဟုတ်သေးဘူး သမီး၊ သွေးကြောကြီးတွေ မလွတ် ရင် အနားရင်းတတ်တယ်၊ ခုဆို တော်သေးတာ၊ တော်ကြာ ညဥ့်နက်မှ ဆိုရင်..."

"ရပါတယ်၊ ပမာ ဘာမှမဖြစ်ပါဘူး၊ အန်ကယ် ဒီတစ်ခါ မီး သေချာလုပ်ပေးခဲ့ပါ၊ သန်းခေါင်သန်းလွဲကျမှဖြစ်ရင် ပိုဆိုးမှာ..."

ပမာ က မီးပျက်မှာကိုပဲ စိုးရိမ်သံနှင့် ဆိုနေ၏။

"မင်း သေချာလား သား"



www.burmeseclassic.com

"ရပါပြီ၊ ဘာမှဖြစ်တာမှ မဟုတ်တာ၊ မိန်းခုံမှာ ပလပ်ခေါင်း ချောင်နေတာ၊ အားလုံး လဲထားလိုက်တယ်"

"အေး.. အေး..."

ခေါ်ခင်ယုက စိတ်မချနိုင်သေးဘဲ မီးအိမ်တွေကို အိမ်က အကောင်းတွေနှင့်လဲပြီး မိသီ ဘေးမှာတစ်လုံး၊ ပမှာ ဘေးမှာတစ်လုံး ထားအိပ်ဖို့ စီစဉ်ပေး၏။

ဦးအောင်ခြင်း ကလည်း လက်ကိုင်ဓာတ်မီးလေးတွေ ခေါင်းအုံးအောက်မှာ ထားဖို့ ပေးသေးသည်။ ခြင်း ကတော့ မီးပြင်ပြီးတာနှင့် ဖုတ်ဖတ်ခါပြီး ထွက်သွားပြီဖြစ်၏။

သူ့မျက်လုံးထဲမှာ ဆေးထည့်ပေးနေသည့်ဒဏ်ရာကို ငုံ့ကြည့်ကာ မျက်ခုံးလေးနှစ်ဖက်တွန့်ရုံနှင့် အသံတိတ် ငြိမ်သက်နေခဲ့သော မျက်နှာကို သတိတရ ဖြစ်လာ၏။

ရှားတဲ့မိန်းမ..။





## အခန်း | ၀၅ |

"အလှဲ ဆံပင်ရှည်နဲ့ပါလား.."

ကိုပိုက်က သူ့ဘေးမှာဝင်ထိုင်လိုက်ပြီး ရုပ်လုံးပေါ်နေပြီဖြစ်သည့် ပန်းပုရုပ်လေးကို သေချာငုံ့ကြည့်သည်။

"မင်း အလုပ်ရုံထဲမှာ တစ်နေကုန်မြဲနေတယ်ဆိုလို့ တစ်ခုခု စိတ်ဝင်စားဖို့ရှိနေပြီလို့တော့ ထင်သား၊ ဒါ ဘယ်သူလဲ မှန်မှန်ဖြေနော်..၊ ဒါကတော့ သိပါတယ်၊ မပြောရဲလို့..."

"မပြောရဲရင် မပြောဘဲ ကြည့်နေ..၊ ပုံပေါ်လာမှ ဘာကြောင့် ဒီလိုထုဖြစ်သွားတယ်ဆိုတာ ဝေဖန်ပေး..."

"ဒါများ ပြီးမှပြောဖို့ မလိုပါဘူး ကိုခြင်း ရာ..၊ မိန်းကလေးတစ်ယောက်ပုံကို ထုဆစ်နေပြီဆိုကတည်းက စိတ်ဝင်စားမှုအတိုင်းအတာက ထွက်ပြီးသားပါ"

ခြင်း က ရုပ်တုလေးကို စိတ်ဝင်တစားထုရင်း ရယ်သည်။ ပြီးတော့ အနားမှာ ဦးသစ်လွင် နှင့် သူ့တပည့်တွေပါ မိုးငိုးမတ်တတ် ရပ်ကြည့်လာကြ၏။

သူက ဦးစီးပေမယ့် ကိုပိုက် လို မရင်းနှီးတော့ ဒီလိုကိစ္စတွေမှာ ဝင်ရောက်စနောက်ဖို့ထိ မကြိုးစားပေ။ ရပ်ကြည့်ပြီး ခဏကြာတော့ ပြုံးတုံ့တုံ့မျက်နှာနှင့် ပြန်ထွက်သွား၏။

"ကိုပိုက် နော်..၊ ခင်ဗျားကြောင့် ဘာလိုလိုတွေ ထင်ကုန်ပြီ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



“မဆိုင်ပါဘူးကွာ၊ မင်း ဒီမှာ တစ်နေကုန်လုပ်နေတာကို…”

“တစ်နေကုန် မဟုတ်ဘူး၊ ခုနကပဲ လက်ဖက်ရည်ထွက်သောက်သေးတယ်၊ ခု ပြီးတော့မှာ··”

“ဘာ··၊ ပြီးတော့မှာ ဟုတ်လား”

မေးပြီး ကိုယ်လုံးအလှကောက်ကြောင်းလေးတွေနှင့် ဆံပင်ပုံစံပဲ ဖော်ရသေးသည့် မိန်းကလေးရုပ်ကို သေချာကိုင်ကြည့်သည်။

“အရမ်းကြည့်ကောင်းတယ်ကွ၊ အချောသတ်လိုက်ပါကွာ”

“ကျွန်တော်က အလှကြည့်ချင်လို့ မဟုတ်ဘူး”

“ဘာဖြစ်လို့လဲ”

“အဲဒီမျက်နှာကို အာရုံထဲက ဖျောက်မရလို့ အပြင်မှာ ထုတ်ချထားရုံပဲ”

ကိုပိုက် တွေတွေကြီးဖြစ်သွားပြီးမှ ပြုံးသည်။

“ဒါဆို ဒါ ဘယ်သူလဲဆိုတာ ငါ ပြောလို့ရပြီလား”

ခြင်း က ခေါင်းမညိတ် ခေါင်းမခါ လုပ်နေ၏။ သစ်သားရုပ်တုလေးက အကြမ်းတုံးလေးပေမယ့် ကိုယ်လုံးပုံလေးကတော့ ထင်းရှင်းလှပနေပါပြီ··။

ဆံပင်ရှည်တွေ ဖြန့်ကျနေလျက် မျက်နှာကျပုံလေးက လေးထောင့်ဆန်ချင်သည်။ နှာတံနှင့် နှုတ်ခမ်းတွေကို ဆောက်ထွင်းရာလေးနှင့်ပဲ ပုံဖော်ထားတာတောင် တည်တင်းနေသည့်ပုံစံလေးက ခပ်ရှည်ရှည် မျက်ဝန်းပုံလေးမှာ ထင်နေ၏။

အစကတည်းက ခြင်း က ပန်းပုပညာမှာ တော်တဲ့သူပါ။ သူ့အတွက် ဒီရုံလေးကို ထူထောင်ထားတာဟုလည်း ဦးအောင်ခြင်း က ပြောဖူးသည်။

နောက်ထပ် သစ်စက်ကြီးနှင့်တွဲလိုက်တာကတော့ လုပ်ငန်းချင်း ဆက်စပ်နေလို့ပဲ ဖြစ်သည်။





“ခြင်း…”

“ဟင်··”

“ဒါ မမရဲ့ပုံမို့လား”

“ဟုတ်တယ်”

“မျက်နှာကလဲ ဖြေပါဦးကွာ··၊ နှုတ်ခမ်းလေး နည်းနည်းလျှော့၊ မျက်လုံးနောက်စွယ်လေးတွေ နည်းနည်း ဖြန့်ချလိုက်၊ အရမ်းကို တင်းနေသလိုပဲ”

“အဟွန်း…”

ရယ်ပုံကြီးက သဘောမနောတွေ့သွားသလိုပါ။ ပြီးတော့ ဟက်ဟက်ပက်ပက် ထရယ်၏။

“ဘာတွေ သဘောကျသွားတာလဲ”

“ဒါပဲလေ··၊ အခု ဒါကို ဘာဖြစ်လို့ ကျွန်တော် ထုနေတယ်ဆိုတာ ကိုပိုက် သဘောပေါက်သွားပြီ”

“မပေါက်ပါဘူး၊ ဘာလဲ…”

ကိုပိုက် ကဲ တကယ်မသိသည့်မျက်နှာနှင့် ဖြစ်သည်။ ခြင်း ကတော့ သူ့စကားထဲမှာ ပါသွားတာကို အစပြန်ကောက်၍…

“မမမျက်နှာလေ··၊ အဲဒီတိုင်းပဲ မဟုတ်ဘူးလား”

“ဟာ… လုံးဝမဟုတ်ဘူး၊ ဒါတော့ မင်း တရားလွန်တာ··”

“ဘာလွန်တာလဲ”

“မမက ကျက်သရေရှိတာ၊ တည်ငြိမ်တာ၊ တင်းပြတ်နေတဲ့မျက်နှာ လုံးဝ မဟုတ်ဘူး”

ခြင်း က ရုပ်တုလေးကို ခုံပေါ်လှမ်းတင်ပြီး ပြုံးနေသည့်မျက်နှာနှင့် အေးစက်စက်စိုက်ကြည့်သည်။

ပြီးမှ ခေါင်းတညိတ်ညိတ် ဖြစ်လာရင်း…



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတစ်ယောက်က ဘယ်လောက်ထိ မကြောက်တတ်မှာလဲ၊ အသွေးအသားရှိနေလျက်နဲ့ နာတာကို မနာသလို၊ သိတာကို မသိသလို မျိုး…"

ပြောပြီး ခဏ တိတ်ကျ သွား၏။ စီးကရက်ထုတ်၍ မီးညှိလိုက်သေးသည်။ ပြီးမှ နှုတ်ခမ်းမှာကပ်၍ ဖွာရှိုက်ရင်း…

"ဒါပေမယ့် ဘာတစ်ခုမှ ဟန်ဆောင်မျိုသိပ်နေတာ မဟုတ်ဘူး၊ သူ့ တကယ်ကို မကြောက်တတ်တာ…"

"မမလား…"

"ဟုတ်တယ်…၊ အကြီးအကျယ်တွေဖြစ်အောင် ကျွန်တော် ပုံကြီးချဲ့ပြောနေတာ မဟုတ်ဘူး၊ မြင်နေတွေ့နေရတာကို မကျေမနပ်ဖြစ်လာခဲ့တာ၊ မိန်းမတစ်ယောက်ဖြစ်ပြီး မိန်းမလိုမဖြစ်တာ၊ ဒါကို တမင်တကာလို့ စွပ်စွဲကြည့်…"

ကိုပိုက် ကတော့ နားမလည်သည့်အကြည့်တွေနှင့် ဘာမှမပြောဘဲနေ၏။ ဒီနေရာလေးက ရေတံခွန်လေးရှိနေသည့် စက်ရုံ၏နောက်ဖေးမှာ ဖြစ်သည်။

နားနေခန်းသပ်သပ် မဟုတ်ပေမယ့် ဒီနားကို အလုပ်သမားတွေ လာနေခွင့် မရှိ။ ဖြတ်သန်းသွားလာရင်း ငုံကြည့်ခွင့်ရတာနှင့်တင် ကြည်နူးချမ်းမြေ့ဖို့ကောင်းအောင် ဖန်တီးထားတာဖြစ်သည်။

ခြင်း ကတော့ ကြည်နူးချမ်းမြေ့ဖို့အတွက် ဖန်တီးနေတာမဟုတ်ဘဲ ကြည်နူးစရာတွေအပေါ်မှာ မကျေနပ်ခြင်းတွေ အပိုဆောင်းလျက်…

"ကျွန်တော်ပြောတာ ခင်ဗျား သဘောပေါက်လား ကိုပိုက်"

"မပေါက်လို့ တစ်ခွန်းမှ ဝင်မပြောနိုင်ဘဲ ဖြစ်နေတာပေါ့၊ ဘာဖြစ်တာလဲ၊ မကြောက်တတ်တာဟာ တစ်နည်းအားဖြင့် ကောင်းတာပဲ မဟုတ်ဘူးလား"





"ကိုယ်နဲ့တော့ မဆိုင်ပေမယ့် သဘာဝမကျဘူးဆိုတဲ့ အသိကတော့ ရင်ထဲမှာ ကျန်ရစ်နေခဲ့တယ်"

ကိုပိုက် က ခေါင်းညိတ်၏။

"ဒါပေမယ့် ကျွန်တော့်စကားတွေကို ခင်ဗျား နားလည်မှာ မဟုတ်ဘူး၊ တစ်ခုတော့ ရှိတယ်နော်၊ ဒီပုံတူ ကျွန်တော်ထုတာကို တလွဲတော့ တွေးနဲ့၊ မရိုးသားမှု လုံးဝမပါတဲ့ သမိုင်းတင်ရုပ်ကြွင်းတစ်ခုလို ရင်ထဲမှာ နားမလည်နိုင်တာတွေကို စုစည်းတင်ပြထားတာ…"

ကိုပိုက် က ပြုံးသည်။ ခြင်း မြင်ပေမယ့် မမြင်သလိုနေလိုက်၏။

ရင်ထဲမှာ လေးလံမွန်းကျပ်နေစေသည့် အရာဝတ္ထုပစ္စည်းတစ်ခုခုကို ဆွဲထုတ်ယူပစ်လိုက်သလို ပေါ့ပါးကျန်ရစ်တာတော့ အမှန်ပင်…။

ထိုနေရာမှထတော့ ရုပ်တုကို ကောက်ယူလာခဲ့ပြီး နားခန်းထဲမှာ ညှိသိမ်းခဲ့သည်။ သူ့ သိတာက ဒါက ရင်ထဲက ထုတ်ပစ်လိုက်တဲ့ အမှိုက်တစ်စ…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၆ ]

"ဒီမှာ ရင်ဘတ်ကိုစမ်းကြည့်ပါလား၊ ခုထိ တုန်ခါနေတုန်း"

သူ့လက်ကိုဆွဲယူပြီး ရင်ဘတ်ပေါ်မှာ ကပ်လိုက်တော့ ခြင်း မျက်နှာ ပူသွားသည်။ ကစားကွင်းအထွက်မှာမို့ လူတွေကလည်း အများကြီးဖြစ် နေ၏။ မိုးပျံရထားစီးပြီး တကယ် လန့်ဖျပ်နေသည့် ယွန်း မျက်နှာလေး နီရဲနေတာကတော့ အပြစ်ကင်းရှာသည်မို့...

"ဒါနဲ့ မင်းပဲ ဖြစ်ပါတယ်ဆို..."

"ဟုတ်တယ်..၊ ခြင်း ပါတယ်ဆိုပြီး အားကိုးနဲ့လေ၊ တကယ်တမ်း ကျတော့ ယူ့ ဖက်ထားတာက ပခုံးမှာပဲ ရှိတာ၊ နှလုံးခုန်နေတာ အထဲက နေ ဖွတ်ကြီးပဲသိလား၊ ပါးစပ်ထဲကနေ ခုန်ထွက်တော့မလား ထင်ရတယ်"

ပြောပုံလေးကို သဘောကျကာ ယွန်း နှဖူးလေးကို သူ ထုလိုက်မိ သည်။ ပြီးတော့ ပခုံးချင်းတိုက်၍ ရယ်ကြ၏။

"ခြင်း ပျော်လားဟင်.."

"မင်းလိုပဲပေါ့"

"တို့ အရမ်းပျော်တာပဲ သိလား၊ ဒီလို အတူတူလျှောက်လည်ဖို့က မလွယ်ဘူးလေ၊ တို့က အချိန်ရနေတဲ့အခါကျတော့ ခြင်း က မအားဘူး ခြင်း က အားနေတော့လဲ တို့က အချိန်မရပြန်ဘူး၊ နောက်ပြီး သူများတွေလို မဟုတ်ဘဲ တို့ရွှေ့ဒ်ရုံထဲဝင်၊ ကစားကွင်းထဲရောက်နဲ့ သီချင်းလဲ အတူတူ ဆိုဖြစ်သေးတယ်၊ ပျော်စရာကြီး.."





ခြင်း က ဘောင်းဘီအိတ်ထဲမှာ လက်နှစ်ဖက်ထည့်ရင်း ယွန်းက ...း ရဲ့လက်မောင်းတစ်ဖက်ကို ဖက်ထား၏။ ပြီးတော့ တစ်ယောက်နှင့် ...ယောက် ဘေးချင်းကပ်မှီပြီး တစ်လှမ်းချင်းလျှောက်နေကြတာ တစ် ...ကလုံးကို မေ့နေသလိုပင်..။ ဒါပေမယ့် မေ့လို့မရသည့် အိမ်ပြန်ချိန် ... သတိရပြီး အသီးသီး လမ်းခွဲခဲ့ကြတော့ ယွန်း ဘယ်လိုနေမည်မသိ ...လည်း ခြင်း နားပူခဲ့ရတာ သေချင်စော်နံလေသည်။

"ရုပ်ရှင်ထဲကမင်းသားလို မင်းသမီးနဲ့ လက်ချင်းချိတ်ပြီး ပျော်နေ ...ယ် ဟုတ်လား၊ ပြောစမ်းပါဦး..၊ ကန်တော်ကြီးကနေ ဘယ်ကိုဆက် ...နေကြလို့ အလုပ်ထဲကို သိမ်းချိန်ကျမှ ပြန်ရောက်ရတာလဲ"

ဂိမ်းစီးတီးလို့ ရင်ထဲမှာတော့ ပြောလိုက်မိသည်။ ဒါပေမယ့် မပြေ ...ပါ။ မပြောဘဲနေတာထက် ကောင်းတဲ့နည်း ဒီအချိန်မှာ ဘာမှမရှိ..။

"မင်းအမေ ဒီလောက် တားဆီးနေတဲ့ကြားက ခြင်း ရာ..၊ မင်း ...လိုကောင်လဲဟင်၊ ယောကျ်ားမာနဆိုတာရော ရှိသေးရဲ့လား၊ သူ့မိဘ ...ကြောင့် မင်းရင်ထဲမှာ ဘယ်တုန်းကမှ ဒဏ်ရာမထင်ခဲ့ဘူးလား"

"ဘာဆိုင်လို့လဲ ဖေဖေ၊ သူ့မိဘကို မုန်းတိုင်း သူ့ကို ဆွဲတွေးနေ ...လား"

"မတွေးလို့ ရမလားကွ၊ မိဘဆိုတာ လူတစ်ယောက်ရဲ့ဘဝမှာ ...တမ်း မေ့လို့မရတဲ့အရာ၊ မင်း သူ့သမီးကိုတော့ ချစ်နေပြီး မိဘကို ...သပ်ထုတ်နုတ် မုန်းတီးနေလို့ မရဘူး"

"ဒါဆိုလဲ ချစ်လာနိုင်မယ့်တစ်နေ့နေ့တော့ ရှိမှာပေါ့"

"ချစ်လို့မရဘူး၊ မင်း သူ့ကို ချစ်ခွင့်မရှိဘူး"

ထိတ်ထိတ်ပျာပျာ လှမ်းပြောရင်း ကိုင်ထားသည့် ဓာတ်ဘူးတောင် ...တ်ကျတော့မလို ဖြစ်သွားသည်။

ညှော်ခန်းထဲမှာရှိနေသည့် ခြင်း ကိုယ်တိုင် မိခင်ဖြစ်သူ ပျာယီး



www.burmeseclassic.com

www.burmeseclassic.com



ပျာယာခြောပြီး ထွက်လာတာကို အံ့သြသည့်မျက်နှာနှင့် လှည့်ကြည့်၏။

ခေါ်ခင်ယု က ခတ်ဘူးကို စားပွဲပေါ်က အပ္ပခံပြားပေါ်မှာ အသာ လေးချလိုက်ပြီး…

“မပြောမဖြစ်တဲ့အခြေဆိုတော့ ပြောရတော့မှာပဲ၊ မင်းကို မေမေတို့ သဘောတူထားတဲ့ မိန်းကလေး ရှိတယ်၊ စပ်မိစပ်ရာပြောရင်း စကားစပ် ထားကြတာမျိုးမဟုတ်ဘူးနော်၊ လုံးဝ မဖြစ်မနေ လက်ထပ်ရမှာ…”

ခြင်း မျက်နှာက တင်းမာသယောင်ဖြစ်နေရင်းမှ ပြုံးရိပ်ထင်၏။ ဒါကို ဦးအောင်ခြင်း က စိုက်ကြည့်သည်။

“မေမေတို့က မင်းကို ဒါတွေ စိတ်ဝင်စားမှာ မဟုတ်ဘူးဆိုပြီး ဘာမှမပြောဘဲ ထားခဲ့တာ၊ လူကြီးတွေ မျက်နှာပျက်ရအောင် မလုပ်ပါနဲ့ သားရယ်…၊ ပြီးတော့ ယွန်း တို့မိသားစုရဲ့ ခွဲခြားတတ်တဲ့အကျင့်တွေကို မင်းက မေ့နိုင်ရင်တောင် မေမေ မမေ့နိုင်ဘူး..”

“မေမေ့ဟာ ကျွန်တော် ယွန်း နဲ့လက်ထပ်မှာကို မကြိုက်တာလား ဒါမှမဟုတ် ယွန်း မဟုတ်ဘူးဆိုရင်…”

“ယွန်း မို့လို့ သဘောမတူတာလဲ မှန်တယ်၊ တခြား ဘယ်သူနဲ့ ဖြစ်ဖြစ် လက်မထပ်စေချင်တာလဲ အမှန်ပဲ၊ သားနဲ့စေ့စပ်ထားပြီးသား ရှိတယ်လို့ မေမေ ပြောပြီးပြီလေ”

တကယ်ဆိုတာကို သိလိုက်တော့ ခြင်း မျက်နှာနည်းနည်းတော့ပျက်၏။

“ဘာပဲဖြစ်ဖြစ် ယွန်း နဲ့ချစ်သူတွေဖြစ်သွားတယ်ဆိုတာတော့ မေမေ သိပ်ကို အံ့သြတယ်သားရယ်၊ သား ဒီမိန်းကလေးကို ထည့်စဉ်းစား မဟုတ်ဘူးလို့ မေမေက ထင်ထားတာ..”

“မင်းသားက သူ့ကိုယ်သူ အထင်ကြီးနေပုံ ပေါ်တယ်၊ မင်းတို့ ယွန်း…၊ မင်းတို့ပြောတဲ့ပုံဆိုရင် ခုလဲ သူ့သမီးနဲ့ မင်းသားကို သဘော မယ် ထင်လို့လား”





ခေါ်ခင်ယု အသံတိတ်သွားကာ ခြင်း မျက်လုံးတွေ ဦးအောင်ခြင်း ဆီ ရောက်၏။

“လောဘဆိုတာ အတောမသတ်ဘူးကွ၊ အစကတည်းက ဒီလောက် ပြင့်မားချင်တဲ့လောဘတွေ၊ အခုဆို ပိုပြီး ကြီးမားနေဦးမယ်၊ ဟိုတုန်းက ယွန်း က ကလေး၊ အခု လှလှပပ အပျိုအရွယ်လေး၊ ဟိုတစ်လောကမှ င်းအိမ်ကိုလာပြီး ချက်ခ်သွားတယ်လေ”

“အဲဒါတွေက အိမ်ထောင်ရေး အဆင်မပြေစေကြတဲ့အကြောင်း တွေပါ ဖေဖေ၊ ဒါတွေဖြစ်လာရင်လဲ ကျွန်တော်တို့နှစ်ယောက်ပဲ ဖြေရှင်း မှာပါ၊ ငယ်သူငယ်ချင်းဆိုတော့ နားလည်မှုတွေရှိကြတယ်၊ တစ်ယောက် အမှားကို တစ်ယောက် ခွင့်လွှတ်နိုင်တယ်၊ ခုလဲ ယွန်း နဲ့ကျွန်တော် ငယ်ငယ်ကလိုပဲ စိတ်ဆိုးတဲ့အခါ ဆိုးကြတယ်၊ ပြီးတော့ ပြန်တည့်သွား တာပဲ၊ ကျွန်တော် မက်မောတာ အဲဒီလို နားလည်မှု…၊ လူကြီးချင်း သဘောတူလို့ စေ့စပ်ပေးလိုက်ကြတယ်ဆိုတာ အလွန်ရှေးကျပြီး စာအုပ် ကြီးဆန်လွန်းပါတယ်၊ တကယ် လက်ထပ်ပေါင်းသင်းရမယ့် ကာယကံ ရှင်တွေကို ထည့်မစဉ်းစားတာလဲ အဲဒါ တံခါးပိတ်ဝါဒတွေပဲ”

“ဘာကွ!..”

“ပြောပြတာ…”

ဆိုပြီး မျက်နှာပုပ်သိုးနေတာကြီးကို လွှဲပစ်သည်။ ဦးအောင်ခြင်း နှင့် ခေါ်ခင်ယု တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။ ဒါတောင် ပြောဖို့စကားက မကုန်သေး၊ ရှေ့ဆက်ပြောဖို့၊မပြောဖို့ ပါးစပ်ပြင်ရင်း ပြောလည်း မပြောဖြစ်တော့ပါ။ ကိုယ့်သားအကြောင်း ကိုယ် အသိဆုံး၊ ဒါကို ဖွင့်ပြောလိုက်လျှင်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၀၇ ]

"အားလုံး တန်ချိန် ငါးထောင် အစ်ကို"

"ဟုတ်ပြီ…၊ ဒီနေ့ စာရင်းအပြတ်ပိတ်မယ်"

ခြင်း က ဦးသစ်လွင် ဘက်ကိုလှည့်ကာ…

"ဦးသစ်…၊ မန်နေဂျာနဲ့ စာရင်းကိုင်တွေကို အကြောင်းကြားလို ပါ၊ သစ်ကားတွေ အပြင်မှာ နေရာချပြီးတာနဲ့ လူတွေနားဖို့ပါ စီစဉ်ပေး–"

"ဟုတ်ပါပြီ၊ ကိုခြင်း ဘာစားဦးမလဲ"

"မစားတော့ဘူး"

သူ အားလုံးမှာခဲ့ပြီး လှမ်းမြင်နေရသည့် ပမာ ဆီကိုပဲ လျှော ထွက်လာခဲ့သည်။ ကမ်းနားမှာ ဘာလုပ်နေတာလဲ တစ်ယောက်တည်း

မြစ်ပြင်ကို ဖြတ်သန်းတိုက်နေသည့် လေက ခပ်ကြမ်းကြမ်း ကာ ပမာ့ လည်တိုင်မှာရစ်ပတ်ထားသည့် ပဝါစကို တလွင့်လွင့် နေစေ၏။

အဖြူပေါ်မှာ အနက်ပြောက်လေးတွေပါသည့် အဖြူရောင်ဝ နှင့် ပဝါလေးက အနက်ရောင်ပါးလေး ဖြစ်သည်။ ပြီးတော့ မှုရ မျက်မှန်အနက်လေးနှင့် ဝင်းနှစ်သည့်မျက်နှာလေးက ထင်းနေ

"မမ ဘာလုပ်နေတာလဲ"

"ဟင်!…"

သူ ခေါ်လိုက်တော့ ထစောင်းမျက်နှာလေး ဖျတ်ခနဲ လှည့်လာ





သူ့ကိုမြင်လိုက်တော့ နေရောင်ထိုးလာတာကို လက်ကလေးနှင့် ကာ၍…

"ပစ္စည်းတွေ မရောက်လို့လေ…၊ ဒီနေ့ ပိတ်ရက်ဆိုတော့…"

"ဖေဖေ မနက်က မမနဲ့ ပါသွားတယ်မဟုတ်လား"

"ဒါပေမယ့် ကျုံးမာရေးမှ သိပ်မကောင်းတာ၊ ပြီးတော့ ကမ်းနား မှာ လေတိုက်တယ်၊ အခုဆို နေပူနေတယ်လေ"

"အရိပ်ထဲမှာ ဝင်နားပါလား…၊ ပြီးမှ ဖုန်းလေးဘာလေး ဆက် ကြည့်ပေါ့"

ပမာ ချက်ချင်း ခေါင်းညိတ်သည်။ ပြီးတော့ မျက်မှန်လေးကိုချွတ် လိုက်ပြီး သူ့နောက်က ပါလာသည်။

စောစောကတည်းက ဒီဆိုင်ထဲမှာ ထိုင်ချင်တာ ဖြစ်သည်။ စားပွဲ ဝိုင်းမှာ လူတွေပြည့်နေကာ ယောကျ်ားတွေပဲများတော့ လှမ်းကြည့်ပြီး ဘက်လျှော့ထားခဲ့တာဖြစ်၏။

အရိပ်ထဲဝင်လိုက်ရမှ တစ်ကိုယ်လုံး ပူလောင်စပ်ဖျင်းနေတာ သိ လာသည်။

"အား!… ပူလိုက်တာ…"

တိုးတိုးလေး ရေရွတ်တာကို ခြင်း က ကြားသည်။ ပါးပြင်မို့မို့လေး တွေမှာ ဆေးနီဖျန်းထားသလို ရဲတွတ်နေတာကို တစ်ချက်ကြည့်မိ၏။

ထို့ပြင် ထောင့်ချိုးညီသော နှုတ်ခမ်းကော့ကော့လေးတွေ အထက် ချွေးစလေးတွေ လက်နေတာကိုမြင်တော့ စိတ်မကောင်းဖြစ်သွား သည်။ ဒါပေမယ့်…

အခုလို ကိုယ်တိုင် အုပ်ချုပ်ဦးဆောင်ရမှ ကျေနပ်နေတဲ့သူတွေ၊ ပါပဲဆိုသည့်အတွေးနှင့် မျက်ဝန်းတွေကို ရှေ့ပစ်လိုက်၏။

"တို့ကို သံပရာရည်လေးတစ်ခွက်လောက် မှာပေး မင်းရော



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုမှာလေ…"

"မမှာတော့ဘူး၊ ဟိတ်… ရှူး…"

ဝိတ်တာကိုလှမ်းခေါ်ပြီး သံပရာရည် မှာပေးလိုက်သည်။ ပြီးတော့ လက်ထဲကစီးကရက်ကို စွန့်ပစ်လိုက်ပြီး နောက်တစ်လိပ် ထုတ်၏

"အဲဒီ စီးကရက်တွေကို ခဏတစ်ဖြုတ်တောင် အပြတ်မခံနိုင် ဘူးလား…"

"ဘာဖြစ်လို့လဲ…"

"အနံ့ကို မကြိုက်လို့ပေါ့…၊ မင်းမှာလဲ အန္တရာယ်ရှိတယ် တန်ဆေး၊ လွှန်ဘေး တဲ့၊ စီးကရက်သောက်တာ မင်း တရားလွန်တယ် မထင်မိဘူးလား"

"မထင်ပါဘူး ကိုယ့်အမှန်တရားနဲ့ ကိုယ်"

ခြင်း တို့ ဖောက်ပြန်ပြီ…၊ ဂျစ်ကန်ကန်မျက်နှာနှင့် တစ်ဖက် ငေးနေ ၏။ အအေးရောက်လာတော့ မော့မော့ပန်းပန်း ပူပူလောင်လော မို့ အအေးကို တစ်ငုံသောက်လိုက်မိ၏။

ဝေ့ဝိုက်လာသည့် စီးကရက်နံ့က ပစ်စလက်ခတ် နှိပ်စက်လေသည်

"ဆောရီး…"

"အဟွတ်… ဟွတ်… ဟွတ်…"

တော်သေးသည်။ ပါးစပ်ထဲက အရည်တွေကို မျိုချလိုက်နိုင်လို့ မဟုတ်လျှင် လူကြားထဲမှာ ဒီအရည်တွေနှင့် မြင်မကောင်းရှုမကော ဖြစ်ရဖို့ သေချာ၏။ သူ တမင်ရှူလိုက်တာလားဆိုသည့်ဒေါသက မြ မျက်နှာထက်ကို ဒိုင်းခနဲ ရောက်၏။

"မဟုတ်ဘူးနော်၊ တကယ် အတည်ပြောတာ၊ ကျွန်တော့်ကို ဟိုး လက်ယပ်ခေါ်လို့ လှည့်ကြည့်လိုက်တာနဲ့ မမမျက်နှာကို ထိသွားတာ"

ဟုတ်,မဟုတ်တော့ မသိပါ၊ သစ်တုံးကြီးတွေအပြည့် တင်ထား





သည့် စီပီဘွိုင်ကြီးတွေနှင့် ကားတွေ တန်းစီနေသည့်နေရာမှာတော့ လူတွေ အများကြီးပဲ ရှိနေကြတာ သေချာ၏။

ဒါတောင် ဒေါသက မစွန့်မလွှတ်နိုင်ဘဲ…

"မင်း မအားရင်သွား…၊ ရတယ်"

ခြင်း ကလည်း သိသည်။ စီးကရက်ကို ဆက်မသောက်တော့ဘဲ ခွက်ထဲထည့်ချေလိုက်ပြီး ပြုံး၏။ ပြီးတော့ နှုတ်ခမ်းစူနေသည့် မမ မျက်နှာ ကို စိုက်ကြည့်ပြီးတော့လည်း ဟိုဘက်လှည့် ပြုံးမိသည်။

ဒေါသနှင့်လူက အဆမတန်ပါလား…။

အအေးတစ်ဝက်လောက်ကျသွားတော့ ဖုန်းလာသည့်အသံလေး ထွက်လာသည်။ နှစ်ယောက်သား မျက်လုံးချင်းဆုံသွားကြပြီး ကိုယ့်အိတ် ထဲကမှန်း မမ သိကာ ထုတ်ယူလိုက်၏။

"ဟလို…"

"… … …"

"အင်း…၊ ပြောလေ…"

ဖုန်းနားထောင်ရင်း ပမာ မျက်နှာလေး ဟိုလှည့်ဒီလှည့် ဖြစ်သွား ကာ…

"ကျွန်မ ဒီနားက စားသောက်ဆိုင်ထဲမှာ…"

"… … …"

"သြော်… အဲဒါဆို ညာဘက်အတိုင်း လာခဲ့လိုက်…"

ဖုန်းပြောနေတုန်းမှာပဲ ဘောင်းဘီရှည်နက်ပြာ၊ ရှပ်အင်္ကျီလက်ရှည် အပြာနုနှင့် အရပ်မြင့်၍ စမတ်ကျသော ယောကျ်ားတစ်ယောက် မြင် ကွင်းထဲ ရောက်လာ၏။

ခြင်း ထိုသူကို မှတ်မိလိုက်၏။

ဟိုတစ်ခါ ကော်ဖီဆိုင်ထဲမှာ မမနှင့် နှစ်ယောက်တည်း ကျွန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့်လူ..၊ ဘာဖြစ်လို့မှန်းမသိဘဲ မျက်ခုံးနှစ်ဖက်က အလိုလို စုကျုံ့သွားခဲ့၏။

"သြော်... ကိုယ်လေ ပမာ တစ်ယောက်တည်းဖြစ်နေမှာဆိုပြီး စိတ်ပူတာနဲ့ လမ်းမှာ ကားထားခဲ့ပြီး ကားမှာ့ထွက်လာတာ"

အနားရောက်လာတာနှင့် အလွှမ်းသယ်လေသည်။

"ကားက ဘာဖြစ်လို့ ထားခဲ့ရတာလဲ"

"မသိပါဘူးကွာ..၊ လီဗာနင်းရင် ဆောင့်ဆောင့်ခုန်သွားတာ၊ သတိထားမောင်းနေရတော့ ကြာတာပေါ့၊ စိတ်မရှည်တာနဲ့ ဝပ်ရှော့ကို ဖုန်းဆက်ပြီး ထားခဲ့လိုက်တော့တယ်"

သူ့ဘာသာ စုံတွဲထိုင်ပြီး ခြင်း ကိုငဲ့ကြည့်၏။

"ဘယ်သူလဲ ပမာ.."

မေးပုံကြောင့် ခြင်း မျက်နှာတင်းသွားသည်။ ပမာ က ပြုံးပြကာ...

"ကျွန်မမောင်ပါ"

"တစ်ခါမှလဲ မကြားဘူးပါလား"

"အခု ကြားဖူးသွားပြီဆိုတော့ ဘာမရှင်းတာ ရှိသေးလဲ၊ ကျွန်တော့်ကို မေး..."

ခြင်း က သူ့ထက်ရင့်လိုက်သည်။

နှစ်ယောက်၏ စူးရဲသောမျက်လုံးတွေ ဆုံစည်းသွားကြ၏။ ဒီကောင်လေးကို သူ သိသည်။ ပမာ့ ဘေးမှာ နှစ်ခါလောက် တွေ့ဖူးတာဖြစ်သည်။ ဆွေမျိုးလိုလို..၊ မိတ်ဆွေလိုလို..။

"ကိုကောင်း သတိမထားမိဘူး ထင်တယ်၊ သူက အန်ကယ် ဦးအောင်ခြင်း ရဲ့သား..၊ နာမည်က လွတ်လပ်ခြင်း"

ကောင်းစည် မျက်လုံးတွေ ပို၍ အရောင်လက်သွား၏။ ဒါဆို ဘာမှမတော်စပ်ဘူးပဲ။ မြပမာ ဆိုသည့်မိန်းမလှနားမှာ နောက်ထပ်





ဘယ်လိုလူစားတွေ ရှိနေဦးမည်လဲ..။

ကိုယ့်ဘာသာ သဘောပေါက်ခြင်းဖြင့် ကောင်းစည် မျက်နှာ မသာမယာဖြစ်သွားတာကို ခြင်း က စိုက်ကြည့်နေ၏။

မရိုးသားစွာ တိတ်ဆိတ်သွားခြင်းကို လှုပ်ရှားမှုတစ်ခုက ဖြိုခွင်းပစ်လိုက်ပြီး...

"ကိုခြင်း..၊ ကိုခြင်း အတွက် နန်းသီတာမှာ စားသောက်ဖို့ ပြင်ဆင်ထားပြီးပြီတဲ့"

"ဘာ!..."

အနားရောက်လာသူကို မော့ကြည့်၍ ခြင်း မျက်နှာက လိုတာထက် ပို၍တင်းမာနေလျက်...

"ဘယ်သူက စားမယ်ပြောလို့ ပြင်ဆင်လိုက်တာလဲ"

"သြော်... ထမင်းစားချိန်မို့လို့ ပြင်လိုက်တာပေါ့ ခြင်း ရယ်..၊ သွား... လိုက်စားလိုက်.."

ကလေးချော့ကျွေးသည့်လေသံနှင့်မို့ ခပ်စောင်းစောင်းလှည့်ကြည့်ပြီး ခြင်း က ပြုံးသည်။ လိုက်သွားစေချင်နေသော မငြိမ်မသက် မျက်လုံးတစ်စုံကိုပါ ဝေ့ကြည့်လိုက်ကာ...

"မစားချင်ဘူးလို့ ပြောလိုက်၊ နောက်ထပ် လာမခေါ်နဲ့.."

"ဟုတ်.."

လာခေါ်သည့်ကောင်လေးကို မျက်မှောင်ကြုတ်နှင့်လိုက်ကြည့်ကာ ကောင်းစည် နှုတ်ခမ်းအစုံက သိသာစွာ တင်းနေ၏။

ပမာ လည်း မျက်နှာပျက်လေသည်။ တစ်ယောက်က ကိုယ့်ကို ပရိုပိုစ်လုပ်ထားတဲ့သူ၊ တစ်ယောက်ကတော့ မောင်အရင်းကဲ့သို့ ရင်းနှီးနေတဲ့ လူကန့်လန့်..။

ခြင်း နှင့်သူ့မဆက်ဆံရေးကိုလည်း မသိဘဲ ကောင်းစည် သဝန်



www.burmeseclassic.com

www.burmeseclassic.com



တိုနေတာကိုကြည့်၍ စိတ်ညစ်သွားမိ၏။

ခြင်း ကလည်း ရွဲ့ကိုရွဲ့တော့မှာ သေချာပြီးသား၊ ဒါကို ဖြေရှင်းပြရအောင်လည်း ကောင်းစည်ကို သူမက ရွေးချယ်ထားခဲ့တာ မဟုတ်သည်မို့ မလိုအပ်ဘူး ထင်သည်။

"မမကရော ထမင်းစားချိန်မှာ မစားဘဲ ဒီမှာ ဘာလုပ်နေတာလဲ"

"သူက ကိုယ်နဲ့ချိန်းထားတာ..."

ကောင်းစည် ဝင်ဖြေတာကို အသိအမှတ်မပြုသလို ခြင်း က ငဲ့၍ပင် မကြည့်..။

"မမအလုပ်ကိစ္စ ကျွန်တော်နဲ့ ထားခဲ့လိုက်လေ၊ ပြန်ချင်ပြန်တော့"

"ဟ... အလုပ်ကိစ္စက ကိုယ်နဲ့တွေ့ပြီးမှ ပြီးမှာ၊ မင်း မရှင်းသေးရင် ကိုယ့်ဘက်ကို လှည့်ကြည့်ပြော..."

သူ ပြောခဲ့သည့်စကားမျိုးနှင့် ပြန်ရိုသည်။ ခြင်း က စီးကရက်မီးညှိရင်း မီးခိုးငွေ့တွေနှင့် ကောင်းစည် မျက်နှာကို မှုတ်ထုတ်လိုက်၏။

ပမာ ထိတ်ခနဲ ဖြစ်သွား၏။

တစ်ဖက်ကလူဟာ ကိုယ့်အတွက် ဘာမှမဟုတ်ပေမယ့် ကိုယ့်ဘက်က လွန်ကျူံသွားရင်တော့ ဒီလူဟာ 'တကယ့်လူ' ဖြစ်လာတော့မှာပင်..။

မလိုချင်တာ အဲဒါ..။

ဒါပေမယ့် ဒီလူနှစ်ယောက်စလုံးဟာ သူမအတွက် ထိန်းချုပ်ရလွယ်ကူမည့်လူမျိုးတွေ မဟုတ်..။

ကောင်းစည် သည် အံကြိတ်၍ စိုက်ကြည့်လိုက်သော မီးတောက်မျက်လုံးများနှင့်...

"မင်းက ကိုယ်ခန့်မှန်းထားတာထက် ပိုသေးတာပဲ၊ ပြောစမ်းပါဦး..၊ မိုက်ရိုင်းတယ်ဆိုတဲ့ အပြုအမူကို မင်း ဘယ်လိုမြင်သလဲ"



"ရမ်းကားတာနဲ့ပေါင်းမှ ပြည့်စုံတယ်လို့ ထင်တယ်၊ မိုက်ရိုင်းရမ်းကားတယ်ဆိုတာလေ..."

"ခြင်း..."

"သူနဲ့ ပြောပါဆိုလို့ ကျွန်တော် သူ့ကို ပြောနေတာ"

"တော်ပြီ..၊ နေမယ်ဆိုလဲ တိတ်တိတ်နေပေး၊ ဒါ ငါ့ဧည့်သည်"

"ကျွန်တော်က ဧည့်သည်မဟုတ်ဘူးဆိုတာ သူမှ မသိသေးဘဲ"

"ကျွတ်!..."

ပမာ ကျွတ်ခနဲ စုတ်သပ်သည်။ ခြင်း ရဲ့ မထိတထိ မျက်ဝန်းတွေကလည်း ကောင်းစည် မျက်နှာထက်ကနေ အနေးဆုံးနှုန်းနှင့်ခွာ၏။

ကောင်းစည် မခံချိမခံသာမျက်ဝန်းများနှင့် အသံတိတ်နေပေမယ့် အခြေအနေ ဘယ်ထိဖြစ်လာနိုင်သည်ကို ပမာ သိသည်။

စိတ်ထဲမှာ တစ်ယောက်ယောက်ကို နားထင်ပါးရင်းထိ ရိုက်နက်ပစ်ချင်၏။

ကောင်းစည် ကလည်း စကားပြောတာ အစွန်းမလွတ်သလို ခြင်း က လူကပ်..။

ပမာ့ မျက်နှာလေး နီရဲနေလျက်ရှိကာ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၀၈]

"ဘာလာလုပ်တာလဲ"

"မမ ဖေမေ့ကို ဘာတွေချွန်လိုက်လဲ မေ့သွားပြီလား"

ပါးစပ်ထဲဝင်ပြီးသား လိမ္မော်ရည်တွေကိုတောင် မျိုမချချင်တော့ဘဲ ပမာ က ပြတင်းပေါက်ကို သုတ်သုတ်လျှောက်သွားပြီး ထွေးထုတ်ပစ်သည်။

ပြီးမှ ခြင်း ရပ်နေသည့်ဆီ ပြန်လှည့်လိုက်ပြီး…

"ချွန်တာတွေ၊ တွန်းတာတွေ လာမပြောနဲ့ ခြင်း…၊ ငါ ကလေးမဟုတ်ဘူး"

"ကလေးမဟုတ်ရင် မတိုင်နဲ့ပေါ့၊ အဲဒီလူမျက်လုံးတွေ ကျွန်တော့်ကို ဘယ်လောက်တိုက်ခိုက်လာသလဲ မမ မမြင်ဘူးလား၊ ပြောချလိုက်တာရော ဘယ်သဘော ရောက်သွားသလဲ"

"ဒါကတော့ သူက တို့ကို ပရိုပို့စ်လုပ်ထားတဲ့သူ‥"

ခြင်း မျက်ခုံးတွေ တွန့်ခနဲ ဖြစ်သွား၏။ မချိုမချဉ် မဲ့၏။

ပမာ က ထိုမျက်နှာကို ဂရုစိုက်ကြည့်မနေပါ‥။

"ဘာပဲဖြစ်ဖြစ် အသက်လဲ မင်းက ငယ်တယ်၊ အလုပ်အကိုင်ချင်းလဲ…"





"ဘာတွေ လာယှဉ်နေတာလဲ၊ သူနဲ့ကျွန်တော် ဘာကြောင့်မှ လိုင်းပူးဖို့ မရှိဘူး၊ ရှိအောင် စ လာတာက သူ‥၊ ဖေဖေ့ကို မမ ပြောသွားတာတွေကျတော့ အားလုံး ဒီကောင် အလွန်…"

"မင်း လွန်တာပဲလေ‥၊ သူ့ရှေ့မှာပဲ ပြောတော့ မင်းက ဧည့်သည်မဟုတ်ဘူးဆို‥၊ မင်း ငါ့အတွက် ဆွေမျိုးသားချင်းလိုနေတတ်ရင် သူ့လိုလူကို…"

"မသိဘူး‥၊ နောက်တစ်ခါ မမလူဆိုရင် နဖူးမှာ စာကပ်ထား"

"အဲဒီလို ထုံးစံရှိလား‥၊ ပြီးရော… မင်းချစ်သူဆိုလဲ သူ့နဖူးမှာ စာကပ်ထား၊ မထားရင် ငါ့ပါးစပ်ကလဲ မင်းထက် ဆိုးတယ်"

ခြင်း လှစ်ခနဲ ပြုံး၍ တစ်ဖက်လှည့်သွား၏။ အမှတ်တမဲ့ ရန်တွေ့ပစ်လိုက်သည့်အသံလေးကြောင့် ရင်ထဲမှာ ယားကျိကျိတော့ ဖြစ်သွားသည် ထင်၏။

"ဘာလုပ်နေတာလဲ၊ ဘာကိစ္စရှိသေးလို့လဲ"

"ဘာမှမရှိဘူး၊ ပြောစရာရှိသေးလားလို့ နားထောင်ပေးနေတာ"

"မရှိဘူး၊ ပြန်…"

"ပြီးရော…"

သူ လှည့်ထွက်လာရင်း လေကားထစ်တွေကို ကျော်လွှားဆင်း၍ ပြုံးနေမိသည်။ ဒေါ်မြပမာ ခင်ဗျားလည်း မိန်းမကြီးလိုနေပေမယ့် မဟုတ်သေးပါဘူး၊ အဟွန်း‥။

"ဟဲ့…သား‥၊ ကားပေါ်ကို တန်းတက်တယ် ကြည့်စမ်း၊ ကော်ဖီမသောက်တော့ဘူးလား"

"မသောက်တော့ဘူး မေမေ"

"ပမာ့ ဆီ ဘာသွားလုပ်တာလဲ‥၊ ဘာတွေဖြစ်ခဲ့ပြန်ပြီလဲ၊ ဒုက္ခပါပဲနော်…"

www.burmeseclassic.com



"ဘာမှ ပူမနေနဲ့..၊ မေမေ့သားပဲ မောင်းထုတ်ခံခဲ့ရတာ"

ပြုံးလက်စနှင့်မျက်နှာကို ကြည့်၍ ဒေါ်ခင်ယု နားမလည်နိုင်။ ကားက ဝိုက်ကွေ့တော့မှာဖြစ်ရာ...

"သား နေဦး..၊ မင်းကို ပမာ နဲ့အတူလိုက်ပေးဖို့၊ ဒီနေ့ သွားစရာ ရှိတယ်တဲ့၊ မင်းအဖေ အပြင်ထွက်လို့ မရသေးဘူးလေ"

"တစ်ယောက်ယောက်နဲ့ သွားလိမ့်မယ်၊ တော်ကြာ ဒီမှာ နားတွေ ဟီရိုရှီးမားထက် အဖြစ်ဆိုးသွားနိုင်တယ်"

ဒေါ်ခင်ယု ပေါ်တီကိုအစပ်နားမှာ ဒီတိုင်း ကျန်ရစ်၏။ ဘာတွေ မှန်းမသိသည့်ထဲမှာ ထူးဆန်းနေတာတစ်ခုကတော့ သေချာလေသည်။





## အခန်း [ ၀၉ ]

"တောက်!..."

ငယ်နိုင်ဆိုတာ ဒါမျိုးလား..၊ မျက်နှာချင်းဆိုင်ပြီး ထိကပါးရိကပါးတွေနှင့် ချီးဖွဲပြောသွားတာတွေကို ခွန်းတုံ့ပြန်မပြောနိုင်ခဲ့ဘဲ ကွယ်ရာကျမှ ဒါ ဘယ်သဘောနှင့် ပြောတာ၊ ဘယ်လိုသက်ရောက်နေပါလားဆိုတာ တွေးပြီး တက်ခေါက်မိ၏။

သူ့မှာ မာစီဒီးစီးနိုင်သလို ကိုယ်လဲ တန်းတူစီးနိုင်သည်။ သား စီးတဲ့ကားဆို ပါဂျရိုးကားမှ ပြောင်လက်လို့ပါ၊ ဒေါ်တင်သန္တာ စိုက်ကြည့်သွားသည့်မျက်နှာပေးကိုက ဘာတွေ ပြောင်းလဲနေနေ အထင်မကြီးဘူး ဆိုတာမျိုး..။

"ဩော်... တော်တော်ကို ပြောင်းလဲသွားတာပဲ၊ မြင်လို့သာ ယုံရတယ် ဒေါ်ခင်ယု ရယ်..၊ သမီးကတော့ သူ့သူငယ်ချင်း ဒီလိုဖြစ်နေတာ ပြောတော့ပြောသား၊ ဟိုတုန်းကတည်းက ကျွန်မတို့လူကြီးချင်းက မျက်နှာချင်းဆိုင်ခဲ့ကြတာ မဟုတ်တော့ သမီး ပြောနေပေမယ့် အမှတ်တမဲ့ရှိယ်.."

ဘယ်တုန်းကမှ လူရာသွင်းပြီး မဆက်ဆံခဲ့တာကို သိသာအောင် ပြောသွားသည်။ ပြီးတော့...

"အခုက ဟိုတုန်းကလို အရွယ်လေးတွေ မဟုတ်ကြတော့ဘူးမို့ သား အဲဒါကြောင့် အစကလို အမှတ်တမဲ့နေလို့ မရတော့ဘူးလေ၊ ဒါပြင်း သူငယ်ချင်းကို ဒီလောက်တောင်ပြောနေတာ လိုက်ကြည့်ပါဦး -



www.burmeseclassic.com

www.burmeseclassic.com



မယ်အေလို့ ပြောထားမိသေးတယ်၊ ဒေါ်ခင်ယုသားက ဘယ်လိုပုံစံမှန်း မသိပေမယ့် သမီးက ခုထိ ဖွတ်တရွတ်ဆန်တုန်း၊ မိုက်တဲ့အရွယ်လေးတွေမို့လား စိတ်ပူရတယ်လေ"

တွေးမိလေ အံကြိတ်ထားရလေ..၊ အသက်တွေကြီးနေပြီ မှန်ပေမယ့် ဒေါ်သက အရွယ်ကောင်းနေတုန်းဆိုတာ ဒေါ်သကြောင့် မီးပွင့်မှ သိရသည်။ ယွန်း ဆိုတဲ့မိန်းကလေးကို သားက ချစ်နေမှန်းသိလို့ ကိုယ့်ဘက်က ထိန်းချုပ်ခဲ့ရတာတွေမှာ အတိတ်ကအရိပ်တွေကြောင့် ပိုပြီး ခံရခက်နေခဲ့သည်။

ကိုယ့်ဘက်မှာ ဘယ်လိုပဲပြောင်းလဲနေနေ အကယ်၍ သူမတို့ထက် သာလွန်မြင့်မားသွားပါစေ ဒီအကြည့်၊ ဒီစကားတွေက မလွတ်မြောက်နိုင်သေးဘူးလား..။ ရုပ်ရှင်ဇာတ်လမ်းတွေထဲကလို 'ဟင်ခနဲ' 'ဟာခနဲ' မျက်လုံးပြူး ပါးစပ်ပြဲတွေဖြစ်ပြီး ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်တာတွေ ဘယ်မှာလဲ..။

သင်းတို့က လက်ခံတယ်ဆိုရင်တောင် ကိုယ့်ဘက်က အားနာစွာ ခေါင်းခါရဦးမှာပါ။ ဖြစ်မှဖြစ်ရလေ..၊ လာပဲကြည့်ရဦးမယ်လို့..။

"ဟာ!... မေမေ..။ မေမေ ဘာဖြစ်လာတာလဲ"

"ဘယ်ကိုလဲ..၊ မသွားနဲ့ဦး..၊ လာ..."

တံခါးဝမှာ ဖိနပ်စီးနေသည့် ခြင်း ကို အထဲပြန်ဆွဲလာပြီး ဝယ်လာသည့်လက်ထဲကအထုပ်တွေကို ဆိုဖာပေါ် ဒီတိုင်းချထားလိုက်၏။

"ဘာဖြစ်လို့လဲ မေမေ..၊ ကျွန်တော် ဒင်နာသွားမလို့ အကိုတွေ စောင့်နေကြတော့မယ်"

ဒီတော့မှ အနောက်တိုင်းဝတ်စုံနှင့် ကိုယ့်သားကို ပြန်ကြည့်မိသည်။ လက်မောင်းမှာဆွဲထားသည့်လက်ကိုလည်း လွှတ်၍..

"သား.. သားရယ်..၊ မင်းနဲ့ ယွန်း တို့ တကယ်ကို ချစ်သွားကြပြီ





လား၊ သေချာထပ်ဖြေစမ်းပါ..၊ မှန်မှန်ဖြေပါ.."

"ဟုတ်တယ် မေမေ.."

ရင်ထဲမှာ စစ်ခနဲ စစ်ခနဲ ထိုးဆောင့်သွား၏။ ခံရခက်တာချင်းတူပေမယ့် ပြည်တည်နာထက် ဆိုးသည်ထင်၏။ ဒေါ်မင်ယု ဆိုဖာပေါ်မှာ တအိအိ ထိုင်ချလိုက်မိရင်း...

"ဆိုးကုန်ပြီ..၊ အခြေအနေတွေ ဆိုးကုန်ပြီ သား..၊ မင်းနဲ့ ယွန်း မဖြစ်နိုင်ဘူး"

ခြင်း မျက်နှာက ဘာမှထူးခြားသွားပုံ မရှိပေ..။ ဒီစကား မေမေ ပြောတိုင်း ယွန်း တို့သားအမိတွေကို နာကြည်းစိတ်မပြေခဲ့တာလို့ သူ နားလည်ပေးခဲ့သည်။

ဒါကြောင့် သူ့အတွက်က ပြဿနာလို့ မမြင်..။ ထိုစဉ် အိမ်ထဲကနေ ဦးအောင်ခြင်း ထွက်လာ၏။

"ဒါနဲ့ပဲ မပြောဖြစ်ဘဲ နေဦးမယ် ခင်..၊ အားလုံး ပြောပြလိုက်.."

"ထိုင်ဦး သား..၊ သား သွားစရာရှိပေမယ့် ခံစားချက်နဲ့ အကြောင်းအရာ မတိုက်ဆိုင်ဘဲ ဒီကိစ္စကို ဖွင့်ပြောဖို့က ခက်တယ်"

ခြင်း မျက်နှာ လေးနက်ခြင်းတချို့ နေရာယူလာ၏။ ဖွေးနုသန့်စင်နေသည့်မျက်နှာထက် နက်မှောင်စိမ်းညို့သော မျက်ခုံးတန်းတို့ ကွန့်ချိုးသွားခဲ့ပြီ..။

"ဘာစကားမို့လို့လဲ မေမေ"

"သားရယ်..၊ သားကို ယွန်း နဲ့မဖြစ်နိုင်ဘူးလို့ ပြောနေရတာ၊ ဟိုတုန်းကကိစ္စတွေကြောင့်ချည်းပဲ မဟုတ်ပါဘူး၊ သားကို မေမေ့ ဘျေးရှုးရှင်လင်မယားရဲ့ သမီးလေးနဲ့ လက်ထပ်ပေးဖို့ ဟိုအရင်ကတည်းက ကတိရှိခဲ့ကြတယ်"

ခြင်း မျက်နှာတည်သွားသည်။ ဦးအောင်ခြင်း က ခြင်း ကိုတစ်

www.burmeseclassic.com



ချက်ကြည့်ပြီး သုံးယောက် တြိဂံပုံ မကျတကျနေရာမှာ ထိုင်လိုက်၏။

"ကျေးဇူးရှင် ဟုတ်လား မေမေ..၊ ဘယ်သူလဲ"

ပြောရခက်ပြန်ပြီဆိုသည့် မျက်နှာနှင့်..၊ ဒေါ်ခင်ယု ဦးအောင်ခြင်းကို လှမ်းကြည့်၏။

"အဲဒါပဲ သား..၊ မင်းတို့လူငယ်တွေ ပြောနေကြတဲ့ စာအုပ်ကြီးဖြစ်သွားမှာစိုးလို့ ဖေဖေတို့က လူငယ်တွေ မျက်စိလည်ကုန်အောင် နေထိုင်ပတ်သက်ခဲ့ကြတာ၊ တကယ်တော့ ရန်ကုန်မှာ ဖေဖေအလုပ် လာလုပ်ခဲ့တာ၊ ဒီလို တိုးတက်လာတဲ့အထိတော့ မဖြစ်ခဲ့ပါဘူး၊ ရန်ကုန်ကို ခြေချတော့ ဖေဖေ့မှာ ပိုက်ဆံ လေးထောင့်ငါးရာပဲ ရှိတော့တာ..."

ဦးအောင်ခြင်း ကပဲ ရှင်းပြသွားသည်။ သူငယ်ချင်းဖြစ်သူနှင့်တွေ့ပြီး အစကတော့ ကုမ္ပဏီတစ်ခုမှာ ကားမောင်းဖို့ သူငယ်ချင်းက လမ်းပြပေးခဲ့သည်။ ကုမ္ပဏီမှာ သူများချောက်တွန်းတာခံရပြီး ပြဿနာဖြစ်တော့လည်း သူငယ်ချင်းကပဲ ကူညီရပ်တည်ပေးခဲ့ကာ နောက်တော့ သူ့ဆီမှာပဲ ကားမောင်းစေခဲ့တဲ့အထိ ပြောပြလိုက်ပြီး...

"ဖေဖေ့ကို မောင်မောင် ဘယ်လောက်ခင်လဲဆို သူ့လက်အောက်မှာ မခိုင်းချင်လို့ ဟိုပို့ဒီပို့တွေ လုပ်နေခဲ့တာ၊ ဖေဖေလဲ တစ်ခုမှ အဆင်မပြေခဲ့ဘူး၊ နောက်ကျမှ..."

"ခဏလေး ဖေဖေ..၊ ဖေဖေ့သူငယ်ချင်းဆိုတာ အန်ကယ်မောင့်ကို ပြောတာလား..."

"ဟုတ်တယ်..၊ မင်းရဲ့အန်ကယ် ဦးမောင်မောင်မြင့်.."

"ဒါဆို ကျွန်တော်နဲ့ လက်ထပ်ပေးရမယ်ဆိုတာ မမ ပေါ့"

"ဟုတ်တယ်"

ခြင်း ချက်ချင်း နေရာမှထရပ်သည်။

"နေဦးသား..၊ ဒါ ကျေးဇူးတရားတွေနဲ့ တုပ်နှောင်တာတစ်ခု





မပါဘူးနော်၊ ပမာ အခု ဘယ်လိုအောင်မြင်မှုနဲ့ ရပ်တည်နေသလဲ၊ ဘယ်လိုမိန်းကလေးလဲ မင်း သိတယ်၊ မင်းနဲ့လက်ထပ်မှ သူ့ဘဝ ရပ်တည်နိုင်မှာမဟုတ်ဘူး၊ သူနဲ့လက်ထပ်တဲ့အတွက် ဖေဖေတို့မှာသာ..."

"ဘာတွေထပ်ရဖို့ ရှိနေလဲ ဖေဖေ၊ အဲဒါတွေကို ဘယ်သူက လိုချင်တပ်မက်နေလို့လဲ၊ နေပါဦး..၊ ဒီကိစ္စတွေရှိခဲ့တာ ဘယ်ကစခဲ့တာလဲ၊ ဖေဖေတို့ ကျွန်တော် လုံးဝမရိပ်မိအောင် စကားအရိပ်အမြွက်လေးတောင် မဟ,ဘဲနေနိုင်တာ တကယ် အံ့သြတယ်"

"ဟုတ်တယ်..၊ အဲဒါတွေက မောင်မောင် ရှိနေစဉ်ကတည်းက သူ့သဘော၊ သူ့အစီအစဉ်တွေပဲ၊ အားလုံးဟာ ဖေဖေတို့မိသားစု မျက်နှာမငယ်ဖို့ချည်းပဲ သား..၊ အထူးသဖြင့် မင်း ခုလို ကိုယ့်ဘဝနဲ့ ကိုယ့်မာနရပ်တည်ရလာအောင် မလိုအပ်တာတွေကို မြုပ်ကွယ်ထားတဲ့သဘောပဲ၊ မောင်မောင့် လက်ထက်ကနေစပြီး ဒီနေ့ထိ သမီး ပမာ ရဲ့ဘေးမှာ ဖေဖေ ဒရိုင်ဘာလုပ်နေခဲ့တာ မင်း တွက်ကြည့်လိုက်၊ သူ့ဘေးမှာထားပြီး မောင်မောင် က ဖေဖေ့ကို တွဲခေါ်တယ်၊ သင်ပြတယ်၊ နားလည်ကျွမ်းဝင်လာတော့ ထိုက်ထိုက်တန်တန် ချီးမြှင့်တယ်၊ သားရှိမှန်းသိနေတဲ့အတွက် သမီးနဲ့မင်း အသက်နည်းနည်းကွာပေမယ့် ဖေဖေ့ကို အားကိုးတဲ့စိတ်နဲ့ မင်းလက်ထဲကိုမှ သမီးကို အပ်သင့်တယ်လို့ သူ ယူဆခဲ့တာ..."

"ဒါကြောင့် သူ့သမီး မျက်နှာမငယ်ရအောင် ကျွန်တော့်ဘဝကို ဒီလိုမြှင့်တင်ပေးခဲ့တယ်ပေါ့"

"သက်ရောက်မှုတွေ လွဲကုန်အောင်၊ တလွဲခေါင်းစဉ်မတပ်ပါနဲ့ သားရယ်..၊ မင်း ဝါသနာပါတာကိုရွေးပြီး ထူထောင်ပေးခဲ့တဲ့ ဒီလုပ်ငန်းတွေ၊ ဒီတိုက်၊ ဒီကား အားလုံးက ဖေဖေတို့ မိသားစုပိုင်တာတွေပါ၊ ကိုယ့်ပိုင်ဆိုင်မှုနဲ့ကိုယ် ဖြစ်သွားပြီဆိုရင် ကိုယ့်စိတ်ကြိုက် ဘာမဆိုသုံးဖြုတ်လို့ရတယ်၊ တကယ်တော့ ကျေးဇူးတရားဆိုတာ သိတတ်မှုပါ၊ မင်း မသိ



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ကောင်ဆိုရင် သေသွားတဲ့လူက ဘာမှမတတ်နိုင်ဘူး၊ မင်း လက်မထပ်တဲ့အတွက်လဲ ပမာ က တုန်လှုပ်ဖို့မရှိဘူး''

''ဒါ မမ သိလား''

''မသိဘူး..၊ မောင်မောင် သေတမ်းစာရေးခဲ့တာ ရှိတယ်၊ ဖေဖေ့ ဆီမှာ မဟုတ်ပေမယ့် သူ့အခန်းထဲမှာပဲ ဖေဖေကိုယ်တိုင် သိမ်းပေးခဲ့တာ ပေါ့၊ အခု သားလက်ထဲမှာ စွပ်ထားတဲ့လက်စွပ်မျိုး နောက်တစ်ကွင်း အဲဒီသေတမ်းစာနဲ့ အတူတူ ရှိသေးတယ်''

ခြင်း ကိုယ့်လက်ကလက်စွပ်ကို ပြန်ငုံ့ကြည့်မိ၏။

''အဲဒီလက်စွပ်ကို မင်းရဲ့လက်စွပ်လို့ပဲ ရိုးရိုးတွေးထားတဲ့ ပမာ ဟာ သေတမ်းစာထွက်လာတဲ့နေ့မှာ သူ့အတွက် လက်စွပ်ကိုမြင်ရတဲ့အခါ မင်း နဲ့သူ ဘယ်လိုဆက်စပ် သက်ဆိုင်မှုတွေရှိခဲ့တယ်ဆိုတာ သိသွားလိမ့်မယ်''

''ဒီလက်စွပ်က ဖေဖေ ကျွန်တော် ဆယ်တန်းမှာ ဂုဏ်ထူးသုံးခုနဲ့ အောင်လို့ ပေးခဲ့တာမဟုတ်ဘူးလား''

''ဟုတ်တယ်လေ..၊ ဒါပေမယ့် ဒီလောက်တန်ဖိုးကြီးတဲ့ရတနာကို ဖေဖေက ဘယ်လိုလုပ် ပေးနိုင်မှာလဲ၊ အားလုံးက မောင်မောင်ကိုယ်တိုင် စနစ်တကျ စီစဉ်ပေးခဲ့တာတွေပါ၊ သူဟာ ဖေဖေ့ကို သူ့ရဲ့ကိုယ်ပွားလို ယုံကြည်တယ်၊ ခင်တွယ်တယ်၊ သမီးနဲ့တကွသော စည်းစိမ်ဥစ္စာတွေကို မျက်ကွယ်ရောက်တဲ့အထိ သမီး ဘာမှမသိစေဘဲ လွှဲအပ်ပေးသွားခဲ့တာ၊ အဲဒါတွေကြောင့် ဒီနေ့ထိ ဖေဖေ ဘာမှအခွင့်အရေးမှမယူခဲ့ဘဲ သမီးလေး ကို ကိုယ့်သမီးလေးလို စောင့်ရှောက်ပေးနေတဲ့ဘဝမှာပဲ ကျေနပ်ခဲ့တာ၊ ကုန်ကုန်ပြောရရင်.. မင်းက ဖွတ်တရှက်ဆန်ပြီး ထင်ရာလုပ်သွားမယ်ဆို ရင်တောင် ဒီမိသားစုရဲ့မျိုးဆက် ငါ့သမီးလေး ပမာ ကို တစ်ပါးသူလက်ထဲ ဒီတိုင်းမထည့်နိုင်ဘူး၊ ငါကိုယ်တိုင် သမီးရဲ့အိမ်မှာ ကျွန်ခံနေဦးမှာ၊ အဲဒါ မောင်မောင့် စေတနာတွေအပေါ်မှာ စောင့်သိသွားမယ့် ငါ့ရဲ့ကတိသစ္စာ..''





သွားပြီ..၊ ခြင်း မျက်နှာကြီး သုန်မှုန်သွားလျက် လက်စွပ်ကို ရူးရူး စိုက်စိုက်ကြည့်ပြီး ငေးနေခဲ့၏။ ဒါတွေ ဒီလိုရှိခဲ့ပြီးမှ သူ ဘယ်လို မိုက် ရိုင်းနည်းမျိုးနှင့် ရှန်းကန်ထွက်ရမလဲ။ နေတတ်လိုက်ကြတာ..၊ ဒီတိုက်ကြီး နှစ်လုံးပူးပြီး တည်ရှိခဲ့တာ၊ ဒီလိုရည်ရွယ်ချက်တွေ ကြီးမားစွာ တည်ရှိနေ တာ ဘာဆိုဘာမှ သူ မရိပ်မိခဲ့ပေ..။

မမ ကိုယ်တိုင်လည်း ဒါတွေကို မသိလို့ ဖေဖေ့ကို ကုမ္ပဏီမှာ နေရာတစ်နေရာ ယူပါ၊ ဝင်ပါနဲ့ ပြောပြနေတာ သူ့ရှေ့တင်..။

မြင်ကွင်းအတိုင်း သုံးသပ်မိတာကတော့ ဖေဖေနဲ့ အန်ကယ် ဦးမောင်မောင်မြင့်ဟာ သိပ်ချစ်ခဲ့ကြတဲ့ သူငယ်ချင်းတွေဆိုတာပဲ ဖြစ်၏။

ဖေဖေ မမကို စောင့်ရှောက်နေမှန်း သိပေမယ့်လည်း သူငယ်ချင်းရဲ့ သမီးမို့ ဝတ္တရားရှိတဲ့အတိုင်းဆိုတာထက် ပိုပြီး ဘာမှမတွေးမိခဲ့။ ထိုစဉ် ဖေဖေ့စကားသံ ထွက်လာသဖြင့် သူ့အတွေးတွေ ပြတ်တောက်သွားသည်။

''ဒီသေတမ်းစာကို သမီး ဘယ်နှစ်နှစ်ပြည့်မှ ဘာညာ ဘာမှသတ် မှတ်မထားဘူး၊ သားနဲ့သမီးတို့အခြေအနေ အေးချမ်းနေသရွေ့ အရွယ် မလွန်၊ အကျဉ်းအကျပ် မရောက်သရွေ့ ဒီတိုင်းနေကြပါစေ၊ သားက ဖြစ်စေ၊ သမီးကဖြစ်စေ တခြားသူတစ်ယောက်ယောက်နဲ့ ပေါင်းဖက်ဖို့ ဖြစ်လာတဲ့အခါကျမှသာ...''

''သူကဖြစ်စေ၊ ကျွန်တော်ကဖြစ်စေ ဒီသေတမ်းစာကို ဂရုမစိုက် ဘူးဆိုရင်ရော...''

''ဖေဖေ့ကိုတော့ မောင်မောင် က ဘာမှချုပ်မထားပါဘူး၊ သူ့သမီး ဘက်မှာ ဘယ်လိုမှာခဲ့မယ်ဆိုတာတော့ ပမာ လဲ စာကိုဖတ်ရမှ သိရမှာ..၊ အခု ငါ့သားဘက်က ဒီလို ခြေလှမ်းမှားနေပြီဆိုတော့ မောင်မောင် မှာခဲ့ အတိုင်း စာကိုပြရတော့မယ်၊ ဆုံးဖြတ်တာကတော့ လူငယ်တွေအပိုင်းပေါ့''

''သမီးလေးက အရမ်းကို လိမ္မာတဲ့ မိန်းကလေးပါ၊ ဒီကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



သားက စ,သိပေမယ့် ငြင်းခွင့်မရှိဘူးနော်၊ မင်းက ယောကျ်ားလေး..”

ဒေါ်ခင်ယု ဝင်ပြောလိုက်တော့ ခြင်း ခေါင်းထောင်သွား၏။

“**အဲဒါတော့ မေမေ ပြောတာ သဘာဝမကျဘူး**”

“ကျကျ၊မကျကျ ဒါကိုတော့ နာခံပါ သားရယ်..၊ အမိန့်တစ်ခုကို လွန်ဆန်ဖို့က စကားတစ်ခွန်း၊ အပြုအမူတစ်ချက်နဲ့ ပြီးပါတယ်၊ ကတိစကားတစ်ခွန်းကို ဖျက်လိုဖျက်၊ ပြင်လိုပြင်လုပ်ဖို့ဆိုတာ သူတော်ကောင်းတွေ အသက်သေမလောက် ဝန်လေးကြတဲ့အလုပ်၊ အဲဒါကြောင့် မေမေတို့ကို သား နားလည်ပါကွယ်”

“မဟုတ်သေးဘူး ရှမေမေ..၊ ကျေးဇူးဆိုတာ သိတတ်ဖို့ပေမယ့် အခုကိစ္စက သေချာအုတ်မြစ်ချလာခဲ့တဲ့ စီမံကိန်းတစ်ခုပဲ၊ ခပ်ရိုင်းရိုင်းပြောဖန်ရရင် သူ့သမီးအတွက် လိုအပ်ချက်ကို...”

“တိတ်စမ်း ခြင်း...”

ထူးဆန်းစွာ နီမြန်းတင်းမာနေသည့် ဖေဖေ့မျက်နှာကို ပထမ အံ့ဩသွား၏။ ဒါပေမယ့် မာနစိတ်က အဖေတစ်ယောက်လုံးကိုတောင် အကောင်းမမြင်ချင်။ နားလည်ပေးနိုင်တာတွေက သပ်သပ်၊ လုံးဝ မပေးနိုင်တာက တခြား။ ဘာ့ဆိုင်လို့လဲ..၊ ဘယ်တုန်းကတည်းကပဲ စီစဉ်ခဲ့ပါစေ၊ စစ်တုရင်ခုံပေါ်မှာ ဘုရင်နှင့် ဘုရင်မကို နေရာချထားလိုက်သလို ကိုယ့်ဘဝအနာဂတ်နှင့်ကိုယ် ရတတ်လို့လား..။

တကယ်ကို မထင်ခဲ့ပေ။ ဖေဖေနှင့် မေမေတို့ရဲ့စိတ်ဓာတ်၊ အယူအဆ ပြင်းထန်ခဲ့ခြင်းမရှိတာကိုရော သူ့ဘက်ကလည်း ဘယ်လိုအမှားကြီး၊ အမှားငယ်ကိုမှ မကျူးလွန်ခဲ့တာအတွက်ရော..။

ဒီနေ့ ဒီလိုအချိန်မှာ ဤကဲ့သို့သော ပြဿနာမျိုး မိသားစုထဲမှာ ရင်ဆိုင်ရလိမ့်မယ်လို့ ယောင်လို့ပင် တွေးမကြည့်ခဲ့ဖူးတာ အမှန်..။

“ဒီပြဿနာ အစချီလာကတည်းကိုက မှားနေတာ”



ပြောချလိုက်လျှင်တော့ ကွိုင်အကြီးကြီးတက်တော့မည်၊ လက်စွပ်တွေ၊ သက်သေတွေနှင့် စေ့စပ်ခဲ့ရအောင် ကိုယ်က...

“မင်းကိုယ်မင်း ဘယ်နှစ်ရာစုနှစ်လောက်ထိ ရှေ့ပြေးပြေးနေချင်တာလဲ”

ဦးအောင်ခြင်း ၏ဒေါသက စကားသံတွေပါ တုန်ယင်နေ၏။

“ငါတို့ရဲ့ဘဝအစကိုက ခြေနှစ်ဖက်၊ လက်နှစ်ဖက်ကနေ မတိုးမွားနိုင်ခဲ့တာ၊ သူများ အရိပ်မိုးပေးမှ အေးရတယ်၊ သူများတွဲမှ ထရတယ်၊ အဲဒါ အောင်ခြင်း ရဲ့ဘဝ..၊ အောင်ခြင်း ရဲ့သားက ဘယ်လောက်ထိမြင့်ချင်လို့လဲ လွတ်လပ်ခြင်း၊ ဒါတွေ ပုံပေးပြီးတော့များ မင်းကို သိမ်းပိုက်ပါတယ်ဆိုပြီး မာန်တက်သွားတာလား၊ ရှုးမနေနဲ့ ဟောကောင်..၊ အောင်ခြင်း ရဲ့သားဆိုတဲ့အချက်တစ်ချက်ကြောင့် မင်း ပွဲလယ်တင့်သွားတာ၊ ငါဆိုတဲ့ကောင်က လူမချမ်းသာပေမယ့် သစ္စာသမာဓိနဲ့ နေတာ..၊ မင်းကိုယ်ပေါ်မှာ လွှမ်းမိုးသွားတာ အဲဒီ ငါ့ရဲ့အရိပ်ပဲ၊ ဘာမှမရှိခဲ့တဲ့ ကိုယ့်ဘဝကိုယ်သိ၊ သူများကျေးဇူးကို နားလည်၊ ဒီထက် ဘာမှပိုမတွေးနဲ့..”

ကောင်းသားပဲ..၊ ခေါင်းညိတ်တတ်အောင် သံပတ်ပေးလိုက်ပါဦး။ ခြင်း မျက်နှာ မဲ့ခနဲဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၀ ]

သေတမ်းစာဆိုပေမယ့် အရောင်လွင့် ဟောင်းနွမ်းတဲ့အထိတော့ မဖြစ်သေးပါ။ ဖေဖေ့လက်ရေးနဲ့ လက်မှတ်ဆိုးတဲ့အထိ ဖတ်ပြီးမှ ပမာ့ မျက်ဝန်းလေး ဦးအောင်ခြင်း ထံရွေ့လာ၏။ မျက်ခုံးတွန့်တွန့်၊ မျက်ဝန်း လက်လက်ကလေးတွေက စကားလုံးတွေ ဆွဲအနေစေတဲ့အထိ အံ့သြသွား ခဲ့တာ သိသာနေသည်။

ဒါပေမယ့် ကိုယ့်ရဲ့သားလိမ္မာလိုတော့ ရူးရှပေါက်ကွဲတာမျိုး မဖြစ်..။

ဒီလိုပဲလေ..၊ ကိုယ့်သားလေးက ကြီးကျယ်မြင့်မားတဲ့ လူတော် လူကောင်းလေးကိုး။ အနေရခက်သည့်စိတ်နှင့် မျက်နှာလွှဲလိုက်တာ တောင် သားဖြစ်သူရဲ့ဂုဏ်ရည်တွေကို တွေးမိနေတုန်း..။

"အန်ကယ်..၊ ဒါ.. ဒါတွေရှိခဲ့တာ အန်ကယ် ဟိုတုန်းကတည်း က သိနေခဲ့တာလား"

အမေးရှိလာတော့ အဖြေရှိရမည်။ ဦးအောင်ခြင်း ခေါင်းညိတ်လိုက် ရကာ...

"သိတယ်၊ ဒါပေမယ့် ဖွင့်ပြောပြဖို့အချိန်ဆိုတာကတော့ သမီးရဲ့ ဖေဖေပဲ သတ်မှတ်ခဲ့တာပါ၊ ဘာလဲဆိုရင် သမီးနဲ့ သားရဲ့အခြေအနေတွေ တခြားတစ်ယောက်နဲ့ ငြိတွယ်သွားကြဖို့ ယိမ်းယိုင်မလာမချင်း..."

"ဒါဆို အခု ပမာ က အဲဒီလိုပုံပေါက်လာလို့ အန်ကယ်က ဖွင့် ပြောတာလား.."





"မဟုတ်ပါဘူး"

"ဒါဆို..."

"အန်ကယ့်သားပါ၊ ဒါ အရှင်းဆုံးဝန်ခံတာပါ သမီးရယ်၊ လူငယ် မို့ စိတ်ယိုင်တတ်လို့လဲ ကာကွယ်မပြောချင်ပါဘူး၊ ငယ်တော့တဲ့ အရွယ် တွေမှ မဟုတ်တော့တာ.."

ဟုတ်တယ်လို့ ပြောလိုက်သည့်အတိုင်း ပမာ့ နှုတ်ခမ်းလေးနှစ်လွှာ တင်းခနဲ စေ့၏။

မျက်နှာချင်းဆိုင်ပြောဖြစ်ကြရာတွင် ပမာ့ မျက်ဝန်းတွေ စူးလက် သွားတာ၊ နှုတ်ခမ်းစေ့သွားတာကအစ အခု မျက်နှာလွှဲလိုက်တဲ့အထိ အခြေအနေတွေက အနီရောင်မီးပွင့်တွေ ပတ်ပတ်လည်မှာ လင်းလက် လာကြသလိုပင်..။

ဦးအောင်ခြင်း စိတ်မကောင်းဖြစ်သွားခဲ့၏။ ကိုယ့်စေတနာက ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခြင်းတွေ အလျှဦး ကင်းပါ၏။

နောက်ထပ်ပြောဖို့ စကားအတွက် တင်းကပ်ကပ် နှုတ်ခမ်းတို့ကို မသိမသာ တစ်ချက်ကိုက်ရ၏။ ပြီးမှ...

"ဒီစာ ရှေ့နေကြီး ဦးခန့်မော် ဆီမှာလဲ ရှိပါတယ်၊ ဒီလိုပြောဖို့ သက်သေတွေထူပြီး လက်ထပ်ဖို့အရေးအတွက် မရအရ ကြိုးစားတယ်လို့ တော့ မထင်လိုက်ပါနဲ့ကွယ်၊ မောင်မောင် နဲ့ အန်ကယ်တို့ စပြီးလက်တွဲ ကြကတည်းက သူ ဆုံးသွားတဲ့အထိ အန်ကယ့်ဘက်က ဘာတစ်ခုမှ တောင်းဆိုခဲ့တာ မရှိဘူး၊ နောင် ဒီလိုစီစဉ်ခဲ့ပါလား၊ ဒီလိုလုပ်ပါလားလို့ လဲ တစ်ခွန်းတစ်ပါဒမှ အကြံဉာဏ်ပေး မပြောခဲ့ဖူးပါဘူး၊ ဒါပေမယ့် သူ ဘယ်လောက်ထိ ဖြစ်စေချင်သလဲဆိုတာတော့ သမီးကို ယုံစေချင် တယ်၊ အဲဒါကြောင့်လဲ အန်ကယ်က ဖြစ်စေချင်တာပါ"

"ပမာ ကတော့ မဖြစ်သင့်ဆုံးကိစ္စလို့ပဲ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟင်!…”

ဦးအောင်ခြင်း ဟင်ခနဲ ဖြစ်သွား၏။ ဒါပေမယ့် ဒီလိုအခြေအနေမျိုးဖြစ်လာခဲ့ရင် သူ့ဘက်က ဘာမှရှေ့ဆက်ကျော်တက်ခြင်း မပြုဖို့က ဆုံးဖြတ်ထားပြီးသား။ ဝမာ က လက်စွပ်ဘူးကို ကိုင်ကြည့်နေရင်း တဖြည်းဖြည်းမှ ဖွင့်လိုက်၏။

“ဟင်!…”

မျက်ဝန်းလေးတွေ ဝိုင်းဝိုင်းလည်သွား၏။ ဒါ… ဒီလက်စွပ်က ခြင်း ဆီမှာလည်း ရှိနေသည်။ သူမအကြည့်တွေ ဖျတ်ခနဲ ပင့်သက်လာတော့ ဦးအောင်ခြင်း သည် သက်မဲ့မျက်ဝန်းများနှင့် ခပ်လေးလေး ခေါင်းညိတ်ကာ…

“သမီးဖေဖေ စီစဉ်ခဲ့တာပါ၊ သားကတော့ သူစိမ်းလေ..၊ ဒီသူစိမ်းလူဟာ သမီးနဲ့စေ့စပ်ထားတဲ့သူ၊ ဘယ်အချိန် ဘယ်ကာလကတည်းက ဒီလိုရည်ရွယ်ထားခဲ့သူ..၊ ဒါကို သူက/ သမီးတို့ကို လက်စွပ်မြင်တာနဲ့ သဘောပေါက်စေချင်တာ၊ အန်ကယ် အသိပေးရတဲ့အနေအထား မဟုတ်ဘဲ အားလုံး သူ့ဆန္ဒတွေပဲဆိုတာကို သိစေချင်တာ ထင်ပါတယ်”

ပမာ့ ရင်ထဲမှာ နင့်သွားသည်။ ဖေဖေ့လက်ရေးကို မြင်လိုက်ကတည်းက ငိုချင်နေသည့်စိတ်က လက်စွပ်ကိုမြင်မှ မျက်ရည်တွေဝေ့တက်လာတာကို သိမ်းဖို့ သတိမရ..။

“လက်စွပ်..၊ လက်စွပ်အပ်ထားတာလေ၊ ပုံစံတူလိုချင်လို့ အပ်ခဲ့တာကို အလွဲသုံးစားလုပ်ပစ်တယ်”

ဖေဖေ ရှူးရှူးဒိုင်းဒိုင်းဖြစ်ပြီး ချက်ချင်း ကားမောင်းထွက်တာ ည ဆယ့်တစ်နာရီတိတိ၊ မှတ်မိနေပါသေးသည်..၊ အဲဒီညက ဘယ်က ဖုန်းဝင်လာပြီး ဖေဖေ သိသွားမှန်း မသိပါ။



ညတွင်းချင်းထွက်လို့ ပမာ ကလည်း ဖွတ်လိုက်သည်။ အဖေတစ်ခု သမီးတစ်ခုဘဝမို့ ပမာ ဖေဖေ့ကို မျက်စိအောက်ကတောင် အပျောက်မခံနိုင်..။

ဒါပေမယ့် ပမာ ပါလာတော့ ဖေဖေ လမ်းကနေပဲ လှည့်ပြန်လာခဲ့၏။ သမီးက အထက်တန်းကျောင်းသူပဲ ရှိသေးသည်မို့ ဖအေကလည်း ဘာတွေပဲလုပ်လုပ် ဒီသမီးအတွက်သာ..။

မနက်ကျတော့ သားအဖ အတူတူ သွားခဲ့ကြသည်။ လက်စွပ်ကို ပြန်မရသေးဘဲ စကားတွေပြောရ၊ ရင်ဆိုင်ရနှင့် တော်တော်ကြာသွား၏။

“လက်စွပ်က ဘယ်လောက်တန်လို့လဲ ဖေဖေ..၊ ခုပဲ ဖေဖေ တော်တော်ကုန်နေပြီ”

“တန်ပြီကော သမီးရယ်..၊ ပြီးတော့ ဒီလက်စွပ်က သိပ်ကိုအရေးကြီးတဲ့ ဖေဖေတို့မျိုးရိုးပစ္စည်း..၊ လုံးဝ ပျောက်လို့မဖြစ်ဘူး”တဲ့..။

ထိုစဉ်က ပုံစံတူ ဘာဖြစ်လို့ ထပ်လုပ်တာလဲလို့ မမေးဖြစ်ခဲ့ပါ..။

လက်စွပ်အတွက် ဖေဖေ ကျန်းမာရေးထိခိုက်တဲ့အထိ ဖြစ်ခဲ့၏။ ထို့ပြင် နေပြည်တော်မှာ ဟိုတယ်ဖွင့်ဖို့ကိစ္စနှင့် အန်ကယ် ဦးအောင်ခြင်း ကလည်း အနားမှာ မရှိ..။ လက်စွပ်တန်ဖိုးကို အတိအကျ မသိလိုက်ရသလို ဘယ်လိုလက်စွပ်ဆိုတာလည်း မမြင်ဖူးခဲ့ပါ..။

လက်စွပ်နှင့်ပတ်သက်သည့်ပြဿနာကို ရှင်းနေစဉ်အောက်ပိုင်းမှာ ပမာ့ ကို ဖေဖေ ခေါ်မသွားတော့ဘဲ ဘာမှလည်း မပြောတော့ပေ။ မေးလိုက်တိုင်း ‘အဆင်ပြေမှာပါ’လို့ပဲ ဖြေ၏။

ဒီလက်စွပ်နှစ်ကွင်းကိုမြင်ရမှ ပမာ့ စိတ်အာရုံထဲမှာ အတိတ်က ပုံရိပ်တွေနှင့် ဆက်စပ် တွဲထင်လာသည်။

ဖေဖေ ဒီလောက်တောင် ခြင်း ကို မျှော်လင့်ခဲ့သည်လား..။ ရင်ထဲမှာ နင့်သီးကြေကွဲခြင်းက ဖေဖေ့ကို တောင်းပန်နေမိတာလား၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ဒေါသထွက်ခြင်းလား ဘာမှန်းမသိ..။

သူမ ခြင်း ကို လက်မထပ်နိုင်ပါ..။

"အဟမ်း.."

ဦးအောင်ခြင်း ၏ချောင်းဟန့်သံကြောင့် ပမာ့ စိတ်တွေ ပစ္စုပ္ပန်ဆီ ပြန်ရောက်လာ၏။

"သမီးရဲ့ဆန္ဒကို အန်ကယ် မသိပေမယ့် အန်ကယ့်ဘက်ကတော့ သမီးဖေဖေနဲ့ သဘောတူခဲ့တဲ့အတိုင်း ဖြစ်စေဖို့ အန်ကယ့်သားကို..."

"နေဦး အန်ကယ်.၊ ပမာ ပြောပါရစေ"

"ပြောပါ သမီးရယ်..၊ ပြောပါ.."

"ပမာ အန်ကယ့်ကို လေးစားပါတယ်၊ ဟိုတုန်းကတည်းက ခု ချိန်ထိ ယုံကြည်လေးစားနေဆဲပါ၊ ဒါက ဖေဖေ့ရဲ့ ယုံကြည်အားကိုးရတဲ့ မိတ်ဆွေသူငယ်ချင်းကောင်းအဖြစ်နဲ့ပေါ့နော်"

"ဟုတ်ပါပြီ၊ ပြောပါ..."

"ဒါပေမယ့် ဆွေးနွေးရမယ့်ကိစ္စက အိမ်ထောင်ရေးဖြစ်နေတော့ အန်ကယ့်ကို တစ်မျိုးတစ်မည်ထင်ပြီး ပမာ့ ဘက်က စော်ကားပြောဆိုမိသလို ဖြစ်သွားခဲ့ရင် ခွင့်လွှတ်ပါ"

ဒီလောက်ဆို သဘောပေါက်သွားပြီမို့ ဦးအောင်ခြင်း က လူကြီး ပီသသည့် ခွင့်လွှတ်ပြုံးနှင့်...

"ပြောရမယ့်လူတွေမှ မဟုတ်တာ သမီးရယ်..၊ သားနဲ့သမီးကို သဘောတူခဲ့တာကလွဲလို့ သေတမ်းစာမှာ ဘယ်လိုရေးထားတယ်ဆိုတာ လဲ အန်ကယ် မဖတ်ခဲ့ရပါဘူး၊ အခု သမီးက ဖတ်ပြီးပြီဆိုတော့..."

"သေတမ်းစာမှာပါတာက အမွေကိစ္စတွေရော၊ အိမ်ထောင်ရေး ရော အစုံပါတယ်၊ အိမ်ထောင်ရေးကိစ္စ အဆင်ပြေသွားပြီဆိုမှ ရှေ့ရေး နဲ့ နောက်ထပ် ဆွေးနွေးရမှာ..။ ရှေ့နေကလဲ ပမာ အိမ်ထောင်ပြု





အကြောင်း မပေါ်မချင်း အမွေကိစ္စကို သူ စမှာမဟုတ်ဘူး၊ ပထမ အဓိကက အန်ကယ်နဲ့ ပမာ တို့ ဖေဖေ့ဆန္ဒအတိုင်း ရှေ့ဆက်ဖို့ပါ.."

ပမာ က အမြဲတမ်း ရဲရင့်နေတတ်သူပီပီ မျက်နှာပျက်သွားတာ၊ ငိုင်တွေသွားတာ ခံစားချက်တွေအားလုံးကို သူမ မျက်နှာထက်မှာ ခဏ လေးပဲ မြင်လိုက်ရသည်။

"မြန်မာလူမျိုးတို့ရဲ့ နာခံကြတဲ့ အစဉ်အလာအတိုင်း မိဘရဲ့ သေတမ်းစာကို အလေးထားနာခံသင့်တာ မှန်ပေမယ့် ဒီစာဟာ ဖေဖေ မျက်စိနှစ်လုံးမမှိတ်ခင်မှာ မြင်တဲ့၊ သိတဲ့အတိုင်း ခံစားမိတဲ့ စေတနာတွေ နဲ့ ရေးခဲ့တာပါ၊ ပမာ တို့ချည်းပဲ ရှေ့ဆက်ရန်းကန်လာခဲ့ကြတဲ့အပိုင်းမှာ ဖေဖေ မပါတော့ဘူး"

တွေးလည်း တွေးခေါ်နိုင်စွမ်းပါသည်။ ပြောလည်း ပြောတတ်ပါ၏။

ဦးအောင်ခြင်း တစ်ခွန်းတလေမှ ဝင်မပြောနိုင်ဘဲ အငေးသားကြည့် နေခဲ့မိသည်။

"တကယ်တော့ သေတမ်းစာအတိုင်း နာခံခဲ့ကြတဲ့သူတွေဟာ မျက်စိမှိတ်ပြီး ချောက်နက်ခမ်းကို နင်းလျှောက်နေကြတာပဲ အန်ကယ်၊ ပမာ ကတော့ ရိုသေကိုင်းရှိုင်းမှုကို နေရာမကျတဲ့နေရာမျိုးမှာ အရိုးစွဲ ကျောက်ချမထားချင်ဘူး၊ ဖေဖေ မြင်ခဲ့တဲ့အပိုင်းမှာ ခြင်း နဲ့ ပမာ တို့ ချစ်ခင်နားလည်မှုတွေနဲ့ ရှိချင်ရှိနေနိုင်ပေမယ့် အခု လုံးဝ ဆန့်ကျင်အောင် ဖြစ်နေကြပြီဆိုရင် တကယ်လို့ ဒါကို ဖေဖေ မြင်နိုင်၊ သိနိုင်တဲ့အခြေ အနေဖြစ်ခဲ့ရင်ပေါ့၊ ဖေဖေလဲ ဆုံးဖြတ်ချက်တွေ ပြင်ချင်ပြင်မှာပဲ"

"သမီးဆန္ဒကို ပွင့်ပွင့်လင်းလင်း ပြောပါကွယ်..။ အန်ကယ့် မျက်နှာကို မငဲ့ပါနဲ့.."

"ဟုတ်ကဲ့..၊ ပမာ က အန်ကယ့် ကို စော်ကားသလိုဖြစ်မှာတော့ အရမ်းစိုးရိမ်ပါတယ်၊ ဒါပေမယ့် မရှိတော့တဲ့သူရဲ့ဆန္ဒအရ လုံးဝ မနှစ်



www.burmeseclassic.com

www.burmeseclassic.com



သက် သဘောမကျနိုင်သူနဲ့ လက်ထပ်ပေါင်းသင်းရမယ်ဆိုတာကို မလိုက်နာနိုင်ဘူး အန်ကယ်၊ သူက အန်ကယ့်သားဖြစ်နေတဲ့အတွက် ပြောရတာ အရမ်းကို အားနာမိပါတယ်''

''ကိစ္စမရှိပါဘူး…၊ ဒါဏ အန်ကယ့်သားဘက်က ချို့ငဲ့မှုတွေရှိလို့ ဆိုတာ အန်ကယ် သိတယ်၊ ဒီချို့ငဲ့မှုဆိုတာလဲ ငွေကြေးဂုဏ်ဓနနဲ့ မဆိုင်ဘူး၊ သမီးရဲ့သဘောထားအမှန်ကို အန်ကယ် နားလည်ပါတယ် ကွယ်၊ ရှင်းပြမနေပါနဲ့..''

''ဟုတ်တယ်၊ အန်ကယ် ပမာ့ ကို နားလည်ပေးပါလို့ပဲ ပြောပါရစေ၊ ဖေဖေ ရေးထားတဲ့အတိုင်း အိမ်ထောင်ရေးကြောင့် အမွေကိစ္စမှာ အဆင်မပြေမှုတွေ ရှိလာမယ်ဆိုတာကိုလဲ ပမာ မကြောက်ဘူး၊ အဓိက က ပမာ လက်ထပ်မယ့်ယောက်ျားဟာ ကိုယ့်ထက် ငါးနှစ်လောက် ငယ်မနေရဘူး၊ ကိုယ်က လက်တစ်ဆုပ်ပဲ ရနိုင်ရင် သူက လက်တစ်ဆုပ် ရနိုင်ရမယ်၊ အရည်အချင်းအားဖြင့် ပမာ လိုချင်တာ အဲဒီလောက်…''

''အိမ်ထောင်ရေးအတွက် မေတ္တာတရားက အရေးမပါတော့ဘူး လား သမီး''

''အရေးပါပါတယ်၊ ဒါပေမယ့် ခြင်း က ပမာ ချစ်တဲ့ယောက်ျား ဖြစ်လာမှာမဟုတ်သလို သူ့မျက်စိထဲမှာလဲ မြပမာ က ဘယ်တော့မှ ချစ်စရာဖြစ်လာမှာ မဟုတ်ဘူး၊ ပမာ့ အတွက် အချစ်က အရေးမပါပါ ဘူး၊ ခုချိန်ထိလဲ အဲဒါတွေကို စိတ်မဝင်စားဘူး''

''ကောင်းပါပြီ..၊ သမီး ဖြစ်စေချင်သလို ဖြစ်ရပါ့မယ်၊ ဘာလုပ် ချင်သလဲ ပြောပါ၊ မင်္ဂလာကိစ္စ မဖြစ်မြောက်ရခြင်းအတွက် အန်ကယ် တို့ဘက်က လုံးဝပြောင်းလဲသွားမှာမဟုတ်သလို သမီးက ပြောင်းလဲချင် ပါတယ်ဆိုရင် အချိန်မရွေးပြောပါ၊ ဘာမှ မသက်ဆိုင်ကြသူချင်း…''

ဦးအောင်ခြင်း ထိုစကားပြောလိုက်ရခြင်းမှာတော့ ရင်ထဲမှ တကယ်





…မိသည်။

မလိမ္မာဘူးဆိုတဲ့ သားအပေါ်မှာလည်း ဒေါသမဖြစ်မိဘဲ ကရုဏာ …သာ ဖြစ်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ သားရဲ့ဘက်ကနေ …နာငယ်စွာ ပြောခဲ့ရတာဖြစ်သည်။ သားသမီး မျက်နှာငယ် နိမ့်ပါး …ာ မိဘနှင့် သက်ဆိုင်နေသည်မို့…

''ဟင်!…''

တံခါးကနေ လှည့်ထွက်လိုက်တော့ သားအဖနှစ်ယောက် မျက်နှာ …င်းဆိုင်မိလိုက်ကြ၏။ နီရဲသုန်မှုန်နေသည့် သားဖြစ်သူမျက်နှာကို …အောင်ခြင်း နားလည်လိုက်ကာ…

''သား…''

လက်မောင်းကို စိုးရိမ်စိတ်နှင့် ဖမ်းဆုပ်ဆွဲလိုက်၏။ ခြင်း က …ယ်ချကာ…

''ကျွန်တော်တို့ချင်း ခွေးချေးခွင့် မရှိဘူးလား ဖေဖေ''

ဦးအောင်ခြင်း ငိုင်သွား၏။ ခြင်း က အခန်းထဲကို တောက်လျှောက် …သွားခဲ့ပြီး…

''မမ..''

ပမာ သည် လက်စွပ်ကို ခွေးမြည့်ကမ်းတသည့်မျက်ဝန်းလေးများ … စိုက်ကြည့်နေကာ သူ ချက်ချင်းဝင်သွားတော့ ဖျတ်ခနဲ မော့ကြည့်၏။ ပြီးတော့ မျက်မှောင်ကြုတ်သွားကာ လက်စွပ်ကို ဘူးထဲ ပြန်ထည့် … ထရပ်လိုက်သည်။ ဘူးကို သိမ်းမလို့လား၊ ဂရုမစိုက်တာကို တမင် …တာလား မသိပေမယ့် ခြင်း က ဆိုဖာတွေကိုတွေ့သွားကာ သူမ …မှာ ရပ်လိုက်၏။

''ဒေါ်မြပမာ ကို ကျွန်တော်ကလဲ လက်ထပ်ဖို့ ဘယ်တော့မှ …စားဘူးဆိုတာ သိစေချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ပမာ က ခေါင်းညိတ်၏။

"ဒါဆို ပြီးနေတာပဲ၊ ဘာလို့ လာပြောနေတာလဲ"

"တစ်ယောက်တည်း ကြေညာချက်တွေထုတ်နေတာ အကြား
မတော်သူများထဲမှာ ကြားနေသလိုကြီးပါဗျာ၊ ဒီမှာ မမ မှတ်ထားစမ်းပါ..
ကျွန်တော်က လက်ထပ်ဖို့ ရည်ရွယ်ပြီးသား ရှိတယ်၊ အဲဒါ မမလဲ သိ
ပြီးသားပဲ၊ အခု ကျွန်တော့်ကွယ်ရာမှာ မမ အားရပါးရ ပြောနေတာတွေ
ကျွန်တော့်ရှေ့မှာဆိုရင် ဘယ်အဓိပ္ပာယ် သက်ရောက်သွားမယ် ထင်လဲ"

ပမာ့ ကိုယ်လေး တောင့်မတ်သွား၏။

"မမ သိပြီးသားတွေပဲလေ၊ ဘာဖြစ်ဖြစ် ထူးလာမှာမှ မဟုတ်တာ"

"ဘာ!..."

"အဟွန်း.."

"မင်း... မင်း ဘာသဘောနဲ့ ပြောလိုက်တာလဲ.."

"ကိုယ့်ကိုယ်ကိုပဲ ပြန်မေးပါ၊ ကျွန်တော် မပြောချင်ဘူး"

ပမာ နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်၏။ သူ့မှာ ရည်းစားရှိ
မှန်း သိနေလို့၊ မရနိုင်တဲ့အတူတူ ကိုယ်က အနိုင်နှင့်ပိုင်းပြောလိုက်
မျိုး..။

ပြောရက်လိုက်တာ..၊ သူ့ကို ဘယ်တုန်းကများ ပမာ စိတ်
တစား စပ်စုခဲ့ဖူးသလဲ။ သူ့အကြောင်း၊ ကိုယ့်အကြောင်း စပ်စုရလော
အောင်ရော တစ်ယောက်နှင့်တစ်ယောက် စိတ်ဝင်စားခဲ့ကြတာရှိလား

ချစ်သူရှိတယ်ဆိုတာလဲ သူပြောလို့၊ မရှိဘူးဆိုလဲ စိတ်မဝင်စားပါ

"တောက်.."

ဘယ်လို တည်ငြိမ်တယ်ပဲပြောပြော ဒေါသကတော့ ထွက်
တာပဲ..။ ပမာ နှုတ်ခမ်းသားလေးတွေ လှုပ်ခတ်လာတဲ့အထိ ဒေါသ
အတိုင်းအဆမဲ့..။





"မင်း ဘာကို ရည်ရွယ်တာလဲ ခြင်း၊ ငါ့ဘက်က မခံချင် ဒေါသ
တွေနဲ့အတူ ဘာကိုလိုချင်တာလဲ"

"တစ်ခု၊ နှစ်ခုပါပဲ"

ခြင်း မျက်နှာကလည်း တင်းနေသည်။ မင်္ဂလာကိစ္စဆိုတာ လူကြီး
တွေက နားလည်အောင် ပြောပြခဲ့တာမို့ စီစဉ်ရမှာပဲဆိုရင်တော့ နာခံဖို့
ဆုံးဖြတ်ခဲ့သည်။

ဒါပေမယ့် ဖေဖေနဲ့ ပြောနေတဲ့စကားတွေကို ကြားလိုက်ရတော့
မာနက သွေးထဲမှ ပွက်ပွက်ဆူ၏။ ပြောဖို့ပါမလာတဲ့စကားတွေကို
ပြောဖြစ်ခဲ့ပြီး စိန်ခေါ်ဖို့ ရည်ရွယ်တာလည်း မဟုတ်ခဲ့ဘဲ...

"ကျွန်တော်က မျက်နှာငယ်ရတဲ့ဘက်ကကောင်..၊ အဲဒီတော့
ဖိအားက ကျွန်တော့်ဘက်မှာ ပိုရှိနေတယ်၊ လူကြီးတွေ ကမ္ဘည်းတင်ခဲ့တဲ့
စာရွက်တစ်ရွက်ရဲ့ ကတိကဝတ်တွေကို မမဘက်က ဖျက်ပေးပါ၊ ယွန်း
နဲ့ ကျွန်တော် လက်ထပ်ဖို့နဲ့ပတ်သက်လာရင် မမနဲ့ ပတ်သက်လာနိုင်တာ
ဘာကိစ္စမဆို မမ ကူညီပေးဖို့..."

"အဲဒါ ဘာဆိုင်သလဲ"

"ဆိုင်လာနိုင်စရာတွေ ရှိလို့ပါ၊ အချစ်မေတ္တာတွေ မမ စိတ်မဝင်
စားပေမယ့် ကျွန်တော်က စိတ်ဝင်စားတယ်၊ အထူးသဖြင့် စက်ရုပ်လို
ပေါင်းသင်းသွားရမယ့် အိမ်ထောင်ရေးကို လုံးဝ မလိုချင်ဘူး"

ပမာ ဆတ်ခနဲ ခေါင်းညိတ်၏။

"တစ်ခုတော့ ရှိတယ်..၊ ငါ့ဘက်က ငါမတတ်နိုင်တာဆိုရင်တော့
ဆောရီး.."

"အဟွန်း..၊ ကျွန်တော်ကတော့ ကျွန်တော် တခြားမိန်းကလေး
တစ်ယောက်နဲ့ အိမ်ထောင်ကျသွားဖို့ မမဘက်က ရက်ရောနေမှ၊ မမရဲ့
အပြောတွေ အဟောတွေ ညီမှာလို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခြင်း..၊ မင်းက မင်းကို ငါ တစ်ဖက်သတ် ကြိုက်နေတယ်လို့ များ ထင်နေလားဟင်.."

ခြင်း မျက်နှာထက်က အေးစက်စက်အပြုံးကို ပမာ စိုက်ကြည့်နေမိ၏။

"အဲဒါတွေ မလိုအပ်ဘူးထင်လို့ ဘယ်တုန်းကမှ ထည့်မပြောခဲ့တာပဲ ဒေါ်မြပမာ၊ ဒါပေမယ့် ခုပြောမှ ဖြစ်မယ်၊ ဘယ်သူ့ရင်ဘတ်ထဲမှာ ဘာဖြစ်နေနေ ကျွန်တော့်ရင်ဘတ်ထဲမှာ ကျွန်တော့်ချစ်သူပဲ ရှိတယ်ဆိုတဲ့ အကြောင်း..."

"တောက်..."

ရင်ထဲမှာ တက်ခေါက်သံကြောင့် ဆောင့်ခါသွား၏။

ပမာ ညည်း ဒီတစ်ခါမှ မရှုံးရင် ဘယ်အခါ ရှုံးမှာလဲ..။

ကိုယ် ဘာမှမသိခဲ့သည့်ပြစ်မှုအတွက် လက်ထိပ်ခတ်ခံလိုက်ရသည်။

ပြစ်ဒဏ်က ဘာလဲ..။





**အခန်း [၂၀]**

မိဘနှစ်ပါးစလုံး မျက်နှာပျက်နေတာကို ခြင်း မသိသလို နေလိုက်ရသည်။ မေမေကိုယ်တိုင် ပါးစပ်ပိတ်နေတာက မမက မှာထားလို့ဟု သိရ၏။

ဘာစကားတွေများ ကြားထားသလဲဆိုတာတော့ မသိပါ..။

"မင်း ဟိုတစ်နေ့က ပမာ နဲ့ဝင်တွေ့တာ ဒီအခြေအနေတွေရအောင် ဖန်တီးယူဖို့လား သား..."

မေမေ့အသံတွေ ငိုသံပါနေသလား၊ ကြည့်မိတော့ မျက်ဝန်းတွေ အရောင်လက်နေတာတော့ မှန်၏။ မနေတတ် မထိုင်တတ်နှင့် နှာခေါင်း တစ်ချက် ပွတ်မိသည်။

ကိုယ် တကယ် ဖန်တီးယူသလိုဖြစ်ခဲ့တာတော့ မှန်နေပေမယ့်...

"မမက အဲဒီသဘောမျိုး ပြောလိုက်သလား မေမေ"

"မင်း ပြန်မမေးပါနဲ့ သားရယ်..၊ ခုဆို ဖေဖေများလဲ မျက်စိပျက် မျက်နှာပျက်နဲ့ စက်ရုပ်ကြီးလို၊ မင်း ယွန်း နဲ့ချစ်နေတာကို သွားပြောတယ်မို့လား၊ ပမာ့ ကို မင်္ဂလာကိစ္စ လက်မခံရဲအောင် မင်း ဒါတွေပြောပြီး စည်းရုံးခဲ့တယ်၊ ဟုတ်သလား ပြောစမ်းပါ"

"မဟုတ်ပါဘူး၊ မေမေ ဘာဖြစ်လို့ ထင်တာသွေးပြောပြီး ကျွန်တော့်ကို စွပ်စွဲနေတာလဲ"

ဒါကို ငြင်းဖို့တော့ အင်အားတွေ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မှမဟုတ်ဘဲ..၊ မှန်နေတာတွေရှိရင်တောင် မမှန်တာတွေလည်း ပါနေတာမို့ ခေါင်းခါလိုက်ရင်း...

"ယွန်း နဲ့ကျွန်တော် ပြန်ဆုံပြီးကတည်းက ချစ်ကြဖို့ဆိုတာ ခလုတ်တိုက်မိတာနဲ့တင် ချစ်တယ် ပြောလို့ထွက်တယ်၊ သံယောဇဉ်တွေ၊ ရင်းနှီးမှုတွေက နှိုင်မာပြီးသား..."

"ချစ်ဖို့က အဲသလောက်တော့ မလွယ်ဘူး သား၊ ကဲ... ပြီးသွားတာတွေကို ခဏထားလိုက်ပါ၊ မင်းကရော ယွန်း ကို တကယ်ချစ်တာ ဟုတ်ရဲ့လား၊ ချစ်တယ်ပြောရဲလို့ ချစ်သူဘဝ ရောက်သွားကြတာနဲ့ပဲ လက်ထပ်ပေါင်းသင်းကြဖို့ဆိုတာ ရေရှည် ဘယ်လိုမှ မမြဲနိုင်ဘူး"

"ချစ်လို့ရလို့ ချစ်ခဲ့တာပါ"

ဒေါ်ခင်ယု ဘာမှလည်း မပြောသာတော့ပေ။ ဒီကိစ္စတွေ ဖွင့်ဟပြောကြားပြီးကြတဲ့နောက်ပိုင်း ပမာ ကိုယ်တိုင်က ခြင်း ဆုံးဖြတ်တဲ့အတိုင်း ဖြစ်သင့်တယ်ထင်ပါတယ် လို့ ပြောခဲ့ပြီးသည့်နောက်...

"ပမာ က ခြင်း ကြောင့် သူ့ရဲ့ဂုဏ်သိက္ခာ ကျဆင်းနေစတယ်လို့ ထင်နေတယ်ဆိုရင် သူ တိုက်တွန်းတာ မှန်တယ် ခင်၊ သား အိမ်ထောင်ကျသွားမှ ဖြစ်မယ်"တဲ့..၊ ဖအေလုပ်သူက ဒီတိုင်း ပြောခဲ့သည်။ ပြောပြီးကတည်းက ဒီကိစ္စကို ဖြူသည်မည်းသည် ဘာမှဝင်မစွက်ဖက်တော့ပါ။

သဘောကတော့ ယွန်း နဲ့ပဲ ပေးစားလိုက်ဖို့ တိုက်တွန်းသင့်တာကို အတည်ပြုလိုက်ခြင်း ဖြစ်၏။ သူမကတော့ သားက ဖွတ်ရှေ့ဆက်လို့ လက်ထပ်သွားကြရင်တောင် ကြည်ဖြူစွာနှင့်တော့ ဖြစ်ဖို့မလွယ်..။

"ဒါဆို သူနဲ့မင်း လက်ထပ်မှာပေါ့"

"သူ့အမေကိုတောင် သူ ဖွင့်ပြောပြီးပြီ"

"မြန်လှချေလား သား..၊ မင်းတို့လူငယ်တွေ ဘယ်လောက် တိုးတက်နေသလဲဆိုတာ မေမေ လိုက်မမီတော့ဘူး၊ ဒါပေမယ့် တိုးတက်မှုတိုင်းမှာ ရင်းနှီးပေးဆပ်မှုတွေ ရှိတယ်၊ အဲဒါကို မင်း မေ့လို့မဖြစ်ဘူး"





မမေ့ပါ..၊ မေမေ့နားကနေ ထ,ထွက်လာခဲ့တော့လည်း မေမေ ပြောတဲ့စကားတွေက နားထဲမှာ ပါလာသည်။ ယွန်း ကို သူချစ်၍သာ..၊ ပြီးတော့ ပမာ့ စကားတွေအောက်မှာ မကျဆုံးချင်လို့သာ လက်ထပ်ဖို့ကိစ္စကို ဖွတ်ရှေ့ဆက်ခဲ့ပေမယ့် ဒေါ်တင်သန္တာ ၏အယူအဆ၊ အပြောအဆိုတွေဟာ တစ်စက်ကလေးမှ သည်းခံနိုင်ဖွယ်မရှိ..။

"တီ.."

ကားနားမှာရပ်နေသည့် ယွန်း က သူ ဟွန်းသံပေးလိုက်တာနှင့် ဒရိုင်ဘာကို တစ်ခုခု လှည့်ပြောပြီး လမ်းဘက် ထွက်လာ၏။

"နောက်ကျလိုက်တာ ခြင်း ရယ်..၊ ဒီနားမှာ တို့ စောင့်နေတာ ဆယ်မိနစ်ကြာသွားပြီ"

"ဆောရီးပါကွာ..၊ မေမေနဲ့ စကားမပြတ်လို့.."

မေမေဆိုတော့ ယွန်း က ကားထဲဝင်ထိုင်ရင်း မျက်လွှာပင့်ကြည့်၏။

"ဘာတွေပြောနေလို့လဲ"

"မင်းနဲ့ တို့ရဲ့ကိစ္စ..."

ယွန်း မျက်နှာလေးက ခပ်တည်တည်လေး ဖြစ်သွား၏။

"တို့ဘက်မှာပဲ အပစ်အခတ်တွေနဲ့ တိုက်ခိုက်နေရတယ် မှတ်တာ၊ ပြောပါဦး အန်တီက ဘာပြောလဲ..."

"သိပ်မကြီးပါဘူး၊ တို့က မင်းဘက်က အခက်အခဲကိုပဲ စိုးရိမ်တာ၊ အန်တီက တို့နဲ့သဘောမတူဘူး ပြောနေလား"

"ဟွန်း..၊ မေးလိုက်ရင် ဖြေမယ်မရှိဘူး၊ သူကပဲ ပြန်ပြန်မေးတယ်"

ခြင်း က ပြုံးလိုက်ရင်း ကားကို ဘယ်အတိုင်း ပြန်ချိုးလိုက်သည်။

"ဘယ်ကို သွားမလို့လဲ"

"မသိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



“အိမ်ကိုသွားမယ်၊ အိမ်ကိုပဲ ပြန်မောင်း…”

“ဘယ်လို!..”

ခြင်း ဖျတ်ခနဲ လှည့်ကြည့်တော့ ယွန်း က မေးဖျားလေးပင့်၍ ခေါင်းညိတ်ကာ…

“ဟုတ်တယ်လေ..၊ အခု လက်ထပ်ကြဖို့ ခြင်း ပဲ စ,ပြောလာ တာ၊ လက်ထပ်ဖို့ဆိုတာ ရည်းစားတွေဖြစ်ကြသလို၊ တွဲသွားတွဲလာနေကြ ရုံနဲ့ ပြီးမလား၊ လိုအပ်တာတွေ လေ့လာရမယ်၊ စီစဉ်ရမယ်..”

“လိုအပ်တာတွေဆိုတာက…”

“ယောက်ျားလေးရှင်နဲ့ ပြေလည်ဖို့ပေါ့၊ မေမေက အန်တီတို့ဘက် က အခြေအနေကို သိချင်တယ်တဲ့”

“သိချင်ရင် မိဘချင်း စကားပြောရမှာ မဟုတ်ဘူးလား”

“မလိုအပ်သေးဘူးတဲ့..၊ ယွန်း တို့ချင်း အရင် အဆင်ပြေကြ ကျေနပ်ကြမှ…”

“သြော်…”

စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်သွား၏။ ယွန်း ပြောနေပုံက ချစ် သူနှင့် ဘ၀အရေး ဆွေးနွေးနေတာနှင့် မတူ..။ သူ့ဘက်ကတော့ ကို လိုချင်တဲ့ မိန်းကလေးလည်းဖြစ်လို့၊ ပြီးတော့ မမ အပြောအဆို ရင့်သီး တာတွေအပေါ်မှာ မကျေနပ်နိုင်တာတွေ၊ အကြောင်းပြချက်က ခိုင်လုံ ပါသည်။

ကျေးရူးဆိုတာကို သိတတ်ချင်ပေမယ့် မိန်းမတစ်ယောက်က တ သက်လုံး ကြောမောသွားမယ့်အဖြစ်ကိုတော့ ခေါင်းငုံ့မခံနိုင်..။

ရှိသမျှပစ္စည်းတွေ အကုန်လုံး ပြန်သိမ်းလိုက်စမ်းပါ..၊ လွတ်လပ်ခြင်း ဆိုတဲ့ကောင်က ဘ၀ကို လွတ်လပ်စာ စွန့်စားခြင်းနှင့် ထူထောင်ပြမည်။

အဲဒီလို ဂရုမစိုက်ဘူးဆိုတာကိုလည်း ပြချင်၏။





“ပမာ လက်ထပ်မယ့်ယောက်ျားက ကိုယ့်ထက် ငါးနှစ်လောက် ငယ်တဲ့ယောက်ျား မဖြစ်ရဘူး”

“ကိုယ်က လက်တစ်ဆုပ်ရှာနိုင်ရင် သူက လက်တစ်ခုပ် ရှာနိုင်ရ မယ်”တဲ့..။ တစ်ကိုယ်လုံး မာနတွေနှင့် မြောက်ကြွပြီး တစ်လောကလုံး ကို ကောင်းကင်လို ပြန်ငုံ့ကြည့်ချင်တဲ့ မိန်းမ..။

သူ့ဘက်ကလည်း အိမ်ထောင်ပြုဖို့ ရုတ်တရက် စီစဉ်ဖြစ်ခဲ့တာဟာ မသန့်စင်နိုင်တာ သေချာပါသည်။ ထို့ကြောင့် ယွန်း ဘက်က အထာ မကျစရာ အပြုအမူ၊ အပြောအဆိုတွေဖြစ်ဖြစ် နေခဲ့တာကို ရင်ဆိုင်ကြား သိနေရပေမယ့် သည်းခံနေခဲ့ရ၏။ ဒါဟာ မှုတပါတယ်လို့ပဲ သတ်မှတ် ခဲ့ရင်း…

“အိမ်ထိ ရောက်စရာတော့ မလိုပါဘူးကွာ၊ ဒါပေမယ့် မင်း ကျေနပ် အောင် ခေါ်သွားမှာပါ”

ယွန်း မေးတာကို သူ အစကနေ ပြန်ကောက်ကာ…

“မေမေကလဲ ပွင့်လင်းတဲ့သူပါ၊ ယွန်း မေးသမျှ အားလုံး မခြွင်း မချန် ပြောပြမှာပဲ၊ ပွင့်လင်းလွန်းလို့ လူ အထင်ကြီးနေသလောက်လဲ မဟုတ်ပါဘူးဆိုပြီး မင်းဘက်က စိတ်ပျက်သွားမှာပဲ စိုးတယ်”

“ဘယ်လို ခြင်း..၊ ဘာတွေပြောဖို့ ရှိသေးလို့လဲ”

“သြော်… ကိုယ်တို့မှာ သစ်စက်လုပ်ငန်းတစ်ခုတည်း ရှိတာလေ၊ နာမည်ကြီးနေသလောက် မဟုတ်တာတော့ သေချာတယ်”

“ဘာဖြစ်လို့ ဒီလောက် ကြွားနေတာလဲ ခြင်း ရယ်..၊ နည်းနည်း လျှော့ပါဦး”

ယွန်း က ဆံပင်လေးသပ်၍ ပြောရင်း ရယ်သည်။ ပြီးတော့ သူ့ကို မျက်ဝန်းလေးစွေ၍ ပြန်ငုံ့ကြည့်ကာ…

“သောင်းကျော်လောက်တန်တဲ့ ပတ္တမြားလက်စွပ်ကြီး တဝင်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ ရှေ့စကား နောက်စကားလဲ ညီအောင် ပြောစမ်းပါ"

"ဘာ!..."

ကားက တုံ့ခနဲ ရပ်တော့မလို ဖြစ်သွားသည်။ သူ ယွန်းမျက်နှာကို လှည့်ကြည့်လိုက်ပြီး ကိုယ့်လက်စွပ်ကို ပြန်ကြည့်မိတာ တအံ့တသြ..။

ပြီးတော့မှ ကိုယ့်ကိုယ်ကို ပြန်ထိန်းရင်း မျက်နှာပေါ်က လွှပ်ရှားသွားသည့်အရေးအကြောင်းတွေကိုပါ ဖျက်ခဲ့ရသည်။

"ဘာဖြစ်သွားတာလဲ၊ ကိုယ့်ကိုယ်မှာရှိတဲ့ပစ္စည်း ဘယ်လောက်တန်ဖိုးကြီးမှန်းတောင် မသိတဲ့ပုံစံမျိုးလား၊ အယွန်း.. တကယ် ဝိပြင်တယ်"

'မဟုတ်ဘူး..၊ မင်း သိပ်ကိုမြင်တတ်လွန်းလို့ အံ့သြသွားတာ' လို့ စိတ်ထဲမှာ ပက်ခနဲ ပြန်ပြောမိပေမယ့် တကယ်တမ်းကျတော့ ပြုံးလိုက်ရုံပြီးရသည်။ ယွန်း သူ့ကို တကယ်မှချစ်ရဲ့လား..။ ပြောသမျှအကြောင်းထဲမှာ အချစ်ရဲ့သယံဇာတ ဘာမှမပါပါလား။ ဒါဆို သူကရော ယွန်းဆီက အချစ်စစ်ကိုမှ မရရင် ဖြစ်ပါ့မလား။

ယွန်း နဲ့သူ တည်ဆောက်သိုတဲ့ဘဝနှစ်ခု ပေါင်းစပ်ခြင်းမှာ ယွန်းဘက်က ဘာလဲ..၊ သူ့ဘက်က ဘာလဲ..။ ဘာမှမဟုတ်ကြဘဲ ပေါင်းစပ်ကြသည်ဆိုလျှင် ဘာတွေ ဖြစ်လာနိုင်လဲ၊ မည်သို့ပင်ဆိုစေ သူ့ဘက်ကတော့ ယွန်း နဲ့လက်ထပ်ဖို့ လုံးဝ လိုအပ်လေသည်။

"မမေက အရမ်းကို အံ့သြနေတာ..."

ယွန်း ပြန်စလာပြီး...

"တကယ်ဆို တို့ကို မမေ သဘောတူထားတဲ့ အိမ်ထောင်ဖက်တွေ နှစ်ယောက်၊ သုံးယောက် ရှိနေတာ၊ ယွန်း ကလဲ မကြိုက်ဘူး၊ အခု..."

ယွန်း က ပြောနေရင်း ကားမောင်းနေသည့်သူ့ကို နှစ်လိုသည့်အပြုံးလေးနှင့် ငုံကြည့်၍...

"အခု ယူ့ကလဲ ဘာမှပြောစရာမရှိတဲ့ အခြေအနေမျိုး ဖြစ်နေပြီ၊





တို့ကလဲ ယူ့ကိုပဲ လက်ထပ်ချင်တာဆိုတော့..."

"သဘောတူပြီတဲ့လား"

"အဲဒီအဆင့်တော့ အောင်လက်မှတ် မထွက်သေးဘူးပေါ့၊ အဲဒါကြောင့် ယူ စကားပြောတာကို ဆင်ခြင်စမ်းပါ၊ ဘာပဲဖြစ်ဖြစ် ငွေနဲ့ ဆုံးဖြတ်လို့ရတယ်၊ အရာရာကိုမဟုတ်ရင်တောင် အားလုံးနီးပါးကွာ"

ခြင်း က ခေါင်းညိတ်လိုက်မှ ယွန်း က ဆက်ပြော၏။

"တို့ကတော့ ယူနဲ့ နှစ်ယောက်တစ်ဘဝ ထူထောင်ဖို့ အဓိကလေ၊ မိဘမျက်လုံးထဲမှာကျတော့ ဒီလိုမဟုတ်တော့ဘူး၊ တို့လေ... တို့က ကိုယ့်မိဘမို့ နားလည်နိုင်တယ်၊ ယူက တစ်မျိုးထင်မှာစိုးတယ် သိလား၊ အဲဒါကြောင့် မိဘက သူ့သမီးလေးအတွက် ပူပင်ရှာတာလို့မြင်ပြီး မေမေ ပြောတာဆိုတာမှာ မခံချင်စရာစကား ပါလာရင် ယူက နားလည်သည်းခံပေးစေချင်တယ်"

"နောက်ကော..."

"ခုလို ဘာမှမရှိဘူးတို့၊ နာမည်ကြီးသလောက် မဟုတ်ပါဘူးတို့၊ အဲဒီအပြောမျိုးတွေကို မပြောပါနဲ့"

"ကိုယ်ကလဲ နောက်ကျမှ ပြောစရာတွေ ဖြစ်ကျန်ခဲ့မှာကို မလိုချင်ဘူးလေ၊ မင်းအမေ စကားပြောတတ်ပုံကို မသိခဲ့တဲ့လူမှ မဟုတ်တာ"

ယွန်း မျက်နှာ ဖျတ်ခနဲ လှည့်လာတာ အထိတ်တလန့်..။

"ဆောရီး..၊ သိသာလွယ်အောင် ပြောပြတာပါ၊ ဒီလက်စွပ်အကြောင်း အန်တီ့ကို မင်း ပြောပြမိလို့၊ ပြည့်စုံတယ်ထင်ပြီး ကျေနပ်သွားတာဆိုရင်တော့..."

"ဒါ ယူ့လက်စွပ်အပိုင် မဟုတ်လို့လား"

သူ ပြောမလို့ ပါးစပ်ဟ,လိုက်သည်နှင့်...

"ဒီအရွယ်တွေ၊ ဒီလူတွေမှာ ကိုယ့်ပစ္စည်းမဟုတ်ဘဲနဲ့ ဝှားဝတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြွားလုံးထုတ်ရလောက်အောင်လဲ စိတ်ခတ်ချ မနိမ့်ကျနိုင်ပါဘူး၊ ငှားပါတယ် ဆိုရင်လဲ ဒီလို တန်ဖိုးကြီးတဲ့ရတနာကို ဆွေမျိုးအရင်းအချာဆီကတောင် ခဏငှားဝတ်လို့ မရဘူး၊ လူကြီးတွေကမေးရင် စကားကို တည်တည်တံ့တံ့ ဖြေပါ ခြင်း ရယ်..၊ ခြင်း ဘယ်လိုသဘော်ရှိမှန်းတော့ မသိဘူး၊ ဒါပေ မယ့် လူကြီးက စော်ကားတယ်ထင်ရင် အားလုံး ရှုပ်ကုန်လိမ့်မယ်"

သူ ဘာမှမပြောဖြစ်လိုက်ဘဲ ယွန်း က သူမပဲ စပြီး သူမဘာသာ အဆုံးသတ်သွား၏။ အိမ်ရောက်သွားတော့ ခုပဲထွက်သွားပြီး ခုပြန်လာ တာကို အံ့သြချိန်မရလိုက်ဘဲ ယွန်း ကိုမြင်တာနှင့် မေမေ့မျက်နှာ သိသာ စွာ ပျက်၏။

"ထိုင်ကြ.."

လို့ပြောပြီး ဝင်သွားလိုက်တာ တော်တော်နှင့်ထွက်မလာပေ..။

"ခဏနော် ယွန်း..၊ မေမေ စားစရာသွားလုပ်တာ၊ တော်ကြာ မင်း မကြိုက်တာလုပ်လာမှာစိုးလို့.."

ခဏစောင့်ပြီး သူ မနေတတ်မထိုင်တတ် ပြန်ရပ်လိုက်တော့ ယွန်း မျက်နှာလေးက ပြုံးလျက်...

"ရပါတယ် ခြင်း ရယ်..၊ ခြင်း တို့ဆီမှာ အိမ်ဖော်မထားဘူးလား ဟင်၊ လူကြီးက ကိုယ်တိုင်လုပ်နေတော့ ယူပြီးထွက်လာရင်တောင် စားရ သောက်ရမှာ အားနာစရာကြီး"

"ဒါဆိုလဲ ယောက္ခမနဲ့ ခုကတည်းက သင့်မြတ်ထားအောင် သွား ဝင်လုပ်ပါလား"

"ခြင်း နော်.."

ယွန်း မျက်နှာလေး ပန်းရောင်ရင့်ရင့်လေး ဖြစ်သွား၏။ ရှက်ရှက် နှင့် ငုံ့ပစ်လိုက်တော့ ခြင်း က ရယ်သည်။ ပြီးတော့ အထဲကို ဝင်သွား၏။

ထိုစဉ် ခြံထဲကို ကားတစ်စီး ဝင်လာသဖြင့် ခြင်း ရဲ့ဖေဖေများလား





ဟုထင်ကာ ယွန်း စိတ်ဝင်စားသွားသည်။

ဒီနေ့ထိ ခြင်း ရဲ့အဖေကို သူမ သေချာမမြင်ဖူးခဲ့သလို ကုမ္ပဏီ လုပ်ငန်းတွေမှာ အောင်မြင်နေသည်ဟုလည်း သိထားရသဖြင့် တွေ့ချင် နေခဲ့မိသည်။ ဒါပေမယ့် ကားက ဒီဘက်ကို ကျော်မလာဘဲ ဟိုဘက်တိုက် ရှေ့မှာပဲ ရပ်သွား၏။

ယွန်း ထိုင်ရာမှထကာ မြင်ရတဲ့ တံခါးအကွယ်နေရာအထိ သွား ခဲ့သည်။ လူမှုရေးဖြစ်ဖြစ် ဘာဖြစ်ဖြစ် စိတ်နဲ့ကိုယ်က တစ်ထပ်တည်း ဖြစ်သွားသဖြင့် မျက်နှာကြက် ခန်းဆီးရှည်ကြီးကို အသာလေး မ,ကြည့် လိုက်မိသည်။ ကားပေါ်က ဆင်းကြတာ တစ်ဖက်တစ်ယောက်..။ ဒီ ဘက်က မောင်းသူနေရာကနေဆင်းသူသည် အရုပ်အမောင်းကောင်းကောင်း၊ မျက်နှာတည်တည်နှင့် ဘယ်ရှုထောင့်က ကြည့်ကြည့် ခြင်း နှင့် အတော် ကြီးတူနေသည်မို့ ဒါက ခြင်း ရဲ့ဖေဖေဟု တန်းသိလိုက်၏။

ဟိုဘက်ကနေ မိုးပြာရောင်ဝတ်စုံနှင့် ဆင်းလာသူက အမျိုးသမီး တစ်ယောက်..၊ မျက်နှာ ဘယ်လိုနေသလဲဆိုတာ မျက်လုံးက မရောက်နိုင် ဘဲ သူမ၏ ပြည့်တင်းသွယ်လျသည့်ကိုယ်ဟန်အလှမှာပဲ ယွန်း နှုတ်ခမ်း လေး ပွင့်ဟသွားခဲ့၏။

သူက ဘယ်သူလဲ..၊ အတွေးတစ်ချက်လေး ဖြစ်လိုက်ပြီး ဦးနှောက် ကွန်မြူတာမှာ အဖြေက ချက်ချင်းထွက်၏။ ခြင်း နှင့်ကပ်လျက်နေတဲ့ ဟိုဘက်က မိန်းမ..။ လူကြီးချင်း သူငယ်ချင်းဆိုတော့ ဒီမိန်းမနှင့် ခြင်း ဘယ်လောက်ထိ ရင်းနှီးကြသလဲ..၊ ရင်ထဲမှာ မီးခဲပေါ်ထိုင်လိုက် မိသလို နှစ်ခွေ့,သုံးခွေ့လောက် ခုန်ပေါက်အော်လိုက်မိသည်လား၊ ဒါကို သူမ ဘာဖြစ်လို့ စိတ်ဝင်တစား မမေးခဲ့မိတာလဲ..။

ဒီလောက်လှတဲ့ မိန်းမတစ်ယောက် အဲဒီဘက်မှာ ရှိနေနိုင်တာကို တစ်ချက်လေးမှ မတွေးမိခဲ့သည့် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်..။



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ပါးစပ်က 'မမ'လို့ခေါ်ခေါ်နေတာ အမှတ်တမဲ့ ကြားနေရတာ မကြာခဏပါ။ သူငယ်ချင်းရဲ့မိသားစုကို ခြင်း ရဲ့ဖေဖေက စောင့်ရှောက်နေသည်ဆိုတာလည်း ကြားဖူးသည်။ ဒါတောင်မှ…

"ဟင်!… ဟုတ်တယ်…၊ သူပါပဲ…"

မျက်နှာ ဒီဘက်လှည့်ပြီး ပြုံးလိုက်တော့ ဘာကို သတိရလိုက်မှန်း မသိဘဲ ထိုမျက်နှာကို ယွန်း အမှတ်ရသွားခဲ့၏။ မေမေ လက်ညှိုးထိုးပြလိုက်တဲ့ မျက်နှာပါပဲ…။

လူကြီးတစ်ယောက်နှင့် သူမ…၊ မြင်လိုက်တာနှင့် သားအဖမှန်း အသိသာသလို ဖေဖေလို့ခေါ်တာကိုလည်း နားစွန်နားဖျား ကြားလိုက်သေးသည်။ လက်စွပ်ရောင်းဝယ်ကြသည့်ပြဿနာတွေ ရှုပ်ထွေးသည့်မနက်မှာ ရောက်လာကြတဲ့ သားအဖ…။ ထိုမနက်က လက်စွပ်ကို မဝယ်ပါဘူး ငြင်းပြီး မေမေက အမူကို တစ်ဖက်လှည့်နှင့် ပြီးပျောက်ဖို့ ကြိုးစားလိုက်သည်။

"လက်စွပ်ပိုင်ရှင်ပဲ သမီး၊ မေမေတို့တော့ ဒုက္ခရောက်ပြီ"

ဟု အခန်းထဲမှ လက်စွပ်ကိုပြရင်း မေမေ အသံတွေတုန်နေ၏။ ဘာပဲဖြစ်ဖြစ် ပြဿနာက နိုးရာပါပစ္စည်းကို ဝယ်မိတာမို့ ကိုယ်သာလျှင် ဆုံးရှုံးရမှာဖြစ်၏။

"တော်သေးတာပေါ့၊ ပိုင်ရှင်က ကြားက အရောင်းအဝယ်သမားကိုပဲ ဖော်ထုတ်ပြီး အရေးယူသွားလို့"

မေမေ ကျေးဇူးတင်စကားတွေ ပြောနေသေးသည်။ ငွေအကုန် ပြန်မရသော်လည်း ပစ္စည်းပိုင်ရှင်လည်း ပစ္စည်းပြန်ရသွားသည်မို့ ဒီပြဿနာ တစ်လတောင်မကြာဘဲ ပြီးသွားခဲ့၏။

မေမေက ယွန်း ကိုသိအောင် ပြောပြတာပဲရှိကာ အပြင်ကိုတောင် ထွက်တာ မကြိုက်ခဲ့တာမို့ ထိုကာလမှာ လက်စွပ်ပိုင်ရှင်တွေဆိုတာကို လှမ်းမြင်လိုက်ရုံပါပဲ။





ဒါပေမယ့် သေချာတာတစ်ခုက ထိုနှစ်ယောက်ထဲက အမျိုးသမီးဟာ သူမပဲ ဖြစ်သော်လည်း လူကြီးကတော့ ခြင်းရဲ့ဖေဖေ မဟုတ်…။

"ခြံထဲကိုကြည့်ချင်ရင် သားကိုခေါ်ပြီး လိုက်ပြနိုင်းလေ"

"ရှင်!…"

ရှေ့မှာတင် အာရုံများနေတုန်းမို့ နောက်က စကားသံထွက်လာတော့ ယွန်း ကိုယ်လေး မြောက်ခနဲ တုန်သွား၏။

ဒေါ်ခင်ယု မျက်နှာက မသိသလို သိသလို တည်နေတာလဲမဟုတ်၊ ပြုံးလည်း မပြုံးဘဲနှင့် အအေးနှင့် စားစရာပါသည့် ဗန်းကို စားပွဲပေါ်မှာ ချ၍ မတ်မတ်ပြန်ရပ်သည်။

"သမီးက အသုပ်တွေဘာတွေ ကြိုက်တယ်ဆိုလို့ လောလောဆယ် ဘာမှ အဆင်သင့်မရှိတာနဲ့ လက်ဖက်သုပ်နဲ့ အအေးပဲ ယူခဲ့တယ်"

"အော်… ရ… ရပါတယ် အန်တီရဲ့၊ ခြင်း ရောဟင်…"

"ရှိတယ်၊ သူ ခြေထောက်ဆေးနေတယ်…"

"ရှင်!…"

"သူက ဒီလိုပဲ၊ အပြင်ကပြန်လာတိုင်း ခြေလက်ဆေးတတ်တာ"

ဒေါ်ခင်ယု မျက်နှာမှာ အပြုံးအရယ်မဲ့နေတာကို ယွန်း သတိထားမိလိုက်၏။ ဟိုတစ်ခေါက်တုန်းကထက် ပို၍အေးစက်နေတာ အသိသာကြီးပါ။ ဒါ ခြင်း ဖွင့်ပြောထားလို့ဆိုရင် ကိုယ်နဲ့လက်ထပ်မှာကို သဘောမကျတာမျိုးလား။ စိတ်ထဲမှာ ဟိုဘက်က အမျိုးသမီးကို ဖျတ်ခနဲမြင်ယောင်သွား၏။

ကြည့်စမ်း…၊ ဒါတွေ ဒီလို ရှိနေနိုင်တာကို သူမ ဘာမှတွေးမထားမိခဲ့ပါလား။ ကြီးမားသည့် သဝန်တိုစိတ်ကြောင့် ကျော့ခိုင်းသွားသည့် ဒေါ်ခင်ယု နောက်ကို လှမ်းဆွဲတော့မတတ် တိုးလိုက်သွားမိကာ…

"အန်တီ ခဏ…"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!.."

ဒေါ်ခင်ယု မျက်နှာမှာ အံ့ဩဟန်နှင့်…

"ဘာမေးချင်လို့လဲ"

"ဟိုဘက်က မိသားစုတွေ နေကြတာလားဟင်"

"မဟုတ်ပါဘူး၊ မိန်းကလေးတစ်ယောက်တည်း နေတာ"

ဒီ့ထက်မက မေးလာရင် ပြောဖို့ ဒေါ်ခင်ယု ခြေလှမ်းရပ်၍ သေချာ မျက်နှာချင်းဆိုင် လှည့်ပေးလိုက်သည်။

"တစ်အိမ်စီနေကြပေမယ့် နှစ်အိမ့်တစ်အိမ့်ပါပဲ၊ သမီး ဘာဖြစ်လို့လဲ"

"ခြင်း ပြောနေတဲ့ 'မမ'ဆိုတာ သူပေါ့နော်"

"ဟုတ်တယ်..၊ သားက မမလို့ ခေါ်တယ်လေ၊ အသက်က လေးငါးနှစ်ကွာတယ်၊ ဒါပေမယ့် မထင်ရပါဘူး၊ ပမာ က ငယ်တယ်ကွယ်.."

"ပမာ ဟုတ်လား၊ နာမည်က ပမာ တဲ့လား"

"မြပမာ.."

မြပမာ ဆိုတာ ရင်ထဲမှာ ကျယ်လောင်စွာ မြည်ဟည်းသွား၏။

လက်စွပ်..၊ လက်စွပ်ပိုင်ရှင်က မြပမာ ဆိုရင် ဒီလက်စွပ်ကြီးက ဘာဖြစ်လို့ ခြင်း ဆီရောက်နေရတာလဲ၊ ဒီလိုထိ ပတ်သက်နေကြမယ် ဆိုရင်ကော၊ ဒါဟာ…

"ဟာ ညည်းသည်က မိုးတိုးမတ်တတ်နဲ့ပါလား၊ ထိုင်လေ၊ မေမေ ကရော ဘယ်လဲ..၊ ယွန်း က မေမေနဲ့ စကားပြောဖို့လာတာ"

"အို… အဲဒီလို မဟုတ်ပါဘူး"

အထဲကထွက်လာပြီး သူချည်းပဲပြောချသွားသည့် ခြင်း ကို ယွန်း မျက်စောင်းထိုးကာ ခေါင်းပျ ခါပြမိသည်။

"ရတယ် အန်တီ၊ အန်တီ အလုပ်လုပ်စရာရှိတာ သွားလုပ်ပါ၊





ယွန်း ခဏပဲ"

ဒေါ်ခင်ယု က ခေါင်းညိတ်ပြီး နောက်ဖေးခန်း ဝင်သွား၏။

"လာ..၊ မေမေက လက်ဖက်သုပ် ကောင်းတယ်"

"ခြင်း…"

ခြင်း က ဦးဆောင်ပြီး ဆိုဖာမှာ ထိုင်ဖို့ပြင်၏။ ယွန်း က လက်ကို ဆွဲထားလိုက်ကာ…

"မြပမာ နဲ့ ခြင်း ဘယ်လောက် ရင်းနှီးလဲ"

"မြပမာ…"

ခြင်း က သံယောင်လိုက်ရွတ်ပြီး ပြုံးနေသည့်မျက်နှာ တည်သွား၏။ အကြည့်မရောက်သော်လည်း မျက်လုံးက ထိုဆီ ငေးခနဲ ဖြစ်သွားပြီးမှ…

"ဘာဖြစ်လို့လဲ"

ယွန်း မျက်နှာလေးက မေမေကွယ်သွားတာနှင့် မကျေမနပ် ရှုံ့မဲ့ ပုပ်သိုးသွားကာ…

"ယွှဖေဖေက သူနဲ့အတူ အလုပ်တွဲလုပ်နေတာလား၊ ဟုတ်လား"

"အင်း…"

"ယူကရော…"

"မင်း မြင်တဲ့အတိုင်းပဲကွာ၊ ဘာတွေ စစ်မေးနေတာလဲ"

"စစ်တာ မဟုတ်ဘူးလေ၊ ယွှအိမ်ကို လိုက်လည်တာကိုး၊ လက်ထပ်ကြသေးခင် စိတ်ကျေနပ်မှု ရှိထားကြအောင်လို့မို့လား၊ ကဲပါ… မေးတာကို ဖြေစမ်းပါ၊ ယွှပါးစပ်ထဲမှာကြားနေရတဲ့ 'မမ'ဆိုတာ အဲဒီ မြပမာ လား"

"ဟုတ်တယ်"

လက်ကိုဆွဲထားသဖြင့် ခြင်း က တစ်ဖက်လက်နှင့် ဖယ်ချပြီးကာ ဆိုဖာမှာ သွားထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"လာ… ထိုင်လေ"

သူခေါ်တော့ ယွန်း ကထိုင်သည်။ ဒါပေမယ့် သူ့ဘေးမှာပဲ ပွတ်ကပ်ထိုင်လိုက်ခြင်းဖြစ်ကာ သူ့အကျီလက်မောင်းစကို ခပ်ဖိဖိဆုပ်ဆွဲလျက်…

"အရမ်းလှတာပဲ ခြင်း…၊ တို့ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သွားလောက်အောင်ပဲ၊ အဲဒီမိန်းမမျိုးကို ယွန်းမျက်စိထဲမှာ လုံးဝ မမြင်ခဲ့ဘူးလား"

"မမြင်ဘူး.."

"မယုံဘူး.."

"ပြဿနာပဲကွာ…၊ အဲဒီ ကွိစိကွစကိစ္စတွေကို ကိုယ် ရှင်းမပြတတ်ဘူး၊ ပြီးတော့ ဘာမှလဲ မဆိုင်ကြဘူး၊ မင်း မေးပုံကြီးကို ဟိုကြားသွားရင် ရှော့ ကြီးကြီးရှိတယ်"

ခြင်း ပြောတာကလည်း ဟုတ်နေသလိုလို၊ ယွန်း ငိုင်သွားပြန်၏။ ဒီမိန်းမကိုချစ်ချင်မှတော့ ကိုယ့်ဘက်ကိုလှည့်စရာအကြောင်း ဘာရှိလို့လဲ..၊

ဒါမှမဟုတ် အသက်အရွယ်၊ စည်းစိမ်ဥစ္စာတွေချင်း ယှဉ်ပြီး ကိုယ့်ကို ခြင်း က ရွေးလိုက်တာလား..။

ဒါလည်း မဖြစ်နိုင်၊ အသက် လေးငါးနှစ်ကွာတယ်ဆိုတာ ဘယ်မှာအဖြစ်ရှာပြမလဲ။ ကိုယ်နှင့် သူမ ဘယ်သူ ပိုချမ်းသာသလဲဆိုတာရော ဘယ်လိုယှဉ်မလဲ..။

လက်စွပ်ပိုင်ရှင်ဆိုတာနှင့်တောင် မေမေ ဖျားချင်သလိုဖြစ်ခဲ့တာ သူမ အသိဆုံး။ အခု လက်စွပ်က ခြင်း လက်ထဲမှာ..။

ယွန်း မျက်လုံးတွေ လက်စွပ်ဆီ ဖျတ်ခနဲ ရောက်သွားတာကို ခြင်း က မျက်လွှာစင်းနှင့် စိုက်ကြည့်နေ၏။ ဒီလိုမျက်ဝန်းတွေကြောင့် ခြင်း ကလည်း ယွန်း ရဲ့အချစ်ကို သံသယတွေနှင့် မွေးမြူမိခဲ့တာဖြစ်၏။

စိတ်ထဲမှာ မမြင်ရက်သော်လည်း ဒေါ်တင်သန္တာ သမီး ပီသပါလို့ တွေးမိနေပါပြီ..။





"ခြင်း…"

"ပြောလေ၊ ဘာလဲ.."

"သူနဲ့ ခြင်း တို့ မိသားစု အရမ်းရင်းနှီးတယ်မို့လား၊ မိတ်ဆက်ပေးလေ"

"ရင်းနှီးပေမယ့် မိသားစုဝင်မှ မဟုတ်တာ"

"ယူနော်..၊ တို့ ဘာဖြစ်နေတယ်ဆိုတာ သိရက်နဲ့"

"ဟား!…"

ခြင်း ကျွတ်ခနဲ စုတ်သပ်သည်။ ယွန်း က မရ…။

"ဘာလဲ..၊ သဝန်တိုနေမိလို့ပါဆိုပြီး ငိုပြရဦးမလား၊ မရဘူးကွာ..၊ သူ့ကိုမြင်လိုက်တာ တို့စိတ်ထဲမှာ ဘာဖြစ်သွားမှန်း မသိဘူး၊ မိတ်ဆက်ပေးမှကို ဖြစ်မှာ…"

"သူက သူ့လုပ်ငန်းသူ ဦးဆောင်နေတာ ယွန်း၊ အချိန်ပြည့် သူ့ခေါင်းထဲမှာ အလုပ်နဲ့ငွေပဲ၊ တို့နဲ့လဲ ဘယ်တုန်းကမှ ပြောဆိုကောင်းခဲ့တာ မဟုတ်ဘူး"

"ဒါပေမယ့် အခုက မင်္ဂလာကိစ္စနဲ့လေ"

"ဒါလဲ သူက စိတ်ဝင်စားချင်မှဝင်စားမှာလေ၊ သိအောင်ပြောဖို့ ဒါတ်ဖို့က လူကြီးတွေအလုပ်၊ ကိုယ်က ဒီတိုင်းကြီးသွားပြီး လက်ဆွဲနှုတ်ဆက်ရမလား"

ယွန်း ငြိမ်သွားပြန်သည်။ ဒါလည်း ဟုတ်သည်ပဲ..၊ သူမ တစ်ယောက်တည်း ငါးရုံ့ပြာလူးဖြစ်သွားခဲ့တာ ချစ်စိတ်တွေလား..။

အပြိုင်အဆိုင်ရှိလာလို့ အရှုံးကို ရင်မဆိုင်ရဲတာလား..။ ဘာဖြစ်နေ ရင်ထဲမှာ ဆောက်တည်ရာမရအောင် လှုပ်ရှားနေခဲ့ဖြစ်၏။ လက်စွပ်ကြောင့်..၊ ဒီလက်စွပ်ကြောင့် ဒီမိသားစုတွေ ပတ်သက်နေပုံကို စိတ်ဝင်စားဘဲ မနေနိုင်တာ..။



www.burmeseclassic.com

www.burmeseclassic.com



မေးလို့လည်း မတော်၊ မျိုသိပ်နေတာလည်း မရ၊ ခြင်း ကတော့ အေးဆေးလွန်းလို့ အအေးတွေ ယူသောက်နေတာ ကုန်သွားပြီဖြစ်၏။

အတွေးတွေ ယောက်ယက်ခတ်ကာ ယွန်း မျက်လုံးတွေကလည်း ခြင်း ရဲ့လက်စွပ်ဆီမှာပဲ စမြင်လိုက်တုန်းက အထင်တကြီး ဖြစ်သွားခဲ့သလောက် ခုတော့ ရင်တစ်ပြင်လုံး ပူနေလိုက်တာ မီးလောင်ပြင်ကြီးလို..။

နောက်ထပ် ဒီလက်စွပ်အကြောင်း စ,လိုက်တာနှင့် ခြင်း ပါးစပ်ကလည်း ပြေပြေပြစ်ပြစ်ဖြေသံ ထွက်လာတော့မှာ မဟုတ်တာကို သိနေသဖြင့်...

"တို့ ပြန်မယ်"

အိမ် အမြန်ပြန်ပြေးပြီး မေမေ့ကိုပဲ မေးကြည့်မလို့..။





## အခန်း [၂၂]

ဖုန်းမြည်လာလို့ ကောက်ကိုင်လိုက်၏။

"မမ..၊ ညှို့သည်မိန်းကလေးတစ်ယောက်က တွေ့ခွင့်တောင်းနေတယ်"

"ဝင်ခိုင်းလိုက်.."

ဖုန်းချပြီး သောက်လက်စကော်ဖီကို လက်စသတ်လိုက်သည်။ ရှေ့မှာ တံခါးပွင့်သွားတော့ မော့ကြည့်လိုက်မိ၏။ အနီရောင်ရဲတောက်နေသည့်ဝတ်စုံနှင့် နှုတ်ခမ်းနီရဲရဲကြောင့် ပမာ မျက်လုံးလွှဲပစ်လိုက်သည်။

"ထိုင်ပါ..၊ ဘာအကြောင်းများ ရှိလို့လဲ"

ထိုင်ပါလို့ ခွင့်ပြုတာကြောင့်မဟုတ်ဘဲ သူမက ဝင်လာခြင်း၊ ထိုင်ချလိုက်ခြင်းကို မတွန့်မရွံ့ လုပ်သွားတာပါ။ ပြီးမှ ရဲတင်းသည့် မျက်ဝန်းရှုးရှုးလေးတွေ လက်ခနဲ တက်လာပြီး...

"ယွန်း က ခြင်း နဲ့လက်ထပ်မယ့်မိန်းမပါ၊ နာမည်က နွေနေယွန်းယွန်း.."

ရင့်လှချေလား..။ ပမာ့ မျက်ခုံးလေးနှစ်ဖက် တွန့်ချိုးသွား၏။ တော်တော်လှနေသည့်မျက်နှာကို ယွန်း ကလဲ စိုက်ကြည့်နေတာပါ။ မကျေနပ်တာတွေက မျက်လုံးမှာ စုဝေးနေကြသလောက် ပြောဖို့စကားတွေက မေမေ သင်ပေးလိုက်တဲ့အတိုင်း နှုတ်ခမ်းဖျားမှာအသင့်..။

"ဆက်ပြောပါဦး..၊ အဲဒါနဲ့ ဒီကိုလာရတဲ့အကြောင်း.."

"ကရင်..."



www.burmeseclassic.com

ဖုန်းသံကြောင့် နှစ်ယောက်စလုံး စားပွဲပေါ်ကို မျက်လုံးရောက်သွားကာ ယွန်း က…

"ယွန်း ပြောမယ့်စကားက အရေးကြီးလို့ပါ၊ ကျေးဇူးပြုပြီး စကားပြောနေတုန်း ဖုန်းပြောခြင်းကို ရပ်ထားပေးပါလား"

ပမာ ကပြုံးလိုက်၏။ ဖုန်းကို မကိုင်သေးဘဲ ယွန်း ကိုစိုက်ကြည့်၍…

"အသုဘဖိတ်စာရောက်လာတိုင်း ပိုင်းပိုပေးနေရရင် တို့အလုပ်ချိန် ဘယ်ရှိတော့မလဲ ညီမရယ်.."

"ဘယ်လို!…"

"ပြောပြတာ..၊ စားပွဲပေါ်မှာ ဖုန်းသုံးလုံး ရှိနေတာကို ကြည့်လေ၊ အလှတင်ထားတာမှ မဟုတ်ဘဲ"

"ယွန်း ကလဲ နာရေးကြော်ငြာလက်ကမ်းတာ မဟုတ်ပါဘူး၊ စိတ်ထဲမှာ ထင်နေတိုင်း လူပြောသူပြောတွေ ရှိထားသလို ထင်ရာစွဲတွေးရင်း မမ နစ်နာမှာစိုးလို့၊ မိန်းမသားချင်း စာနာစိတ်နဲ့ ဒီရောက်အောင်လာတာ"

စိတ်ထဲမှာအမျက်သင့်လာတော့ နှုတ်ခမ်းက ဖိဖိတင်းတင်းဖြစ်လာနဲ့ပြီ…

"မမ သိချင်ရဲ့လား.."

"သိချင်သည်ဖြစ်စေ၊ မသိချင်သည်ဖြစ်စေ မင်း ပြောဖို့လာတာမဟုတ်လား၊ ပြောပါ…"

"ဟုတ်တယ်..၊ ဦးအောင်ခြင်း၊ ဒေါ်ခင်ယု ဆိုတဲ့ ခြင်း ရဲ့မိဘနှစ်ပါးကအစ မေးရင် မဖြေချင်ဘူး၊ ဖြေတော့ ဘာလိုလိုတွေ၊ ခြင်း ကိုတော့ မမေးရက်ခဲ့တာပါ၊ သူကတော့ လွတ်မြောက်အောင် ရုန်းထွက်ချင်တဲ့သူကိုး"

ပမာ မျက်မှောင်ကြုတ်သွားတာကိုကြည့်၍ ကျေနပ်နေကာ ခဏလေး ထမြည်ပြီး ပြန်ကျသွားသည့်ဖုန်းကိုလည်း ဝေ့ကြည့်မိသေးသည်။ ယွန်း ကမဲ့ပြုံးနှင့်…

"ခြင်း ဘာမှမပြောပေမယ့် ပတ်ဝန်းကျင်မှာ သတင်းတွေထ





စုံလို့ပါ၊ ပြောပြမယ်နော်၊ ရိုင်းသွားတယ်ဆိုရင်တော့ ခွင့်လွှတ်…"

စကားပလ္လင်ခံလိုက်သေးသည်။ ပြီးမှ…

"အန်ကယ် ဦးအောင်ခြင်း နဲ့ ခြင်း၊ မမရဲ့သဘောမှာ ရှိနေကြတာကို လူတွေပြောနေကြတယ်"

ပမာ့ မျက်နှာ ရဲတက်သွား၏။

"ပြောကြတာ မှန်ပါတယ်၊ မမ က သိပ်ကို ထက်မြက်တဲ့မိန်းမပါ၊ မားသွားလုံ့သွားတွေနဲ့ ဆော့ကစားနေပေမယ့် တုတ်တိုဝါးစတွေလို အန္တရာယ်ကင်းအောင် ဖန်ဆင်းယူနိုင်တယ်၊ ခင်းထားတဲ့ ရွှေလမ်း၊ ငွေလမ်းကလဲ ကြီးမားကျယ်ပြန့်ပေတာကိုး"

"နေ့နေ့ယွန်းယွန်း မင်း ပြောနေတဲ့အဓိပ္ပာယ်တွေကို မင်း နားလည်ရဲ့လား"

"လည်တာပေါ့..၊ မမက စင်ပေါ်ကလူပေမယ့် စင်အောက်ကကြည့်နေတဲ့ ပရိသတ်က ပိုမြင်တယ်၊ ကျွန်မက ပရိသတ်ထက် ပိုပြီး တတ်နိုင်တဲ့ ခြင်း ရဲ့အိမ်ထောင်ဖက်ချစ်သူ…"

ပမာ ဘယ်လိုမှ လူကြီးလူကောင်းဆန်နေလို့ မရအောင် ဒေါသက လှိုက်ဆူလာ၏။

"အားနာပါတယ်ဆိုပြီး လက်ကျဲကြီးနဲ့ဆိုတာမျိုး၊ လူတွေ သတိမထားမိအောင် တစ်ဘာသာ တလွဲစီသွားနေကြပြီး လမ်းဟောင်းကြီးတွေ ကမလိုက်ဘဲ လမ်းသစ်ကောင်းဖွင့်ခဲ့တာ၊ ရှယ်တူတန်းတူတွေ ကမ်းလှမ်းနေစပ်သမျှ ရှောင်တိမ်းတယ်၊ ဒီဘက်မှာ တစ်အားပိုးပန်းရင်း ငယ်ငယ်ရွယ်ရွယ်လေးကို အရှုံကြိုးစားတယ်…"

"ဟော့… မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း"

"ဘာလို့ ပိတ်ရမှာလဲ၊ ရှင် ယွန်း ကို အခု ဒီနေရာကနေ မောင်းထုတ်ကြည့်လိုက်၊ ဒီဝင်းထဲက မကျော်ခင် ရှင့်ဘဝတစ်ခုလုံး မြောင်းထဲ

www.burmeseclassic.com



ရောက်သွားအောင် စက္ကန့်ပိုင်းအတွင်း လုပ်ပစ်သွားနိုင်တယ်''

''ဘာပြောတယ်..''

''မဟုတ်ရင် ငြင်းလေ..၊ ယွန်း ကလဲ မဟုတ်ဘူးဆိုတာကိုပဲ ကြားချင်တာ၊ ခြင်း ရဲ့လူကြီးတွေ မပြောဝံ့မဆိုဝံ့ဖြစ်နေတာတွေ၊ ခြင်း ခုချိန်ထိ ပြောင်ပြောင်တင်းတင်း ရှန်းမထွက်ရဲတာတွေ...''

''မင်း ပြောနေတာတွေ..၊ မင်း... ဘာမှမဟုတ်ဘူးနော် နွေနွေ ယွန်းယွန်း..၊ ဒါတွေ ခြင်း ပြောလွှတ်လိုက်တာလား၊ သူ ပြောတာလား''

''မပြောရဲပါဘူး..၊ ဒါပေမယ့် လူကြီးတွေပါးစပ်က ပြောတာကို တီးခေါက်ကြည့်ပြီး အဖြေထွက်လာတာ၊ ပတ်ဝန်းကျင်စကားတွေနဲ့ ဖြစ်ရပ်က လုံးဝကွက်တိပဲကိုး''

''ဖြစ်ရပ်..၊ ဘာဖြစ်ရပ်လဲ''

''အဲဒါက ခြင်း ပြောတာလေ၊ သူ့ဘက်မှာ ထောက်ပံ့သမျှ အပြုခံထားရတာတွေရယ်၊ သူ့မိသားစုကို ဘယ်လိုအမြော်အမြင်နဲ့ ကူညီထားခဲ့တာတွေ...''

''တောက်...''

''သူက ရှင့်အကြောင်း အတင်းအဖျင်းပြောချင်တာ မဟုတ်ဘူး ယွန်း ရဲ့မေမေနဲ့ လိုက်တွေ့တော့ သူ့မှာ ဘာမှမရှိတာတွေကို ဝန်ခံခဲ့တဲ့ သဘောပါ၊ ယွန်း က ရှင့်ကိုမသိပေမယ့် ခြင်း ပါးစပ်က မြပမာ လို့ ပြောလိုက်တာနဲ့ မေမေက တန်းသိတယ်၊ အဲဒီတော့ ဘာပြောလိုက်ထဲ သိလား၊ ဥစ္စာပစ္စည်း ပိုင်ဆိုင်မှုတွေကို ထားလိုက်ပါဦး၊ မင်းမှာ ငြိတွယ်နေတာတွေကိုပဲ ရှင်းခဲ့... တဲ့''

''ဘာမှမငြိဘူး၊ မင်းတို့ချင်း ပြေလည်ရင် ယူလိုက်ကြ၊ တို့နဲ့ ဘာမှ မဆိုင်ဘူး၊ ခြင်း နဲ့ နီးနီးလေးနေခဲ့ပေမယ့်လဲ တို့နှစ်ယောက် ဘယ်တုန်းကမှ မရင်းနှီးခဲ့ဘူး၊ ဒါတွေ...''





အသားတုန်လောက်အောင် ဖြစ်လာတော့ စကားတွေလည်း ပြောမထွက်တော့ပါ။ တစ်သက်လုံး နေလာခဲ့တာ ဘယ်လိုရိုက်ခတ်သံမှလည်း မကြားခဲ့ဘူး။ သောကဆိုတာလည်း မခံစားခဲ့ဖူးပေ။

ခုကျမှ ဘာတွေလဲ..။ ဒါတွေ သဘာဝကျရဲ့လားလို့လည်း မတွေးဖြစ်၊ အေးအေး ပြန်စဉ်းစားကြည့်ဖို့ထိလည်း စိတ်ကမရောက်ဘဲ ရင်တွေတုန်၊ ဒူးတွေချောင်နှင့် မျက်နှာမှာ ချွေးစက်ရည်တွေနှင့် အပက်ခံထားရသလိုပင်..။ ယွန်း လို့ ခြင်း ထည့်ထည့်ပြောတတ်တာ ကြားနေရသဖြင့် ဒီမိန်းကလေးက ခြင်း ရဲ့ချစ်သူဆိုတာကို ယုံကြည်လိုက်သည့်နောက်မှာ...

''တို့ ပြောတာကို မင်း ယုံ..၊ ပိုသိချင်ရင် ခြင်း ကို သေချာအောင် မေးလိုက်ပါ၊ သူနဲ့ တို့ ဘာမှမဆိုင်ဘူး''

''သူကလဲ ဆိုင်တယ်လို့ပြောနေတာ မဟုတ်ဘူး၊ လက်ထပ်ဖို့ကိစ္စကို သိပ်ကြောက်ပြီး သူ မပြောနိုင်မဆိုနိုင်ဖြစ်နေလို့ ယွန်းက...''

''ဟုတ်ပြီ..၊ အဲဒါကို တို့ကိုယ်တိုင် မေးမယ်၊ အခု မင်း ကျေနပ်တယ်မို့လား၊ ပြန်ပါတော့...''

ယွန်း က မပြုံးမတည်မျက်နှာလေးနှင့် ထရပ်လိုက်ကာ...

''ပြန်မယ်..၊ မမ တစ်ခုတော့ ခေါင်းထဲထည့်ဖို့ မမေ့ပါနဲ့၊ အခု ယွန်း ပြောတဲ့စကားထက် ပိုမိုပြီး သူများချစ်ခြင်းကြားမှာ ခြေထိုးခံတဲ့ သဘောမျိုး သက်ရောက်အောင် အပိုတွေ မပြောဖို့ပါ''

ဒီလောက်ထိ သိက္ခာကို ချိုးဖောက်ပစ်လိုက်ပြီးမှ ပြန်ဝိတ်သွားတဲ့ စကားက ပမာ့ မျက်ဝန်းမှာ ဝေ့သီလာသော ရှက်မျက်ရည်တွေကိုပါ ရပ်တန့်သွားစေခဲ့၏။

အပိုတွေ မပြောဖို့... ပါတဲ့..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၂၄ |

"ဘာတဲ့လဲ.."

"ယွန်း နဲ့တွေ့ချင်တယ်တဲ့ မမေ၊ သူ အရမ်း စိတ်ဆိုးနေတဲ့ပုံပဲ"

ယွန်း မျက်နှာလေး ဆီးရွက်လောက် ငယ်ကျနေတော့ ဒေါ်တင်သန္တာ က ခါးတစ်ဖက်ထောက်သည့်မျက်နှာနှင့် မဲ့သွားကာ...

"ကဲ... ထိုင်စမ်းပါအေ၊ စိတ်ဆိုးတော့ ဘာဖြစ်လဲ၊ သူ ကိုယ့်ကိုချစ်နေရင် ဒါမျိုးကို နားလည်ရမှာပဲ၊ ဒီမိန်းကလေးမျိုးက အဲဒီလိုအညာကိုင်ထားမှ၊ မခံချင်စိတ်တွေ၊ မာနတွေနဲ့ ညည်းရဲ့ ခြင်း ကို လက်လွှတ်ခံမှာ နားလည်လား၊ မမေကလဲ ကိုယ့်သမီးက ဒီလူမှဒီလူ ဖြစ်နေလို့သာ ကြည့်နေရတာ၊ မဟုတ်လို့ကတော့ ဒီလောက်အခြေအတန်းမျိုးလောက်ကို မကျေနပ်နိုင်ပါဘူး"

မမေ့ကိုငေးကြည့်၍ နားလည်မှုတွေ ထပ်ကာထပ်ကာဖြစ်ရင်း ကျေးဇူးတင်မိရသေးသည်။ ဖုန်းကို ပြန်ငုံ့ကြည့်တော့လည်း ခြင်း ဒေါသဖြစ်နေတာ သိသာနေတဲ့အသံကြီးကို စိုးရိမ်၏။

"မမေ.."

"ဘာလဲ.."

"ယွန်း ကလေ ပြောခဲ့ရတာ၊ အဲဒီအကြောင်းတွေကို မမေ သေချာသိထားတာမှ ဟုတ်ရဲ့လားလို့ တွေးပူနေမိတာ၊ မြပမာ ရဲ့မျက်နှာ က အရမ်းကိုလှုပ်ရှားပြီး သတိလစ်တော့မတတ် ဖြစ်သွားတော့ ကိုယ့်စိတ်ကို မနည်းတင်းနေရတယ်"





"မမေ့ကို မေးနေစရာလိုသေးလား သမီးရယ်..၊ အဲဒီမျက်နှာ အဲဒီလောက်ဖြစ်သွားတာ၊ ညည်းကို ဘာမှမပြောလိုက်နိုင်တာ၊ ဒါတွေကို ထောက်ကြည့်ပါလား၊ သတင်းဆိုတာကတော့ ဘယ်သူပြောတာပါ၊ ဘယ်လို ခိုင်မာပါတယ်လို့ ခေါင်းစဉ်တပ်လို့ရတာ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် သတင်းမှန်,မမှန်ဆိုတာ အသိဉာဏ်ရှိတဲ့လူတွေက အကဲခတ် ထောက်ချင့်ကြည့်ရတယ်၊ ဒီလက်စွပ်ရဲ့ပြဿနာကို အစအဆုံး ဆက်စပ်ကြည့်လိုက်တာနဲ့ တိုက်နှစ်လုံးပူးနေတဲ့ အခြေအနေရယ်၊ မိဘတစ်စုံမဲ့နေတဲ့ လူငယ်နှစ်ယောက်ရဲ့ဘဝရယ်..၊ ရှေ့ဆက် 'ဘာ'ကြမယ်ဆိုတာ အသိသာကြီး..."

'ဟုတ်တယ်ဆိုသည့် အမှန်တရားကို မြင်လာသလိုရှိကာ ယွန်း ခေါင်းညိတ်၏။ မြပမာ ကိုတွေ့လိုက်ရမှ ခြင်း ကို သူမ ချစ်နေတာတွေ အတိုင်းအဆမဲ့ပါလားဆိုတာ ပေါ်လွင်လာသည်။

မမေ့ခမျာလည်း မာနတွေ မိုးလောက်ထိ တင်ထားခဲ့ပြီးမှ သူမကြောင့် စုံစမ်းရေးဖြစ်လိုက်၊ လူကြမ်းကြီးဖြစ်လိုက်..။

မသိသလိုနေရသည့် ပင့်သက်လေးတစ်ရှိုက်နှင့် မမေ့ကို တောင်းပန်ကြည့်မိသည်။ နောက်ထပ် ဘာတွေ နိုက်ထုတ်ဦးမှာလဲ မသိ... ဘာတွေ နှိုက်ထုတ်တူးဖော်ဖို့ ကျန်နေသေးသည်မသိသော မမေ့မျက်နှာထက်က လေးနက်မှုတွေကတော့ မျက်မှောင်ကြုတ်ထားသည့် မျက်ခုံးနှစ်ဖက်ပေါ်မှာ ယီးလေးခိုဆဲ..။

ယွန်း ခုချိန်ထိ ဖုန်းမချဖြစ်သေးပါ။ တွေ့ချင်တယ်လို့ပဲပြောပြီး ခြင်း က ဖုန်းချသွားပေမယ့် ဘာမှပြောမသွားတာကိုပဲ သူမ သိနေခဲ့သည်မို့ သွားရမှာလည်း စိုးရိမ်စိတ်တွေဖြစ်နေမိသည်။ ဒေါသကလည်း မကင်း..။

ဒါ ဟိုမိန်းမ တို့ထောင်လိုက်ပြီမို့လို့ပေါ့..။ ခြင်း နဲ့တွေ့ရင် ဘာပြောရမလဲ..၊ ရင်ထဲမှာ ကိုယ့်ဘက်က အမှန်တရားတွေကို တန်းစီ ထိုးနေမိ၏။ တကယ်က ဒါတွေ ဒီလိုဖြစ်ခဲ့တာ ချစ်လို့..။

www.burmeseclassic.com



## အခန်း [၂၄]

"ပမာ က ပြောထားတယ် ခြင်း၊ မင်းရဲ့မင်္ဂလာပွဲကိုတောင် သူ့ဘက်က လက်ဖွဲ့ဦးမှာတဲ့၊ ငါ့အထင်တော့ ကျွန်တဲ့လက်စွပ်တစ်ကွင်းကို ထင်တယ်၊ မင်း ကောင်းစားဦးမှာပါ၊ ဒါပေမယ့် ငါကတော့ မင်းရဲ့အမေ ဖြစ်ပေမယ့် သားသမီးကောင်းစားတာကို မရှုစိမ့်နိုင်တဲ့ မိဘမျိုးလို့ မင်း သဘောထားလိုက်ကွာ၊ မောင်မောင့်ရဲ့ပစ္စည်းဥစ္စာတွေကို မတရားသဖြင့် ဝါးမျိုနေရတယ်လို့ ခံစားရတဲ့ရင်ထဲမှာ ဘယ်လိုမှမခံနိုင်တဲ့အဆုံး အဝေးကို ထွက်သွားမှာပဲ..."

မေမေ ဤသို့ကြေညာခဲ့သည်။ ဒီနေ့တော့ နှုတ်ဆက်သွားပါပြီ။ ဒါပေမယ့် သူ့ဘာသာ ထွက်ခွာသွားခြင်းတော့ မဟုတ်သေးပါ၊ မမက လွှတ်လိုက်တာ ဖြစ်သည်။

"ငါ သွားမယ် ခြင်း၊ မင်းရဲ့မင်္ဂလာပွဲ ဒီကြားထဲမှာဖြစ်ရင် ငါ့ကို လှမ်းမခေါ်ပါနဲ့"တဲ့..။ စိတ်ရှုပ်ထွေးစွာ မျက်နှာကိုပဲ ဖိပွတ်နေတုန်း မေမေက ရောက်လာသည်။ "မင်းနဲ့ ပမာ ဘာဖြစ်ထားကြလဲ"တဲ့..။

ဒုက္ခတွေက တစ်မျိုးပြီးတစ်မျိုးပါလား။

"ငိုထားတဲ့ပုံပဲ၊ ဒီမိန်းကလေးက သိပ်ကို စိတ်ခိုင်တာ၊ ဟိုတစ်နေ့က မင်းမရှိတုန်း မင်းရဲ့ ယွှန်း ဒီကိုလာတယ်၊ ဒူးရင်းသီးတွေနဲ့လေ၊ ပမာ နဲ့လဲမခင်ဘဲနဲ့ အိမ်နှစ်အိမ်အတွက် ယူခဲ့တာတဲ့၊ သူကိုယ်တိုင် သွားပေးမလို့ကို ပြင်နေတာ၊ ပမာ မရှိတော့ ကုမ္ပဏီကို လိုက်သွားမယ်ဆိုပြီး ထွက်သွားတယ်"





"ဘယ်လို!..."

မေမေပြောတော့ သူ အံ့သြသွားတာ ဟုတ်ကယ့်ကို မယုံနိုင်..။ မေမေကလည်း သူ့ကို ဒီရက်ပိုင်းမှာ စကားကောင်းကောင်းမပြောခဲ့ပေ။ ဒီနေ့ မမ မျက်နှာမကောင်းတာမြင်မှ ဒါတွေ လာပြောတာဖြစ်၏။

သူ ဘာမှမသိလိုက်တာတွေကြောင့် မေမေ့ကိုလည်း ဘယ်လိုဖြေရှင်းရမှန်း မသိ..။

"ဒီကိစ္စမှာ ပမာ နဲ့ ဘာမှမဆိုင်ဘူးလို့ မေမေ ထင်တယ် သား၊ ဟိုကလဲ မင်းတို့ကို ဝင်ရှုပ်ပတ်သက်ဖို့ ကြိုးစားနေတာ မဟုတ်ဘူး၊ ဒါကို ထိကပါးရိကပါးတွေ သွားလုပ်ခဲ့တယ်ဆိုရင်တော့ သိပ်ကို တရားလွန်တဲ့ကိစ္စပဲ"

မေမေ ပြောသမျှ ပြန်တွေးနေရင်း ယွှန်း လာရင် သူ့ဘက်က ဘာတွေပြောခွင့်ရှိသလဲ..၊ ဘာတွေ တားဆီးရမလဲ..။

ပြောတာတွေ မှားသွားရင် ဘာဖြစ်သွားနိုင်လဲ၊ စိတ်ထဲမှာ နောက်ကျိနေတော့၏။ နေရာမှထကာ နာရီကြည့်ပြီး မျက်နှာအမော့...

"ဘာဖြစ်နေလို့လဲ"

ပမာ့ တိုက်ရှေ့မှာ ကားနှင့်လူက ကြည့်လို့မကောင်း၊ ဒီနေ့ မေမေ မရှိတာကို သတိရကာ တံခါးဝထိ ထွက်ကြည့်လိုက်မိသည်။

ဘွန်းနက်ဖွင့်ပြီး ကြည့်တော့ကြည့်နေကာ ဘာမှန်းမသိသည့်မျက်နှာလေး ပြန်မော့လာတော့ မကျေမနပ် တည်တင်းလျက်..။

ကားပျက်နေတာသေချာတော့ သူ သွားကြည့်ပေးရဖို့တာဝန်ရှိလာပြီမှန်း သိသည်။ ခြေလှမ်းတွေက မရွေ့ဖြစ်..။

ပမာ သည် ဆံပင်တွေကို ခပ်မြင့်မြင့်မှာ စုစည်းတင်ထားလျက် အနက်ရောင် ကိုယ်ကျပ်အင်္ကျီပေါ်မှာ အဝါရောင် အပါးသားလေးတစ်ထည် ထပ်ဝတ်ထား၏။ ပြီးတော့ အဝါရောင် ပန်းပွင့်နားကပ်ကို ပန်ထား

www.burmeseclassic.com



ကာ ရှိင်းမသွားဘဲ ယဉ်စစပုံလေးလည်း မပျက်..။

မျက်စိထဲမှာ လှတာကို သတိထားမိတော့ ယွန်း ကို သတိရသည်။ မမ ဘယ်လိုပုံစံဖြစ်နေနေ တောက်ပကြွရွနေအောင် အမြဲ ပြင်ဆင်ထားသည့် ယွန်း လိုတော့ ပေါ်လွင်ပါမလား။ ဒါတောင် ဘာဖြစ်လို့ မမဆီ ကို ယွန်း ရောက်သွားတာလဲ..။

ရောက်သွားခဲ့တယ်ဆိုတာရော မေမေ ထင်တာသက်သက်လား၊ တကယ်လား..၊ ပမာ အထဲပြန်ဝင်သွားတာမြင်တော့ သူ အပြင်မထွက် တော့ဘဲ ဘေးတံခါးကနေ ဟိုဘက်ကို ကူးသွားလိုက်သည်။

"မိသီ ငါ့ဆီကို ဖုန်းမဆက်နဲ့နော်၊ ငါ့ဖုန်းဘာဖြစ်နေလဲ မသိဘူး၊ အခု ကားလဲ ပျက်သွားပြီ"

"မမလေး အပြင်မသွားရတော့ဘူးလား"

"မသွားလို့ မဖြစ်ဘူး၊ ငါ လမ်းထိပ်ကျမှပဲ ကားငှားသွားမယ်၊ မနက်စာ မြန်မြန်စားမှာ၊ သော့ချပြင်ထား.."

"မှတ်ကဲ့ မမ၊ ဟို... စောစောကပဲ အစ်ကိုလေးကို မြင်လိုက် တယ်၊ အစ်ကိုလေးကို ကားပြင်နိုင်းကြည့်ပါလား မမလေးရဲ့၊ ကျွန်မ သွားခေါ်ပေးမယ်လေ"

"မိသီ..၊ ကိုယ့်အလုပ် ကိုယ်လုပ်.."

"ဟုတ်.."

သူ ဒီဘက်ကူးခဲ့တော့ စကားသံတွေ အရင် ဆီးကြိုနေကာ မိသီ ကတော့ မီးဖိုခန်းထဲ ဝင်သွားပြီထင်သည်။ ပမာ က ပြန်ထွက်လာတော့ ဧည့်ခန်းကို ရောက်လာ၏။

"ခဏ စောင့်နေပါ၊ ကျွန်တော် ပြင်ပေးမယ်"

ပမာ့ မျက်နှာ သူ့ကိုမြင်လိုက်တာနှင့် အဆမတန် တင်းသွား၏။ ဒါပေမယ့် တစ်ဖက်ကို ဖျတ်ခနဲလွှဲလိုက်ပြီး ပြန်လှည့်လာတော့ နွေးစက်





စက်ပုံလေးနှင့်...

"ရတယ်..၊ မလိုဘူး"

"မမ.."

သူကလည်း ပြင်ပေးချင်လွန်းလို့လား၊ အစကတည်းက မသင့်မြတ် ချင်သည့်မာနက မျက်နှာကို တင်းလိုက်ပြီးသားဖြစ်လျက်...

"ဖေဖေ မှာခဲ့လို့ ကျွန်တော်က တာဝန်သိသိ ရောက်လာတာ အားလုံးကို ရိုးရိုးပဲတွေးစမ်းပါ"

"ဘာကွ.."

အနှာပေါ် တုတ်ကျသွားတာမျိုးလား၊ ရဲတာထက် ညိုသွားသည်လို့ ပြောရလျှင် ပိုမှန်နိုင်၏။ ပမာ့ မျက်နှာလေး ရုပ်ပျက်ဆင်းပျက် ညိုသွားကာ...

"မင်း ဘာစကားပြောလိုက်တာလဲ ခြင်း.."

"ပြောနေကျအတိုင်း ပြောတာပဲ..၊ ဘာဖြစ်သွားတာလဲ၊ တစ်ခြံ တည်းကပ်လျက်နေကြတာ မမနဲ့ ကျွန်တော်က ရန်သူတွေလား၊ လိုအပ် တာရှိရင် ပြောမယ်၊ မရှိရင် မပြောဘဲနေမယ်၊ ဒါပဲပေါ့၊ ရိုးရိုးတွေးဆို တာ အဲဒါ..."

တက်ခေါက်ပစ်ချင်သည်။ နောက်ထပ် ချိုးဖဲ့ပြောလိုက်မှာစိုးတော့ ထိန်းနေရ၏။ ပြီးတော့ သူမမျက်ဝန်းထဲမှာ ထင်လာတာက ရှေ့မှာရပ်နေ သည့် ခြင်း ဆိုတဲ့ပုံရိပ် မဟုတ်။ နွေနေယွန်းယွန်း..။

ခုတော့ သူမနှင့် လွတ်လပ်ခြင်း နှစ်ယောက်ကြောင့် ကိုယ့်မှာ..၊ ပမာ အံလေးကြိတ်၍ မျက်စောင်းထိုးတာမဟုတ်ဘဲ မျက်ဝန်းတွေကို မှိတ်ပစ်လိုက်သည်။ တစ်ဖက်ကို ဆတ်ခနဲ မျက်နှာလွှဲ၍...

"မင်း ငါ့ရှေ့ကိုရောက်လာတော့ မပြောတော့ဘူးလို့နေတဲ့စကား တွေက ရင်ထဲမှာ ခုန်ပေါက်နေတယ်"

"ပြောလေ..၊ ဘာလဲ မမဆီကို ယွန်း ရောက်လာခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း…"

ရှက်နေသည့်စိတ်က ဒေါသတွေ ဖြစ်သွားသည် ထင်၏။ ထိုအခါ နှစ်ယောက်စလုံးကို ခါးသီးစွာဖြစ်သည့် ဒေါသကြောင့် တက်ခေါက်လိုက်မိရင်း…

"မင်းကို ငါက သိမ်းပိုက်ချင်နေတယ်လို့ တကယ် ထင်နေတာလား၊ အောက်တန်းကျတဲ့စိတ်နဲ့ အသားယူပြီး ပြောလိုက်တာလား၊ ဟင်… ယွန်း ကို မင်း ဘာတွေ ပြောခဲ့သလဲ"

"ဘယ်လို!…"

"ငါ ထင်တယ်၊ အဲဒါကြောင့်… အဲဒါတွေကြောင့် ငါ ရှောင်သင့်တာကို ရှောင်ခဲ့တာ၊ ဒီမှာ ခြင်း…"

ပမာ က ခြင်း ရှေ့ကို တစ်လှမ်းတိုးရပ်လိုက်ကာ…

"မင်းရဲ့ယွန်း ငါ့ဆီလာပြီး ဘယ်လိုအောက်တန်းကျသွားတယ်ဆိုတာ ငါ မပြောတော့ဘူး၊ မင်းတို့က အတူတူပဲလေ…"

"ဘာဗျ…"

စူးရဲသည့် မျက်ဝန်းနှစ်ခု ဒိုင်းခနဲ မိတ်ဆက်၏။ မှုန်အိအိမျက်နှာလေးသည် လှပချောမွေ့မှုများနှင့် ဆန့်ကျင်စွာ တင်းမာပြတ်သားနေလျက်…။

"နောက်ထပ် ငါ စော်ကားမခံနိုင်ဘူး…၊ လူတွေပြောနေကြတယ်ဆိုတဲ့ ပါးစပ်ကိုလဲ ပိတ်ချင်တယ်၊ အဲဒီတော့ မင်း အမြန်ဆုံး လက်ထပ်ပါ၊ ငါ့ဆီမှာရှိနေတဲ့ လက်စွပ်တစ်ကွင်းကိုပါ မင်းကို လက်ဖွဲ့ပေးမယ်"

ပါလာပြန်ပြီ လက်စွပ်…၊ လက်စွပ်ချင်းက အတူတူဆိုတော့ ယွန်း ပြောသလို သောင်းကျော်တန်နေတာပဲလား…။

"ဘယ်လောက်တန်သလဲဆိုတာ ငါ မသိဘူး၊ ဒါပေမယ့် တန်ဖိုးကြီးရတနာဆိုတာတော့ သိတယ်၊ ဒီလက်စွပ်နဲ့ မင်းနဲ့ ငါ့ကို စေ့စပ်ပေးထားခဲ့တာမို့လို့ ဒါကို ဖျက်ပစ်မယ်"





မမတောင် ဘယ်လောက်တန်မှန်း မသိဘူးဆိုပါလား…။ စိတ်ထဲမှာ အတွေးတစ်ချက်ဝင်လိုက်ပြီး သူ ခေါင်းခါသည်။

"မလိုပါဘူး၊ ယွန်း ကလဲ မိန်းကလေးပီပီ သဝန်တိုတဲ့စိတ်နဲ့ မမကို ပြောမှားဆိုမှားတွေ လာလုပ်သွားတာ၊ ကျွန်တော်ဆိုတဲ့ကောင်ကလဲ ပြည်တန်ပတ္တမြားဖြစ်ဖြစ်…၊ အထူးသဖြင့် ခင်ဗျားလိုမိန်းမဆီက စကားတစ်ခွန်းအပြောနဲ့ ပေးလာတာမျိုး လုံးဝ အလိုမရှိဘူး"

"မင်း မိုက်ရိုင်းလှချည်လား"

'ခင်ဗျားလိုမိန်းမ' ဆိုသည့် ပိုင်စိုးပိုင်နင်း ရင့်သီးသောစကားကို နားထဲမှာခါးသွားသည်။ ခြင်း ပါးစပ်ကနေ 'ခင်ဗျား' လို့တစ်ခွန်းပါလာတိုင်း ဒီတိုင်းခံစားလိုက်ရသည့်ရင်ထဲမှာ…

"မင်းတို့မင်္ဂလာပွဲကို အမြန်ဆုံးဖြစ်အောင်လုပ်၊ မဟုတ်ရင် ဒီထက်မက ပုံပေးခဲ့ပြီး ငါ ဒီကထွက်မယ်"

"ဘာ!…"

စကားအဖြစ်ပြောတာမဟုတ်ဘူးဆိုတာ ခြင်း သိလိုက်၏။ သူ့မှာ တစ်ယောက်တည်းမှာပဲ ဒီလိုမာနတွေရှိတာလား…၊

"မမ ဘာပြောလိုက်တာလဲ"

"ထပ်ပြောလဲ ဒါပဲ၊ ဘာလဲ… နားဝင်ချိုသွားလို့လား" လေးနေ

"အယွန်း…"

ကြ၏။

ခြင်း ကမဲ့ပြုံးနှင့် သူ့လက်ကလက်စွပ်ကို ချွတ်ယူလိုက်၏။ ငုံ့စာကြည့်နေသည့် ပမာ့ မျက်နှာ ကွက်ခနဲပျက်သွားသည်။

ပြီးတော့ ပမာ့ လက်ကိုဆွဲယူလိုက်တာ ဖျတ်ခနဲပေမယ့် ပြန်ရုန်းဖို့ ဘယ်လိုမှမရ…။

"မင်း …"

"ပိုင်ရှင်ကို ပြန်ပေးတာပါ"



www.burmeseclassic.com

"အို·· မယူဘူး"

"မရဘူး၊ ယူမှဖြစ်မယ်"

လက်သီးဆုပ်ပစ်လိုက်တာကို ရအောင်ဖြေပြီး ပမာ လက်ထဲကို လက်စွပ်ထည့်လိုက်၏။

"ကိုယ် မပိုင်ဆိုင်သင့်တာကို ကိုယ့်ပစ္စည်းလုပ်ပြီးကြွားတာ ဝါသနာမပါဘူး"

"ဘာဆိုင်လဲ၊ ဒါ မင်းကို ဖေဖေ ဟိုအရင်ကတည်းက ပေးခဲ့တာ"

လက်ကို ဘယ်လိုရုန်းရုန်း မရ၊ လက်ပြန်ဖြန့်လို့မရအောင်လည်း လက်သီးဆုပ်လေးဖြစ်နေအောင် ပမာ လက်ပေါ်ကနေ အတင်းအကျပ်ဖိဆုပ်ထား၏။

"ဘာမှမသိခဲ့လို့ လက်ခံခဲ့တာလေ··ကျွန်တော် သိတာက ဖေဖေပေးတဲ့ မွေးနေ့လက်ဆောင်ပဲ၊ ခုကျမှ မမ ဒါတွေကို နှစ်ခုစလုံးမြင်ပြီး ပတ်သက်မှုတွေ ဆက်ဖြစ်အောင် တံတားခင်းခဲ့မှန်းသိတာ"

"မင်း ဖေဖေ့ကို မစော်ကားနဲ့"

"မစော်ကားပါဘူး၊ အခုဖြစ်စဉ်အတိုင်း မဟုတ်ကြတော့ဘူးဆိုတော့သည် လှ ပိုင်ရှင်လက်ထဲ ပြန်မရောက်သင့်ဘူးလား၊ နောက်ပြီးတော့···"

"ခြင်းသည် ဆုပ်ဆွဲထားသည့်လက်ကို ဖိဆွဲလိုက်၏။ ပမာ ပခုံးပေါ်ဆိုတဲ့ ပါးက် နွဲ့ကျလာကာ သူ့ပခုံးနဲ့တိုက်မိကာမှ···

"ခင်ဗျားနဲ့ ဘာမှမပတ်သက်ချင်ဘူး"

"အေး···ငါလဲ မင်းလိုပဲ"

ပမာ က သူ့ရင်ဘတ်ကို အားရှိပါးရှိတွန်းပစ်လိုက်ပြီး နောက်ဆုတ်ရပ်လိုက်သည်။

"ဒီလက်စွပ် ငါ့ဆီပြန်ရောက်သွားရင် အနည်းဆုံး မင်းရဲ့ချစ်သူအရင်သိမယ်၊ သိရင် ဘာပြောမလဲ မင်း တွေးမိလား"





မတွေးမိတဲ့သူမို့ ခြင်း က မျက်မှောင်ကြုတ်လျက် စိုက်ကြည့်နေ၏။

"မင်းက ငါနဲ့ကင်းချင်တာ မှန်၊ ငါက ကင်းချင်တယ်လို့ပြောမိရင် မစားရတဲ့အမဲ သဲနဲ့ပက်တာလို့ပြောမှာ၊ ငါ မင်းလက်ထဲက ဘာမှမလိုချင်ဘူး၊ ငါပိုင်တဲ့ထဲက ဘာဖြစ်ဖြစ် တောင်းရင်တောင် ပေးဖို့ အဆင်သင့်ပဲ၊ အဲဒီတော့ မင်း ဒါကို ပြန်ယူမှာလား·· မယူဘူးလား"

"လုံးဝ မယူဘူး"

ပမာ က အံလေးကြိတ်ပြီး မေးဆတ်ညိတ်သည်။ ပြီးတော့ လက်ကိုလွှဲမြှောက်လိုက်၏။ ပြတင်းတံခါးဘက်ကို မျက်နှာမူလိုက်သဖြင့် ဘာလုပ်တော့မှာကိုသိကာ ခြင်း က လက်ကောက်ဝတ်လေးကို ဖမ်းဆွဲလိုက်လျှင် နှစ်ယောက်လက်ထဲက လက်စွပ်က ကြမ်းပေါ် ဒေါက်ခနဲပြုတ်ကျ၏။ မျက်ဝန်းတို့သည် လက်စွပ်ဆီပါမသွားဘဲ တစ်ယောက်ကိုတစ်ယောက် ရန်လိုစွာ···

"ခြင်း···"

တံခါးဝမှာပေါ်လာသည့်အရိပ်က အသံပေးခြင်းနှင့်အတူ အထဲကို တောက်လျှောက်လှမ်းဝင်လာပြီး···

"ဒါ ဘာပြဿနာတွေရှင်းနေကြတာလဲ"

သွားပြီ··၊ ရှုပ်ကုန်ပြီဆိုတာ သိလိုက်၏။ ပမာ နှုတ်ခမ်းလေးဖေ့ထားရင်း မျက်ဝန်းမှာ အရှုံး၏ရေပူစမ်းတို့ ဝေ့ဝဲပြေးတက်လာကြ၏။

ဆုပ်ကိုင်ထားမိသည့်လက်ကို လွှတ်လိုက်ကာ ခြင်း လည်းမျက်နှာပျက်သွားလျက် ရုတ်တရက်အနေအထားက မရိုးသားစွာရပ်တည်နေခဲ့ပြီး···

"ဒါ ဘာလဲ··"

အစက လှမ်းမြင်ပြီးသားမို့ ယွန်း က အနားရောက်တာနှင့် ကြမ်းပေါ်မှာလိမ့်ထွက်နေသည့်လက်စွပ်ကို ကောက်ယူလိုက်သည်။ ပြီးတော့ နူးလက်သည့်မျက်ဝန်းတို့သည် ပမာ့ မျက်နှာဆီ တန်းမတ်စွာ···

www.burmeseclassic.com



''ယွန်း ထင်သားပဲ··၊ ကိုယ့်ချစ်သူကို မပြောရက်လို့ မပြောခဲ့တာ၊ ဒီလက်စွပ်အကြောင်းကို ဟိုးကျန်ခဲ့တဲ့ ခုနစ်နှစ် ရှစ်နှစ်လောက်က နိုးမှု ရောင်းမှုတွေရှုပ်နေကတည်းက သိခဲ့တာ၊ အဲဒီတုန်းက ခိုးရာပါပစ္စည်းကို ဝယ်မိလို့ ပိုင်ရှင်ဖြစ်တဲ့ ဒေါ်မြပမာ ရဲ့အဖေကို ခြေသလုံးဖက် တောင်း ပန်ခဲ့ရတာ ယွန်းရဲ့မေမေ··''

ပမာ တအံ့တသြဖြစ်သွားၿ၏။ လက်စွပ်ကိစ္စဆိုလို့သာ ဖေဖေ့နောက် ကို ပမာ လိုက်ခဲ့တာပေမယ့် လက်စွပ်ကိုတော့ မြင်တောင်မမြင်ဖူးခဲ့ပါ။

ဒါကြောင့် ဒီလက်စွပ်ကို ခြင်း ဝတ်ထားတာလည်း ဖေဖေ ပေး တာမှန်းမသိခဲ့ပေ။

သိတဲ့သူ ပေါ်လာတာကို အံ့သြမိသလို သူမဟာ ယွန်း ဖြစ်နေခဲ့ တော့ မျက်ဝန်းပေါ်မှာ ကြောင့်ကြမှုတွေ ဖိစီးလာခဲ့၏။

ခြင်း ကိုယ်တိုင်လည်း ဘာမှမသိခဲ့သူမို့ ပမာ နဲ့ ယွန်း ကိုပဲကြည့် နေခဲ့မိသည်။

''ဟွန်း·· လက်စွပ်ရဲ့လမ်းကြောင်းကိုကြည့်လိုက်တာနဲ့ ယွန်း က အစကတည်းကရိပ်မိပြီးသား၊ ခုတော့ ငါနဲ့မတည့် ငါ့အိုးဖုတ် ပြန်ပေး ဆိုတာ ဖြစ်ပြီပေါ့''

''မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး''

''ဒါကြောင့် ပြဿနာဖြစ်နေတာကြီးကို မျက်စိနဲ့ တပ်အပ်မြင်တာ တောင်···''

''မဟုတ်ဘူး ယွန်း··၊ ကိုယ်ပြောပြမယ်''

''မပြောနဲ့··၊ ခုချိန်မှာ ယူ ပါးစပ်ပိတ်နေပေးစမ်းပါ၊ ယောကျ်ား တစ်ယောက်ကို ဒီလိုအသက်ကြီးကြီးမိန်းမတစ်ယောက်နဲ့ ပြိုင်ဆိုင်လုရ ရလောက်အောင်ဖြစ်တာ ယွန်းအနေနဲ့ ဘယ်လောက်သိက္ခာကျလဲသိလား''

ဘယ်သူမှတိုးဝင်မပြောနိုင်အောင် ယွန်း ခေါင်းရော လက်ရော





ခါပြီး ရှုပ်ယှက်ခတ်အောင် ပြောနေလိုက်တာ တရစပ်··။

''တိုက်နှစ်လုံးကပ်ကပ်လေးနေစေပြီး နီးစပ်မှုတွေနဲ့ အစပြုခဲ့တာ၊ ငွေကြေးဥစ္စာတွေနဲ့ သိုင်းချုပ်ထားတာ၊ ခုနေ ခြင်း သာ တခြား တစ် ယောက်နဲ့ယူရင် ဘာတစ်ပြားမှမရဘူးဆိုတဲ့ပါဝါတွေ ဖြန့်ခင်းပြီးတော့ မသိသလို မမက်သလိုပုံစံနဲ့···''

''မင်း···''

''ယွန်း·· နေဦး··''

''ဟင့်အင်း ဖယ်··၊ ယွန်း က အခု ပတ်ဝန်းကျင်မှာ ကြေညာထား တာ ပုံ့နေပြီ၊ ခြင်း နဲ့ လက်မထပ်ဖြစ်ရင်လဲ အရှက်ကွဲတော့မယ်၊ လက်ထပ်ပြီး ခြင်း က ဘာမှမဟုတ်တဲ့လူဖြစ်နေရင်လဲ ဒေါ်မြပမာ ရဲ့ အရိပ်ကြောင့် အကြွေပန်းကိုနမ်းတဲ့သူလို···''

''နေ··နေ··ယွန်း··ယွန်း···''

''မမ···''

ပမာ့ ကိုယ်လေး တဆတ်ဆတ်တုန်ကာ လဲကျတော့မလိုဖြစ်လာ သဖြင့် ခြင်း ကလက်မောင်းတစ်ဖက်ကို လှမ်းကိုင်လိုက်သည်။

''ခြင်း ပြန်ဆုတ်ခဲ့နော်၊ အဲဒါမျိုး လုံးဝ သည်းမခံဘူး သိလား''

ယွန်း က ဟန်ဆောင်ခြင်းနဲ့ စခဲ့တာပါ။ ဒါပေမယ့် သဝန်တိုစိတ် ကြီးမားနေခဲ့တာမှာ ဟန်ဆောင်မှုမပါပေ။ ခြင်း ပျာပျာသလဲဆွဲလိုက် တော့ မျက်လုံးထဲမှာ မီးပွင့်သွား၏။

''ခြင်း ဘာဖြစ်ဖြစ် လက်ထပ်ဖို့ဆုံးဖြတ်ထားရတဲ့ ယွန်း ကို ပြန် ငဲ့ကြည့်ဦး''

''ဘာမှမဟုတ်တာတွေကို မင်း ထင်ရာတွေးပြီးပြောနေတာ ယွန်း၊ ချွတ်!·· ပြန်ပါတော့ကွာ၊ ကိုယ် တောင်းပန်ပါတယ်၊ ဘယ်ကနေ ရှင်းရမှန်းကို မသိတော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"မရှင်းပါနဲ့၊ ယွန်း ပြန်မှာပါ၊ ဒီလိုပဲဖြစ်လာအောင် ဒီဇာတ်လမ်းက စခဲ့တာ၊ ယွန်း တို့က အသက်ကြီးတဲ့မိန်းမတစ်ယောက်လောက်မှ မဖမ်းစားနိုင်ဘဲ၊ သူတို့လို မချမ်းသာဘူးလေ"

ယွန်း ထွက်ပြေးသွားသည်နှင့် ပမာ့ မျက်ဝန်းမှာလည်း မျက်ရည်တွေ ဖိတ်လျှံလုလုပြည့်တက်လာခဲ့၏။ ပြီးတော့ နောက်ကို နှစ်လှမ်းခန့် ဆုတ်ကာ…

"မင်း…မင်း ငါ့ဆီ ဘယ်တော့မှ ဘာဖြစ်ဖြစ် ကူးမလာနဲ့၊ သွား… သွားတော့…"

ယွန်း ရှိုက်ကြီးတငင်ငိုကြွေးသွားတာက ရှုံးတဲ့မျက်ရည်တွေ မဟုတ်ပေ။ ဒါဖြင့် ယိုစီးလာသည့်မျက်ရည်စတို့ကို ချုပ်တီးထားလျက် ပမာ အံကြိတ်နေတာကျတော့ ဘယ်လိုခံစားချက်နဲ့လဲ…။

တစ်ခွန်းမှ စကားမပြန်မိဘဲ ခြင်း က ပမာ့ ကို ငေးစိုက်ကြည့်သည်။

အမြဲတမ်း မပျော့ပျောင်းခဲ့သည့်မျက်နှာမှာ မျက်ရည်မိုးတို့ သွန်းပြီးတော့မလိုနှင့် မရွာ၊ မငိုပေမယ့် သည်းအူပြန်းအောင်ခံစားနေရပြီမှန်းလည်း သိသာလျက်…၊

သူ ဘာလုပ်ရမလဲ…၊ သူမရဲ့မာနတွေကို ပြိုလဲချေးသိပ်သွားအောင် ကြိုးစားရမှာလား၊ ငိုချပစ်လိုက်ပါလို့ လူတတ်ကြီးလို အနားသွားပြီး ဖျောင်းဖျနားချရမှာလား…။

သူ့ရင်ဘတ်ထဲမှာလည်း တစ်စုံတစ်ခုတော့ ထိရှခဲ့လေသည်။



## အခန်း [၂၅]

စွပ်စွဲချက်တွေထွက်လာလိုက်တာ မနည်းမနော…။

ယွန်းတို့သားအမိ ဒီလောက်ထိလျှာစောင်းထက်နိုင်မှန်း သူ မတွေးမိခဲ့ပါ။ အသံကြောင့်ဖားသေဆိုတာမျိုး ချစ်သူဖြစ်ခဲ့ကြတဲ့ကိစ္စမှာ ချစ်ပြီးရင် လက်ထပ်ကြဖို့က ဖြစ်ရိုးဖြစ်စဉ်အတိုင်း သွားရမှာပေမယ့်…

ခုတော့ ယွန်းနဲ့သူ လက်မထပ်ဖြစ်ခဲ့ရင် မမနဲ့ သူ့အနေအထားကိုပဲ လူတွေ ဘယ်လိုပုတ်ခတ်ဝေဖန်ကြတော့မလိုလို…။

"အဲဒါ ယွန်း တို့ပဲဖွပစ်တာ သား၊ ဒေါ်တင်သန္တာ က သိပ်လည်တာ၊ သားနဲ့သူ့သမီး ငြိတော့မယ်ဆိုကတည်းက အားလုံးကိုစုံစမ်းတယ်၊ ဝေဖန်တယ်၊ မင်း တကယ်အဖိုးတန်နေတဲ့လူမှန်းသိလို့ ဒီလိုအပိုင်ချည်တဲ့စကားမျိုးတွေ ထွက်လာတာ"

မေမေကတော့ အစကတည်းက သောကမကင်းခဲ့သူမို့ ဒီကိစ္စမှာ ခြေကုန်လက်ပန်းကျတဲ့လူလိုပါ။

ပြောသင့်တာလောက်ပဲဝင်ပြောပြီး ပြင်းပြင်းထန်ထန် တားမြစ်တာတွေ၊ ပိတ်ပင်ကြိမ်းမောင်းတာတွေ ဘာမှမလုပ်။

"ဒီကိစ္စတွေရှိလာပြီဆိုရင် သားသမီးတွေက မိဘကို ရန်သူလိုမြင်လာကြတာပဲ၊ ဒါကို တားဆီးလို့ရခဲ့တယ်ဆိုတာလဲ ရှားပါတယ်။ အဲဒါကြောင့် တားကြည့်လို့မှမရခဲ့တော့ မေမေ မတားပါဘူး၊ မင်းချစ်တဲ့သူနဲ့ ပေါင်းပါ၊ မေမေနဲ့မင်းအဖေကိုတော့ နောက်ထပ် ဘာမှစိတ်ဆင်းရဲမပေးပါနဲ့တော့…"

www.burmeseclassic.com



မေမေ ဒီတိုင်း တောင်းပန်ခဲ့သည်။ ထိုစကားကြားပြီးကတည်းက သူလည်း စိတ်ဆင်းရဲခြင်းကြီး ဖြစ်ခဲ့ရ၏။ အချစ်က သပ်သပ်၊ မချမ်းမြေ့ခြင်းက တခြား..။

တစ်ယောက်တည်း ဆိုဖာပေါ်မှာ ပစ်စလက်ခတ်မှီရင်း စိတ်ကူးထဲမှာမျောနေတုန်း ဖုန်းဝင်လာ၏။

သူ ခေါင်းရင်းနည်းနည်းတိုးလိုက်ပြီး ဖုန်းကို မမှီတမီ လှမ်းဆွဲနေတုန်း...

"ဩော်... သား ရှိသလား"

"ဟုတ်.."

ဖုန်းသံကြားလို့မဟုတ်ဘဲ ဒေါ်ခင်ယု က လက်ကိုင်အိတ်နှင့်ထွက်လာတာဖြစ်ကာ...

"မေမေ မင်းအဖေမှာခဲ့တဲ့ကိစ္စရှိလို့ သွားဦးမယ်၊ သား အပြင်ထွက်ဦးမလား"

"မထွက်ဘူး မေမေ"

"အေး.. ပြီးရော..."

ဖုန်းကို အေးဆေးသည့်လှုပ်ရှားမှုနှင့်ယူရင်း မေမေ ထွက်သွားတာကို ငဲ့ကြည့်မိသည်။ အပြင်မှာ ကားနှစ်စီးရှိနေလျက်နှင့် မေမေ တက္ကစီနဲ့သွားတော့မှာ ဖြစ်သည်။

အမေရယ်၊ သားရယ် ခေါ်ပြီး စကားပြောနေပေမယ့် တခြားအပိုဘာမှမပြောတော့သည့် မေမေ့မျက်နှာက မတည်ပေမယ့် ရယ်ရယ်ပြုံးပြုံးတော့မရှိခဲ့ပေ..။

ဟိုနေ့ကပြဿနာကို အစအဆုံး မေမေ မသိဘူးထင်သော်လည်း မမကလည်း ဒါကို တိုင်းတန်ပြောဆိုမှာမဟုတ်တာ သေချာပေမယ့်...

မေမေ အကဲခတ်မိတာဖြစ်နိုင်သည်။ ညက ဖေဖေ့ဆီက ဖုန်းလာတာကိုလည်း အကျိုးအကြောင်း ဘာမှမပြောဘဲ အခန်းထဲဝင်သွားသည်။





ခုလည်း ဖေဖေခိုင်းတဲ့ကိစ္စဟု ဆို၏။ ခြင်း ဖုန်းပြောဖို့တောင် စိတ်မပါနိုင်ဘဲဖြစ်သွား၏။ ဖေဖေ ခိုင်းတဲ့အလုပ်ကိစ္စဆိုတာ သူပဲ ခေါင်းရွက်ပေးနေကျ၊ သူနဲ့သာ ဆိုင်သည်။

မေမေ ခုတစ်လော သိသာစွာ အနေစိမ်းသွားတာကို စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်မိ၏။ အမွေဖြတ်မယ်၊ မင်းထင်ရာလုပ်၊ ဆင်းသွား၊ ဘာတွေပြောပြောပါ။ ဒါမှမဟုတ် လုံးဝရှေ့မဆက်ရဘူး၊ လုပ်ရဲရင်လုပ်ကြည့်၊ ဆက်ရဲရင်ဆက် စသဖြင့် ဆူချင်သလောက်ဆူ ဒါက စကားလက်နက်တွေ ဖြစ်သည်။

ခုလို လက်နက်မဲ့တိုက်ခိုက်တာကျတော့ ခံရတဲ့သူဘက်မှာ...

"ကိုခြင်း လား..၊ ဟန်းဖုန်းကိုခေါ်တာမရလို့ပါ၊ ဟို အရေးကြီးလို့နော်၊ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့၊ ကိုခြင်း စိတ်ညစ်..."

"ကဲ.. မြန်မြန်ဦး၊ ရှည်လိုက်တာကွာ.."

ဒေါသဖြစ်ဖြစ်နှင့် ဖုန်းကိုင်ရင်း တက်ခေါက်မိသေးသည်။

"ဟုတ်တယ်၊ ပစ္စည်းတွေအပ်ရမှာ ငါသိတယ်၊ လယ်ဂျာတွေ တွဲထားတဲ့ဖိုင် မန်နေဂျာဆီမှာတောင်း၊ အားလုံး ငါ လက်မှတ်ထိုးပြီးသား၊ ပေးတာယူတာတွေ မင်းတို့ပဲလုပ်လိုက်၊ ထပ်မဆက်နဲ့ကွာ"

ဖုန်းချလိုက်ပြီး နေရာမှထသည်နှင့် နောက်ထပ်မြည်လာပြန်သည်။ ပလပ်ဖြုတ်ထားလိုက်မလို့ စိတ်ကူးမိပေမယ့် အလုပ်ဆိုတော့လည်း မဖြစ်ပြန်..။

"ဟလို.."

"အစ်ကိုလေးလားဟင်၊ မမလေးက မေမေကြီးကို ခေါ်ခိုင်းလို့"

မိသီ အသံကြောင့် သူ မျက်မှောင်ကြုတ်သွားမိကာ...

"ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ မရှိဘူးလို့ မပြောဖြစ်ဘဲ ဘာကိစ္စဆိုတာကိုလည်း သိချင်မိ၏။

"ကျွန်မ မသိဘူး၊ မမလေး မနက်က အလုပ်တော့သွားပြီး အစောကြီးပြန်လာတယ်၊ နေမကောင်းဘူး ထင်တယ်၊ ခုပဲ အခန်းထဲက ထွက်တာ"

သူ့ ခဏစဉ်းစားကာ ဖုန်းချပြီး ပဲ့ဘက်ကူးသွားလိုက်၏။ မမနဲ့သူ ဘယ်လိုမျက်နှာချင်းဆိုင်ရမှန်း မသိပေမယ့် ခြေလှမ်းတွေကတော့ အိမ်ထဲထိ တောက်လျှောက်..။

"ဟာ.."

"အား..."

မမနဲ့တိုက်မိလိုက်ပြီမှန်း သိကာ သူ့ကိုယ်သူ ထိန်းလိုက်နိုင်ပေမယ့် မမ ယိုင်ထွက်သွားတော့ လက်မောင်းလေးနှစ်ဖက်ကို ဖျတ်ခနဲ ပြန်ဆွဲလိုက်၏။

"ဖယ်..."

ပမာ ကလည်း သူ မှန်းသိသည်နှင့် အနူအဝဲတစ်ယောက်နှင့် ထိစပ်မိလိုက်သလို အတင်း ဆောင့်ရုန်းကာ ဗွတ်သပ်ခါချပစ်လျက်...

"မင်း ဘာလုပ်တာလဲ"

"မေမေ့ကို ခေါ်တယ်ဆိုလို့.."

"အန်တီကိုခေါ်တာ..၊ မင်း မဟုတ်ဘူး"

"မမ..."

ပမာ က ချာခနဲပြန်လှည့်သွား၏။ သူ ဘေးကနေ လိုက်သွားကာ...

"ဟိုနေ့က ပြဿနာအတွက် ကျွန်တော်..."

"မလိုဘူး..၊ ခွေးကိုက်ခံရတယ်ဆိုကတည်းက ခွေးမျက်စိနောက်အောင် လုပ်မိလို့၊ မင်းလိုကောင်နဲ့ပတ်သက်မိတာကိုက ငါ့မှာလဲ အပြစ်မကင်းဘူး"





ပြောပုံက ကိုယ့်ကိုယ်ကိုယ် စိတ်ကောင်းမွေးပြီး တောင်းပန်လိုက်မိသည့်အတွက် နောင်တပင် ရလိုက်မိကာ...

"မမ တော်တော်ရိုင်းပါလား၊ ကျွန်တော်က စည်းကမ်းကို တောင်းပန်နေတာ မဟုတ်ဘူး၊ ဖြစ်စဉ်အတွက်ပါ"

ပမာ က မကြားချင်သည့်ပုံနှင့် မျက်နှာလွှဲပစ်၏။

"ယွန်း ပေါက်ကွဲသွားတာက ချစ်တဲ့စိတ်နဲ့ သဝန်တိုတာ၊ ချစ်သူတို့စည်းကမ်းအတိုင်း သဝန်တိုခြင်းကြောင့် ချိုးဖောက်ခွင့်ရှိတဲ့ ဒေါ်သကရထားခေါင်းတွဲလို ဘယ်မှာသွားချိတ်ချိတ် သဘာဝမကျတာ ဘာရှိလဲ"

"အေး..၊ ကိုယ့်သဘာဝနဲ့ ကိုယ်နေ၊ ငါ မင်းမျက်နှာကို မမြင်ရရင် ကျေးဇူးတင်တယ်"

"ဖြစ်စဉ်အရ ရိုင်းသွားတဲ့အတွက် ယွန်း က ကျွန်တော့်ချစ်သူဖြစ်နေလို့ ကျွန်တော်က တောင်းပန်တာ"

"မလိုဘူး၊ အေး... မင်းလာတာလဲ ပြီးတာပဲပေါ့၊ နေဦး..."

ပမာ က ကြည်ပြာရောင်အနွေးထည်ပါးလေးနှင့် မျက်နှာလေးကလည်း ပြောင်တင်းတင်းမို့အစ်အစ်လေး ဖြစ်နေ၏။ ဆံပင်တွေကို ကျောထက်မှာ လက်ကိုင်ပဝါလေးနှင့် ဖြစ်သလိုချည်ထားကာ ဟိုဘက်လှည့်ထွက်သွားတော့ ဆံပင်ဖျားတို့ နွဲ့ခနဲခါသွား၏။

အခန်းထဲဝင်သွားတာ ခဏပဲကြာပြီး ပြန်ထွက်လာတော့ အတက်ချိုကော့စ်အသေးစားလေးနှင့် ဖြစ်သည်။

"ဒီမှာ လာယူ..."

ဟုပြောပြီး ရှိုးကေ့စ်အမြင့်ပေါ်မှာ သူမကိုယ်တိုင် ဖွင့်လိုက်၏။ ခြင်း ရှေ့တိုးမသွားပေမယ့် ကြည့်လိုက်တာနှင့် အထဲက စာချုပ်စာတမ်းတွေကို မြင်နေရသည်။

ထို့အတူ ပမာ ဘာအချိုးချိုးတော့မှာကို သိလိုက်ကာ မျက်ခုံး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်က ချက်ချင်းကုတ်ကျသွား၏။

''ဒီစာချုပ်ထဲမှာ ဖေဖေ မှာခဲ့တဲ့အတိုင်း အဲ…မဟုတ်ဘူး၊ ငါ အတိအကျ ခေါက်ချိုးချိုးမခွဲဘူး၊ မင်းဘက်မှာ အများကြီးပိုတယ်၊ ဒါကို ယူပြီး မင်းရဲ့ နွေနေယွန်းယွန်းကို သွားပြ၊ မဂိုလာဆောင်ရင် သပ်သပ် လက်ဖွဲ့ဦးမှာလို့..''

''ခင်ဗျားပစ္စည်းတွေကို ဘယ်သူက ယူမယ်ပြောနေလို့လဲ''

''မင်းချစ်သူလေ..၊ သူ မင်းနဲ့တကွသော ပစ္စည်းဥစ္စာတွေကို အလို ရှိနေတယ်၊ ယူသွား…''

''သူ့အလိုရှိနေတာကို ကျွန်တော် ဖန်ဆင်းပေးနိုင်အောင် ကြိုးစား မယ်၊ ဒါတွေ မလိုပါဘူး''

''ဘာ!… ဟား.. ဟား…''

မျက်နှာလေးနီနေသဖြင့် မော့ရယ်လိုက်တော့ ရယ်တာနဲ့လည်းမတူ ပါ။ ပမာ က ခြင်း ကို အထင်မြင်သေးသည့် မျက်ဝန်းများနှင့် မဲ့ကြည့် ကာ…

''မင်းက မိဘလက်အောက်က မလွတ်သေးတဲ့ ချာတိတ်ပါ ခြင်း ရယ်၊ မင်းမိဘပိုင်တာပဲ မင်းရမှာပေါ့၊ အခု ငါပေးတာက မင်းမိဘ မပေးနိုင်တဲ့အရာတွေ…''

ခြင်း မျက်နှာ ခရမ်းချဉ်သီးမှည့်လို ညိုပုပ်သွား၏။

''မင်းရဲ့ နွေနေယွန်းယွန်း ငါ့ကို မိုက်ရိုင်းစော်ကားသွားတယ် ဆိုတာ မင်းသိရင် ဒါတွေကို ယူလိုက်၊ မြပမာ ဆိုတဲ့မိန်းမ ရည်ရွယ်တဲ့ ယောကျ်ားဟာ ချောတာမောတာ ရုပ်အဆင်းလောက်နဲ့ ခပ်နုပ်နုပ် ချာတိတ် တစ်ယောက် မဟုတ်ဘူးဆိုတာ သိအောင်ပြော…''

''တောက်..၊ ခင်ဗျား…''

''အို.. ဘာလုပ်တာလဲ၊ ဖယ်… လွှတ်..''





''ခင်ဗျား မရဘူး၊ ယောကျ်ားတစ်ယောက်ကို ခင်ဗျား ဒီလောက် အထင်သေးတာ''

''မင်းနော် မယုတ်မာနဲ့၊ ငါ့ကို လွှတ်စမ်း''

ရုန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်ကာ မာနကြီးလွန်းသည့် ပမာ့ လက် တစ်ဖက်က ခြင်း မျက်နှာပေါ် ဖြောင်းခနဲကျ၏။

နှစ်ယောက်စလုံး ဒယိမ်းဒယိုင်တွေ ဖြစ်ကုန်ကြသည်။ ကိုယ့်ပါး တစ်ဖက်ကို ပြန်စမ်းမိကာ ဘာမှမကျူးလွန်လိုက်ရဘဲ ကိုယ့်ဒေါသနှင့် ကိုယ် ဒဏ်ပြန်ထိသွားတာကို သိသည်။

ပမာ က နည်းနည်းလေးမှ ကျေနပ်ပုံမရှိဘဲ တက်ခေါက်ပြီး နာကျင် သွားသည့်လက်ဖဝါးကို ဖိဆုပ်ထားလျက်…

''မင်းကလဲ ငါ့ကို ဘယ်တုန်းကမှ မကြည်လင်ခဲ့သလို ငါကလဲ ထပ်တူပဲ ခြင်း၊ မင်းနဲ့ငါ မျက်နှာချင်း စပြိုင်ဆိုင်ဖြစ်ပြီဆိုကတည်းက အကောင်းမမြင်ဝါဒတွေနဲ့ဘဲ၊ မမုန်းပေမယ့် ဘယ်သောအခါမှ ပြေလည် ကြဖို့ မရှိဘူး၊ ဘယ်လိုစိတ်ကူး၊ အမြော်အမြင်တွေနဲ့ မင်းနဲ့ ငါ့ကိုမှ လက်ထပ်ပေးဖို့ ရည်ရွယ်ခဲ့သလဲဆိုတာလဲ လုံးဝ နားမလည်နိုင်ဘူး၊ ဒါပေမယ့် မရှိတော့တဲ့မိဘကို ငါ မကောင်းမမြင်ချင်ပါဘူး၊ ထားလိုက် လို့မရနိုင်တာတွေ ပေါ်လာတိုင်း မိဘကို အပြစ်မြင်မိရင် အပြစ်ဖြစ်မှာ စိုးလို့၊ မင်းလမ်းကို မင်းလျှောက်၊ မင်းချစ်တဲ့သူက ဒါတွေပါမှ လက်ခံ ဖို့ရှိတော့ ဒါကို ယူသွား…''

ပမာ နောက်ထပ် မေးဆတ်ပြသည်နှင့် ခြင်း ၏မျက်လုံးတွေ စာချုပ်တွေဆီ စူးစူးရဲရဲ ကျရောက်သွားကာ…

''ဟာကွာ..၊ တောက်…''

''ဒုန်း..''

''ဖြိုး..၊ ဖြဲ…''



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း.. လွှတ်လပ်ခြင်း..."

စာရွက်စာတမ်းတွေကို အကြမ်းဗရမ်း ဆွဲယူလိုက်တော့ အတက်ရှိကော့စ်က ကြမ်းပေါ်ပြုတ်ကျကာ စာရွက်တွေ အထပ်လိုက် မညီမညာပါလာ၏။

ခြင်း က စိတ်ရှိလက်ရှိ ဖြဲဆုတ်နေသဖြင့် ပမာ ဒေါသမထိန်းနိုင်ဘဲဘေးကနေ အတင်းဝင်ထုတော့သည်။

စာရွက်တွေကို ဆုတ်ဖြဲပြီး တစ်စစီ လွှင့်ခါထုတ်ပစ်ပြီးမှ ခြင်းက ပမာ့ ပခုံးနှစ်ဖက်ကို ဆတ်ခနဲ ဆွဲကိုင်ကာ...

"လောလောဆယ် စာရွက်တွေပြဲကုန်လို့ ဥစ္စာရှုံးရှုံးနေတာ ခင်များ..ဒါတွေက ကျွန်တော့်အတွက် ကဗျာစာရွက်တစ်ရွက်လောက် တန်ဖိုးမရှိဘူးဆိုတာ အခု မြင်ပြီနော်.."

"မင်း... မင်း ငါ့ကို လွှတ်လိုက်စမ်း"

"ဘာလဲ.. ပါးရိုက်ချင်သေးလို့လား၊ လုပ်စမ်းပါ.."

ခြင်း က မိုက်ရိုင်းသည်။ ပမာ့ ကို နံရံမှာ အင့်ခနဲပစ်ကျသွားအောင် မပ်ဆတ်ဆတ် တွန်းပစ်၍ ရှေ့ကို ခြေတစ်လှမ်းတိုးကပ်ကာ...

"ဒီတစ်ခါ အလကားမရဘူး"

ပမာ့ နှုတ်ခမ်းသားတို့ကို ထိကိုက်ရင်း အံကြိတ်၏။ ဒီလူငယ်တစ်ယောက်ဟာ လွယ်အိတ်လေးတစ်လုံးနဲ့ ဒီခြံမြေကို စတင် ချဉ်းနင်းရောက်လာကတည်းက သူမကို မရိုသေ၊ မလေးစား ခင်ဗွယ်ရကောင်းမှန်းလည်း မသိတဲ့သူ..။

အနိကယ်ဦးအောင်ခြင်း က အားနာရလောက်အောင် သဘောကောင်းသည်။ ဖေဖေက ငြင်းလို့မရလောက်အောင် ပြော၏။

"အိမ်မှာ သမီး စာသင်ပေးလိုက်ပါ"

"မောင်လေးကို ဘာဖြစ်ဖြစ် အမြင်မတော်ရင် နားဝင်အောင်





ပြောပြ..၊ ဆုံးမ..."

စသဖြင့် လိမ္မာယဉ်ကျေးအောင်၊ ကလေးချင်း တိုးကိုးဖော်ဖြစ်အောင်တဲ့..။ ကစားဖော်အရွယ်မဟုတ်ပေမယ့် ကိုယ့်မောင်လေးလို ပမာသဘောထားခဲ့ဖူးသည်။ အဖော်ရပြီဆိုသည့် အတွေးနှင့်လည်း ကြည်နူးခဲ့ဖူး၏။

ဒါပေမယ့် နည်းနည်းလေးမှ ဆရာလုပ်မခံသည့် လွှတ်လပ်ခြင်းဟာ တစ်ရံရောအခါမှာတော့ "ခင်ဗျားကို မုန်းတယ်"ဟု ပြောလာခဲ့လေသည်။

ရင်ထဲမှာ ဖယ်ကြဉ်ရတော့မည့်သူအဖြစ် ပမာ သတ်မှတ်ခဲ့တာဟာထိုစကားလုံးတို့ကို ကြားရပြီးသည့်နောက်...

"စိတ်ချ ခြင်း..၊ မင်းကို ငါ မျက်စောင်းတောင် မထိုးဘူး၊ ငါ့ရှေ့က ဖယ်..."

စိတ်ထဲမှာ ဖျတ်ခနဲဝင်လာသည့် အတိတ်က တိမ်မျှင်နိုးကို ဖြတ်ခဲပစ်လိုက်ပြီး ပစ္စုပ္ပန်ဒေါသများနှင့် ပမာ မတ်မတ်ပြန်ရပ်သည်။ ခြင်းက ဘောင်းဘီထဲမှာ လက်နှစ်ဖက်ထည့်ထားသည့်ပုံအတိုင်း နောက်ကိုဆုတ်ရစ်ကာ...

"ခင်ဗျားပြောတဲ့ စာရွက်စုတ်တွေမပါဘဲ ယွန်း နဲ့ ကျွန်တော်လက်ထပ်ပြမယ်၊ ဘယ်လိုယောကျ်ားမျိုးမှ ဘယ်လိုဘာညာ လေလုံးထွားနေတဲ့ ခင်ဗျားပဲ အကျမနာအောင် ဂရုစိုက်.."

"ဟား... ပူနေတာလား၊ ငါက မင်းစကားကို ဂရုမစိုက်ပေမယ့်မင်းနဲ့ ကျောချင်းကပ်ဖြစ်သွားအောင် အစကတည်းက စီစဉ်ပြီးသား.."

စကားသံ ခဏတိတ်သွားတော့ မျက်လုံးချင်း ဆုံသွား၏။ ငိုနေတာလား၊ မငိုဘူးလား အတိအကျ သိရခက်သော ပမာ့ မျက်လုံးတွေကမြင်နေကျအတိုင်း ရှူးရဲနေဆဲ..။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှေ့ထိရောက်လာပြီး မင်းရဲ့ ချာတိတ်မ မဆင်မခြင် ပြောသွားတာတွေကို ကြားရပြီးတဲ့နောက်ပေါ့၊ ဒီတိုင်းနဲ့ လက်ထပ်ကြပါစို့လို့ သူ့ကို မင်း အသေအလဲ စည်းရုံးသိမ်းသွင်းနေရချိန်မှာ ငါက လက်ထပ်နေလောက်ပြီထင်တယ်၊ မင်း သိမှာပါ‥ ဦးသီဟကို လို့ သူများတွေ ခေါ်ကြတဲ့ ကိုသီဟကို‥၊ သူက တို့ထက် သုံးနှစ်ပိုကြီးတယ်၊ မင်းက ကြွားတယ်လို့ထင်တဲ့ တို့ လိုချင်တဲ့အရည်အချင်းတွေ သူ့မှာ ပိုပိုလျှံလျှံ ရှိနေတာ၊ အဲဒါ ယုံလား‥."

"ခင်ဗျား ယုံဖို့ပဲ လိုတာပါ၊ ကျွန်တော် အဲဒီထိ စိတ်မဝင်စားဘူး တစ်ခုတော့ရှိတယ် ကြွားနေတာမဟုတ်ဘူးဆိုရင် ခင်ဗျားနဲ့ ကျွန်တော် တွေ့ကြဦးမှာပဲ၊ သတ္တိရှိရင် ခန်းမတစ်ခုတည်းယူပြီး နှစ်မင်္ဂလာ ဆောင်ရဲလား"

ပမာ ခေါင်းညိတ်လိုက်မိလား ဒါမှမဟုတ် ဒီတိုင်း ငုတ်တုတ်မွေ့ သည်လား။ ရှေ့မှာ ခြင်း မရှိတော့ဘူးဆိုတာကို သတိရဲတော့မှ လှိုက်တက်လာသည့် ရေပူစမ်းက မျက်ဝန်းအိမ်ကနေ ပိုးပိုးပေါက်ပေါက် ဖြိုးဆင်း၏။ ချစ်ပါတယ်၊ ကြိုက်ပါတယ်လို့ ဆိုလာသမျှ သူမ ဘယ်သူ့ကိုမှ တစ်စက်လေးမှ ပြန်ငဲ့ကြည့်ခဲ့တာ မရှိ၊ ခေါင်းထဲလည်း မဝင်‥။

ဖေဖေသည် သမီးနှင့် ခြင်း ကို လက်ထပ်ပေးမှာလို့ တိုတိုရှင်းရှင်း မပြောခဲ့သော်လည်း ခြင်း ကို ပြုစုပျိုးထောင်ပေးသင့်တာတွေ၊ စိတ်တိုတတ်ပေမယ့် ခြင်း က လူငယ်လူကောင်းကလေး ဖြစ်တာတွေ‥။

နောက်ဆုံး ခြင်း နှင့်ပဲ သဘောတူနေသလိုမျိုး သက်ရောက်စေသည့်စကားတွေကို ခဏခဏ ဆိုခဲ့၏။

"အကောင်းဆုံးဆိုတာကတော့ သိပ်မရှိနိုင်ဘူး သမီး၊ အရည်အချင်းကောင်းတွေ စုပြုံနေရင် ဒီလူမှာ စိတ်ဓာတ် ဒါမှမဟုတ် ရုပ်ရည် တစ်ခုခု ချို့ယွင်းနေလိမ့်မယ်၊ လူ့ဘဝဆိုတာ ရုပ်ရှင်ဇာတ်လမ်းတွေ၊





ဝတ္ထုတွေထဲမှာလို ဇာတ်သိမ်းခန်းမှာ မင်းသား၊ မင်းသမီး ပေါင်းကြလေ သတည်းဆိုပြီး ပြီးသွားမှာ မဟုတ်ဘူး၊ ပေါင်းကြပြီဆိုမှ ဘဝကစမှာ‥၊ ဇာတ်သိမ်းခန်းရဲ့နောက်က မပါတော့တဲ့အပိုင်းမှာ ဘဝစာမျက်နှာတွေ ပေါ့"

ဖေဖေက ခြင်း နှင့်ပတ်သက်ပြီး ပမာ့ အမြင်ကို သိထားသည်။ ထို့ကြောင့် ဒီအကြောင်း စ,ဖြစ်ပြီဆို တခမ်းတနား‥။

"လူတစ်ယောက်ဆီမှာ တန်ဖိုးအကြီးဆုံးက စိတ်ဓာတ်ပဲ၊ ဒါကြောင့် တော်ရုံလူကို ဖေဖေ ယုံကြည်နိုင်ဖို့ ခဲယဉ်းတာပေါ့၊ ဒီလောက်ထိ ချမ်းသာအောင် ဖေဖေ ရှာနိုင်ပေမယ့် ရှာနိုင်တဲ့လူတိုင်းကို အထင်မကြီးဘူး၊ ဘာပဲဖြစ်ဖြစ် ခြင်း ကို ဖေဖေ သံယောဇဉ်ရှိလို့ ကြည့်ရှုစောင့်ရှောက်တာ သက်သက် မဟုတ်ဘူး၊ သူ့အပေါ်မှာ ဖေဖေ့မျှော်လင့်ချက်တွေ အများကြီး ရှိတယ်"

ရှိက်မငိုတတ်ပေမယ့် ခံစားချက်ကြောင့် ရင်မှာနင့်လာတော့ နှုတ်ခမ်းကို ဖိကိုက်ထားတာတောင် ရှိုက်သံမပွင့်တပွင့် ထွက်ခဲ့သည်။

မွမွကြေအောင် ပြန့်ကျဲနေသည့် စာရွက်စတွေကြားမှ ကျော့ခိုင်းခဲ့ရင်း အိပ်ခန်းထဲရောက်တော့ မွေ့ရာထက်မှာ ခွေခွေခေါက်ခေါက်လေး ပုံကျသွားခဲ့၏။

တကယ်ဆို ခြင်း နှင့်သူမ တစ်နေ့နေ့ လက်ထပ်ရမှာပဲဆိုတာကို တစ်ထစ်ချ တွက်ခဲ့မိတာ သူမ‥၊ မလိုချင်လို့ ဝန်လေးနေတာလဲမဟုတ်၊ လိုချင်လွန်းလို့ တွေးရင်း မျှော်လင့်ခဲ့တာလည်း မဟုတ်ပေ။ ဖေဖေ မရှိတော့ကာမှ အန်ကယ် ပိုဂရုစိုက်လာတာကို သတိထားမိသည်။

ဖေဖေနှင့် တစ်ခုခု စကားရှိခဲ့မှာကိုလည်း တွေးမိခဲ့၏။ ဘာဖြစ်လို့လဲဆိုရင် ခြင်း ကို ဖေဖေ ဘယ်လောက်ထိ မျှော်လင့်ခဲ့တာကို မြင်နေကြားနေလို့ပါ။ ဒါကြောင့် ဂရုစိုက် လိုက်လျောနေတာပါလားဆိုပြီး



www.burmeseclassic.com

အနံ့ကယ်ဦးအောင်ခြင်း အပေါ် သူမ တစ်ခါမှ စိတ်မကွက်ခဲ့··။

နဂိုကတည်းက ဦးလေးအရင်းလို ခင်တွယ်ခဲ့တာမို့ ဦးအောင်ခြင်း မှစ၍ ဒေါ်ခင်ယု ထိ ခြင်း အဆုံး ပမာ့ စိတ်ထဲမှာ အဆင့်အတန်းခွဲခြား မြင်ခဲ့တာမျိုးလည်း မရှိခဲ့ဖူးပေ··။

သမီးရဲ့ဖေဖေ ဒီလိုဆန္ဒရှိခဲ့ပါတယ်လို့ ပြောလာရင်တောင် ခြင်း ကို လက်မခံနိုင်တဲ့အထိ ရင်ထဲမှာ ရှိနေပါစေ၊ သူမ ပစ်ပစ်ခါခါ ပြော မိမှာမဟုတ်ပေ။ သံယောဇဉ်ဆိုတာ ရှိခဲ့ပြီးသား··။

ခြင်း ပါးစပ်ကနေ 'ခင်ဗျား'ချင်း ထပ်အောင် ပြောလာတိုင်း ရင်ထဲမှာ ဒဏ်ရာတွေသာ ဖြစ်ခဲ့သည်။

- ကောင်းစေချင်လို့ မခံချင်စိတ်တွေဖြစ်အောင် တူးဆွမိခဲ့သမျှ ဘယ် တော့မှ မသင့်မြတ်ဖို့ ဖြစ်လာခဲ့တာ ဒီနေ့ ဒီလိုစော်ကားခံရဖို့လား··။

သူ့မှာ ဒေါသမာနတွေရှိသလို ကိုယ့်မှာလည်း ရှိတာပဲ။ ဒါကြောင့် ပြောလိုက်မိတဲ့စကားကတော့ အတည်ဖြစ်သွားပါပြီ··။

မနက်ဖြန်တွေမှာ သူမ ဘာလုပ်ရမလဲ··။

ပါးပြင်နှင့်မရင်းနှီးသော မျက်ရည်တွေက ခုန်ပေါက်လျှောဆင်းနေ တာ မပြီးနိုင်။ ခြင်း ကို သူမ ဒေါသဖြစ်နေတာလား၊ ရှက်တာလား··။

ဘာမှန်းမသိပေမယ့် မျက်ရည်တွေက သက်သေပြဖို့ အဆင်သင့် ဖြစ်နေကြသည်။ ဒီဝေဒနာဟာ ခြင်း ပါးစပ်ထဲမှာ ယွန်း ဆိုတဲ့ နာမည် ရောက်လာကတည်းက စ,ခဲ့မှန်းတော့ ကိုယ့်ကိုယ်ကို သတိတရပါ··။

လေးတန်းတက်မယ့် ကျောင်းသားလေးအရွယ်ကတည်းက အိမ်ကို ရောက်ခဲ့တာပေမယ့် ခြင်း ရဲ့ဖြူစင်သော ကလေးဘဝလေးကိုတော့ ကိုယ် မပိုင်ခဲ့ရမှန်း အဲဒီကျမှ သတိထားမိ၏။

ငယ်သူငယ်ချင်း ချစ်သူဆိုသည့် စကားကိုကြားရတော့ ရှက်သည့် စိတ်တွေနှင့် တစ်ယောက်တည်း ဆောက်တည်ရာမရ··။





အနံ့ကယ်တို့ကိုယ်တိုင် ဘာမှပြောဆိုသံမကြားတော့ ခြင်း ကို တစ်ဖက်သတ် ကြိတ်ချစ်နေခဲ့တာမျိုး မဟုတ်သည့်တိုင် လက်ထပ်ရမယ့် သူလို့ တစ်ယောက်တည်း သေချာနေခဲ့မိတာကို သေလောက်အောင် ရှက်သည်။

ဒါတွေကို ဘယ်သူမှ မသိခဲ့ပါ။ စိတ်ထဲမှာ ကြည်စင်နေတုန်းက တည်းက ပမာ့ ပါးစပ်ကထွက်သမျှ ဘာများ နုံးညံ့တတ်ခဲ့တာ ရှိသလဲ··။ ဤကဲ့သို့ ရှက်တာတွေ၊ မာနတွေနှင့် လုံးထွေးချိန်မှာ ပြောသမျှ မှားခဲ့ သည်။ ဆုံးဖြတ်ခဲ့သမျှတွေလည်း မမှန်··။

ခုတော့ ညည်း ဘယ်လို ဆက်လုပ်မှာလဲ မြပမာ··။

အိပ်ရာထဲမှာ လူးလိမ့်ပြီပစ်လိုက်တော့ ရင်ထဲမှာ ပေါ့သွား၏။ မျက်တောင်ရှည်တွေမှာ စိုလူးနေဆဲ မျက်ရည်လက်ကျန်များနှင့် မျက်နှာ ကြက်ဆီကို ငေးနေရင်း ခြင်း ပြောသွားတာကို တွေးနေမိသည်။

"ကြားတာမဟုတ်ဘူးဆိုရင် ခင်ဗျားနဲ့ ကျွန်တော် တွေ့ကြဦးမှာပဲ··"

"သတ္တိရှိရင် ခန်းမတစ်ခုတည်း နှစ်မင်္ဂလာဆောင်မလား··"

နားစည်ထဲမှာ စကားသံက ခုပဲ ပြောသွားသလို ကျင်ခနဲ ထိရှ၏။ သူမ အိပ်ရာကနေထကာ ဖုန်းကို လှမ်းယူလိုက်သည်။

ကိုယ်က စိန်ခေါ်ခဲ့ပြီးပြီပဲ··။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၆ ]

ဒီနေရာမှာတော့ ယွန်း အမေးအမြန်းထူတာကို ခြင်း ဒေါသဖြစ်မိ၏။

သူ့စိတ်ထဲမှာ သူ့ဘက်ကိုယ့်ဘက်က ပိုင်ဆိုင်မှုတွေထက် ခုချိန်မှာ အရေးကြီးဆုံးက လက်ထပ်ကြဖို့··။

ယွန်း မေးနေလိုက်တာ မိဘ၊ မိတ်ဆွေတွေကအစ စီးပွားရေး အဆုံး··။

"မဟုတ်ဘူး ခြင်း ရဲ့··၊ မြပမာ နဲ့ အတိုက်အခံတွေဖြစ်ပြီးနေ လက်ထပ်ဖို့ဖြစ်လာတာကို ယွန်း က စိုးရိမ်တာ၊ တစ်အိမ်တည်းမဟုတ် ပေမယ့် တစ်ခြံတည်းနေခဲ့ကြတာဆိုတော့ မြပမာ ဆိုတဲ့ သူဌေးမကို ခြင်း ရဲ့မေမေက အထင်ကြီး လေးစားနေမှာပဲလေ"

"မေမေနဲ့ သူ့ရဲ့ရင်းနှီးမှုမျိုးတော့ မင်း မရနိုင်ဘူး ယွန်း··၊ ဘာဖြစ်လို့ လျှောက်ဝေ့နေတာလဲကွာ၊ အဲဒီ ကတောက်ကဆတ်တွေကြောင့် ကိုယ်က စိန်ခေါ်ပစ်ခဲ့တာ၊ သူနဲ့ကိုယ် အတူတူ လက်ထပ်ကြမှာ···"

ညနေခင်း နေရောင်မပျောက်တပျောက် အလင်းအားအောက်မှာ ချောမွေ့နေသည့် ခြင်း မျက်နှာကို ယွန်း က သေချာမော့ကြည့်သည်။

"ခြင်း··၊ ခြင်း သူ့ကို ပြိုင်ဆိုင်ချင်နေတာ ရိုးရိုးသားသား တော့ တွေ့မှ ဟုတ်ရဲ့လားဟင်၊ ယွန်း က သူများအသုံးချတာ ခံလောက်တဲ့အထိ မညံ့ဘူးနော်··"





"ဘာလဲ··၊ မင်းကိုချစ်လို့ ကိုယ် အတူနေချင်တယ်၊ သူ့ စော်ကားတာကို မခံနိုင်လို့ ဒီလို မင်္ဂလာပွဲဖြစ်အောင် ဖန်တီးတယ်၊ ဘာ မရိုးသားတာ ရှိနေလို့လဲ"

ယွန်း မပြောသာပါ။ ဒါပေမယ့်···

"ဒီမင်္ဂလာပွဲကို ခြင်း ရဲ့မေမေက ဘာပြောသေးလဲ"

"မင်းနဲ့ ကိုယ် အတူတူပဲ ယွန်း၊ မိဘတွေက မဖျက်ကြပေမယ့် အားမပေးကြဘူး၊ ကိုယ့်ဘက်မှာတော့ မမနဲ့ အတိုက်အခံ ထ,လုပ်တဲ့ အထိ ဖြစ်သွားတာကိုသိရင် ဒီထက်ပိုဆိုးမယ်ထင်တယ်"

"အဲဒီတော့··· ယွန်း တို့ ဖြစ်ပါ့မလား ခြင်း ရယ်··၊ အိမ်ထောင် တစ်ခု တည်ဆောက်ဖို့မှာ ဒါတွေက···"

"မင်းက သတ္တိမရှိဘူးလား"

ယွန်း က ခြင်း ကို ပင့်သက်ရှိုက်၍ ငေးကြည့်သည်။ ပြီးမှ···

"ခြင်း က ယွန်း ကို တကယ်ချစ်တယ်ဆိုရင် ပြီးတာပါပဲ"တဲ့··။

ယွန်း နှင့် ခြင်း ကန်ပေါင်ကနေ လမ်းခွဲပြန်လာတော့ စက်ရုံကို ဝင်ခဲ့သည်။ အားလုံးဟာ လည်ပတ်နေမြဲအတိုင်းဖြစ်ကာ သူ့မှာသာ မှုလောင်ပြွင်းပြနေခဲ့တာ ဖြစ်၏။

"ပေါ်တော်မူကြီး ရောက်လာပြီ··၊ ဘယ်သွားမှာလဲ၊ ရေတံခွန်မှာ သွားထိုင်မှာလား၊ နားခန်းထဲလား၊ ဘာပို့ပေးရမလဲ၊ လက်မှတ်ထိုးစရာ လေးတွေတော့ ထိုးပေးခဲ့ဦးနော်"

မန်နေဂျာနှင့် ဦးစီး အလုပ်ရှုပ်သွားကြ၏။ ပြီးတော့ ယန်းပုရဲ့ဘက်ကနေ သူ ရောက်မလာလို့ ရပ်တန့်ထားရသမျှအလုပ်တွေ အကုန်လုံး ရောက်လာကြတာ တောင်းတောင်းပန်ပန်··။

"ရော··· တော်ပြီဗျာ၊ ကိုပိုက် က အလိုက်ကမ်းဆိုးမသိဘူး၊ ဒါတွေ ထားလိုက်လို့ ရသေးတဲ့ဟာ···"



www.burmeseclassic.com

www.burmeseclassic.com



တရင်းဖိုင်တွေကို တွန်းရွှေ့ပစ်လိုက်ပြီး သူ ညည်းတော့ မန်နေဂျာ နှင့် ဦးစီး မျက်နှာပျက်သွားကာ အကြည့်ချင်းလည်း ဆုံသွားလျက်…

"မဟုတ်ရပါဘူး ကိုခြင်း ရာ…၊ မဖြစ်တာလေးလောက်ပဲ ယူလာ တာပါ၊ ယူလာရင်းနဲ့ အားလုံး အရေးကြီးတာတွေပဲ ဖြစ်နေလို့ပါ၊ ကိုခြင်း အခု ဘာလုပ်ချင်လဲ၊ ဘာတွေ စိတ်ညစ်နေတာလဲ"

မေးလာတော့လည်း သူ မပြောနိုင်။ သူ့စိတ်တွေ ဘာလို့ ဒီလောက် ထိ နောက်ကျိုနေတာလဲ…။

"ကျွန်တော့်ကို ဘလက်လေဘယ်လ်တစ်လုံးနဲ့ စားစရာတစ်ခုခု စီစဉ်ပေးဗျာ"

"ဟင်!…"

"ဘာ!…"

မန်နေဂျာ မျက်လုံးပြူးသွား၏။ တစ်ယောက်က တံတွေးမျိုချပြီး ခေါင်းကုတ်၏။ အတွင်းခန်းထဲမှာ အရက်သောက်ရင်း ထုဆစ်နေမိတာ က မြပမာ ရဲ့ပုံတူရုပ်တု…။ တင်းတင်းစေ့နေသည့် နှုတ်ခမ်းကို မဲ့သွား အောင် လုပ်သည်။

စင်ရော်တောင်ပံလို သွယ်သွယ်ကော့ကော့မျက်ခုံးကို နှည်းနည်း ထပ်တင်ပေးလိုက်တာနှင့် တွန့်မဲ့တင်းမာနေသည့် မာနကြီးကြီးရုပ်သွင်က ငိုချင်ပေါ်လွင်သွား၏။

ရုပ်တုကို ရှေ့မှာချကာ သူ တစိမ့်စိမ့် မျိုချနေသည့်အရက်က ဒါက်ကို တငွေ့ငွေ့ ယစ်မူးလာစေခဲ့သည်။

ပမာ ကို သူ မြင်ဖူးကတည်းက ဒီရုပ်တုထဲမှာလို ဆံပင်တွေ ခါးကျော်အောင် မရှည်သေးပါ။ ကုတ်ဝဲဆံနွယ်လေးတွေ တဝဲဝဲနှင့် ကိုယ်လုံးသွယ်သွယ်၊ အပေါက်ဆိုးဆိုးမျက်နှာလေးနဲ့…။

"ဟိုကောင်လေး ဆိုဖာပေါ် ခြေထောက်ပေပေကြီး မတင်နဲ့လေ"



ပထမဆုံး မနှစ်မြို့စွာ ကြားလိုက်ရသည့်စကားသံသည် အိမ်ကို ရောက်ပြီး ထိုင်ချလိုက်ရုံရှိသေးသည်။

မျက်လုံးချင်းဆုံသွားကြတော့ မတူမတန် ခပ်မဲ့မဲ့မျက်နှာနှင့် စူး လက်သည့်မျက်ဝန်းတွေကို ခြင်း မုန်းတီးသွား၏။

ဒေါ်တင်သန္တာ ဆိုသည့် မိန်းမကြီးနှင့် ဆင်ဆင်တူသော အမူအရာ၊ အပြောအဆို ဘာမဆို သူ့ခေါင်းထဲမှာ စွဲထင်နေသမျှက မုန်းစရာတွေ သာ။ ထို့ပြင် မြပမာ ၏ အေးစက်စက် ခွဲခြားတတ်သည့်အကြည့်တွေက အမြဲတမ်း ပြင်းထန်နေခဲ့လျက်…။

"ဟဲ့ ထမင်းစားတာ ဖြည်းဖြည်းစားပါလား၊ ဟင်းပန်းကန်နှစ်ခု ကို ပြိုင်ရွှေ့လှမ်းကိုင်တာ ဘယ်လောက် အကြည့်ရဆိုးသလဲ"

လူကြီးတွေကတော့ ဘာတွေနားဝင်ချိုနေကြသည်မသိ။ မြပမာ ပြောဆိုသမျှ ဆူလည်း နည်းနည်း၊ တားလည်း နည်းနည်းပဲဖြစ်ကာ ပြုံးလို့ကြည်လို့ပင်…။

သူ့မှာသာ ထမင်းစားလည်း မလွတ်၊ ခြံထဲမှာ ဆော့တော့တစ်မျိုး၊ ညဘက်စာသင်ချိန်မှာဆို တုတ်တစ်ချောင်းကိုင်ထားသည့် မြပမာ က တကယ်ရိုက်၊ တကယ်ဆူတာ တကယ့်ဆရာမတွေ အရှုံးပေးရလောက် သည်။

သူမထိမှာ တကယ် မထင်ရတာတွေ၊ တကယ်ရှိနေသည့်အဖြစ်ကို လူကြီးတွေက အမှတ်တမဲ့ပဲ နေကြသလောက် သူပဲ လိုမ့်ခံ…။

"လေးတန်း၊ ငါးတန်းဖြစ်နေပြီ ခုချိန်ထိ ဆယ့်ခြောက်အလီ မရ ဘူး၊ ဆုပ်…၊ လက်သီးဆုပ်…"

"ဟာဗျာ…၊ လက်ဝါးဖြန့်ပေးရင် ပြီးတာပဲ"

"မရဘူး၊ လက်ဝါးရိုက်တာထက် လက်ဆစ်ကိုခေါက်တာ ပိုမှတ် မိတယ်၊ ဆုပ်ဆို ဆုပ်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



"မစ တေရား မလုပ်နဲ့နော်..၊ ထွန်းအောင် တို့အစ်ကိုက ပြောတယ်၊ ဘယ်အတန်းရောက်ရောက် နှစ်ကနေ ဆယ့်နှစ်အလီထိ ကျေရင်ရပြီတဲ့၊ ပြီးရင် ဆယ့်ခြောက်အလီကို ခုန်ကျော်ကျက်လိုက်၊ အလယ်က ဘာမှမလိုဘူး တဲ့.."

"အံမာ... သူက လူမိုက်အားကိုးနဲ့၊ ကဲ... ကဲ..."

"မမနော်..၊ ဟာ... ခွင်ဗျားကြီး တအားမရိုက်နဲ့"

သူ ထပြေးတာတောင် တင်ပါးကို မိအောင်လိုက်ရိုက်၏။ နာတာများတော့ ဖေဖေ ပြောနေသလို တတ်စေချင်လို့မဟုတ်ဘဲ ဆရာကို လုပ်ချင်တာ၊ ရိုက်ကိုရိုက်ချင်နေတာဟု တစ်ထစ်ချ မြင်ခဲ့သည်။

"ခြင်း ရပ်နေစမ်း"

ပြောတဲ့စကားက မညင်သာသလို ခြံထဲကနေ ကစားပြီး အိမ်ပေါ်ကို ရှေ့ထနေ ပြေးတက်လိုက်မိတုန်းက မိန်းကလေး နပုံနပန်းနဲ့ ခြင်းရဲ့ ရှပ်အင်္ကျီနောက်ပိုးစကို နောက်ကနေ ပြန်ဆွဲချလိုက်တော့ လှေကားထစ်ထိပ်ကနေ သုံးထစ်အောက်ထိ နောက်ပြန်ကျ၏။

ခြေထောက်မှာ ဒဏ်ရာရခဲ့သလို သူမကိုလည်း မီးတောက်မတတ် ပြန်မော့ကြည့်မိသည်။ ဒီတုန်းက ခြင်း က ခြောက်တန်းပဲ ရှိသေးပေမယ့် သူမက ဆယ်တန်းဖြေနေပြီ။ ဒါကို ကလေးချင်း မသင့်မြတ်တာလို့ ပြောမလား..။ ပြီးတော့ ရင်ထဲထိ ကျူးကျော်ခဲ့တဲ့ စကားတွေ ရှိသေးသည်။

"နင်ဟာလေ ပြောရင် ကောင်းတဲ့မျက်လုံးနဲ့ မကြည့်ဘူး၊ နင် ငါ့ကို ဖက်ပြိုင်ရန်လိုတဲ့အကြည့်နဲ့ ကြည့်ရမှာ မဟုတ်ဘူး၊ နားလည်ရဲ့လား၊ မတူတာကို မတုချင်နဲ့၊ လူဆိုတာ မြင့်မားချင်ရင် မြင့်မြင့်နေတတ်အောင် ကျင့်ရတယ်၊ ကိုယ်လာခဲ့တဲ့ဘဝကို ပြန်ငုံ့ကြည့်ပြီး ငါ့ဘဝ မြင့်မားလှပြီထင်ရင် သွားပြီ..၊ ငါတို့က နင်နဲ့ ဘာမှတော်စပ်ကြတာ



မဟုတ်ဘူး၊ ပြောချင်တာက ကိုယ်ရှာနိုင်မှ ကိုယ်ရမှာ..."

ဆိုသည့် စကားလုံးတွေက ဓားလှံလက်နက်တွေနှင့် ရင်ဝကို ပစ်စိုက်တာထက် ဆိုး၏။ ဘယ်တော့မှ အကောင်းမမြင်နိုင်တော့သည့် ခံစားချက်တွေက မျက်နှာမှာ အမြဲတမ်း အရိပ်ဖြစ်ကာ မြပမာ ရှေ့ရောက်ပြီဆို ခြင်း မျက်နှာက တည်ပြီး တင်းပြီးသား..။

ဂရုမစိုက်တတ်သည့် မိန်းမတစ်ယောက်ဟာလည်း သူ့အတွက် နူးညံ့ခြင်းကို ဘယ်သောအခါမှ မပေးတတ်ခဲ့ပါ..။

ဒါတွေဟာ ဟိုတုန်းကနေ ခုချိန်ထိဆိုလျှင် ဒီလိုမိန်းမမျိုးနှင့် ဝေးရလေ ကောင်းလေ။ မုန်းတီးနေကြလေ ကောင်းလေ မဟုတ်ဘူးလား..။

"ကိုခြင်း..၊ ဒီနေ့ ပစ္စည်းနည်းသွားတုန်း အလုပ်သမားတွေကို တစ်နာရီ စောဖြုတ်လိုက်တယ်၊ လာဗျာ.., စိတ်ပြေလက်ပျောက်.."

"ဟင်..၊ ဘယ်ကိုတုန်း"

ရပ်တုနှင့် သူ့ကို တစ်ချက်ငေ့ကြည့်ကာ ကိုပိုက် က ဦးစီးကို မျက်စပစ်၏။ သူတို့လည်း ကြားသင့်သလောက် ကြားသည်။ သိသင့်သလောက် သိထားတာလည်း ရှိ၏။

ကိုယ့်လူဖြစ်နေပုံက ရည်းစားနဲ့ လက်ထပ်ဖို့ အဆင်မပြေတာကို ဒေါ်မြပမာ ရဲ့ပုံတူ ရုပ်တုရှေ့မှာချပြီး ပုလင်းထောင်နေသည် တဲ့..။

ဘာဆိုင်လို့လဲ..။

"KTV သွားမယ်ကွာ၊ ဘယ်လိုလဲ.."

"ဟုတ်တယ် ကိုခြင်း..၊ ကျုပ်လဲ လိုက်မှာ၊ ဟိုမှာ ထပ်သောက်လည်း ရတယ်ကွာ၊ ဝါသနာပါရင် အဲဒီမှာ ဒန့်စ် လုပ်လို့ရတယ်"

ဦးစီး ဦးသက်လွင် က မျက်မှန်ကြီးတဝင်းဝင်းနှင့် လူငပေါ်တစ်ယောက်လို တွန့်ခါပြနေသေးသည်။ သူတို့တွေ ကိုယ့်အတွက် ရေချိန် မလွန်အောင် စီစဉ်ကြမှန်း သူ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်ခမ်းတွေက ပြုံးယောင်သမ်းလျက် ခေါင်းညိတ်လိုက်၏။ ထ,လိုက်လာခဲ့ပြီး တကယ်ရောက်လာတော့လည်း သူ ဘာကိုမှ အာရုံမရှိဘဲ ငုတ်တုတ်..။

"လာပါ ကိုခြင်း ရာ..၊ ခဏဖြစ်ဖြစ်.."

"လာပါ..၊ ဝင်ရောလိုက်ရင် သူ့အလိုလို တွဲပြီးသား ဖြစ်သွားမယ်"

"နေပါစေ၊ ကျွန်တော် တအား မသောက်ဘူး၊ သွားပါ..၊ က,ကြပါ.."

သူ တစ်ယောက်တည်းပဲ နေချင်သည်။ တစ်စုံတစ်ဦး သို့မဟုတ် လူတစ်စုနှင့် စကားပြောနေရခြင်းထက် တစ်ယောက်တည်းထိုင်ပြီး ငေးချင်ရာငေး..၊ တွေးချင်ရာတွေးနေချင်၏။

ရောင်စုံတောက်ပြာ ပြောင်းလဲနေသည့် မီးရောင်အောက်မှာ အလှတွေက ရှိုင်းနေသည်။ ဒီနေရာမှာ စုဝေးနေကြသည့် မိန်းကလေးတွေကတော့ ပုရိသတို့၏ မျက်စိစားပွဲထိုင်စရာသက်သက်လား..။

ဒါမှမဟုတ်လျှင် ဒီနေရာမှာ အလှစစ်ပြပွဲလို့ သတ်မှတ်တာလား..၊ အဝတ်အစားသာမက လှုပ်ရှားမှုတွေကပါ ဆွဲညို့နေကြ၏။

ဒီလိုညို့ယူခြင်းဟာ အလှအပ ခံစားမှုနှင့် သက်ဆိုင်လို့လား..။ စိတ်ကို ဟိုရောက်ဒီရောက် ရောက်ချင်ရာရောက်ခိုင်းနေမိကာ မျက်လုံးကလည်း ဟိုဒီဝေ့ပတ်နေမိသည်။ လိုစဉ်...

"မမ..."

သူ့ကိုယ် မတ်ခနဲ ဖြစ်သွားသည်။ ယိမ်းထိုးနေအောင် မမူးသေးသည့် မျက်လုံးတွေကို လက်နှင့်ပွတ်သပ်မကြည့်ဖြစ်ပေမယ့် မျက်တောင်နှစ်ချက်လောက်တော့ ဖိခတ်မိ၏။

ဝင်လာတာ မမ တစ်ယောက်တည်း။ ရောင်စုံကပ်ကပ်ကျပ်ကျပ် ဝင်းဝင်းစက်စက်တွေ စုဝေးနေသည့်နေရာမှာ မမက အဖြူအနက်ပွင့်





လက်တိုလည်ကပ်လေးနှင့် ယဉ်နေ၏။

ဆံပင်တွေကို ကျောထက်မှာ ဒီတိုင်း စုစည်းပြီး ချထားသဖြင့် တည်ငြိမ်နေသည့်မျက်နှာလေးနှင့် ဖြစ်နေပြန်သည်။

မမ ဘာလာလုပ်တာလဲ..၊ စူးစူးစိုက်စိုက်ကြည့်နေတာကို မမက မမြင်ပေ။ သူမ ရှာနေတာက သီဟကို ရဲ့ညီမ မေမီမိုးညို..။

ဒီဆိုင်ကို အပြင်ကနေပဲ မြင်ကာ နိုက်ကလပ်တစ်ခုဖြစ်မယ်မှန်းလည်း သူမ မသိ..။

"ဖုန်းမဆက်ပါနဲ့ သမီးရယ်..၊ ဖုန်းဆက်ရင် သူ လာမှာမဟုတ်ဘူး၊ ဦးလေးလုပ်သူကလဲ တူမကို အရမ်းအလိုလိုက်တော့ အန်တီ ဖုန်းဆက်တာမှန်းသိရင် လုံးဝ လာမှာမဟုတ်လို့ပါ၊ အရေးတကြီး တိုင်ပင်စရာရှိလို့ ဒီည ညဥ့်မနက်ခင် လာပါလို့နော်၊ ပြီးတော့ နေ့လယ်က သူ့မောင် အက်ဆီးဒင့်ဖြစ်တဲ့ကိစ္စကိုပါ လိုရင်းတိုရှင်း ပြောပြခဲ့ပါ"

ဒေါ်ပပညို က ဖုန်းဆက် တောင်းပန်ထားခဲ့၏။

ကိုယ်သွားတဲ့လမ်းမှာလည်း ကြုံနေသည်။ ပြီးတော့ ဒေါ်ပပညို က ကိုယ့်အတွက် မကြာခင် တော်ရတော့မယ့် ယောက္ခမလောင်း..။

မေမီမိုးညို ကတော့ ယောက်မလောင်းပါ။ သီဟကို နှင့် ပမာ လက်ထပ်ဖို့ သေချာသွားတာ ရက်ပိုင်းလေးပဲ ရှိသေးပေမယ့် ဒါဟာ သူ့စိမ်းလို မျက်နှာလွှဲနေလို့ မရတော့သည့်ပတ်သက်မှု ဖြစ်သည်။ ထို့ကြောင့် ဒီဆိုင်ကြီးထဲကို ဝင်လာခဲ့မိသည်။ အထဲရောက်မှ...

"တစ်ယောက်ယောက်ကို လာရှာတာလား"

"ဟုတ်တယ်..၊ ကျွန်မညီမ..."

"ညီမ.."

မေးသည့်လူရွယ်က တစ်ကိုယ်လုံး နက်မှောင်နေသည့် အဝတ်အစားနှင့် အသားက ဖြူဖွေးတွတ်နေ၏။ ပြီးတော့ မူးယစ်ရီဝေနေသည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာများနှင့် ပမာ ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ…

"ဘယ်သူလဲ ပြောလေ..၊ ကိုယ် ရှာပေးမယ်၊ ဒီကပွဲထဲမှာ ကိုယ် မသိတဲ့မိန်းကလေး မရှိဘူး"

တကယ် ရှာခိုင်းလိုက်ရမလား၊ ခပ်တည်တည် ခေါင်းခါလိုက်ရမလား..။ ထွက်ပေါ်နေသည့် မြူးဇစ်သံကြောင့် ရင်တွေတော့ တဒိန်းဒိန်း ဆောင့်ခုန်နေပြီဖြစ်၏။

ဝင်လာမိသည့်ခြေလှမ်းကို ပြန်ဆုတ်ရခက်နေသလို ဒီ ကပွဲထဲမှာ မေမီမိုးညို တကယ် ရှိနေနိုင်ပါ့မလားလို့လည်း တွေးမိသည်။

"ဟိတ်.. ပြောလေ၊ ဘယ်သူလဲ၊ ဒီက မေတ္တာနဲ့ ကူညီမှာနော်"

ထပ်မေးတော့ ပြောသင့်ပြီထင်သည်။ မဟုတ်လျှင် တင်းလိုက်မှ ပိုဆိုးနိုင်တာမို့…

"မေမီမိုးညို…"

"ဩော်… ညို လား.."

ဘာကိုသဘောကျသွားသည်မသိဘဲ လူရွယ်က နှစ်ခြိုက်စွာပြုံး၏။

"ရှင် ရှာပေးနိုင်မလား"

"ရှာစရာ မလိုဘူး၊ သူ ဒီထဲမှာ က,နေတာ၊ ခဏပဲ စောင့်.."

လူရွယ်ထွက်သွားတော့ လွတ်နေသည့်စားပွဲမှာ ထိုင်လိုက်ရမလို၊ ဒီတိုင်း ရပ်နေရမလိုနှင့် ထိုင်လည်း မထိုင်ဖြစ်ပါ..။

စိတ်ထဲမှာ လှုပ်ရှားနေတာက မေမီမိုးညို နဲ့သူမ အစက ရင်းနှီးပေမယ့် ခုတစ်လောမှာ မေမီ့ဘက်က ခပ်စိမ်းစိမ်းဖြစ်သွားခဲ့၏။

အစကတော့ နားမလည်သလို ဖြစ်မိခဲ့သည်။

"သူ့အစ်ကို လက်ထပ်မယ်ဆိုတော့ သူ့စိတ်ထဲ မကောင်းဘူးဖြစ်သွားလို့ပါ၊ သမီးလေးက သူ့အစ်ကိုရင်း မဟုတ်ပေမယ့် သားကို သိပ်ချစ်တာ"တဲ့..။





ဒေါ်ပပညို ပြောပြလိုက်မှ ဆက်စပ်တွေးမိသည်။ ဒါက ဘယ်သူမှ ပြောပြဖို့မလိုဘဲ တွေးသိနားလည်သည့် မိန်းမသားတို့ ခံစားတတ်သော ပညာပဲ ဖြစ်၏။

သီဟကို က ဒေါ်ပပညို ၏နောက်အိမ်ထောင်ကပါသည့်သား ဖြစ်ကာ မေမီမိုးညို က အစကတော့ သီဟကို က အပူကပ်တိုင်း ပမာနှင့် အောင်သွယ်ပေးနေသလိုလို၊ ဖြစ်စေချင်တာလိုလို၊ စလိုက်နောက်လိုက်..။

ပမာ ကလည်း လက်ထပ်ဖို့ထိ ဘယ်တုန်းကမှ မစဉ်းစားခဲ့တော့ အစကတည်းက ရင်းနှီးနေခဲ့သော မေမီမိုးညို အပေါ်မှာ အပြစ်လည်း မမြင်၊ စိတ်လဲမဆိုးဘဲ ဒီတိုင်း အပြုံးမပျက် ရှိခဲ့၏။ တကယ် လက်ထပ်ဖို့ ဖြစ်လာပြီဆိုမှ သီဟကို အရှုံးအမှုးဖြစ်အောင် ဝမ်းသာနေပေမယ့် မေမီ ပုံစံပြောင်းသွားခဲ့၏။

ဒီအဖြစ်တွေကို ဆက်စပ်မိနေပြီမို့ မေမီမိုးညို နဲ့ရင်ဆိုင်ရမှာ တစ်ခုခု ဖြစ်တော့မှာလို စိတ်ထဲမှာ ခံစားနေမိသည်။

သူမ ဘက်မှာလဲ..၊ ဒီလက်ထပ်ပွဲ ဖြစ်ကိုဖြစ်မှာမို့…

"ဘာကိစ္စလဲ.."

"မေမီ…"

သူမရှေ့ကို မရောက်ခင်ကတည်းက မေမီမိုးညို မျက်နှာက ချိုနေသည်။ အဖြူရောင် အပြောင်သားဝတ်စုံကပ်ကပ်ကို အနက်ရောင် စတော့ကင်နှင့်ဝတ်ထားကာ မျက်ခွံတစ်ပြင်လုံးမှာ မီးခိုးရောင်ရှဲဒိုးတွေနှင့်ရှိုင်းသည့်အလှက ထင်းနေ၏။

"ညီမကို အန်တီ ခေါ်ခိုင်းလို့၊ ပြီးတော့လေ…"

"မလိုက်ချင်ဘူး၊ မာမီ့ကို ပြောလိုက်စမ်းပါ၊ ဒီကလပ်တစ်ခုလုံးရဲ့ပိုင်ရှင်က မာမီ့ရဲ့မောင် မေမီ့ ရဲ့ဦးလေးလို့၊ တစ်ညလုံး ကမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ပြီးမှ ပြန်မယ်၊ ဘာဖြစ်သွားနိုင်လဲ"

"တို့က ပြောပေးဆိုလို့ ပြောပေးရတဲ့လူပါ၊ နေ့လယ်က ဖိုးတာတို့ ကားအက်ဆီးဒင့်ဖြစ်တာလဲ ညီမ မသိဘူးတဲ့၊ အဲဒါကြောင့်မှာတာ..."

"ဘာလို့ မသိရမှာလဲ၊ လူနာကို ဆေးရုံမှာသွားမေးပြီးပြီ..၊ အိမ်ကို ဘာလာလုပ်ရဦးမှာလဲ၊ မမမာ ကိုလဲ မေမီ ပြောထားတယ်လေ၊ ကိုကို့ လက်ထပ်ပြီးမှ မေမီ အိမ်ကိုပြန်မှာလို့.."

"အဲဒါ ဘာဖြစ်လို့လဲ မေမီ..၊ မင်္ဂလာကိစ္စက..."

"ပမာ..၊ မေမီ..."

ခေါ်သံနှင့်အတူ အနားရောက်လာသူက သီဟကို ဖြစ်၏။

"ကိုသီဟ.."

ပမာ အံ့သြသွား၏။ မေမီ နှုတ်ခမ်းလေး ဟ,သွားပြီး ကြည့်နေသည်။ ဘန်ကောက်ကိုသွားနေသည့်လူက ညကြီးမင်းကြီး မိုးပေါ်က ခုန်ချလာတာလား..။

"ကိုကိုက..."

"ဟုတ်တယ်..၊ ပြန်ရောက်နေပြီ၊ အလုပ်ကိစ္စတွေရှိနေလို့ ကုမ္ပဏီမှာပဲ ဝင်နေလိုက်တာ၊ ဘယ်လိုတွေဖြစ်တာလဲ မေမီ..၊ ခုနကပဲ အန်တီဆီက ဖုန်းရလို့ ပြေးလာခဲ့ရတာ..."

ပမာ ဆိုတဲ့မိန်းမ ဒီထဲကိုရောက်နေပြီဆိုပြီး အမောတကော ပြေးလာတာများ.. ကိုယ့်ကိုပဲ စိတ်ပူသလိုလို..။

မေမီမိုးညို မျက်နှာလေးတင်းနေသလို စိတ်ပန်းလူပန်း ဖြစ်နေသည့် သီဟကို မျက်နှာကလည်း နူးညံ့မှုတွေပျောက်ဆုံးနေ၏။

ပြီးတော့ ပမာ့ လက်ကလေးကို ဆုပ်ကိုင်လိုက်ကာ...

"ကိုယ်ပဲ ခေါ်ခဲ့တော့မယ်၊ ပမာ ကားပေါ်မှာ သွားထိုင်နေလိုက်"

"အိုး.. ဘယ်သူက လိုက်မယ်ပြောလို့လဲ.."





"မေမီ..၊ ဟော့..."

မေမီ က ဖျတ်ခနဲ ပြန်လှည့်သွားတော့ သီဟကို က လက်ကို လှမ်းဆွဲလိုက်၏။ ထိုအခါ ပမာ ကတစ်ဖက်၊ မေမီ ကတစ်ဖက်နှင့် သီဟကို ပုံစံက...

"ဒါတော့ လွန်တာပေါ့ကွ"

"အေးလေ..၊ ကြယ်စင်နှစ်စင်း အလင်းပြိုင်နေတာကို တစ်ဖက် တစ်ချက်ကိုင်ထားတာ၊ ဟိုလဲမလွှတ်၊ ဒီလဲမလွှတ်.."

"ဟိတ်ကောင်တွေ မင်းတို့ ဘာစကားပြောတာလဲ"

"ဘာဟိတ်ကောင်လဲ..၊ သက်ရင်း ခြွေတာတွေ ရင့်နေတယ်၊ ပြန်ပြင်လိုက်.."

လှမ်းကြည့်နေရင်း မြင်ကွင်းက အကျည်းတန်လာသည်။ လူရှယ် နှစ်ယောက် မေမီ နှင့် ပမာ့ ဘေးမှာ တစ်ယောက်စီ ခွဲရပ်လိုက်ကြပြီး နောက်ထပ် မယောင်မလည် ကပ်လာသူတွေနှင့် ရုတ်တရက်ကြည့်လျှင် ယောကျ်ားတွေကြားထဲမှာ မိန်းကလေးနှစ်ယောက်..။

"အို ဘာလုပ်တာလဲ"

"မေမီ ကလဲကွာ..၊ ယူကိုယ်တို့ကို က,နေတာလေ၊ သော်ဒါချင်း.."

"မေမှီ ကို ဘာမှမစွန်းထင်းစေရဘူး၊ ဒီဘက် နည်းနည်းပဲ ရွှေ့ ရပ်ပေး၊ ဒါမှ ကိုယ်တို့ ဆက်ရွှေ့လို့ရမှာ.."

တစ်ယောက်က မေမှီ လက်ကိုဆွဲ၍ တစ်ဖက်ရောက်အောင် တွန်းပို့ပစ်လိုက်သည်။ နောက်တစ်ယောက်က သူ့ တာဝန်ကျေသွားသလို တဟဲဟဲရယ်ကာ...

"မင်းကကြော..."

"သူက ဘယ်သူနဲ့မှ မဆိုင်ဘူး"

ရုတ်တရက် အနားမှာ ခြင်း ရောက်သွားကာ ပမာ့ လက်ကောက်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကို ဆုပ်ကိုင်လိုက်သည့်လက်တစ်ဖက်ပေါ်က ထပ်ကိုင်ပြီး ဆွဲဖြုတ်ပစ်လိုက်၏။

"မင်းက ဘာလဲ.."

"ဇာတ်လမ်းတွေထဲကလိုပေါ့ကွာ..၊ မင်းသား..."

ပြောပြီး ခြင်း က ပမာ့ ကို လှည့်ကြည့်ကာ...

"မမ သွားတော့.."

"လာ ပမာ.."

ဘေးမှာ လမ်းရှင်းသွားသည်နှင့် သီဟကို က ပမာ့ လက်ကလေးကိုဆွဲ၍ ခပ်သုတ်သုတ် ထွက်သည်။

"နေဦး..၊ ဟိုမှာ ရန်ဖြစ်ကြတော့မှာ..."

"မဖြစ်ပါဘူး ပမာ ရယ်..၊ သူတို့ချင်း ချိတ်ရှိထားတဲ့ပုံပါ"

ပမာ က ခေါင်းခါ၍ လက်ကိုပြန်ရုန်းသည်။

"အဲဒါကြောင့် ပိုခက်တာပေါ့၊ ပမာ သွားမှဖြစ်မယ်"

နောက်ပြန်လှည့်သည်နှင့် သီဟကို က လက်ကို ဆတ်ခနဲ ပြန်ဆွဲကာ...

"မင်းရဲ့မောင် ကျန်ခဲ့သလို ကိုယ်ကလဲ ညီမတစ်ယောက်လုံးကိုထားခဲ့တာပဲ"

"ကိုသီဟညီမက အဲဒီကလပ်ရဲ့ပိုင်ရှင်လေ..၊ သူ့အတွက် အန္တရာယ်ကြီးကြီးမားမား ဘာဖြစ်ဖို့ရှိသလဲ"

"မရဘူးကွာ.. မင်း မသွားရဘူး၊ အဲဒီကားလဲ ထားခဲ့လိုက်တော့တက်.. ကားပေါ်..."

"အို.. ဘယ်လိုလုပ်လိုက်တာလဲ"

သီဟကို က ပမာ့ ကို ကားပေါ်ပြန်ရောက်မခံဘဲ သူ့ကားထဲသို့အတင်း တွန်းထည့်၏။ ပြီးတော့ သူပါ ဝင်ထိုင်လိုက်ကာ...





"ပမာ..."

ပမာ့ လက်မောင်းလေးတစ်ဖက်ကိုကိုင်၍ သူ့ဘက် ဆွဲလှည့်ကာ...

"ကိုယ် အရူးမဟုတ်ဘူး ပမာ..၊ မင်း ကိုယ့်အပေါ်မှာ နည်းနည်းမှ လိုက်လျောမှုမရှိခဲ့ဘူးပဲ လက်ထပ်ဖို့ ချက်ချင်းခေါင်းညိတ်လိုက်တာမရိုးသားမှန်း ကိုယ် သိတယ်၊ တခြား ကိုယ် ဘာမှမသိပေမယ့် မင်းနဲ့အနီးဆုံးမှာ လွတ်လပ်ခြင်း ဆိုတဲ့ ခပ်ဖြောင့်ဖြောင့်ချာတိတ်တစ်ယောက်ရှိနေတာနဲ့ပတ်သက်နိုင်တယ်ဆိုတာ ကိုယ် တွေးမိတယ်"

"မယုံသင်္ကာတွေ ဖြစ်နေတာလား ကိုသီဟကို..၊ ကျွန်မတို့က ငယ်ငယ်ကတည်းက မောင်နှမလို နေခဲ့ကြတာ"

"ဒါပေမယ့် မောင်နှမမှ မဟုတ်တာ"

"ရှင်နဲ့ မေမီမိုးညို ကိုရော ကျွန်မ အဲဒီလိုထင်လို့ မရဘူးလား"

"ထင်ခွင့်ရှိတာပေါ့..၊ ရှိရုံတင်မကဘူး မေမီ နဲ့ ကိုယ်ကို မင်းသဝန်တိုမယ်ဆိုရင် ဒီလောကမှာ ကိုယ့်လောက် ကံကောင်းတဲ့ကောင်ရှိမယ်တောင် မထင်ဘူး"

သူက လက်ကို ဖိဆုပ်ထားလျက် ပြောလို့မပြီးနိုင်..၊ ပမာ က ငြိမ်ငြိမ်နားမထောင်ဘဲ လက်ကို ဖယ်ချလွှဲခါပစ်နေ၏။ ဘယ်လိုမှ သူ့လက်ထဲက မလွတ်မြောက်နိုင်..။

"ကိုယ့်ကို တစ်ခုပဲ ဖြေ..၊ ခုနက ကောင်လေးက လွတ်လပ်ခြင်းမို့လား"

ပမာ က ဆတ်ခနဲ ခေါင်းညိတ်သည်။ ပြီးတော့ အံကြိတ်၏။ ထိုမျက်နှာလေးကို စိုက်ကြည့်ကာ ရင်နာသွားရသူကတော့ သီဟကိုပဲ ဖြစ်လေသည်။

သူ့ အလုပ်တွေအောင်မြင်နေသလောက် ကောင်းကောင်းနားလည်တယ်လို့မရှိပေ။ ထို့ပြင် နားရချိန်တွေဟာလည်း မြန်မာပြည်မှာ မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနှင့် ဘယ်သူ့အကြောင်း အဆိုး၊အကောင်းဆိုတာတွေ ဘာမှမသိ စိတ်ဝင်စားချိန်လည်း မရှိ‥။

ခံစားချက်ကိုက မြန်မာပြည်မှာ သူ့အတွက် ခင်တွယ်စရာ သွေးသားရင်းချာမရှိ။ ဆွေမျိုးဆိုတာ မရှိ၊ ပမာ ကို အန်တီ မိတ်ဆက်ပေးလို့ မြင်ဖူးကတည်းက သဘောကျခဲ့သည်။

ကိုယ် သဘောကျနေတာကို သူမ သိအောင်လည်း အမျိုးမျိုးကြိုးစားခဲ့ဖူး၏။

နောက်ဆုံး အန်တီကနေဖွင့်ပြောပြီး လက်ထပ်ခွင့်လဲ တောင်းခဲ့တဲ့အထိ‥။

ဘယ်တုန်းကမှ မျှော်လင့်ချက်ရောင်ခြည်လေးတောင် မလင်းလက်ခဲ့ဘဲ ခေါင်းညိတ်ပြီဆိုတော့လည်း လက်ထပ်ဖို့ သဘောတူပါသည်တဲ့‥

ခုတော့ အားလုံးက သေချာနေပါပြီ‥။

"ကိုယ်‥ ကိုယ် ဝမ်းလည်ပြီ ထင်တယ်"

အကြာကြီး တိတ်ကျသွားပြီးမှ လက်တွေပြေကျသွားခဲ့ပြီး သီဟကို ညည်းသံထွက်၏။

"မေမီ ကိုယ့်အပေါ်မှာ မရိုးသားစွာ ခင်တွယ်နေမှန်း သိပေမယ့် ကိုယ် ဘယ်လိုမှ မရိုးသားလို့ မရခဲ့ဘူး၊ အဲဒါကြောင့်‥‥"

သူ ဆက်မပြောပေမယ့် ပမာ ကလည်း မမေးပါ။ လူကို ထိခိုက်ထားသည့်အတွက် မကျေနပ်သည့်စိတ်နှင့် ခြင်း ကို စိတ်မချခြင်းသီဟကို နဲ့ အဆင်ပြေဖို့ဆန္ဒမရှိဘဲ ဖြစ်နေခဲ့၏။

"မင်းနဲ့ကိုယ် အဖြစ်ချင်းတူနေပြီ ပမာ၊ ကိုယ့်ဘေးမှာ မေမီ ရှိခဲ့သလို မင်းမှာလဲ‥‥"

"ဒါ ယောက်ျားစကား မဟုတ်ဘူးထင်တယ် ကိုသီဟ၊ ရှင် အဲဒီစကားနာထိုးတာတ်ရင် ကျွန်မတို့ ရှေ့ဆက်ဖို့ခက်မယ်"





"အစကတည်းက မလွယ်တာကို မင်းပဲ စ,ခဲ့တာပါ၊ ကိုယ်က မင်းကို ချစ်နေတဲ့သူမို့ ပြဿနာမကြီးပေမယ့် မင်း မချစ်တဲ့သူရဲ့ရင်ခွင်ထဲကိုဝင်ဖို့ မင်း ဘယ်လိုသတ္တိမွေးမလဲ‥"

"ဟုတ်တယ်‥၊ ရှင့်ကို ကျွန်မ မချစ်ခဲ့ဘူး၊ ဒါပေမယ့် ဘယ်သူ့ကိုမှလဲ မချစ်ခဲ့ဖူးဘူး ကိုသီဟကို‥"

ကားထဲမှာ မီးရောင် ဝင်းခနဲ ဖြစ်သွား၏။

သီဟကို သည် ကားထဲက မီးကိုဖွင့်လိုက်ပြီး ပမာ့ မျက်နှာကို တအံ့တဩ ကြည့်၏။ ပြီးတော့ တဖြည်းဖြည်း ပြုံးသွားကာ‥‥

"ဆက်မပြောတော့ဘူး ပမာ‥၊ မင်းရဲ့စကားကို ကိုယ် ယုံတယ်၊ မင်းနဲ့လက်ထပ်ဖို့လဲ ကိုယ် လုံးဝ မတွေဝေတော့ဘူး၊ စိတ်ချ‥‥ မင်းရဲ့အချစ်ကို ကိုယ် ရအောင်ယူမယ်"

သူ လက်လှမ်းလိုက်တော့ ပမာ က ဖယ်ချပစ်ကာ‥‥

"လက်ပါတာတွေ ဆင်ခြင်ပါ ကိုသီဟကို‥၊ လက်ထပ်မယ့်သူတွေပေမယ့် အဲဒီလို အနေအထိုင်တွေကို ကျွန်မ မကြိုက်ဘူး"

မီးရောင် ဖျတ်ခနဲ မှောင်ကျသွားသည်။ ခရီးဆက်ခဲ့ပေမယ့် ပမာ့ မျက်လုံးတွေကတော့ ရောင်စုံမီးတွေ လင်းနေသည့် ပိတ်ထားသော ဆိုင်ပြတင်းတံခါးဆီ နောက်တစ်ခေါက် ပြန်ငေ့သွားကာ‥‥

ခြင်း ဘာမှမဖြစ်ပါစေနဲ့‥။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၇]

''ဘယ်ကို မောင်းရမလဲ ပမာ..''

''စန်ထရယ်ဟိုတယ်ကို...''

''ဘာလုပ်မလို့လဲ''

ကားမောင်းနေရင်း သီဟကို က ပြန်ငုံ့မေးသည်။

''ရှင် စိတ်စနိုးစနောင့်ဖြစ်နေမှာ စိုးလို့ပါ၊ ခြင်း တို့စုံတွဲနဲ့အ...
ဒိတ်လုပ်ထားတဲ့ရက်ကို ပြန်ဖျက်မလို့..''

''ဘာ!...''

သီဟကို က ကားကို လွှတ်သည့်တစ်နေရာမှာ ခဏချရပ်ကာ

''ဒါမျိုးတွေက ရေးလိုက်ဖျက်လိုက်လုပ်တိုင်း မကောင်းဘူး...
ပြီးတော့...''

''ဟုတ်တယ်၊ ပမာ ကလေးဆန်ဆန်တွေ လုပ်ခဲ့မိတာပါ၊ ဒါ...
မယ့် အခုက...''

''ရပါတယ်၊ ကိုယ် ဘာမှမဖြစ်ဘူး၊ ထားလိုက်..၊ ပြီးတော့...
နောက်ထပ် ရက်သတ်မှတ်မယ်၊ ကြီးကျယ်ခမ်းနားဖို့တွေ ရှိသေး...
အဲဒါတွေအတွက် ကိုယ် အချိန်မပေးနိုင်ဘူးလေ..''

''ပမာ ကရော အားနေလို့လား''

''ဟုတ်ပါတယ်၊ မင်းလဲ မအားတဲ့သူပါ၊ ဒါကြောင့် ထားလို...
လို့ ကိုယ် ပြောနေတာပေါ့၊ အားလုံး ကလေးတွေမှမဟုတ်ကြ...



...ကိုယ့်လက်တွဲဖော်နဲ့ကိုယ် ဖြစ်သွားကြရင် အတိတ်ကအဖြစ်တွေဟာ
...ယ်စရာတွေဖြစ်ကုန်မှာပါ၊ ကိုယ်တို့လဲ ရိုးသားခဲ့ကြတယ်လေ'

မချော့ပေမယ့် တည်ကြည်ခံ့ညားမှုနှင့် ကြည့်ကောင်းနေသော
သီဟကို မျက်နှာကို ပမာ ကြည့်သည်။

စိတ်ထဲမှာတော့ ထိုယောကျ်ားအတွက် ကရုဏာစိတ်တွေ ဖြစ်မိ
...ါသည်။

ဒါပေမယ့် ဒါထက်တော့ မပိုဘဲ ရှိ၏။

''ဒါဆို ဒီနေ့ ဖိတ်စာတွေရွေးဖို့ဟာ မရွေးတော့ဘဲ ဖျက်ဖို့ရွေ့ဖို့
...စီအစဉ်တွေနဲ့ ကိုယ့်ကိုခေါ်ပြီး ထွက်လာတာပေါ့''

''ဟုတ်တယ်''

''ပမာ ရယ်...''

သီဟကို က ပမာ့ လက်ဖဝါးလေးတစ်ဖက်ကို ဆွဲယူလိုက်၏။
...ရန်းမှာကိုသိနေတာမို့ တစ်ခါတည်း ဖိဆုပ်ထားလိုက်ကာ...

''မင်းကို ပိုင်ဆိုင်ခွင့်ရဖို့အတွက်က မြန်လေ ကောင်းလေပဲ ပမာ''

'ဘာဖြစ်လို့လဲဆိုတော့ မင်းကောင်လေးရဲ့မျက်ဝန်းထဲမှာ ကိုယ်
...င်နေလို့'ဆိုသည့်စကားကတော့ ရင်ထဲမှာ အသံတိတ်ဖြစ်ကာ...

''မင်းက သိပ်ကို ကျက်သရေရှိတယ်၊ ပြီးတော့ စိတ်ဓာတ်
...တော့တယ်၊ ဘာအကြောင်းကြောင့်ပဲ ကိုယ့်ဘက်ကို ယိမ်းယိုင်လာလာ
...ယ်ကတော့ ယူထားရမှာပဲ''

သီဟကို က သူ့ဟာသူပြောပြီး သဘောကျသလို ပြုံးလိုက်ကာ...

''ကိုယ်တို့အသက်တွေက အချိန်တန်တဲ့အရွယ်ကို ရောက်နေပြီ၊
...ပေမယ့် စိတ်ကြိုက်ရွေးပါလားဆိုရင် ရွေးဖို့လဲ စိတ်မဝင်စားသလို
...ဝင်စားချိန်လဲ မရဘူး''

''ဒါကြောင့် ရတနာ်းယူထားတာလား''



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်၊ ဒါပေမယ့် အဖိုးထိုက် အဖိုးတန်မို့ လက်လွှတ်မခံနိုင်တာ၊ မင်းလောက် မဟုတ်ရင်တောင် မင်းထက်မလျှော့တဲ့မာနတွေ ကိုယ့်မှာရှိတယ် ပမာ..၊ ချောတဲ့မိန်းမတိုင်းကို မျက်စိကျတဲ့အထိ ကိုယ် မနိမ့်ဘူး"

ပမာ က နှုတ်ခမ်းတွန့်ရုံလေးပြုံးပြီး ကိုင်ထားသည့် သူ့လက်ကို ဖယ်ချလိုက်သည်။

"ဘာမှပြင်ဆင်နှောက်ဆုတ်ဖို့ မလိုတော့ဘူးဆိုတော့ ပြန်ကြမယ်"

"တစ်နေရာရာသွားပြီး တစ်ခုခုစားရင်း ခဏ အချိန်ဖြုန်းရအောင်ကွာ၊ လက်ထပ်ဖို့နီးလာနေတာက သပ်သပ်၊ ချစ်နေရတဲ့အချိန်လေးမှာ သာယာကြည်နူးချင်တာက သပ်သပ်စီပါ၊ လက်ထပ်တော့မှာပဲဆိုပြီး မင်း ကိုယ့်ကို ရှောင်ဖယ်ချင်တာတွေ ကိုယ်သိတယ်"

"မဟုတ်ပါဘူး၊ ဒီလိုအချိန်တွေမှာ မှားယွင်းတတ်လို့.."

"အဟွန်း..၊ စကားတတ်တိုင်း ရှောင်တတ်လိုက်တာကွာ၊ ဒီလို အမှားမျိုး မင်းဖြစ်ဖို့ ဘယ်လိုမှ မနိုးစပ်ပါဘူး၊ ကိုယ့်မှာ ပခုံးစွန်းကလေး လက်ဖဝါးလေးကို ထိကိုင်ဖို့တောင် မနည်းကြိုးစားနေရတာ"

"ကိုသီဟ ကလဲ..."

ပမာ့ ပါးပြင်လေး နီသွားလျက်..။

"အဲဒီလို ရှက်စရာတွေ မပြောပါနဲ့"

ကဲ... သီဟကို မျက်ခုံးနှစ်ဖက် ပင့်တက်သွား၏။ ပြုံးသွား လား၊ မင်း ဘယ်လို ရှေ့ဆက်မလဲ သီဟကို..။





## အခန်း [ ၂၈ ]

"ဖြစ်ရလေ သားရယ်..၊ မင်းကို မေမေ ဒီလောက်ထိ လုံးဝ မထင်မိဘူး"

"ကျွန်တော်..."

သူ ရုတ်တရက် ထစ်အ,သွား၏။ ပြီးမှ...

"ကျွန်တော်လဲ အဲဒီလို စီစဉ်ခဲ့တာ မဟုတ်ဘူး မေမေ၊ ဒါပေမယ့် ဒီတိုင်းပဲ ဖြစ်သွားတယ်၊ ဒါတွေကို သေချာစီစဉ်ပြီးဖြစ်အောင် လုပ်ရင်တောင် အောင်မြင်မှာ မဟုတ်ပေမယ့် ခုကျတော့ ယွန်း ဘက်ကလဲ အလွယ်တကူ ခေါင်းညိတ်တယ်၊ သူ့မိဘကအစ ကန့်ကွက်သံ မထွက် ဘူး.."

"အဲဒီတော့ မင်းက ဘာပြောချင်တာလဲ"

"ဖြစ်ချင်လို့ ဖြစ်သွားတာတွေပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ မေမေ"

ဒေါ်ခင်ယု ရင်နာသွားသည်။ ချမ်းသာတာကို မက်မောလွန်းလို့ မဟုတ်ပါ။ ဒီတစ်သက် ဒီဘဝမှာတော့ မချို့မငဲ့နေသွားရမှာ သေချာ ပါသည်။ အကြီးအကျယ် ချမ်းသာလိုခြင်းကို ဟိုတုန်းကတည်းက ခုချိန် ထိ လောဘမတက်ခဲ့ဖူးသည့်အတိုင်း ပမာ နဲ့လွဲခဲ့ရလို့ ရင်နာကြေကွဲ ခြင်းမှာလည်း လောဘသက္ကာယ ကင်းတယ်ဆိုတာ ကိုယ့်ကိုယ်ကို ယုံ ကြည်သည်။



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ရမယ့်ဝတ္တရားတွေ ပျက်ကွယ်တော့မည်။ ပေးခဲ့တဲ့ ကတိတွေ ကျိုးပေါက်ခဲ့ပြီ။ ထို့ပြင် လူငယ်ချင်းဖြစ်တဲ့ အတိုက်အခံ မာနစိတ်တွေနဲ့ ပမာ လက်ထပ်ဖို့ ချက်ချင်းသေချာသွားတာ၊ ဘယ်လို အိမ်ထောင်ဖက်မျိုး ဖြစ်လာနိုင်မလဲ‥။

အတိုက်အခံတွေ လုပ်ကြပါလားဆိုလျှင် တကယ်တမ်း မှားသွားကြပြီဆိုလည်း ကိုယ့်သားကတော့ သားမို့ ထားလိုက်နိုင်တာတွေရှိသည်။

ပမာ့ အတွက် ဒုက္ခသောကတွေ ဖြစ်လာခဲ့ရင် ဘယ်လို ပါဝင်ကူညီမလဲ။ မျက်ဝန်းမှာ မျက်ရည်တွေပြည့်တက်လာတဲ့အထိ ရင်ထဲမှာ ပူလောင်သွားတာ ပမာ့ အတွက်ချည်းပဲ ဖြစ်သည်။

"မင်း သိပ်မိုက်တဲ့ သား‥၊ ပမာ့ ကို မင်း အတိုက်အခံတွေ လုပ်နေခဲ့တာ ဘယ်လိုအမုန်းတွေကြောင့်လဲ၊ ဘာ မကျေနပ်စရာတွေရှိခဲ့တာလဲ၊ ငါ‥· ငါ ဘယ်လိုမှ တွေးလို့မရဘူး"

"မဟုတ်ဘူး မေမေ‥၊ မုန်းလွန်းလို့ ဖြစ်ကုန်တာ မဟုတ်ဘူး။ ဘာဖြစ်လို့မှန်း ကျွန်တော်ကိုယ်တိုင်လဲ မသိဘူး၊ ဂျွတ်!‥· တကယ်ပါ မေမေရာ ကျွန်တော်‥·"

အထပ်ထပ် ဘယ်လိုရှင်းပြရမှန်း မသိတော့ဘဲ ကျွတ်ခနဲ ဆံပင်ဆွဲဖွမိသည်။

"ဒါတွေ မင်းအဖေသိရင် ခွင့်လွှတ်မှာ မဟုတ်ဘူး၊ မိဘကို တစ်ချက်မှ အသိမပေးခဲ့ဘဲ‥၊ ဘာလဲ‥ မင်းက ငါ့လုပ်ငန်းနဲ့ ငါ့ဝင်ငွေနဲ့ ဆိုပြီး‥·"

"ခက်တော့တာပဲဗျာ၊ ဘယ်လို ရှင်းရမှန်းကို မသိတော့ဘူး၊ မေမေ့ကို အသိပေးဖို့ဟာ မေမေက နေမကောင်းသလိုလို စကားကို မပြောချင်တာလိုလိုနဲ့ ကျွန်တော့်ကို မျက်နှာချင်းမဆိုင်ဘဲနေတာ ဘယ်လောက်ကြာပြီလဲ"





"ဘယ်လောက်ကြာကြာ မိဘကို သားသမီးက မာနပြိုင်စရာလား၊ ပြောရေးရှိက ပြောရမယ်တဲ့၊ ဘာအကြောင်းရှိရှိ ဘယ်သူနဲ့ဖြစ်ဖြစ် ပြောသင့်တာကို မင်း ပြောကိုပြောရမှာ‥·"

"အဲဒီရက်တွေတုန်းကလဲ မေမေ စကားမပြောလို့ တမင် မပြောဘဲနေတာ မဟုတ်ပါဘူး၊ မပြောဖြစ်ခဲ့ရင်းကနေ မမနဲ့ အဲဒီလို စကားတွေ ကျိုကုန်တော့ မေမေ့ကို မပြောရဲတော့ဘူး၊ ပြောပြီးတာကို ဖြစ်အောင်လုပ်ဖို့ပဲ စိတ်ထဲမှာဖြစ်ပြီး‥·"

"တော်တော့‥"

မေမေ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျနေတာကို သူ စိုက်ခနဲကြည့်ပြီး ရှုံ့ရှုံ့မဲ့မဲ့နှင့် မျက်နှာလွှဲသည်။ သူ့ရင်ထဲမှာတောင် ဘာတွေဖြစ်နေမှန်း သူ့ကိုယ်သူ မသိ‥။

ချစ်သူနဲ့လက်ထပ်ရဖို့ ဘာအခက်အခဲမှမရှိဘဲ မြန်မြန်ဆန်ဆန်ကြီး ထဖြစ်လာတာကို ဝမ်းသာပါလား။ အပြိုင်အဆိုင် အနိုင်လုကြတဲ့ပန်းတိုင်ကိုယ် နောက်မကျဘူးဆိုတဲ့အဖြစ်ကို ကျေနပ်လိုက်ပါလား‥။

သူ့မှာ ပျော်လည်း မပျော်နိုင်၊ ဝမ်းသာခြင်းလဲ မဖြစ်၊ မိဘက မကြည်ဖြူတာကို နောက်ဆံတင်းနေသည့်စိတ်လား ဒါမှမဟုတ် ဝမ်းသာလွန်းပြီး မယုံရဲနိုင်ဖြစ်နေတာလား‥။

ယွန်း ကတော့ သွားလာဝယ်ခြမ်းရင်း အစီအစဉ်တွေ၊ စိတ်ကူးတွေကို ရေရွတ်၍ ပြုံးပျော်နေတာ တွေ့သည်။

"မင်းတို့ကိစ္စကို ဒေါ်တင်သန္တာ က ကျေနပ်သွားပြီပေါ့"

မေမေ ကောက်မေးလိုက်တော့ ခပ်ငေါ့ငေါ့လေးသံမှန်း သူ သိသည်။ မျက်လွှာချနေလိုက်ပေမယ့် ဟွန့်ခနဲအသံကိုတော့ ကြားလိုက်သေးသည်။ ပြီးတော့‥·

"ဒါပေါ့လေ‥ လွှတ်လပ်ခြင်း ရဲ့သမိုင်းသစ်ကို သူ မြင်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ကိုး၊ ဒီမှာ ခြင်း မင်း လုပ်နေတဲ့ စီးပွားဥစ္စာတွေ၊ ဘဏ်မှာရှိသမျှငွေတွေ အို… အားလုံးပဲကွာ၊ ငါတို့မှာ မင်းတစ်ယောက်ပဲ သားရှိတဲ့အတွက် အကုန်ယူသွား၊ ဦးအောင်ခြင်း၊ ဒေါ်ခင်ယု ဆိုတဲ့ အဘိုးကြီးနဲ့ အဘွားကြီး မှာ ကျောတစ်နေရာစာနဲ့ ခါးဝတ်ခါးစား ကျန်ခဲ့ရင် ရပြီ''

''မေမေ..''

''လွတ်လပ်ခြင်း ရဲ့ ဗိုက်ပြည့်ချက်လေး ပြေးလွှားကြီးပြင်းခဲ့ရတဲ့ဘဝ ကနေ မနေ့တနေ့ကအချိန်ထိ ငါတို့ရဲ့သား၊ မင်း လက်ထပ်ပြီးတဲ့နောက် ပိုင်းမှာ…''

''မေမေရာ ဘာတွေ ပြောနေတာလဲ..၊ လက်ထပ်ဖို့က နှစ်ရက်ပဲ လိုတော့တာ၊ ကျွန်တော် ဒါတွေ ကို ဘယ်လိုပြန်ပြင်ရမလဲ''

''မပြင်ပါနဲ့..၊ မင်းက ငါ့သားဆိုတော့ မင်းအဖေက မလိုက်ပေ မယ့် ငါကတော့ မင်္ဂလာမဲ့ဝတ်စုံကြီးနဲ့ ပဝါနှစ်စ အသာချပြီး သတို့သား အမေအဖြစ် ရပ်တည်မှာပါ''

ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဆံပင်တွေပဲ ဖွပစ်မိလိုက်၊ ပြန်သပ်ချလိုက်။ စိတ်ညစ်ခြင်းများစွာထဲမှာ မင်္ဂလာဆောင် ခါနီး စိတ်ညစ်ရခြင်းဆိုသည့် ခေါင်းစဉ်အသစ် သူ့ကျမှ ဖြစ်ပြီထင်၏။

နေ့လယ် ယွန်း နှင့်ချိန်းထားတာလည်း အချိန်တွေ လွန်နေပြီ။ ဖုန်းသံမကြားရအောင် မေမေ ဆူနေကတည်းက ပိတ်ထားလို့ပါ..။

မဟုတ်ရင် ယွန်း ဖုန်းဆက်မှာ ကြိမ်းသေသည်။ အိတ်ထဲက ဖုန်းကို ပြန်စမ်းမိရင်း ညနေမှတွေ့ဖို့ ဆက်လိုက်ချင်သော်လည်း ထုတ် မကိုင်ရဲ…။

ထိုစဉ် စားပွဲပေါ်က ဖုန်းမြည်လာတော့ ထိတ်ခနဲ ဖြစ်သွား၏။ မေမေနှင့် နီးနေတာမို့ သူ ပြေးကိုင်လိုက်ရင်လည်း ရုပ်ပျက်ဆင်းပျက် ဖြစ်တော့မည်။ ဒေါ်ခင်ယု က မျက်ဝန်းအိမ်ကို လက်မောင်းနဲ့ ပင့်သုတ်





လိုက်ရင်း ဖုန်းလှမ်းကိုင်သည်။

''ဟလို..''

''… … …''

''သြော်.. လာမယ် သမီး၊ အန်တီ ခုပဲ လာမယ်''

မမဆီက..၊ သူ့ဘာသာ သိလိုက်၏။ မေမေကတော့ သူ့ကိုတောင် မျက်လွှာတစ်ချက်မှ ပင့်မကြည့်ပါ။ ဖုန်းချပြီး ကပျာကယာ ထရပ်လိုက် တဲ့ပုံက ဟိုဘက်ကို ကူးမလို့ဖြစ်သည်။ သို့သော် အိမ်ရှေ့မှာ ထိုးရပ်လာ သည့် ကားတစ်စီးကြောင့် သားအမိ ပြိုင်တူ လှမ်းကြည့်လိုက်မိကြ၏။

''ယွန်း…''

ဒီထိလိုက်လာလေခြင်းဆိုပြီး ခြင်း နောက်ထပ် စိတ်ညစ်သွား သည်။ မေမေ့ဆီကိုလည်း မျက်လုံးပင် မဝေ့ရဲတော့ဘဲ အိမ်ရှေ့ကိုထွက် လာခဲ့ရင်း…

''ယွန်း…''

''ခုမှ ယွန်း..နေပြန်ပြီ၊ ဒီမှာ စောင့်နေတာ ဘယ်လောက်ကြာပြီ လဲ၊ ဖုန်းလဲ ပိတ်ထားတယ်မို့လား''

''မေမေနဲ့ အရေးကြီးစကား မပြတ်လို့ပါ ယွန်း ရယ်..၊ ကိုယ် ခုပဲ လာမလို့ပါ''

ယွန်း က မကျေနပ်နိုင်သေးသည့် မျက်နှာလေးနှင့် ဧည့်ခန်းမှာ တရင်းတနှီး ဝင်ထိုင်သည်။

စူပါမင်းရောင်က တစ်ကိုယ်လုံးရွှန်းတောက်နေကာ ဆလင်းဘက် ကြိုးရှည်လေးကအစ အရောင်တူပဲ ဖြစ်၏။ မျက်နှာမှာလည်း ဝါပြေပြေ လေး ခြယ်ထားသည်မို့ အရောင်က ရှိုင်းပေမယ့် ယွန်း ကိုယ်ပေါ်မှာ ကြည့်ရမဆိုးပေ..။

သူမက ဒေါ်ခင်ယု ထွက်သွားတဲ့နောက်ကို သိသာစွာ လှည့်ပင်း



www.burmeseclassic.com

www.burmeseclassic.com



ရှည်ကြည့်လိုက်ပြီး…

"ခြင်းမေမေက တို့ကို ရှောင်သွားတာလား"

"မဟုတ်ဘူး‥ မဟုတ်ဘူး‥၊ ခုပဲ မမ ဖုန်းဆက်လို့‥"

"အဲဒီ မမက ဘယ်မှမထွက်ဘဲ အခန်းအောင်းပြီး ဘာလုပ်နေတာလဲ"

"သူ အခန်းအောင်းနေတာ,မနေဟာ ယွန်း က ဘာလို့ သေချာပြောနိုင်တာလဲ"

ယွန်း က ခြင်း ကိုစိုက်ကြည့်ပြီး ပြုံးသည်။ လက်ထပ်ဖို့အတွက် ဘာဖြစ်ဖြစ် ခေါင်းညိတ်ခဲ့တာကိုက ဆုံးရှုံးမခံနိုင်တာရော မခံမရပ်နိုင်ဖြစ်တာတွေပါ ရင်ထဲမှာ ခံစားချက်တွေမျိုးစုံနေလို့‥။

"ဘာလို့ပြောနိုင်တာလဲဆိုတော့ မင်္ဂလာပွဲအတွက် ဝယ်ဖို့ခြမ်းဖို့ သွားတဲ့နေရာတိုင်းမှာ မတွေ့လို့လေ၊ နောက်နေ့မှ သွားမယ်၊ လာမယ် ဆိုပြီး ရှောင်နေလို့မှ မရတာ၊ လက်ထပ်ဖို့ စပြီးစီစဉ်တာလဲ အတူတူ၊ လက်ထပ်ဖို့ရက်ကလဲ တစ်ရက်တည်း၊ တစ်နေ့ရာတည်း၊ တစ်ချိန်တည်း‥"

ပိုင်နိုင်စွာပြောပြီး ပန်းလေးတွန့်၍ ရယ်သေးသည်။ သူမရင်ထဲမှာ တပ်အပ်သိနေသည်။ သိနေတာတွေ မမှားနိုင်ဘူးဆိုတာလည်း လုံးဝ သေချာနေ၏။ ဘာလဲဆိုတော့…

အပျိုကြီးမမ အမူလွန်နေတာတွေ‥၊ တကယ်တမ်းသာ မြပမာ ဆိုတဲ့အပျိုကြီးက အမူအရာတွေ ပိုနေလျှင် ဒီလို အနေနီးသည့်သဘာဝ အရ ခြင်း ကလည်း မပါဘူးလို့ မပြောနိုင်‥။

ဒါကြောင့် ခြင်း ဘက်က အဖေ ဘယ်လိုနေသလဲ၊ အမေ ဘယ်လိုသဘောထားသလဲဆိုတာကို ဂရုမစိုက်နိုင်လောက်အောင် သူမ ခေါင်းညိတ်ခဲ့မိတာ မြန်တော့မြန်၏။ မေမေကလည်း ခွင့်ပြုခဲ့သည်။

"ရေကန်လောက် မရပေမယ့် ရေအိုးလောက်နဲ့ပဲ ကျေနပ်ဖို့ ကြိုး





စားရမှာပေါ့၊ ကိုယ့်သမီးကမှ ပြောဆိုမနိုင်တာ"တဲ့‥။

ဘာဖြစ်ဖြစ် ခြင်း ကို သူမ ချစ်နေမိပြီမို့…

"ဘာဖြစ်လို့လဲ ခြင်း ရဲ့‥၊ ယွန်း ပြောတာ မှားလို့လား"

"မမှားပါဘူး‥၊ ဒါပေမယ့် မမနဲ့ ရှေ့ဆက်ပြီး အဲဒီလို တုတာ၊ ယှဉ်တာတွေ မဖြစ်သင့်ဘူးလို့ ကိုယ် ထင်တယ်"

"ဘာဖြစ်လို့လဲ…"

"မမနဲ့ ကိုယ့်ကို လက်ထပ်ပေးဖို့ အစက သေချာခဲ့တာ"လို့ မပြောဖြစ်‥။

လူကြီးတွေရဲ့စီမံကိန်းက ဒီလိုရှိခဲ့တာသာ ယွန်း သိခဲ့ရင်…

"ကိုယ်တို့ စကားတွေမှားခဲ့ပေမယ့် အရှည်သဖြင့် ပြိုင်ဆိုင်နေကြရင် မကောင်းဘူးလေ"

"ယွန်း တို့ လက်ထပ်ဖို့က အစကတည်းက သေချာခဲ့တာ မဟုတ်ဘူးလား၊ ပြိုင်ဆိုင်လာတာ ဘယ်သူလဲ‥"

ခြင်း ခေါင်းခါလိုက်မိသည်။ ရှေ့ဆက်ပြီးတော့လည်း မရှင်းတတ်တော့ဘဲရှိကာ…

"သွားရအောင်လေ‥"

"ရပြီလား‥၊ မေမေ့ကို ပြောဦးလေ"

ယွန်း က ပြုံးတုံ့တုံ့မျက်နှာနှင့် ငေါ့သည်။ ပြီးတော့ ထိုင်ရာကမထ ရယ်ကာ…

"သောရီး‥ ခုနကတော့ စကားပြောနေဟန်ဆိုလို့ပါ၊ ယွန်း ဘယ်ကိုခေါ်ခေါ် ခြင်း ချက်ချင်း ပါလာတာလဲ သိပ်မရှိခဲ့ဘူးလေ"

"ကိုယ် လိုက်ခဲ့တာပဲကွာ"

ဒီထက် ပိုမရှင်းတတ်ပါ။ အကောင်းဆုံးဟိုတယ်မှာ ဒီတာလုပ်ယားပြီးပြီပဲ။ ဝတ်စားဆင်ယင်ဖို့တွေ ပြည့်စုံရင် ပြီးတာပဲ မဟုတ်ဘူးလား‥။



www.burmeseclassic.com

www.burmeseclassic.com



သူ သိတာတော့ ဒါပဲ ဖြစ်သည်။ ယွန်း ကတော့ အိမ်ကိုလိုက်ခဲ့ဖို့ ခေါ်တာ အခေါက်ခေါက်..။ သွားလိုက်တဲ့ဆိုင်တွေ၊ ရွေးလိုက်တဲ့ဝတ်စုံ၊ တစ်နေ့နဲ့မပြီး၊ နှစ်ရက်နဲ့မပြီး၊ မိတ်ကပ်ဆရာရွေးတာချည်းပဲ ဘယ်နှစ်ရက်မှာ ဘယ်နှစ်ဦးပြောင်းသလဲ..။

ဟိုလူ နာမည်ကြီးတယ်ဆို ဖုန်းဆက်..၊ ဒီလူ ကောင်းတယ်ဆို လှမ်းခေါ်၊ နာမည်ကြီးတဲ့နောက် တကောက်ကောက်လိုက်ရတိုင်း သူ မပါဘဲလည်း တစ်လှမ်းမှမရွေ့..။

"မင်း ဟိုလူနဲ့ ဒိတ်လုပ်ပြီးသား ဖျက်လိုက်တာလား"

လို့ မေးကြည့်..၊ သူမမှာ ကတိတစ်ခုဖျက်လိုက်ရတာ ထမင်းစားရသောက်..။

"ဘာဖြစ်လဲ..၊ စရန်သတ်ရသေးတာမှ မဟုတ်တာ၊ တစ်သက်မှာ တစ်မင်္ဂလာပဲ ပြုရတာ၊ သူ လက်ရာမကောင်းရင် ဒီက မျက်နှာပျက်ပြီ"

လို့ပြောပြီး မဲ့ရွဲ့ကဲ့ရဲ့တာက ပါသေးသည်။ ခုလည်း အရေးတကြီး သွားဖို့ ရှိပြန်ပြီဟု မှာထားတာဖြစ်သည်။ ဒီကမသွားလို့ သူမ ပြေးလွှားလိုက်လာပြီး ကိုင်ရာက မထ..။

အားရအောင် ပြုံးမဲ့ ထော့ငေါ့ပြီးမှ...

"ဒီပုံစံနဲ့တော့ မလိုက်ပါနဲ့၊ အင်္ကျီသွားလဲ.."

သူမပြောမှ ခြင်း ကိုယ့်အင်္ကျီကို ပြန်ငုံ့ကြည့်မိ၏။ အဝါနုရောင် စပို့ရှပ်က အပြင်ထွက်ဖို့တော့ မကောင်းလောက်ပေ။ သူ ခေါင်းညိတ်ပြီး အထဲကို ပြန်လှည့်ဝင်ခဲ့စဉ်...

"ဟဲ့.. ဟဲ့... မိသီ နေဦး၊ အဲဒါက ရေဘူးနဲ့ စားစရာခြင်းလား"

"ဟုတ်ကဲ့ ကြည့်ပါဦး မေမေကြီး..၊ ချက်ချင်း ထ,ပြင်ရတော့ စုံရဲ့လား မသိဘူး"

အသံတွေကြားကာ ခြင်း ခြေလှမ်းတွေ တုံ့သွား၏။ ခဏရပ်ပြီးမှ





ရှေ့ဆက်လှမ်းခဲ့သော်လည်း စကားပြောနေတာကို ကြားရဆဲဖြစ်၏။

"နေဦး..၊ သမီးက ကားကြာကြာမောင်းရင် မူးတတ်တယ်၊ သံပရာသီးလေး ထည့်ပေးလိုက်ဦးမယ်၊ ရှုဘူးပါလား"

"ပါတယ် မေမေကြီး"

"အေး... ထည့်တော့ထည့်သွား၊ ဒါပေမယ့် သမီးက ရှုဘူး သိပ်မကြိုက်ဘူး၊ လမ်းမှာ မိုးမချုပ်ခင်ကနေ မိုးချုပ်စထိ ခဏခဏ နားခိုင်းနော်..၊ အဲ... နားဖို့ ပြော..."

"ဟုတ်ကဲ့ပါ"

"ရအောင် ပြောနော်၊ ဒီအချိန်မှထွက်ရင် ဟိုကို ဆယ်နာရီလောက်မှ ဝင်မှာ၊ ဒါလဲ ကားက ကောင်းဦးမှ.."

"ဘယ်သွားမလို့လဲ မေမေ"

သူ အနားရောက်သွားတော့ ဖျတ်ခနဲ မော့ကြည့်သည့် မေမေ့ မျက်ဝန်းတွေက အုံ့ညှိုရိပ်နှင့်...

"ဟင်!... မင်း မသွားသေးဘူးလား"

မေးပြီးမှ မဆိုင်တဲ့လူချင်း စိတ်မဝင်စားတာမျိုး မျက်နှာလွှဲကာ...

"သွားတင်ချေ သွား..၊ ပြီးရင် ပြန်ဝင်ပြီး လိုအပ်တာ သေချာ ကြည့်ထည့်၊ ငါ ဆေးလေးဘာလေး သွားယူဦးမယ်"

နောက်ဖေးဘက်ကနေ မေမေ ပြန်ကူးသွားကာ မိသီ လည်း ကား ပေါ်ကို ဆွဲခြင်းကလေး ပြေးတင်လိုက်၊ ဆီပုံးကလေး ဆွဲသွားလိုက် နှင့် သူ့မှာသာ ကြောင်တောင်တောင် ကျန်ရစ်ခဲ့၏။

"မိသီ ရော.. ရော...၊ ဒါကို အနားမှာထားမယ့်ဆွဲခြင်းထဲမှာ ထည့်ထား၊ သမီး ပြီးပြီလား"

"ရေချိုးခန်းထဲကတော့ ထွက်ပြီ မေမေကြီး"

"အေး..အေး.. အသွားနောက်ကျရင် လမ်းမှာ ညှိုက်မှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မမ ဘယ်သွားမလို့လဲ.."

သူ မေမေ့လက်ကိုပါ ကိုင်ထားပြီး မေးလိုက်တော့မှ ခပ်သုတ်သုတ် သူ့ဘေးကနေ သွားလာနေသည့် ခြေလှမ်းတွေ ရပ်သွားကာ...

"နေပြည်တော်ကို..."

"ဘာတွေ အရေးကြီးနေလို့လဲ..၊ ညနေစောင်းနေပြီ"

"အရေးကြီးတာပေါ့ ခြင်း ရယ်..၊ ဟိုမှာ အဆောက်အအုံသစ်က နောက်ခြမ်းမှာ ငြမ်းပြိုကျလို့ အလုပ်သမားတွေ ဆေးရုံရောက်နေတယ်တဲ့"

"ဟင်!..."

"ဒီက မင်္ဂလာကိစ္စတွေကိုလဲ မင်းအဖေက မသိဘူးလေ၊ ဟိုမှာ ပြဿနာကလဲ ကြီးတော့ လှမ်းအကြောင်းကြားတာပေါ့"

"ဖေဖေရော...၊ ဖေဖေ ဘာဖြစ်သွားသေးလဲ.."

အဖေကိုတော့ ပူပန်ဖော်ရသေးသားပဲဆိုသည့် ကြည်နူးခြင်းတစ်ဝက်နှင့် အေးစက်စက်အကြည့်တစ်ချက် သူ့ဆီ ရောက်လာ၏။ ပြီးမှ ခေါင်းခါ၍...

"ခင်းအဖေ ဘာမှမဖြစ်ဘူး၊ ဒါပေမယ့် အလုပ်သမားတွေ ထိခိုက်ခဏ်ရာရကုန်တာ နည်းသလား၊ များသလား ဘာမှမပြောဘူး၊ အဲဒါကြောင့် ပမာ လိုက်သွားမှာ..."

"မဟုတ်သေးပါဘူး မေမေရယ်..၊ ဒါ အရေးကြီးပေမယ့် မနက်ကျမှ..."

"သူ့မှာ မင်္ဂလာပွဲကလဲ ရှိသေးတယ်လေ၊ ပြီးတော့ အလုပ်ထဲမှာ ထိခိုက်ကုန်တာ သူ စိုးရိမ်မှာပေါ့"

ဒါ မဖြစ်သင့်မှန်း စိတ်က သိနေသည်။ ထို့ပြင် ဒီအချိန်နှင့် ဒီခရီးက မိန်းကလေးနှင့် မအပ်စပ်..။





"မမက ဘယ်သူနဲ့သွားမှာလဲ၊ ကိုသီဟကို ကို ခေါ်သွားမှာလား"

"အို.. ညကြီးမင်းကြီး ယောကျ်ားအဖော်နဲ့ သွားစရာလား၊ လူတိုင်း မင်းလို အတွေးမတိမ်ဘူး ခြင်း..၊ မိသီ နဲ့သွားမှာ..."

"ဒါဆို ကျွန်တော် လိုက်သွားမယ်"

"မိသီ ရော..."

"ရှင်... မမလေး..၊ ပြီးပြီ"

အိမ်ထဲကနေ ခေါ်သံလေးထွက်လာသည်နှင့် မေမေ့ကို စကားပြန်မစောင့်တော့ဘဲ ခြင်း ဒီဘက် ပြန်ကူးခဲ့သည်။

"ကိုယ့်ဖေဖေ အလုပ်ထဲမှာ ထိခိုက်မှုဖြစ်လို့ ယွန်း..၊ ကိုယ် အခု အရေးတကြီး လိုက်သွားရမယ်၊ ဆောရီးကွာ.."

"ဘာ!..."

ယွန်း ဖျတ်ခနဲ ထရပ်လိုက်တာကို သူ ဂရုမစိုက်နိုင်ဘဲ စာကြည့်ခန်းထဲဝင်၍ မှတ်ပုံတင်နှင့် လိုအပ်တာတွေယူကာ ကားဆီ ပြန်ခင်းပြီး ယာဉ်မောင်းလိုင်စင် ယူသည်။

ယွန်း က ဘေးမှာတောက်လျှောက်ပါလာကာ...

"မင်္ဂလာပွဲက နှစ်ရက်နဲ့ တစ်မနက်ပဲ လိုတော့တာ ခြင်း..၊ ခြင်း ဘယ်လိုလုပ်တာလဲ.."

"ကိုယ်လုပ်တာမှ မဟုတ်တာ..၊ မင်္ဂလာပွဲက အရေးကြီးသလို ဟိုမှာလဲ မိဘလေ..."

ယွန်း ဘာမှမပြောနိုင်ဘဲ ခဏ ကြောင်သွားပြီးမှ...

"ဟိုမှာ ခဏနဲ့မပြီးရင် ဘယ်လိုလုပ်မလဲ၊ ယွန်း က ဒီမှာ မင်္ဂလာပွဲကြီးနဲ့.."

"ကိုယ် အမြီပြန်လာမယ်၊ လုံးဝ ကတိပေးတယ်"

"မြပမာ နဲ့သွားမှာမို့လား"



www.burmeseclassic.com

www.burmeseclassic.com



ယွန်း က ခပ်ရိုင်းရိုင်းပြောတော့ သူ ပြန်ကြည့်မိကာ…

"မမအိမ်က ကောင်မလေး ပါသေးတယ်၊ မင်္ဂလာပွဲအမီ ပြန်ခဲ့မယ်လို့ ပြောပြီးပြီပဲကွာ၊ မမမှာလဲ မင်္ဂလာပွဲရှိတာမဲ၊ ဘာတွေ ပူနေတာလဲ"

လှမ်းကြည့်လိုက်တော့ ခရီးသွားဖို့ပြင်ဆင်နေတဲ့ပုံနှင့် အိမ်ဖော်ပုံစံ ကောင်မလေးတစ်ယောက်ကို ဟိုဘက်တိုက်ရှေ့က ကားနားမှာ မြင်လိုက်ရ၏။ ပြီးတော့ မြင်ကွင်းထဲရောက်လာသည့် မြပမာ…။

ကျောက်စိမ်းရောင်နုနုအခံနှင့် ပါတိတ်ဝတ်စုံကို ဝတ်ထားတာ အနက်ရောင် ဆလင်းဘက်နှင့်ဖြစ်သည်။ လက်ထဲမှာ အဖြူရောင်ပလတ်စတစ်အိတ်လေး ဆွဲပြီး ကားနားကို ဆင်းလာတာလည်း အရေးတကြီး သွားလာဖို့ပုံပဲ ဖြစ်၏။

ဘာတွေအရေးကြီးနေနေ ဒါက ကိုယ့်ကိစ္စမဟုတ်၊ သူမကိစ္စက မြပမာ နှင့် ခြင်း တစ်ကားတည်းစီးပြီး တစ်ခရီးတည်းသွားမှာပဲ ဖြစ်သည်။

ဒီနှစ်ယောက်ကို မသင်္ကာဖြစ်ခဲ့ဖူးသည့်စိတ်က သူတို့နှစ်ယောက် အတူဆုံဖြစ်ဖို့ ရှိလာသည့်ကိစ္စတိုင်းအတွက် မကျေနပ်ခြင်းကို ဖြစ်စေ၏။ ဒါပေမယ့် ခြင်း က သူမကို ခွင့်တောင်းနေတာ မဟုတ်ပေ။ အသိပေးတာတောင် သူ့ရှေ့မှာ ကိုယ်ရောက်နေလို့…။

လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့ပြီးသည့်နောက်မှာ ရှုံးနိမ့်သည်ဟု ထင်ရသောပြဿနာတွေ ရှိခဲ့တိုင်းလည်း သူမပဲ မျိုသိပ်ခဲ့ရသည်ဖြစ်ရာ…

"အေးပေါ့လေ…၊ တားနေလဲ ယွန်း ပဲ အလွန်ဖြစ်တော့မှာ…"

မပြောပေမယ့် ကျေလိုက်ရသည်။ စိတ်ထဲမှာတော့ မြပမာ ၏ကျော့ ရှင်းလှပနေသည့်အရိပ်ပုံက စွဲထင် နှောင့်ယှက်နေခဲ့လျက်…

"အစဉ်အလာတွေ ရှိခဲ့ဖူးတဲ့အတိုင်း ယွန်း ကိုတော့ ဒုက္ခမပေး ပါနဲ့"





ယွန်း က တံခါးကို အသံမြည်အောင်ပိတ်ပြီး မောင်းထွက်သွား၏။ သူ လှည့်ကြည့်လိုက်တော့ ပမာ ကလည်း စက်နှိုးနေပြီဖြစ်ကာ ယွန်း ဂုန်းဒိုင်းကြဲသွားတာကို သတိထားမိသွားလို့ ခဏ တုံ့ဆိုင်းသွားတာ ဖြစ်သည်။

"မမ နေဦး…"

ခြင်း ကားဆီ ပြေးသွားကာ ပမာ့ ဘေးကတံခါးကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်၏။

"ကျွန်တော် မောင်းမယ်"

သူ့ကို အံ့ဩဟန်နှင့် လှည့်ကြည့်သည့် ပမာ့ မျက်ခုံးလေးတွေ ကုတ်ကျသွား၏။

"မင်းကို ဘယ်သူက ခေါ်လို့လဲ"

"ခေါ်ခေါ်၊မခေါ်ခေါ် မမ အလုပ်ထဲမှာဖြစ်သလို ဟိုမှာ ဖေဖေလဲ ခေါင်းမီးတောက်နေမှာ…"

"မီး တကယ်မတောက်သေးဘူးဆိုရင် ပြီးတာပဲ၊ ဒါ ငါ့ကိစ္စ…"

"ဟာ… မမ ဘာလုပ်တာလဲ"

"ဖယ်စမ်း…"

ပမာ က ဂီယာဖြုတ်လိုက်တော့ သူ ကားသော့ကို မိုက်တိမိုက် ဘန်းဝိတ်ပြီး ပြန်နုတ်ယူလိုက်၏။ လက်နှစ်ဖက်ရှုပ်သွားပေမယ့် သူ့လက်ထဲမှာ ကားသော့ ပါလာ၏။

"မမ ဟိုဘက်မှာ သွားထိုင်၊ ဟိတ်… ပြောနေတာ မကြားဘူးလား မိသီ၊ နောက်ကိုသွား…"

"ဟုတ်… ဟုတ်ကဲ့ပါ"

အချင်းဖြစ်ပွားနေတာကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည့် မိသီ တစ်ယောက် အလန့်လန့်အဖျပ်ဖျပ်နှင့် တံခါးလှည့်ဖွင့်ပြီး တံခါး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မပွင့်..။

ပမာ ကလည်း ငုတ်တုတ်ကနေ မလှုပ်တော့ ခြင်း ၀ဲ ဟိုဘက်သွား၍ တံခါးဖွင့်ပေးရသည်။ ကားကို တစ်ပတ်ပြန်လျှောက်ရင်း ဒီနေ့ကျ သူ့ကားကလည်း ၀ပ်ရှော့ပို့ဖို့အကြောင်း နိုင်လုံပြီးဖြစ်နေတာကို တွေးလိုက်မိသည်။

ကောင်းတဲ့ကားကို ဖေဖေ အဝေးသွားရမှာဆိုပြီး ပေးလိုက်သည်မို့ ပမာ စီးနေသည့်ကားက ခပ်သင့်သင့်ရယ်..။

ဒီကားမျိုးက ခရီးဝေးသွားမှာဆို တစ်ရက်၊ နှစ်ရက်လောက် အချိန်ပေးပြီး စစ်ရဆေးရသေးသည်။ သွားမယ်ဆို တက်မောင်းသွား၍မရ..။

ဒါပေမယ့် ခုတော့ သွားရတော့မှာမို့ ကားကိုစစ်ဖို့ထက် ကားပြင်ဖို့ပစ္စည်းတွေ အထဲမှာ အစုံပါ,မပါ ပြေးကြည့်လိုက်ရသေးသည်။

ပြီးတော့မှ ဘောနက်ကိုဖွင့်၍ သေချာအောင် စစ်လိုက်၏။

သူ အလုပ်ရှုပ်သွားတုန်းမှာ မေမေ ဘေးနားရောက်လာကာ—

"သားကို ခေါ်သွားလိုက်ပါ သမီးရယ်..၊ ကားအတွက်အော လူတွေအတွက်ပါ စိတ်ချရပါတယ်၊ မဟုတ်ရင် အန်တီ ဘယ်လိုမှ စိတ်ဖြောင့်နိုင်မှာ မဟုတ်ဘူး၊ ကိုယ့်မောင်နှမတွေလောက် စိတ်ချရတဲ့လူ ဘယ်မှာရှိမှာလဲ၊ သားကလဲ ကိုယ့်အစ်မကို စကားပြောတာတွေ မရှိစေနဲ့..."

အတူတူ ထွက်သွားကြတော့လည်း ခေါ်ခင်ယု စိတ်ချမ်းသာသွားသည်။

ပြီးတော့ သက်ပြင်းရှည်ကြီးချကာ မချင့်မရဲအတွေးက ဝင်လာ၏

ဒီလောက် နှစ်ရှည်လများ အတူနေခဲ့ကြပြီး ဒီနှစ်ယောက် ဘာဖြစ်လို့ မသင့်မြတ်ခဲ့တာလဲ..။





အိုးချင်းထား အိုးချင်းထိ ဆိုတဲ့ အစဉ်အလာတွေလည်း ပျောက်သည်။ အတူနေသံယောဇဉ်ဆိုတာလည်း မရှိ၊ ချစ်ကြင်နာချည်ရဲ့လို့ ဖြစ်မလာခဲ့ရင်တောင် သံယောဇဉ်ဆိုတာလောက်တော့ ရှိသင့်တယ်မို့လား..။

ခုတော့...

နှစ်ယောက် မျက်နှာချင်းဆိုင်လိုက်တာနှင့် မျက်လုံးတွေက 'အစဉ်အလာတွေ ဘယ်လိုရှိရှိ'လို့ ကြွေးကြော်နေကြတဲ့အတိုင်း..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၂၉ |

ကားက စိုးမိုးလာသည့် ညအမှောင်ကို ဂရုမစိုက်စွာ တဟူးဟူး ပြေးလွှားနေဆဲ..။

နောက်မှာထိုင်သည့် မိသီ ထံမှ ရိုးတိုးရွတာအသံလေး ထွက်လာခဲ့ပြီး...

"မမ.."

"ဟင်.."

"ဟို.. ဟိုလေ... ကျွန်မ.. ကျွန်မ... မအောင့်နိုင်တော့ဘူး"

ပမာ မျက်လုံးတွေ လေးလံမှေးစင်းနေရာကနေ ချက်ချင်း ကျယ်သွား၏။

ကိုယ်က ခရီးသွားစရှိနေပြီးသားမို့ ဒီလိုပြဿနာမျိုး မဖြစ်ပေမယ့် မိသီ ကိုလည်း ကိုယ်ချင်းစာမိကာ...

"အင်း... ရပ်ပေးမယ်..၊ ကားခဏရပ်ဦး.."

"ရပ်လို့ မဖြစ်ဘူး၊ ရှေ့မှာ ယာဉ်ရပ်နားစခန်း ရှိတယ်၊ အိပ်စ်ပို့ အင်ပို့ အကုန်ရတယ်၊ မိနစ်နှစ်ဆယ်လောက် စောင့်.."

ပြောတာကို ပမာမခန့် လုပ်ပစ်တော့ ဒေါသကြောင့် ပမာ့ မျက်နှာလေး တင်းသွား၏။

"ဘယ်လောက်အကွာမှာ ဘာရှိတယ်ဆိုတာ မင်းထက် ငါ ပိုသိတယ် ခြင်း၊ ဒါက အန္တရာယ်.. ကားရပ်ပေးလိုက်..."





ခြင်း က တစ်စက်မှ အရှိန်မလျှော့ဘဲ ပမာ့ ကိုလည်း နည်းနည်းမှ ငဲ့မကြည့်..။

"ကားတွေ တစ်စီးပြီးတစ်စီး ဖြတ်နေတာ သူ လမ်းပေါ်မှာ သွားရဲမှာလား၊ မိုးရွာထားတာ လမ်းဘေးမှာ ရွှံ့တွေချည်းပဲ"

"ရပါတယ်..၊ နာရီဝက်လောက်တော့ ကျွန်မ စောင့်ပါ့မယ် မမလေးရဲ့..၊ ရပါသေးတယ်"

သူ့ကြောင့် စကားများနေမှန်းသိတော့ မိသီ ဟျာဟျာသလဲ ဝင်ပြောရှာသည်။ ပြောလိုက်ရင် ဘယ်တော့မှ ဝန်မခံ..၊ ခေါင်းမညိတ်တတ်သည့် လွတ်လပ်ခြင်း..။ 'ရပ်'ဆိုမှ ရှေ့တိုးသည်၊ 'သွား'ပါဆိုမှ ရပ်ပစ်တတ်၏။

ငယ်ကျင့်ဆိုတာ မပျောက်တတ်မှန်း သိပေမယ့် သင်းကြောင့် ဒေါသဖြစ်ရတိုင်းလည်း ရင်ထဲမှာ ဘယ်သောအခါမှ သေးသေးနုပ်နုပ်နှင့် ပြေပျောက်ပြီးဆုံးသွားခဲ့သည် မရှိ..။

"ကားကို ဖြည်းဖြည်းမောင်းစမ်းပါ၊ သိပ်အစွမ်းပြချင်နေလား"

ဒေါသတွေ ဖောင်းပွနှန်းဖြစ်ကုန်တာကိုသိတော့ ခြင်း က လှည့်မကြည့်ဘဲ ပြုံးကာ...

"ဖြစ်ရပြန်ပြီ..၊ နောက်မှာ ထွက်ကျကုန်မှာစိုးလို့"

"မစိုးနဲ့..၊ ကိုယ့်ဘာသာ ထင်ရာလုပ်ပြီးမှ..."

ဒီကျမှ သူ ပမာ့ ကိုလှည့်ကြည့်ပြီး ခပ်တည်တည်မျက်နှာနှင့်...

"ကားဆိုတာ အကြာကြီး run နေပြီးမှ ရပ်ပစ်လိုက်ရင် အမောဆို့ပြီး ဒဏ်ရာပေါ်တတ်တယ်၊ မမ ကားမောင်းပြီး ဒီလောက်လေးတောင် မသိဘူးလား"

ပမာ မျက်ဝန်းတွေ လက်ခနဲ ဖြစ်သွား၏။

"ဖြစ်စရာရှိရင်တောင် မြင်မြင်ထင်ထင် လုပ်လို့ကိုလို့ကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ဖြစ်အောင်လို့၊ လမ်းမှာ မရပ်ချင်တာ..."

သူ ပြောတဲ့ မိနစ်နှစ်ဆယ်မပြည့်ခင် စားသောက်ဆိုင်တွေ တန်းစီနေသည့်နေရာကို ရောက်သွားခဲ့၏။

"မိသီ ဆင်း..."

ပမာ က ကိုယ်တိုင်ဆင်းသွားပြီး တံခါးဖွင့်ပေး၏။ ခြင်း နေရာမှ မလှုပ်သေးဘဲ နောက်လှည့်ကြည့်ကာ...

"ဟော့.. ပြဿနာရှိတာ အပြီးရှင်းနော်၊ နောက်ထပ် လမ်းမှာ လုံးဝ ရပ်မပေးဘူး"

"ဟုတ်..."

"ရပ်ပေးဖို့လဲ မလိုဘူး၊ မင်း မောင်းတာကိုလဲ မစီးဘူး၊ ပေး... ကားသော့.."

ပမာ သူ့ရှေ့ရောက်လာတော့ ကားဘေးမှာ ခြင်း က စီးကရက် မီးညှိနေပြီဖြစ်ကာ...

"ဘာလုပ်မှာလဲ"

"ပြောနေတာ မင်း မကြားဘူးလား၊ ငါ့ဘာသာ မောင်းမယ်၊ ပေး..."

"ကျွန်တော်က ကားလိုက်စီးတာ မဟုတ်ဘူး"

"မစီးချင်ရင် လမ်းလျှောက်လိုက်ခဲ့.."

"မဟုတ်တာကို ဘာဖြစ်လို့ ပြဿနာရှာနေတာလဲ၊ ဟိုမှာ မိသီ ပြဿနာကိုပဲ သွားရှင်းလိုက်ပါ၊ မျက်နှာကိုလဲ ကြည့်ဦး.."

ပြန်ငဲ့ကြည့်လိုက်တော့ မိသီ မျက်နှာရှုံ့မဲ့နေကာ ကြည့်လိုက်မှ ဟိုကွယ်ဒီကာ..။

"တောက်..၊ မင်းဟာလေ..."

ပမာ လှည့်ထွက်သွားမှ သူ ပြုံးလိုက်မိသည်။





"သိတယ်..၊ ခင်ဗျားမာနတွေကို.." စိတ်ထဲမှာ ရေရွတ်ရင်း ကားကို တစ်ချက်စစ်လိုက်သေးသည်။ ပြီးမှ ဆိုင်ထဲ ဝင်ခဲ့၏။

သူ သန့်စင်ခန်းကပြန်လာပြီး စားပွဲမှာထိုင်တော့ မိသီ က ပေါက်စီနှင့် လက်ဖက်ရည်ကို အားပါးတရ စားသောက်နေလျက်..။ ပမာ့ ရှေ့မှာ စပရိုက်ဘူးက ဖောက်ပင် မဖောက်ရသေးဘဲ ရှိနေ၏။

"မမ ဘာမှမစားဘူးလား"

"မစားဘူး..၊ မင်းရဲ့စီးကရက်ကရော မီးခိုးသေတဲ့အခါ ရှိသေးရဲ့လား"

မျက်နှာရှေ့မှာ ပျံ့ဝဲလာသည့် မီးခိုးဖြူဖြူတွေကို လက်နှင့်ခါထုတ်ပစ်ရင်း ပမာ့ မျက်နှာလေးတင်းနေတော့ သူက စီးကရက်ကို အူကြောင်ကြောင်မျက်နှာနှင့် ပြန်ကြည့်ကာ...

"မကြိုက်ဘူးလား"

"သြော်... မေးရက်တယ် မင်းမို့လို့ပဲ..၊ လူက ငယ်ငယ်နဲ့ စီးကရက်ကြီး တကားကား၊ မီးခိုးက တအူအူ၊ အဲဒီအတိုင်း ဆက်သောက်၊ သက်တမ်းမစေ့ဘဲ အဆုတ်တွေ၊ အသည်းတွေ ပျက်စီးပြီး သေမယ်"

"စိုးရိမ်မနေပါနဲ့..၊ ခင်ဗျားနဲ့ ရန်ဖြစ်ဖို့အတွက် အသက်ရှည်ရှည်ကို နေရဦးမှာ.."

လာပြန်ပြီ ခင်ဗျား..၊ ပမာ စိုက်ကြည့်ပြီး အံကြိတ်၏။ ကြင်နာစေချင်လွန်းလို့ မဟုတ်ပေမယ့် ခင်ဗျားလို့ သုံးလိုက်တိုင်း မနှစ်မြို့ခြင်း ဖြစ်၏။

တစ်ယောက်နှင့်တစ်ယောက်ရဲ့ ခုလို အခြေအနေမျိုးမှာကျတော့ ပိုပြီး ရှက်မိသလိုလို၊ နာသလိုလို..။

"ဒီမှာ.. ခေါက်ဆွဲကြော်တစ်ပွဲ.."

စီးကရက်ကို စားပွဲနှင့်ဖိချေပစ်လိုက်ပြီး လှမ်းမှာလိုက်တော့ ပမာ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးသွား၏။

"မင်း ဘာလုပ်တာလဲ၊ သူများစားတဲ့အချိန်ကျတော့ စီးကရက်သောက်နေတယ်၊ ခုမှ ခေါက်ဆွဲကြော်မှာတာ၊ ဘယ်အချိန် ခရီးဆက်မှာလဲ.."

"ဘယ်မှာ သူများစားတဲ့အချိန်လဲ..၊ မမလဲ ဘာမှ မစားရသေးဘူး၊ မိသီ လဲ စားနေတုန်းလေ.."

"ဟုတ်တယ်..၊ သူပြီးရင် သွားမလို့ ငါစောင့်နေတာ၊ ငါ မသောက်တာက မျိုလို့ကို မရလို့.."

"ဟုတ်လား..၊ ဒါဆို အခု မျိုကျအောင် မျိုကြည့်လိုက်ပါ၊ ကျွန်တော့်ကို ထိုင်စောင့်နေရမယ့်အတူတူ"

မျက်နှာက ရယ်တော့ ပြုံးတော့မလိုလိုနှင့် ခပ်တည်တည်..။

တည်တည်တံ့တံ့ ပြောနေသယောင် ရှိသည့်တိုင် မချိုမချဉ်မျက်ဝန်းတွေက မခံချင်စရာ။ ပမာ တန့်နုံ့ဖြစ်နေမိ၏။

ခြင်း ကတော့ မျက်နှာက တခြား၊ ရင်ထဲမှာ တစ်မျိုး၊နှင့်ပါ..။ ပမာ စိတ်စောနေတာကို သိသည်။ ဘာမှမစားမသောက်ဘဲ ကားပေါ်ပြန်တက်တော့မှာကို မကြည့်ရက်တာမို့..။

"ရော့.. ဒါလေးတစ်ခုတော့ စားလိုက်ပါ"

သူကိုယ်တိုင် ကော်ပြန့်စိမ်းတစ်ပွဲ ထ,ယူပြီး ရှေ့မှာ ချပေးလိုက်သည်။ ပမာ ကော်ပြန့်စိမ်း ကြိုက်သည်။ တစ်ခါတလေ ညနေခင်းအပြင်မှာ ထွက်စားဖြစ်တိုင်း ကော်ပြန့်စိမ်းပဲ စားဖြစ်တာ များ၏။

မုန့်ပွဲကိုမြင်မှ သူ့ကိုကြည့်လိုက်မိ၏။ ခြင်း က သူ့အတွက် ရောက်လာသည့် ခေါက်ဆွဲကြော်ကို လှမ်းယူပြီးမှ မျက်လုံးချင်းဆုံသွားသလိုကြည့်ကာ...

"နည်းနည်းပဲဝင်ဝင် စားပါ၊ ကျွန်တော့်ကို ဒီတိုင်းကြီး ထိုင်စောင့်





နေတာဆိုရင် မျက်နှာပူစရာကြီး၊ မြန်မြန်ဆန်ဆန်ရတာလဲ ဒါပဲရှိလို့၊ မကြိုက်ရင်တော့ ဆောရီး.."

ဖြေရှင်းလိုက်တာကိုကြားမှ ပမာ ကလည်း မုန့်ပွဲကို ဆွဲယူ၍ စားဖို့ပြင်သည်။

သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်ရင်း ပေါက်စီ ကြိုက်လွန်းလို့ နှစ်လုံးလုံး မြန်မြန်ဆန်ဆန်မျိုချပြီးမှ မိသီ လည်နှင်နေ၏။

တစ်လမ်းလုံး ဘယ်လောက်ထိ ရန်ဖြစ်ကြဦးမည် မသိ..။

"မင်း ကားမောင်းရင်း စီးကရက်သောက်ဦးမလို့လား"

"မသောက်ပါဘူး"

လို့ပြောပြီး စီးကရက်ကိုတော့ ချုန်းပြီးချေပစ်ခဲ့သည်။ သူ့ နှုတ်များကပါလာသည့် မီးခိုးငွေ့တွေကတော့ ကားထဲမှာ...။

"ဟား... မင်း.. အဟွတ်... အဟွတ်.."

"ဆောရီး.. ဆောရီး..."

ပမာ ချောင်းတဟွတ်ဟွတ်ဆိုးနေရင်း မော့လာကာ...

"ဘာ ဆောရီးလဲ..၊ အဟွတ်.. အဟွတ်... မင်း ငါ့ကို သက်သက်ရွဲ့တာလား"

"မဟုတ်ပါဘူးဗျာ.. ကျိုင်ပဲ၊ မမ လက်ဖက်ခြောက်လိုနေလို့၊ မီး ကမန်းကတန်းသတ်ပြီး ဝင်ထိုင်လိုက်တာ"

"ဘာ လက်ဖက်ခြောက်လိုနေတာလဲ၊ ငါဆူတော့ ဆူတယ်ဖြစ်တယ်၊ မင်းလုပ်ပုံတွေ လုံးဝ အချိုးမပြေဘူးနော် ခြင်း၊ ငါ ဒီခရီးမှာ လိုအပ်မယ်ထင်လို့ မင်းကို ခေါ်လာတာ"

"ကျွန်တော့်သဘောနဲ့ ကျွန်တော် လိုက်ခဲ့တာပါ"

"ဟုတ်ပေမယ့် ငါ မခေါ်ချင်ရင် မင်း ဘိုးဖက်လိုက်မယ်ဆိုရင်တောင် မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲလို အနိုင်ရအောင် ပြောရတာ ပျော်လား.."

"ဘာပြောတယ်.."

"ခင်ဗျား ကျေနပ်ရင် ပြီးတာပါပဲ၊ ဒီမှာ မယုံမရှိနဲ့နော် လွတ်လပ်ခြင်း ဆိုတဲ့ ကျွန်တော်က စီးကရက်ကိုသောက်ပြီး လွတ်လွတ်လပ်လပ် မွှေးလာတာ၊ ဒါ မသောက်ဖို့ကို ရည်းစားကပြောတာတောင် ဂရုစိုက်ခဲ့တာ မဟုတ်ဘူး"

"အဲဒီတော့ မင်းကို ကျေးဇူးတင်လိုက်တာဆိုပြီး ထိုင်ကန်တော့ရမလား"

"ရပါတယ်..၊ ငရဲအုံတွေ ကြီးနေမှာပေါ့"

နှုတ်ခမ်းမှာထင်လာသည့် မထိတရီအပြုံးကို မှန်းတီးစွာ ကြည့်မိ၏။ ခြင်း ကိုမြင်ရတိုင်း သူ့ဘက်က မထီမဲ့မြင်အပြုံးတွေကို ခံရခက်ခြင်းဖြစ်လျက် ဘာကို နာကျင်မှန်းမသိသော ဝေဒနာတစ်ရပ်က နှိပ်စက်နေတာ ဆိုးသည်။

ဒါပေမယ့် နောက်ထပ် စကားမဆိုမိအောင်နေခဲ့ရင်း ခရီးဆက်လာတဲ့တစ်လျှောက်မှာ တိတ်ဆိတ်သွားခဲ့၏။

မှောင်မိုက်နေသည့်ည၏ ခြောက်လှန့်မှုမှာ ပမာ ဘာမှမဖြစ်ပေမယ့် နောက်ခန်းထဲမှာ ရှိနေသည့် မိသီ တစ်ယောက်ကတော့ ဘုရားစာတွေ တွင်တွင်ရွတ်နေ၏။

ဘယ်လိုအရှိန်နှင့် မောင်းနေမှန်းမသိသော်လည်း ခြင်း မောင်းနေသည့်ကားအရှိန်က တဝီဝီအော်နေသဖြင့် ကြောက်လန့်နေရရင်း မျက်တောင်ဖျားတွေ စင်းကျလာသည်။

ပမာ သတိရလို့ လှည့်ကြည့်လိုက်တော့ မိသီ ဆိုဖာပေါ် ခွေခွေလေး အိပ်ပျော်နေပြီဖြစ်သည်။

"မမလဲ အိပ်ချင်အိပ်လေ၊ အိပ်ရေးပျက်လို့ ခေါင်းမူးနေဦးမယ်"





"ငါ မူးတာ ကိစ္စမရှိဘူး၊ မင်း အိပ်ငိုက်သွားမှ ခက်မှာ.."

ခြင်း က ပြုံးလိုက်ပြီး ငုံ့ကြည့်၏။

"မမ မအိပ်ဘဲနေတော့ရော ကျွန်တော် အိပ်မငိုက်အောင် ဘာလုပ်ပေးမှာမို့လဲ.."

စိတ်တိုသွားကာ ပမာ သူ့ကို မျက်စောင်းလှည့်ထိုးသည်။ မျက်လုံးချင်းတည့်တည့်ကြီး ဆုံသွားသဖြင့် ခြင်း က ရယ်လိုက်၏။

"အင်း... မျက်စောင်းထိုးပေးနေဖော်ရတာလဲ မဆိုးပါဘူး"

"လှည့်လှည့်မကြည့်နဲ့..၊ ရှေ့ကိုကြည့်ရင်း ပြောလို့ရတယ်"

"ဘာမှမဖြစ်စေရဘူး၊ ပူမနေနဲ့..၊ ရှောရှောရှူရှူ မင်္ဂလာပြန်ဆောင်ရအောင် အကောင်းဆုံး မောင်းပို့မယ်"

နောက်ထပ် မျက်လုံးချင်းဆုံတော့ ခြင်း က ပြန်စိုက်ကြည့်၏။ ပြီးမှ ရှေ့ကိုပြန်လှည့်ကာ...

"နည်းနည်းလောက် စကားကောင်းကောင်း ပြောချင်တယ်၊ ရမလား.."

ပမာက မဖြေဘဲနေတော့ သူပဲ ဆက်၍...

"မမ လက်ထပ်ဖို့ဖြစ်သွားတာ ကျွန်တော့်ကြောင့်လား"

"မဆိုင်တာတွေ မမေးနဲ့.."

"ဘာလို့ မဆိုင်ရမှာလဲ၊ ဒီလိုစကားတွေနဲ့ ပြဿနာတက်ခဲ့ကြတာ မမနဲ့ ကျွန်တော်ပဲ၊ ကျွန်တော့်ကြောင့်ဖြစ်ဖြစ်၊ ယွန်း ပြောဆိုခဲ့တာတွေကြောင့်ဖြစ်ဖြစ် ဒါတကယ်ဆိုရင် မမ ဆုံးဖြတ်တာ မြန်လွန်းတယ်.."

ခြင်း မျက်နှာမှာ မထိတရီအပြုံးတွေ၊ မဲ့တဲ့တဲ့ ခနဲ့တာတွေ ဘာမှ မရှိခဲ့ဘဲ မျက်မှောင်ကြုတ်နေသည့် မျက်နှာတစ်ပြင်လုံးက ကားဆီက မီးရောင်ပြာလဲ့လဲ့အောက်မှာ ထူးဆန်းသည့်သရုပ်တွေနှင့်...။

"ဒါသကို ဒါသအတိုင်းပဲ ထားပေးလိုက်ရင် မီးတောက်တစ်စ



www.burmeseclassic.com

www.burmeseclassic.com



လို အရှိန်ကုန်ရင် ပြာကျသွားမှာပဲ”

“စကားလုံးကတော့ လှတယ် ခြင်း၊ ခံရတဲ့ဘက်မှာ မသက်သာဘူး၊ ဆက်ပြောစမ်းပါ‥၊ မင်း ပြောချင်တာ ဘာလဲ‥”

“မမအတွက် ပြောတာပါ၊ ဦးသီဟကို ကို မမ မချစ်ဘဲနဲ့…”

“ဒါ ငါ့ကိစ္စပါ”

“ကျွန်တော့်ကြောင့်မို့လို့ ပြောခွင့်ရှိတယ်၊ ယွန်း ပြောတဲ့စကားတွေအတွက်လဲ ကျွန်တော် အထပ်ထပ် တောင်းပန်ခဲ့တယ်၊ ပြီးတော့…”

“ဒါတွေကို ပြန်မစနဲ့ ခြင်း‥၊ မင်းနဲ့ ငါ့ရဲ့ဆက်ဆံရေး ဒီထက်ပိုတင်းပြီး ပြတ်တောက်ကုန်လိမ့်မယ်၊ စိုးရိမ်လွန်းလို့ပြောတာ မဟုတ်ဘူး၊ ငဲ့စရာမျက်နှာတွေ ရှိလို့‥”

ခြင်း ကားမောင်းရင်း လှည့်ကြည့်ပြန်သည်။

“ကျွန်တော် စိုးရိမ်တာကတော့ ဘယ်လောက်ထိ စိုးရိမ်နေသလဲဆိုရင် ကိုယ့်ချစ်သူနဲ့ကိုယ် လက်ထပ်ရမှာတောင် လုံးဝကို ဗီလင်ဖြစ်မလာတော့တာ…”

ဒီထိ ပြောချပစ်လိုက်ပြီးမှ ရှေ့ပြန်လှည့်ကာ…

“မေမေ့စကားတွေ ကြားနေရတာလဲ တစ်နေ့ကို အခါ ရှစ်ဆယ်လောက်က ဒါတွေပဲ၊ အခု လက်ထပ်ဖို့ နီးကပ်လာတော့ စကားကို မပြောတော့ဘူး‥”

“အဲဒါကြောင့်ဆိုရင် အန်တီ့ကို ငါ ပြောပြလိုက်မယ်၊ မင်းနောက်ထပ် ငါ့ကို ဘာမေးခွန်းမှ မထုတ်နဲ့‥”

“မလိုပါဘူး၊ ကိုယ့်ဒုက္ခနဲ့ကိုယ် ဘာဖြစ်ဖြစ်၊ ကယ်ပါကူပါအော်ဖို့ လုံးဝ ဝါသနာမပါဘူး”

“မမကိုပြောချင်တာက မာနစိတ်တစ်ခုနဲ့ ကိုယ် မချစ်တဲ့သူကို လက်ထပ်ဖို့ ဆုံးဖြတ်တာ ဘယ်လောက်အန္တရာယ်ကြီးသလဲ‥”



“အဆိပ်ပြင်းပြင်းမိလို့ တုံးခနဲ လဲသေသွားတာမျိုး ဖြစ်ပါစေ ငါ မှန်တယ်ထင်ရင် လုပ်တယ်၊ လုပ်ပြီးရင်လဲ မှားသွားပြီလို့ နောင်တမရတတ်တာ ငါ့အကျင့်၊ ကိုသီဟကို ကို ငါ ချစ်တာ၊ မချစ်တာ မင်းနဲ့မဆိုင်ဘူး၊ နေတတ်သလို နေ…”

“ဒုတ်‥ ဒုတ်…”

စကားပြောမပြတ်ဘဲ ကားက တသိမ့်သိမ့် ဆောင့်ခုန်ပြီး ထိုးရပ်သွား၏။

ခြင်း မရမက ပြန်နှိုးပေမယ့် လုံးဝ မရတော့ပေ‥။

“ဘာဖြစ်သွားတာလဲ သိလား”

“ဟိုက်နေတာ‥”

“ဘာဖြစ်လို့ ဟိုက်ရမှာလဲ၊ အားလုံးစစ်ဆေးပြီး မှ ငါ အထဲပြန်ဝင်ပြီး ရေချိုးတာ”

“ကျွန်တော်လဲ စစ်သေးတယ်လေ၊ ရေတိုင်ကီပေါက်နေတာမျိုးဆို ဘယ်သူက ကြိုသိမှာလဲ”

ပြောရင်း အောက်ဆင်းကြည့်သည်။ ပြီးတော့ စိတ်ပျက်လက်ပျက် ခေါင်းညိတ်ပြတော့ ပမာ အကြီးအကျယ် စိတ်ခတ်ကျသွား၏။

ခရီးက တစ်ဝက်ကျော်နေပြီ။ ဒီလိုနေရာမျိုးမှာ တားလို့လည်းရမှာ မဟုတ်‥။

“ဘယ်လို လုပ်ကြမလဲ”

စိတ်ပျက်စွာပြော၍ ပမာ ကားပေါ်က ဆင်းလိုက်၏။

“ကားပေါ်ပြန်တက်နေပါ၊ ဘာမှ လုပ်လို့မရတာကို‥”

“ဘယ်လိုလုပ်ပြီး ဒီတိုင်း ငုတ်တုတ်ထိုင်နေရမလဲ၊ မင်းမို့ပြောရက်တယ်”

ပြောရင်း ပတ်ဝန်းကျင်ကိုလည်း လိုက်ဝေ့ကြည့်မိသည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



မည်းချိတ်နေသည့် ကောင်းကင်ပြင်ကြီးကို မော့ကြည့်မိကာ…

"မိုးသားတွေ ထူနေလိုက်တာ၊ ဘာမှကို မရှိတော့ဘူး ဒုက္ခပါပဲ၊ ကားမီးမှိတ်လိုက်လို့ကတော့ ကိုယ့်လက်ချောင်းကိုတောင် ပြန်မြင်ရမှာ မဟုတ်ဘူး"

ညည်းညူနေသည့် ပမာ ကို စိုက်ကြည့်၍ ခြင်း က ခါးနှစ်ဖက် ထောက်ရင်း ငြိမ်နေသည်။ ပြီးတော့မှ နောက်ခန်းဆီ လျှောက်သွားကာ…

"သိပ်ပူမနေပါနဲ့…၊ ကားထဲက ဓာတ်ဆီတွေ ထဆူကုန်ဦးမယ်၊ ကျွန်တော် ကြည့်ပြီး ရလိုရငြား နည်းလမ်းရှာကြည့်မယ်"

ခြင်း က မီးလုံးကြီးတွေကို ပိတ်ပစ်ကာ အောက်မီးလေးတွေပဲ ထားလိုက်၏။ ထို့နောက် ကားထဲက ပစ္စည်းအတိုအထွာတွေကို ထုတ်ယူကာ ဓာတ်မီးတစ်ဖက်နှင့် ရှေ့ကို ပြန်သွားတော့…

"ဘာလုပ်မလို့လဲ"

"တိုင်ကီ ဖြုတ်ကြည့်မလို့"

"အို… ဆိုင်မှာလုပ်မှ ဖြစ်မှာကို…"

"မမလဲ ဘာမှမတတ်နိုင်ဘဲနဲ့ ကျွန်တော်လဲ ဒီလိုပဲ ရှာကြံ အပြစ်ရှာကြည့်ရမှာ၊ ခုန မမပဲ ပြောတာလေ၊ ဒီတိုင်း ငုတ်တုတ်မနေနိုင်ဘူးဆို၊ အလုပ်လုပ်နေရင်း တစ်ခုခုတော့ အကျိုးရှိလာနိုင်တယ် မဟုတ်ဘူးလား"

ကြီးကြီးကျယ်ကျယ်တွေ…၊ ပမာ စူပွပွ မျက်နှာလေးနဲ့ ငြိမ်သွားတော့ ပထမဆုံး အလျှော့ပေးသွားခြင်းပဲ ဆိုတာကို တွေးမိကာ ခြင်း က ပြုံးသည်။

ပမာ ကတော့ ပစ္စည်းအတိုအထွာတွေ ဘေးမှာ ပုံထားလျက် ဓာတ်မီးတစ်လက်နှင့် အလုပ်ရှုပ်နေသည့် ခြင်း ရဲ့လှုပ်ရှားမှုတွေကိုပဲ





စိတ်ဝင်တစား လိုက်ကြည့်နေမိသည်။

အခြေအနေမှကောင်းနိုင်မှန်း သိပေမယ့် မျှော်လင့်နေမိ၏။ ဘာဖြစ်ဖြစ် စိတ်ဓာတ်ကျစကားမပြောဘဲ ရှာကြံကြိုးပမ်းနေသည့် ခြင်း ကိုလည်း ဒီနေရာမှာတော့ ကျေးဇူးတင်မိသည်။

ကားထဲမှာ အိပ်ပျော်နေသည့် မိသီ ထံမှ တုတ်တုတ်လှုပ်သံတောင် မကြားရဘဲ ပိန်းပိတ်အောင် မှောင်နေသည့်ပတ်ဝန်းကျင်ကြောင့် ပမာ ကိုယ့်ဘေးမှာ အဖော်ရှိသည်လို့ပင် မထင်တော့ပါ…။

ကျောမလုံသလိုကြီး ခံစားနေရပေမယ့် ကားပေါ်မှာ အခန့်သား သွားထိုင်နေဖို့လည်း ဆုံးဖြတ်မရဘဲ ဖြစ်နေ၏။

ထိုစဉ် စိတ်ထဲမှာ မသိုးမသန့် ဖြစ်လာသလိုရှိကာ မျက်နှာချင်း ဆိုင်လမ်းဘက်ခြမ်းကို လှမ်းကြည့်လိုက်မိ၏။

"ဟင်!…"

မျက်လုံးထဲမှာ မြင်လိုက်ရသည့် မည်းမည်းသဏ္ဍာန်ကြောင့် နားထင်နှစ်ဖက်မှာ အုန်းခနဲ မြည်သွားသလား မသိ…။

ထိုစဉ် ကားတစ်စီး၏မီးအလင်းရောင်က ဝင်းခနဲ ကျလာသည်။

အရိပ်သဏ္ဍာန်ကို ပမာ သေချာစိုက်ကြည့်လိုက်တော့ လူလို့ ထင်ရပေမယ့် လူနဲ့မတူ၊ အဝေးကလာသည့် ကားရှိန်က ပြင်းလွန်းကာ နီးကပ်လာလေ မီးရောင်က ဝင်းထိန်လာလေ။ ခြင်း ကို ပြောဆိုအကြောင်းကြားဖို့ မေ့နေတဲ့အထိ ထိုသဏ္ဍာန်ကိုကြည့်ပြီး ပမာ ကြက်သေသေနေမိသည်။

"မမ ကားသွားမတားနဲ့နော်၊ အလကားပဲ…"

ခြင်း က ပမာ အသက်ရှူရပ်မတတ်ဖြစ်နေတာကို မသိဘဲ ပြောနေသေးသည်။ မီးရောင်အောက်မှာ ထိုသူက စစ်သားတွေလို လေးဖက် ထောက်၍ မြေပြင်မှာ ဝပ်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လှကို စိုက်ကြည့်နေသည့် မျက်လုံးတွေက ရှုးရှဝင်းပြောင်နေကာ ပါးစပ်က တိရစ္ဆာန်တစ်ကောင်လို ခပ်ဟဟ၊ ကားကြီး၏ မီးရောင်ရှုးရှဝင်းထိန်လာပြီး ဝေါခနဲ ကျော်ဖြတ်သွားလျှင် ကျန်ခဲ့တာက မျက်လုံးထဲမှာ ပိန်းပိတ်သည့်အမှောင်··။

မှောင်မိုက်ပြာဝေသွားကာ မျက်လုံးတွေက ကိုယ့်ကားမီးနှင့် ကိုယ်စတ္တန့်များစွာ အဆက်ပြတ်သွားခဲ့သည်။ ထို့နောက်···

"အား···"

"ဟီး···"

မျက်လုံးထဲမှာ ပထမဆုံးမြင်လိုက်ရတာဟာ ကိုယ့်ဘေးရောက်နေသည့် ပုံသဏ္ဍာန်တစ်ခု··။

ပမာ လန့်ဖျပ်နောက်ဆုတ်လိုက်လျှင် ခြေချင်းတိုက်ကာ လဲကျသွား၏။

"မမ···"

ပမာ လဲကျသွားတာကို သိလိုက်ကာ ခြင်း ဒီဘက်ကို ကမန်းကတန်းလှည့်လိုက်လျှင်···

"ဟာ!··· ဟီတ်··"

ထိတ်ခနဲ ဖြစ်သွားကာ မမ ဘေးမှာ ကုန်းကုန်းကွကွ ထိုင်ချလိုက်သည့် လူရိပ်၏ခေါင်းကို တအားလွှဲကန်ပစ်လိုက်၏။

"ဘုန်း··"

အရှိန်ကိုသာ ကြားလိုက်ရကာ အော်သံ လုံးဝမထွက်ဘဲ ဘေးကို လဲကျသွား၏။

"မမ··"

"ခြင်း··· လုပ်ပါဦး··၊ ဘာကြီးလဲ···"

"လူပါ၊ ဟာ··· ကဲ···"





ပမာ ကို တွဲထူမလို့ဟာ နောက်ထပ် ဇုတ်တုတ်ပြန်ဖြစ်ကာ ပမာ့လက်ကိုပဲ လှမ်းဆွဲလိုက်သဖြင့် ရင်ဘတ်ကို ဆောင့်ကန်လိုက်ရပြန်သည်။

ပမာ လည်း မထနိုင်··၊ သူလည်း ပမာ ကို ထူပေးဖို့အတွက် မလုံးပမ်းနိုင်တော့ဘဲ ထိုသတ္တဝါ ဘာမှန်းသိအောင် ချထားခဲ့မိသည့် ဓာတ်မီးကို ပြေးကောက်၍ လှမ်းထိုးကြည့်လိုက်သည်။

"အမယ်လေး···"

ပမာ မျက်နှာကို လက်ဝါးနှစ်ဖက်ထဲမှာ မှောက်ချပစ်လိုက်မိ၏။ လူမှန်းသိပေမယ့် လူနှင့်မတူ··၊ ဖြစ်နိုင်သည်က သွက်သွက်ခါရှူးသွပ်နေသူလား ဒါမှမဟုတ် အသားငါးအစိမ်းတွေ စားသောက်နေသူလား··။

သွားတွေကရှည်ကာ သွားစွယ်တွေ၊ သွားထပ်တွေနှင့် ပါးစပ်ကြီးက ကြည့်ရဆိုး၏။ ကြေးညှော်လိုလို ဘာတွေမှန်းမသိသည့် ဖြူဖပ်ဖပ်အရာတွေက နှုတ်ခမ်းထောင့်တွေမှာ အရစ်ကြီးတစ်ခုလို ဖောင်းကြွထင်ရှားနေသည်။

ထို့ပြင် မျက်ထောင့်နီနှင့် မျက်လုံးတွေက အသားစားသတ္တဝါတစ်ကောင်နဲ့ပဲ တူနေ၏။

"ခင်ဗျားက ဒီနားက ရွာကလား"

မျက်နှာကို ဓာတ်မီးနှင့်ဖမ်းထိုးထားပြီး ခြင်း က မေးသည်။ ထိုသတ္တဝါက မဖြေ··။

"ခင်ဗျား ဘယ်ကဖြစ်ဖြစ် ကျုပ်တို့ကို ဒုက္ခမပေးပါနဲ့၊ ကျုပ်တို့က ခရီးသွားတွေ···"

တစ်ခွန်းမှပြန်မဖြေသံ မကြားတော့ ပမာ လက်တွေကို ဖယ်ကြည့်မိသည်။

"အား···"

သရဲတစ္ဆေကဲ့သို့ မျက်လုံးတွေက သူမဆီမှာ··။



www.burmeseclassic.com

www.burmeseclassic.com



"ခြင်း..၊ ခြင်း.. အဲဒါကြီးကို မောင်းထုတ်လိုက်ပါ"

ပမာ ကြောက်လန့်ရှိန့်ကာ ထရပ်လို့လဲ မရတော့ဘဲ လမ်းပေါ်မှာ ထိုင်လျက်သားနှင့်။ နောက်ဆုတ်နေမိသည်။

"ဟဲ..."

"ဟင့်အင်း..၊ ဟင့်အင်း"

လျှာတွဲလဲနှင့် ခွေးတွေပါးစပ်ကအသံမျိုး အကျယ်ကြီးကြားလိုက်ရတော့ ပမာ မျက်လုံးတွေကို ဒီတိုင်း စုံမှိတ်ပစ်လိုက်ပြီး အော်သည်။ ပြီးတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။

"ဟဲ.. ဟဲ..."

"ဟိတ်..၊ ကိုင်း..ကွာ..."

ဘယ်လိုစီရင်ရမှန်း မသိလို့ ရပ်ကြည့်နေတုန်း သတ္တဝါက ပမာဆီ ထ,ပြေးပြီး လွှားခနဲ ခုန်အုပ်၏။ သန်မြန်လိုက်ပုံကတော့ တကယ့်ကို လူနှင့်မတူ..။

သူ နောက်ကနေ ပိတ်ကန်ပစ်လိုက်တော့ ကိုယ်က ယိုင်ထွက်သွားပေမယ့် လက်နှစ်ဖက်က ပမာ လည်းပင်းမှာ မလွှတ်..။

"အား... အ.."

"မမ..၊ ဟိတ်..."

"ခွမ်း..."

"အု.."

ခေါင်းကို ဓာတ်မီးနှင့် တအားလွှဲရိုက်ပစ်တော့ လမ်းပေါ်မှာ ခွေခနဲ ပြိုကျသွား၏။

"ခြင်း..."

"မမ.. မမ.. ထ..."

သူ ပမာ ကို ပခုံးနှစ်ဖက်ကနေ ဆွဲထူပစ်လိုက်သည်။ ပြီးတော့



ခါးကနေ သိမ်းပွေ့လိုက်ပြီး ကားတံခါးကို တစ်ဖက်က ဖွင့်၏။

"တက်..၊ ကားပေါ်တက်.."

"ဟင့်အင်း.. မင်း မသွားနဲ့..၊ မသွားပါနဲ့.. ငါ ကြောက်တယ်.."

ခြင်း ရဲ့ကျောပြင်ကို တင်းကျပ်နေအောင် ပြန်ဖက်ထားလျက် ခေါင်းတွင်တွင်ခါနေ၏။

"မဖြစ်ဘူးလေ..၊ မမ ကျွန်တော့်ကိုမလွှတ်ရင် ဟိုကောင် ပြန်ထလာတော့ ဘယ်လိုလုပ်မလဲ"

"သူ..၊ သူ မေ့သွားပြီမို့လား"

ပြန်၍ ကုန်းရုန်းထနေတာကို မြင်နေရပေမယ့် သူ မပြောတော့ဘဲ ပမာ့ လက်တွေကိုပဲ မရမက ခွာချပစ်လိုက်ကာ တံခါးကို လော့ခ်ချပြီး ဆောင့်ပိတ်ပစ်လိုက်၏။

"ဟဲ.. ဟဲ.. ဟဲ..."

ဒေါသဖြစ်သွားလို့ ထင်သည်။ လူနှင့်တူသည့်သတ္တဝါသည် ခြင်း နားကိုတော့ မကပ်။ တဟဲဟဲ အသက်ရှူသံကြီးနှင့် ကားရှေ့မှာ စုပုံရှိနေဆဲ၊ ပစ္စည်းအတိုအထွာတွေကို ပြေးကောက်လွှင့်ပစ်၏။ ပြီးတော့ ရေသန့် သုံးဘူးကို ပွင့်ထွက်ကုန်သည်အထိ ကားဘီးနှင့် ရိုက်ခွဲသည်။

"ဟိတ်လူ..၊ ခင်ဗျား ရပ်နော်.."

ရေသန့်တစ်ဘူးကျန်လျှင်၊ နောက်ထပ် အခွဲမခံနိုင်တော့သည်မို့ ခြင်း က လက်သီးနှင့်ပြေးထိုး၏။ ခွပ်ခနဲ ထည့်တည့်ထိသွားပြီး နှာခေါင်းထဲက သွေးတွေ ဆင်းကျလာသည်။

ထိုအခါ စောစောက ခေါင်းကွဲသွားသဖြင့် နားထင်မှာ ဆင်းနေသော သွေးစီးကြောင်းနှင့်ရောကာ ထိုသူ့မျက်နှာသည် သွေးအလိမ်းလိမ်း ဖြစ်သွား၏။

ဘယ်လိုဒဏ်ရာဖြစ်ဖြစ် နာကျင်သည့်ပုံနှင့် ရှုံ့မဲ့ညည်းကျမသွား၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်နာအောင်လုပ်လုပ် အော်သံလည်း တစ်ချက်မှမထွက်··။

ဘယ်လိုသတ္တဝါနှင့် တူသည့်လူလဲ··၊ ယောက်ျားသားတစ်ယောက် ဖြစ်သည့်သူတောင် ဒီသတ္တဝါ လူလား၊ သရဲလားလို့ အတွေးစိတ်ဝင်လာခဲ့၏။

ကြောက်တာမဟုတ်ပေမယ့် သရဲဆိုရင် လူကို ကိုယ်ထိလက်ရောက် ဒုက္ခမပေးနိုင်တာမို့ အကြောင်းမဟုတ်··။

ဒါက ဘာကြီးမှန်းမသိဘဲ ဘယ်လောက်ထိုးထိုး ဘာလုပ်လုပ် ဖွဲ့အိတ်ကြီးနှင့်တူနေတော့ စိုးထိတ်မှုတွေ ဖြစ်လာခဲ့၏။

"ဟင်း···"

ထိုသူ ခုန်ထလာပြန်သည်။ ဘယ်လိုပုံစံပဲ လှုပ်ရှားလှုပ်ရှား ခုန်လိုက်ပေါက်လိုက်··။

"ဘုန်း··"

"အား···"

ပမာ ရှိနေသည့် ကားမှန်ဘက်ကို ပြေးကာ လက်မည်းကြီးနှင့်ရိုက်၏။ ပမာ့ အော်သံ စူးစူးဝါးဝါး ထွက်သွားသည်။

စိုးရိမ်စိတ်နှင့် ခြင်း ဘာမှမမြင်တော့ဘဲ ထိုသူ၏ ချုပ်တိလိုခံဝင် တွေကို နောက်ကနေ ဆောင့်ဆွဲလိုက်၏။

ပြီးတော့ သန်မာလွန်းသည့် သူ့အရှိန်နှင့်သူ၊ လမ်းပေါ်ကို လွှဲ၍ ကိုင်ပေါက်ပစ်လိုက်သည်။

"ဘုန်း···"

"ခြင်း··၊ ခြင်း ကားပေါ်တက်လေ··"

"မဖွင့်နဲ့ မမ··၊ လုံးဝ မဖွင့်လိုက်နဲ့··"

"အို··· ဒါ ဘာကောင်ကြီးမှန်းမှ မသိတာ၊ မင်း ဘာလုပ်လုပ် ဘာမှဖြစ်မှာမဟုတ်ဘူး၊ လာပါ·· ကားပေါ်တက်နေလိုက်ပါ"





ပမာ ဘာပြောနေနေ ခြင်း က မတတ်ပေ··။ ဒီကောင် မည်းနေတာက ပမာ့ ကို ဖြစ်၏။ ရှုးသည့်လူတွေလို ပမာ့ ကို ဒုက္ခပေးချင်နေသော တစ်စိတ်တည်းနှင့် ကိုယ့်ကိုယ်ကို နာကျင်တာကိုလည်း မသိ၊ နာကျင်အောင် လုပ်နေသည့်သူ့ကို ပြန်လည်တုံ့ပြန်၍ ရန်မူဖို့လည်း သတိမရတာမျိုး··။

သရဲဖြစ်ဖြစ်၊ ဖုတ်ဖြစ်ဖြစ် မိန်းကလေးတွေကို သူ ကာကွယ်ရမည်။ မမကို ကားထဲထည့်လိုက်တုန်းက နောက်ခန်းမှာ မိသီ ကားတံခါးမှာ မှီရင်း ခွေခေါက်ပုံကျနေတာကို မြင်လိုက်သည်။

ဒါ··· အိပ်ပျော်နေတာ မဖြစ်နိုင်လျှင် ဟိုသတ္တဝါကိုမြင်ပြီး သတိလစ်သွားခြင်းအပြင် ဘာမှမရှိ··။

ဟိုမနီး ဒီမနီး လမ်းပေါ်မှာ ကားမီးကလည်း ဒီတိုင်းကြီး ဖွင့်ထားလို့ မရ··။

"ဟဲ·· ဟဲ···"

သတ္တဝါက နှာခေါင်းကကျသည့်သွေးတွေကို လျှာနှင့်သိမ်းလျက်သည်။ လမ်းပေါ်မှာ ငုတ်တုတ်ထထိုင်ပြီး နောက်ထပ် ထရပ်ဖို့ ကြိုးစားနေဆဲ··။

အသက်ရှူပြင်းနေကာ တဟဲဟဲသံကြီးက ဆိုးရွားကျယ်လောင်လှလေ ဒီသတ္တဝါ လူတွေနှင့်နေတာမှ ဟုတ်ရဲ့လား၊ စကားရော မပြောတတ်ဘူးလား··။

ကားကို ကျောပေးကာ တောင့်မတ်စွာ ခါးထောက်ရပ်ရင်း ထိုသတ္တဝါကိုပဲ ခြင်း က စောင့်ကြည့်နေ၏။

ပမာ ကားမီးဖွင့်လိုက်တော့ မျက်လုံးကြီးတွေ နီရဲနေသည့် ထိုသူ့ မီးရောင်အစပ်မှာ မြင်လိုက်ရ၏။ နဂိုကတည်းက တစ်ကိုယ်လုံး သွေးတုံးလို မည်းချိတ်နေသည့်ပုံစံက သွေးသံရဲရဲတွေနှင့်ဆိုတော့ ပမာ



www.burmeseclassic.com

www.burmeseclassic.com



နေစေ့မကြည့်ရဲဘဲ မျက်နှာလွှဲပစ်လိုက်သည်။

ပြီးတော့ ထိုလက်ကြီးတွေနှင့် အညှစ်ခံလိုက်ရသည့် လည်ပင်းကို အလန့်တကြား ပြန်စမ်းလိုက်မိ၏။ ခြင်း က နောက်ပြန်ဆုတ်လိုက်ပြီး ကားဘောနက်မှာ မှီရပ်လိုက်၏။

"ခြင်း ကားပေါ်တက်ခဲ့လေ.."

"တက်လို့ မဖြစ်ဘူး မမ..၊ မီသီ ကို သတိရအောင် နှိုးလိုက်ပြီး မမ နေပါ၊ မကြောက်နဲ့၊ ဘာမှမဖြစ်ဘူး.."

"မဟုတ်ဘူး၊ ဒီလူ တစ်ခုခုလုပ်လိုက်ရင် မင်း မလွယ်ဘူး သိလား မင်း လဲသွားရင် ငါတို့ ဘယ်လိုလုပ်ရမလဲ.."

ပြောနေရင်း ပမာ ဟီးခနဲ ငိုချလိုက်သည်။ သူ တံခါးနားရောက်သွားတော့လည်း တံခါး မြန်မြန်ဖွင့်ပေးရှာ၏။

"ခြင်း ရယ်.."

ဘေးမှာ သူ ဝင်ထိုင်လိုက်သည်နှင့် ပမာ့ ကိုယ်လေး သူ့ရင်ခွင်ထဲ လုံးထွေးပုံကျလာ၏။ ထို့ပြင် ရှိုက်ငင်ငိုကြွေးခြင်းက ပို၍ သည်းထန်လာခဲ့သည်။

မာနကြီးသောမိန်းမတစ်ယောက်၏ မျက်ရည်စက်တွေ မနည်းမနော ပါလား။ မာန၏အမျိုးမျိုးသော ဒဿနတွေထဲမှာ မမဟာ မကြောက်တတ်သည့်မိန်းမ..။

မိန်းမတော်တော်များများမှာ ရှိတတ်ကြသော အားငယ်ကြောက်ရွံ့ခြင်းတွေ မမမှာ ဘယ်သောအခါမှ မရှိတတ်ခဲ့ဘဲ...

"ငါ ကြောက်တယ်.."

ငိုရင်းနှင့် ဝန်ခံသည်။ ပြီးတော့ သူ့ပခုံးကို သိမ်းကျုံးဖက်၏။

"ဘာတွေဖြစ်ဖြစ် မင်း ပြန်မဆင်းရဘူး"

"ကျွန်တော်က မမကို ထိခိုက်မခံနိုင်လို့၊ ဒီသတ္တဝါ ဒါနဲ့ ငြိမ်း





မှာ မဟုတ်ဘူး"

ပြောနေတုန်း ဒယိမ်းဒယိုင် ထရပ်လိုက်သည့်အရိပ်ကြောင့် ခြင်း စကားရပ်သွားကာ ပမာ လည်း မျက်လုံးတွေကို မှိတ်ပစ်လိုက်၏။

"ငြိမ်ငြိမ်,မငြိမ်ငြိမ် မင်း မသွားရဘူး"

စိတ်ထဲမှာ ဒီလူ ဒုက္ခပေးပြီဆို ခြင်း ခံရမှာပဲလို့ တစ်ထစ်ချ ထင်နေမိသည်။ ထို့ကြောင့် ခြင်း ကိုဖက်ထားရုံမကဘဲ ရင်ဘတ်က အင်္ကျီစကို ပါ အသေဆွဲထားကာ...

"လူစစ်စစ် ဘယ်လိုမှ မဖြစ်နိုင်ဘူး..၊ သူ ပြန်လုပ်ရင် မင်း မလွယ်ဘူး သိလား.."

"ယောကျ်ားချင်းပဲဗျာ နိုင်ချေရှိမှ ယှဉ်ပြိုင်ရမှာလား၊ နှစ်ယောက် တစ်ယောက်ကျန်ဆိုရင်တောင် မသေတဲ့လူ ကျန်မှာပဲ"

"အို.. မသွားရဘူးနော်..၊ မင်း..."

အတင်း ဆုပ်ဆွဲထားရင်း ခြင်း ဖွတ်ထွက်သွားမှာလည်းစိုးကာ ပမာ မျက်လုံးမှိတ်ထားလျက်နှင့် ငိုလေသည်။

"ကျွန်တော် မသွားပါဘူး၊ မမ မငိုနဲ့ဗျာ..၊ ကျွတ်!..."

ပမာ့ မျက်နှာကိုဆွဲမော့ရင်း ကျွတ်ခနဲ စုတ်သပ်မိသည်။ ဟိုသတ္တဝါကလည်း ကုန်းကွကွရပ်လျက် ရှေ့ကို တစ်လှမ်းချင်း တိုးလာ၏။

မမ လုပ်နေပုံနှင့် ဒီသတ္တဝါ ကားမှန်ကို ရိုက်ခွဲလိုက်ရင် သွားပြီ။ ထိုစဉ် လမ်းဘေး ဝါးနှစ်ရိုက်လောက်အကွာမှာ အသံဗလံတွေ ထွက်လာကာ လူရိပ်တွေပါ ထင်လာ၏။ ပမာလည်း အသံကြားကာ မျက်နှာလေး မော့လာသည်။

"လူတွေအများကြီးပဲ..၊ ဘာဖြစ်ပြန်ပြီလဲဟင်.."

"မသိဘူး"

"သေချာကြည့်ပါဦး၊ လူတွေမှ ဟုတ်ရဲ့လား၊ ဒီလိုသတ္တဝါတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်...''

''မဟုတ်ပါဘူး မမ၊ သေချာကြည့်..၊ လူတွေ...''

သူ ပမာ့ ပခုံးလေးကို ဖက်ထားလိုက်ရင်း အားပေးသလို ပြောမိသည်။

''ဟိုမှာ.. ဟိုမှာ... သရဲကြီး...''

''ဟုတ်တယ်၊ သရဲကြီးပဲ.. မင်းတို့ဘေးက ပတ်ဝိုင်းထား''

လူ ဆယ်ယောက်လောက်က တုတ်တွေ၊ ဓားတွေနှင့်ဖြစ်ကာ ဓာတ်မီးတွေ တဝင်းဝင်းနှင့် ခြင်း တို့ကားကို ဝိုင်းထားသလို ဖြစ်သွား၏။

ဒါပေမယ့် လူမည်းသဏ္ဌာန်ကို အလွယ်တကူပဲ ဖမ်းချုပ်လိုက်နိုင်ကြသည်။ ထိုသူက ကားပေါ်မှာပဲ အာရုံထားနေသဖြင့် သူ့ကို နှစ်ယောက်၊ သုံးယောက် ဖမ်းချုပ်လိုက်တော့မှ ဝူးဂူးဝါးဝါးနှင့် အော်ဟစ်တော့သည်။

''ဟာ.. ဒီခွေးသူခိုးသရဲ..၊ ကဲကွာ..''

''ဟိတ်ကောင် အစိမ်းစားသရဲ၊ ပါးစပ်ကြီးကို ပိတ်စမ်း၊ နံလိုက်တာ...''

တစ်ယောက်တစ်ချက်စီ တုတ်နှင့် ဝိုင်းဆော်ကြပေမယ့် သရဲကြီးဆိုသူက ခွေကျသွားတယ်မရှိ။ ခြင်း ကားပေါ်ကဆင်းလိုက်ပြီး တံခါးကို နောက်ပြန်ပိတ်ကာ...

''သရဲကြီးက သူ့ကို ခေါ်တာလား ဦးလေး''

''ဟုတ်တယ်..၊ မင်းတို့ကို ဒီသရဲ ဒုက္ခပေးနေတာမို့လား''

ကားမီးထိုးထားသဖြင့် ကားနှင့် သရဲကြီးကို သူတို့ အဝေးကနေ လှမ်းမြင်ကြပုံရသည်။ လူလေး,ငါးယောက်က ကားနားကို ရောက်လာကြကာ...

''ငါ့ညီတို့ ကားပျက်နေတာလား''

''ဟုတ်ပါတယ်''





ခြင်း က သရဲကြီးရောက်လာပုံကိုပါ ပြောပြကာ ကိုယ့်ကိုယ်ကို ကာကွယ်ရင်း ရိုက်နှက်ခဲ့မိတာကိုပါ တောင်းပန်သည်။

''အဲဒါ မင်းက ဦးလို့၊ မဟုတ်ရင် မင်း ခံရမှာ၊ ဒီကောင့်ကို အဲဒီလို သေကွင်းသေကွက်ကို တစ်ချက်လွတ် ဆော်ပြီ၊ ဘာမှဖြစ်မသွားတာကို ထိတ်လန့်ကြောင်ငေးနေတဲ့လူတွေလေ၊ ဒီကောင် လုပ်လိုက်တာ၊ အကျိုးနဲ့ အကန်းချည်းပဲ...''

တစ်ယောက်တစ်ခွန်းစီ ပြောပြနေသည့်ကြားမှ အသက်ငါးဆယ်လောက် ရှမ်းဘောင်းဘီရှည်ပွပွကြီးနှင့် လူကြီးက ကားပေါ်မှာ လက်တစ်ဖက်ထောက်၍...

''ဒီကောင်က ဂတ်စ်အိုးပေါက်ပြီး မီးလောင်တဲ့ အဆောက်အအုံ အပေါ်ထပ်ကနေ ပြုတ်ကျတာလေ၊ အဲဒီက အလုပ်သမားလို့ ထင်ရတာပဲ၊ သူ့ဇာတိကို ဘယ်သူမှ မသိပါဘူး''

ခြင်း က လူတွေလက်ထဲမှာ ရုန်းကန်နေသည့် ကုန်းကုန်းကွကွပုံကို လှမ်းကြည့်ရင်း...

ဒါကြောင့် မည်းသည်းနေတာကိုးဟု တွေးနေမိသည်။

''သူက မတ်တတ်စန့်စန့်မသွားနိုင်ဘူး၊ မျောက်တွေလို ကုန်းကုန်းကွကွနဲ့ ခုန်တာ၊ ပျံတာမျိုးဆို သိပ်ကိုမြန်တာ၊ သန်လဲ သန်တယ်''

''ဟော့ ရွာထိပ်က နတ်စင်ကိုခေါ်သွားပြီး ကြိုးချည်ထားလိုက်''

တစ်ယောက်က သရဲကြီးကို ချုပ်ကိုင်ထားကြတဲ့ဆီ လှမ်း၍ အမိန့်ပေး၏။ သူတို့တွေ လူစုကွဲသလိုဖြစ်သွားကာ ခြင်း တို့ကားဘေးမှာ လေးယောက်ကျန်ခဲ့သည်။

''သူစားတော့ ဘယ်လိုရှာစားသလဲ ဦးလေး''

''အစက ရွာထဲကလူတွေက ကျွေးပါတယ်၊ မီးလောင်ပြီးဒဏ်ရာတွေနဲ့ရောက်လာကတည်းက သနားကြတယ်၊ သူက လူတွေကို အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ပြုလာတော့ ငါတို့လိုလူကြီးပိုင်းကအစ စေတနာပျက်တာပေါ့၊ ခုတော့ ရွာထဲကို လုံးဝ အဝင်မခံကြဘူး၊ ရိုးမတောစပ်မှာနေတယ်၊ ထင်းခွေ၊ အမဲလိုက်သွားတဲ့လူတွေကို အန္တရာယ်ပြုပြီး ပါသွားကြတဲ့ ထမင်းဟင်းတွေကို လုစားတယ်လေ..''

''အခုနောက်ပိုင်းမှာ ဘာမှမစားရတော့ မြွေတွေ၊ ကင်းတွေကို ဖုတ်စားတယ်၊ ကလေးတွေ ပြေးပြေးလာပြီးပြောတာအရဆို အစိမ်းလိုက်တောင် ကောက်ဝါးတာတဲ့..''

တစ်ယောက်တစ်မျိုး ဝင်ပြောတော့ ခြင်း အံ့သြသွား၏။

''သူ့မှာ အဆိပ်မသင့်ဘူးလား အစ်ကို''

''မသင့်လို့ မသေတာပေါ့ကွာ၊ မီးလောင်ပြီး အမြင့်ကနေ ပြုတ်ကျလိုက်လို့ အဆိပ်ပြီးသွားသလား၊ တုတ်တွေ၊ ဓားတွေ ပြီးသွားသလား ဘာမှန်းမသိပေမယ့် ဒီကောင် တော်တော် ခံနိုင်ရည်ရှိတာတော့ အစိမ်းဖူးနေသလား မှတ်ရတယ်''

ဖြစ်ရလေ..၊ ကားထဲမှာ မျက်လုံးလေးဝိုင်းနေသည့် ပမာ ကို သူ ပြန်ကြည့်မိသည်။

''ကဲ.. ကဲ... ငါတို့ ဘာလုပ်ပေးရမလဲ၊ ကားတွန်းပေးရမလား မင်း ဘယ်မှမထိလိုက်ဘူးမို့လား''

သူကြည့်တဲ့အတိုင်း ပမာ့ ဆီကို လှမ်းကြည့်ကြပြီး တာဝန်သိစွာ မေးမြန်းကြ၏။ ကားကတော့ ဘာမှလုပ်လို့မရတော့ပါ။ သူတို့က ကူညီဖို့ အသင့်ရှိနေကြပေမယ့် မတတ်နိုင်..။

''အေးကွာ..၊ ဒီနေရာမှာ ဒီကောင်မရှိရင်တော့ သိပ်အန္တရာယ်ကြီးကြီးမားမား မဖြစ်နိုင်ပါဘူး၊ ဒီကောင် လူသတ်တဲ့အထိ ရဲတင်းသွားရင် မလွယ်ဘူး၊ ဒါကြောင့် ငါတို့ ဒီကောင့်ကို ဂရုစိုက်ပြီး ညည်းကင်းလှည့်သလို လှည့်စောင့်နေရတယ်၊ ဗုဒ္ဓဘာသာတွေဆိုတော့





အသက်ရှိသတ္တဝါတစ်ယောက်ကို ရိုက်သတ်ပစ်ဖို့အထိလဲ မရက်စက်နိုင်ဘူးကိုး...''

အားလုံး နှုတ်ဆက်ပြီး ပြန်သွားကြတော့ ဒီနားမှာ ရွာတစ်ရွာတော့ ရှိနေသည်မှန်း သိကာ ခြင်း ဟိုဒီ မျှော်ကြည့်မိသေးသည်။

ညအမှောင်မှာ အရာအားလုံးက တိတ်ဆိတ်မှောင်မိုက်ခြင်းနှင့် အတိပြီးလျက်သား..။

''အားလုံး အေးချမ်းသွားပါပြီ၊ ရော့... မမ ရေသောက်လိုက်ဦး''

သူ ကားထဲဝင်ထိုင်ကာ သရဲကြီးဆီက ပြန်လုထားလိုက်သည့် ရေသန့်တစ်ဘူးကို ဖွင့်ပေးလိုက်၏။ ပမာ က မျက်ရည်စိုလူးနေသည့် မျက်တောင်ကော့တို့ တစ်ချက်နှစ်ချက်ခတ်သည်။

ရေဘူးကို ယူသောက်လိုက်တာ သံပတ်ပေးထားသည့် စက်ရုပ်လေးနှင့်တူနေ၏။

''မမ ဘာဖြစ်သွားသေးလဲဟင်၊ ဘာဖြစ်လို့လဲ၊ ကြောက်နေတာလား''

ခေါင်းညိတ်ပြလိုက်တော့ ကလေးလိုဖြူဖြူလေးမို့ ခြင်း ရင်ထဲမှာ စူးကလေးတစ်ချောင်း နစ်ဝင်သွားသလိုပင်။ ပမာ့ ပခုံးလေးကို သူ ဖွဖွလေးဖက်လိုက်စဉ် ခေါင်းလေးက ပခုံးစွန်းမှာ ဖေးတင်လာ၏။

''ထပ်ဆင်းမသွားပါနဲ့တော့၊ ငါ ကြောက်နေတာကိုလဲ နားလည်ပေးပါ၊ ငါလေ ဒီအဖြစ်မျိုးကြီးနဲ့ ကြုံရမယ်လို့ လုံးဝ ထင်မထားခဲ့ဘူး၊ အဲဒီသတ္တဝါကြီးကို ကြောက်တယ်''

ပြောနေရင်း မျက်ရည်က ထပ်ကျပြန်၏။ သူ ပမာ့ ပခုံးလေးကို ဘင်းနေအောင် ဖက်ထားလိုက်ကာ...

''မသွားတော့ပါဘူး..၊ မမ ကျွန်တော့်ပခုံးပေါ်မှာ မှီအိပ်လေ၊ တော်ကြာဆို ဘက်ထရီကျသွားရင် မီးတွေပိတ်ကုန်မှာ၊ အိပ်ပျော်နေတော့ မကြောက်တော့ဘူးပေါ့''

ရွှေအမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပမာ မျက်ဝန်းလေးတွေ မှိတ်လိုက်ကာ နောက်ထပ် ရင်ခွင်ထဲ ထပ်တိုးဝင်တော့ ခြင်း ရဲ့မေးဖျားအောက်မှာ ခေါင်းက ရောက်သွား၏။

စိုးရိမ်ဖေးမလိုခြင်းကြောင့် ခြင်း ရဲ့ဖက်ထားသည့်လက်တို့ကလည်း ပခုံးထက်ကနေ နဖူးဆံစလေးတွေမှာ ယုယပွတ်သပ်ခြင်းဖြင့် ရောက်၏။

ထိုစဉ် နောက်ခန်းထဲက ရှိုက်သံသဲ့သဲ့လေးကြောင့် မိသီ သတိရကာ အားလုံးကို ကြားမြင်နေပြီမှန်း သိလိုက်ကြသည်။

ဒါပေမယ့် အားလုံး၏ရင်ထဲမှာ သောကကိုယ်စီနှင့်မို့ ဖေးမအားပေးဖို့လဲ သတိမရကြတော့ပေ။ မိသီ ကလည်း အလိုက်တသိ ပါးစပ်လေး ပိတ်နေရှာပါ၏။

အစကတော့ ကြောက်လွန်းလို့ တုန်နေတဲ့အထိ ဖြစ်တာမှန်ပေမယ့် ကြောက်တာထက်ပို၍ စိတ်ဝင်စားစရာကောင်းသည့်မြင်ကွင်းက သူမကို ဆွဲဆောင်ဖြားယောင်းသွားခဲ့သဖြင့် ရှိုက်သံလေးပါ ပျောက်သွားခဲ့သည်။

အစ်ကိုလေးက မမလေးရဲ့ဆံပင်တွေကို နမ်းနေသည်။ ပြီးတော့ မမလေးခေါင်းထက်မှာ မျက်နှာတစ်ခြမ်း ဖေးတင်ထားလျက်..။

ဖက်လိုက်တာ ပွေးပွေ့ကပ်ကပ်..၊

သူမ အိပ်မက်မက်နေသည်လား..။





**အခန်း [ ၃၀ ]**

ကားပျက်နေသည့်ပြဿနာကြောင့် ကိစ္စတွေအားလုံး ဖင့်နှေးကုန်ပေမယ့် မင်္ဂလာပွဲချိန်မီအောင်တော့ ပြန်လာနိုင်ခဲ့ကြသည်။

"မင်းအဖေက ဘာတဲ့လဲ သား..."

ဘာအန္တရာယ်မှမဖြစ်ခဲ့ကြဘူးဆိုတော့ မေမေကလည်း သူ သိချင်တာကိုပဲ မေး၏။ ခြင်း မျက်နှာမကောင်းဖြစ်သွားတာကို စိုက်ကြည့်၍...

"မလာနိုင်ဘူးတဲ့လား.."

"ဟိုမှာလဲ ပြဿနာတွေမပြတ်လို့၊ မမ က နေခိုင်းတာပါ"

'ဖေဖေ ပြန်လာမယ်ဆိုရင်လဲ ပမာ ရဲ့မိဘအနေနဲ့ ပွဲတက်ပေးဖို့ပဲ ဖြစ်မှာ ခြင်း၊ မင်းရဲ့မိဘ ငါမလုပ်ဘူး' ဆိုတဲ့ နောက်ဆက်တွဲစကားကိုတော့ ခြင်း ပြန်မပြောတော့ပါ..။

မိဘနှစ်ပါးစလုံးက ယွန်း နှင့်မင်္ဂလာပွဲကို လုံးဝ ဆန့်ကျင်နေကြ၏။ ဒေါ်တင်သန္တာကလည်း အမိန့်တွေ တစ်မျိုးပြီးတစ်မျိုး မပြီးနိုင်..။

ယွန်း က ဖုန်းဆက်နေရင်း...

"ခဏနေဦး ခြင်း..၊ မေမေနဲ့ ပြောလိုက်ဦး" တဲ့။

ခြင်း စိတ်ညစ်သွား၏။ ပွဲချိန်မနီးခင် မမဆီကို သူ သွားချင်သေးသည်။ ခရီးကပြန်ကတည်းက မမ သိပ်နေမကောင်းတာ သူ သိသည်။

လမ်းမှာ လန့်သွားပြီး နေပြည်တော်ရောက်တာနဲ့ ကိုယ်တွေ ခြစ်ခြစ်တောက်ပူလို့ ဆရာဝန် ပြေးပင့်ခဲ့ရ၏။ ပြီးတော့..

www.burmeseclassic.com



နှစ်ယောက်စလုံးမှာ လက်ထပ်ပွဲရှိနေသဖြင့် ချက်ချင်း ပြန်ခဲ့ရသည်။ အိမ်ရောက်သွားတာနှင့် အပြင်ပြန်ထွက်လာတာ လုံးဝ မတွေ့ရတော့ စိုးရိမ်နေမိတာဖြစ်၏။

"တော်ကြာ မိတ်ကပ်ဆရာမ ရောက်တော့မှာ.."

ဟုပြောပြီး မေမေ ဟိုဘက်ကူးသွားဟာတောင် ကြာပြီ။ သူ ဖုန်းပြောနေသဖြင့် မိတ်ကပ်ဆရာ ရောက်တာ,မရောက်တာတော့ မသိ..။

"ခြင်း..၊ မင်း အန်တီပြောနေတာ ကြားလား"

"ဟုတ်ကဲ့..၊ ကြားပါတယ်"

ဆိုပေမယ့် တစ်လုံးမှ မသိလိုက်တာ သေချာ၏။ ပျံ့လွင့်သွားသည့် စိတ်ကို မနည်းပြန်စုစည်းလိုက်ရင်း...

"ပြောပါ အန်တီ၊ ကျွန်တော် နားထောင်နေပါတယ်"

"အေး..၊ မင်းရဲ့အဖေက ခရီးသွားနေတယ်ဆိုတော့ မင်းအမေက ဘာဖြစ်လို့လဲ"

"မေမေကလဲ ဒီမနက်ပဲ ဖေဖေ့နောက် လိုက်သွားရလို့ပါ၊ ဟိုမှာ အလုပ်သမားတွေ အက်ဆီးဒင့်ဖြစ်တာကြောင့် ကွန်တော်တို့ လိုက်သွားရတာလဲ အန်တီ သိပါတယ်"

"သိတယ်လေ..၊ ဘာကို ထပ်သိပေးရဦးမှာလဲ၊ ပြဿနာက မြပမာ နဲ့လဲ ဆိုင်တယ်မို့လား၊ သူ့မှာ မိဘမရှိဘဲနဲ့တောင် အခု လက်ထပ်ပွဲအတွက် အေးဆေးပဲ"

ဖုန်းကိုင်ရင်း ဒေါသက ဖြစ်ချင်လာ၏။ မမ အေးဆေးတာ,ပူပြင်းတာ သူက ဘာသိနေလို့လဲ။ ဒေါ်တင်သန္တာတို့ စကားပြောပြီဆို 'ငါ့စကား နွား[illegible]'..။

"အန်တီ တကယ် အံ့သြတယ်ကွာ..၊ မင်းတို့ဘက်က ဒီလိုပျက်ကွက်မှုတွေရှိလာမယ်လို့ လုံးဝကို ထင်မထားခဲ့ဘူး"





'ငါ့သမီးလို မိန်းမျိုးကို ရတာတောင်မှ"လို့ ထည့်ပြောသွားသည့် အတိုင်း ဒေါ်တင်သန္တာ လေသံက တစ်ထပ်တည်းချိုး၏။

"ကောင်းပါတယ်၊ အန်တီကလဲ သမီးရဲ့ဆန္ဒအတိုင်းသာ လိုက်လျောခဲ့ရတာ၊ သိပ်တော့ ကျေလည်ခဲ့တာ မဟုတ်ဘူး၊ မင်း မိဘဘက်က ဒီလိုဆိုတာ သိရတော့ ရှေ့လျှောက် အားနာစရာ၊ ငဲ့ညှာစရာတွေ နည်းသွားတာပေါ့"

သူ နားထောင်နေတုန်းမှာ ဖုန်းက ယွန်း လက်ထဲကို ရောက်သွားပြန်သည် ထင်၏။

"ခြင်း..."

ယွန်း အသံ ပြန်ဖြစ်သွားတော့ သူ့မျက်နှာမဲ့ထွက်သွား၏။

"ကိုယ် အရမ်းကို ပင်ပန်းလာတာကွာ၊ ဘာလဲ.. မင်း ရန်တွေ့ဖို့ ကျန်သေးလား"

"ပြောတဲ့လူက လွန်သလား ခြင်း ရယ်..၊ ခြင်း ဘက်က လှမ်းချင်တဲ့ခြေလှမ်း လှမ်းပြီးမှတော့ ပြောတာဆိုတာလောက်ကို သည်းခံပေါ့"

"ဟား..."

"သိပ်စိတ်တိုနေရင်လဲ ဆောရီးပဲ၊ ခြင်း ပြန်မရောက်သေးတဲ့ နာရီစက္ကန့်တွေမှာ ယွန်း အတွက်၊ ငရဲပဲ သိလား၊ မေမေက တစ်မျိုး၊ ခြင်း က တစ်မျိုး..."

"ပြန်ရောက်အောင် ကြိုးစားလာရတဲ့သူကိုတော့ မပြောတော့ဘူးလား ယွန်း၊ တကယ့်ကွိုင်ပဲကွာ လုံးဝ နားပူတယ်၊ အတိအကျကို ညစ်တာ တကယ်..၊ ဒါပဲမို့လား ကိုယ် ရေချိုးတော့မယ်"

ဖြစ်ချင်ရာဖြစ် ဖုန်းချပစ်လိုက်သည်။ ယွန်း က ချက်ချင်းပြန်ခေါ်၏။ စိတ်က ထောင်းခနဲ တိုသွားသည်။ အကြာကြီး စိုက်ကြည့်နေပြီးမှ ကောက်ယူလိုက်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ပြော…"

"ဆောရီးပါ ခြင်း ရာ…၊ တကယ်ပဲ စိတ်ရှုပ်လာပြီဆို ဒီလိုပဲ ပြောမှားဆိုမှားဖြစ်တတ်ကြတဲ့ဥစ္စာ ဒီလောက်ထိ စိတ်တိုသွားရလား"

"အခု မတိုတော့ဘူး၊ ဒါပဲနော်… ကိုယ် အရမ်းစိတ်အိုက်နေလို့"

ဒီတစ်ခါချပြီး ပလပ်ပါ ဖြုတ်ထားလိုက်သည်။ ပြီးတော့ သူ အခန်းထဲက ပစ္စည်းတစ်ခု ဝင်ယူကာ ဟိုဘက်ကို ကူးလာခဲ့၏။

ပမာ တို့ဘက်မှာတော့ မိတ်ကပ်ဆရာ ရောက်နေပြီဖြစ်ကာ ပမာ့ သူငယ်ချင်းဆိုသော အမျိုးသမီးနှစ်ယောက်ပါ ရှိနေသဖြင့် သူ့ဘက်မှာလို ခြောက်ကပ်ကပ်မနေ…။

"မမ.."

ပမာ က အခန်းထဲကနေ ထွက်လာတာဖြစ်ကာ သူမဘေးမှာ သူငယ်ချင်းတွေနှင့်…။

"ဘာလဲ ခြင်း.."

နှစ်ယောက် မျက်လုံးချင်းဆုံလိုက်ကြစဉ် ငြိတွယ်သွားကြသည့် မျက်ဝန်းတွေမှာ ဟိုသည်ကလို ဒေါသမာနတွေ လွင့်ပြယ်နေကြ၏။

ဟိုတယ်ခန်းမမှာ ယွန်း တို့ပြင်မှာမို့ ပမာ က အိမ်မှာပဲ နေရာယူခဲ့တာဖြစ်၏။ ခုလည်း စောစီးစွာ ပြင်ဆင်ဖို့ ကြိုးစားနေတာ၊ တက်ကြွ စိတ်စောနေတာ မဟုတ်မှန်း မျက်နှာလေးကို မြင်လိုက်တာနှင့် သိသည်။

မမလည်း သူ့လိုပဲလား…၊ စိတ်ထဲမှာ ဖျတ်ခနဲ အတွေးဝင်လိုက်ပေမယ့် အေးစက်စက်ဖြစ်သွားသည့် မမ မျက်ဝန်းတွေကြောင့်…

"ကျွန်တော် လက်ဖွဲ့လာပို့တာပါ"

ခပ်တွန့်တွန့် ပမာ့ မျက်ခုံးလေးတွေ ပြေကျသွား၏။ နှုတ်ခမ်းလေး မသိမသာ တွန့်မဲ့သွားလျက်…။

"ငါ့မှာတော့ မရှိသေးဘူး၊ အတူတူဆောင်ကြမှာဆိုတော့ အဲဒါကို





သတိကိုမရတာ၊ ဆောရီး…"

"ရပါတယ်…၊ ကျွန်တော်ကလဲ ပြင်ဆင်ပြီးယူလာတာ မဟုတ်ဘူး၊ မမ စိတ်ဝင်စားရင် ခု ဖွင့်ကြည့်လဲ ရပါတယ်"

ခြင်း ရှေ့တိုးသွားပြီး မမလက်ထဲကို ထည့်သည်။ တစ်တောင် ကျော်ကျော်လောက်ရှိသည့် ကတ်ထူဘူးအညိုလေးက ဖဲပြားလေးနှင့် လှလှပပချည်ထားပေမယ့် အလွယ်တကူ ဖွင့်လို့ရမှန်း သိသာ၏။

မျက်နှာချင်း နီးနီးလေးမှာ ပမာ့ မျက်တောင်လေးတွေ သူ့ထံ ပင့်တက်မလာခဲ့ပါ။ ခြင်း ကတော့ စိုက်ခနဲကြည့်ရင်း စွဲနေအောင် မှတ်သည်။

စိုက်ချထားသည့်မျက်တောင်ကော့တို့အောက်မှာ မမ မျက်ဝန်းတွေ မှိုးညိုနေသည်လား၊ ဖြစ်စေချင်ပေမယ့် မဖြစ်နိုင်ဘူးဆိုတာ သူ သိသည်။

သူတို့နှစ်ယောက်ကိုကြည့်၍ အနားက နှစ်ယောက်ကလည်း အခြားကို ရှောင်ထွက်သွားကြ၏။ ကတ်ထူဘူးကို နှစ်ယောက်စလုံး ကိုင်ထားလျက်။ ဘယ်သူကမှမလွှတ်၊ ဘာမှလဲ မပြောတော့မှ ပမာ့ မျက်ဝန်းတွေ သူ့ဆီ ရောက်လာ၏။

ခြင်း ကလည်း ဒါကို လိုချင်လို့ စောင့်နေတာမို့…

"မမ.."

မျက်လုံးချင်းဆုံကြည့်ပြီးမှ ခပ်သဲ့သဲ့ခေါ်၍…

"မမကို ကျွန်တော် သတိရနေတယ်"

ပမာ မျက်နှာလေးပျက်သွား၏။ ခြင်း က သူ့ပုံစံအတိုင်း မထိတထိ ပြုံးလိုက်ကာ…

"ဘယ်တော့မှ မေ့မထားခဲ့တဲ့ ဝဲဘက်ရင်အုံထဲမှာပါ၊ ဒါက သက်သေပေါ့"

ပြောပြီးမှ ဘူးကိုလွှတ်၏။ ပြီးတော့ သူ လှည့်ထွက်လာခဲ့သည်။



www.burmeseclassic.com

ပမာ လက်ဖွဲ့ဘူးလေးကိုကိုင်ရင်း ခြင်း ရဲ့ကျောပြင်ကို ငေးနေခဲ့၏။ ဘာတွေပြောသွားတာလဲ..၊ ဘာမှမပြောခဲ့ဘူး၊ သူမလည်း ဘာမှ မကြားခဲ့ပါ..။

ဒီအတိုင်းပဲ ဖြစ်ပါစေ၊ ရင်ထဲမှာ ကျင်ခနဲ စူးရှကာ မျက်ဝန်းမှာ စိုစိုစွတ်စွတ် ဖြစ်လာ၏။

ခြင်း ရဲ့ရင်ခွင်ထဲမှာ သူမ တစ်ညလုံး မှေးစက်ခဲ့သည်။ ရိုးသားစွာ မဖြစ်နိုင်သော မွေ့ပိုက်ယုယမှုတွေကိုလည်း သူမ မငြင်းဆန်ခဲ့ပေ..။

ပြီးတော့ လူမမြင်နိုင်သော သူမ ရင်ထဲမှာ..။

"ဟင်!..."

ဖဲပြားကြိုးလေး လက်ထဲကနေ လျှောခနဲ လွတ်ကျသွား၏။ ဖွင့်လိုက်သော ဘူးထဲမှာ ဆံပင်ဖားလျားနှင့် မိန်းကလေးရုပ်တုတစ်ခု..။

ဒါ ဘယ်သူ့ပုံလဲဆိုတာကို သိလိုက်ခြင်းနှင့်အတူ အောက်က စာတမ်းလေးကိုလည်း မြင်၏။

'မာနတွေ ရောင်းရန်ရှိသည်'

ဟုတ်ပါတယ်..၊ မာနတွေအားလုံးကို ငါ ရောင်းတော့မှာ..။

အဲဒါ မင်းကြောင့်ပဲ ခြင်း..၊ မြပမာ ဆိုတဲ့မိန်းမဟာ ယောကျ်ား တစ်ယောက်ရဲ့ ပါရမီဖြည့်ဖက် ဇနီးမယားအဖြစ် ရှင်သန်ရတော့မယ့်ဘဝ တစ်ဆစ်ချိုးမှာ..။





## အခန်း [ ၃၀ ]

"ဟာ!... ကိုခြင်း.."

"ခြင်း..."

"ဟ!.. မင်း ဘာလုပ်..."

လူတွေဝင်လာကြကာ ခြင်း ကိုမြင်တော့ တအံ့တသြတွေဖြစ်ကုန်ကာ လှမ်းလက်စခြေလှမ်းတွေတောင် ရပ်ကုန်ကြသလား မသိ..။

သူ့မှာ ကျောင်းတုန်းက သူငယ်ချင်းဆိုတာ အနီးအနားမှာ မရှိပါ။ စက်ရုံကမိတ်ဆွေတွေနှင့် တခြား လုပ်ငန်းရှင်တွေပဲ ရှိသည်။ ကိုပိုက်တို့အဖွဲ့ဝင်လာကြပြီး ချက်ချင်း သူ့ဆီရောက်မလာ..။ တံခါးဝမှာပဲ ရပ်တန့်သွားကြပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။ သတို့သမီးဆီသွားရမည့် သတို့သားက အိပ်ခန်းထဲမှာ ပုလင်းထောင်နေလျှက်..။

"လာကြလေ..၊ ဘာလို့ ရပ်နေကြတာလဲ"

ခေါ်လိုက်မှ တက်ကြွစွာ လှမ်းလာကြပြီး တစ်ထောက်နားသွားကြတဲ့ ခြေလှမ်းတွေ ခပ်တုံ့တုံ့ ရွေ့တိုးလာကြသည်။

"မင်း ဘယ်လိုဖြစ်နေတာလဲ ညီလေးရာ.."

ကိုပိုက် အသံ ဦးဆုံးထွက်လာသည်။ ပြီးတော့ ခြေထောက်တွေ အများကြီး သူ့မျက်လုံးရှေ့ကို ရောက်လာကြ၏။

ခြင်း က မော့မကြည့်ပါ..။



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားပြီးသည့် အရက်တစ်ဝက်နှင့် ဖန်ခွက်ကို လက်ခုံနှင့်ကပ်၍ အသာလေး ဘေးကိုတွန်းရွှေ့လိုက်ကာ...

"မြင်သွားကြပြီဆိုတော့ မထူးပါဘူး၊ ဘာသိချင်သလဲ မေးကြ.."

"မေးတော့ မင်းက ဖြေမှာလား"

"မဖြေနိုင်တာ မမေးနဲ့.."

ခြင်း မျက်ကြောစင်းနေတာကိုကြည့်၍ အားလုံးမျက်နှာတွေ ပျက်ကုန်ကြသည်။ ပွဲချိန်က တစ်နာရီပဲ လိုတော့သည်။

လူက ခုချိန်ထိ ဂျင်းဘောင်းဘီရှည်၊ စပို့ရှပ်အနွမ်းနှင့်ရှိတုန်း။ ပြီးတော့ အဆီမပြန်တတ်သည့်မျက်နှာမို့ အရက်ရှိန်နဲ့နီရဲနေတာက သိသာနေ၏။ အားလုံးက မတ်တတ်ဖြစ်ကာ ကိုပိုက် တစ်ယောက်ပဲ စားပွဲကခုံကိုဆွဲပြီး ခြင်း နားမှာ ထိုင်သည်။

"ဒါဆိုလဲ မေးပါရစေ၊ မင်္ဂလာချိန်နီးနေမှ ပုလင်းထောင်နေတဲ့မင်း ရင်ဘတ်ထဲကအကြောင်း..."

"မသိဘူး..၊ ပူနေတာတော့ အရက်ထက် ပြင်းတယ်၊ အဲဒါသေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အရက်က ရင်ထဲကို မတိုးဘူး.."

"မတိုးရင်လဲ တော်ပါတော့ကွာ၊ မင်း မပြောလဲ မင်းရင်ထဲက စကားသံတွေကို ငါတို့ နားလည်ကြည့်လို့ ရပါတယ်၊ ဒါပေမယ့် အခုအရက်တွေကြောင့် မင်း ခြေလှမ်းမှားရင် ညှို့ခံပွဲထဲမှာ..."

"လုံးဝ မမှားဘူး၊ ကျွန်တော် လူငယ်ပေါက်စလေးမှ မဟုတ်တာ၊ အရက်နဲ့ ဒီလောက်ထိ မစိမ်းပါဘူး.."

"ဒါဆို ရင်းနှီးချင်လို့ တမင် မျိုချနေတာလား"

"အဲဒါလဲ မသိဘူး၊ စိတ်ညစ်ရင် အရက်သောက်ကြတဲ့ထုံးစံအတိုင်း လုပ်ကြည့်တာ"

ရယ်ချင်တာ မဟုတ်ဘဲ ခြင်း နှုတ်ခမ်းမှာ ပြုံးရိပ်ဝင်နေသည်။





လူငယ်ပီသသည့် နှုတ်ခမ်းသားရဲရဲတွေမှာ ခပ်တွန့်တွန့် မဲ့ရွဲ့နေခြင်းက အကျည်းတန်စေ၏။ ခြင်း ဘာကို ဘာအတွက် စိတ်ညစ်နေပါသနည်း။

ကိုပိုက် က သူ့နောက်နားမှာ ရှိသည့်လူစုကို မော့ကြည့်၍ မေးဆတ်သည်။ အားလုံးက ခေါင်းခါပြကြ၏။ လက်ထပ်ပွဲကို သတို့သားနှင့်အတူတွဲဖို့ သူတို့ စောစီးစွာ ပြင်ဆင်ပြီး အိမ်ကိုပဲ ရောက်လာခဲ့ကြတာဖြစ်သည်။ ခုတော့ အရံလူတွေက ပြင်ဆင်ပြီးစီးနေပါလျက်နှင့် သတို့သားက ငုတ်တုတ်က မရွေ့..။

"ကိုပိုက်.."

"ပြောလေ..၊ ခြင်း..."

"ကျွန်တော် ဒီပွဲကို မတက်ချင်ဘူး"

ကိုပိုက် မသက်မသာမျက်နှာနှင့် နောက်ကလူတွေကို မော့ကြည့်ပြန်သည်။ ဦးသစ်လွင် က နာရီကိုငုံ့ကြည့်ပြီး ကိုပိုက် ကို လက်သိုးပြ၏။

ခြင်း က မကြည့်ပါ။ သူသိနေတာက မင်္ဂလာပွဲဆီကို သူ ရောက်သွားလိုက်တာနှင့် ပထမဆုံး နားပူရမှာက ယွန်း ရဲ့စိတ်ညစ်စရာအကြောင်းတွေနှင့် အစချီလာမည့်စကား..။

ဒုတိယမြောက်က ဒေါ်တင်သန္တာ..၊ သူ့ဘက်က မိဘနှစ်ပါးစလုံး မပါနိုင်သည့်ကိစ္စကို သတိရတိုင်း ဖုန်းဆက်ပြီး နားပူခဲ့သည်။

မျက်နှာချင်းဆိုင်တွေ့ပြီဆို မင်္ဂလာပွဲကြီးထဲမှာပေမယ့် ရှောင်ပါ့မလား..။ ညှို့ပရိသတ်တွေဆီက ဝေဖန်ကဲ့ရဲ့သံ တချို့တလေ ထွက်လာရင်ရော ယွန်း တို့ ဘာပြောကြဦးမလဲ..။

တွေးကြည့်တာနှင့်ပင် စိတ်ညစ်စရာတွေက လူကို မထမကြွချင်လောက်အောင် နှိပ်စက်၏။ နောက်ထပ်လည်း ဒီမင်္ဂလာပွဲနှင့်ပတ်သက်ပြီး ဘယ်လိုတွေးကြည့်ကြည့် သူ့အတွက် စိတ်ချမ်းသာဖွယ် မမြင်ပါ..။

အရာရာတိုင်းအတွက် စိတ်ညစ်နေမိသည်။ ဘာလုပ်ဖို့လဲ မပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်..။ သူ့စိတ်တွေ ဘာဖြစ်နေတာလဲ..။

"ငါတို့တွေ မင်းကို စ,နောက်ခဲ့ဖူးသားပဲ ခြင်း ရာ.."

ကိုပိုက် စကားသံ ထွက်လာ၏။ အလုပ်ထဲမှာဆို ကိုပိုက် က ခြင်း ကို ကိုခြင်း လို့ပဲခေါ်တာပါ။ ခုလိုအပြင်မှာ တရင်းတနှီးပြောကြဆိုကြပြီဆိုမှ ခြင်း နဲ့၊ မင်းနဲ့ငါနဲ့..။

"မင်းစိတ်တွေ ဘာဖြစ်နေတယ်ဆိုတာ ငါ သိတယ်.."

ဦးသစ်လွင် ကပါ ခြင်း ဘေးမှာထိုင်လိုက်ကာ ကိုပိုက် ပြောတာကို ထောက်ခံသလို ခေါင်းညိတ်ရင်း...

"ဒါပဲကွ..၊ မညာသင့်တာကို မညာရဘူး၊ မာနမထားသင့်တာကိုလဲ မထားရဘူး၊ ယွန်း ကို မင်း လက်မထပ်ချင်တော့ဘူးမို့လား.."

ခြင်း က မဖြေ..။

"ယွန်း ကို မင်း ရင်းနှီးခဲ့ဖူးတာပါ၊ ရင်းနှီးဖူးတဲ့လူကို အသွင်တစ်မျိုးနဲ့ အရွယ်တစ်ပိုင်းမှာ ပြန်ဆုံလိုက်ရတော့ စိတ်ဝင်စားတာ၊ မင်း ဒါထက် မပိုခဲ့ဘူး"

ခြင်း က ဖန်ခွက်ကို ကိုင်လိုက်၏။ ကိုပိုက် က သူ့လက်ပေါ်ကနေ ထပ်ကိုင်ထားကာ...

"အချိန်က ကပ်နေပြီကွာ၊ ဒီလောက်နဲ့တင် ရပ်လိုက်ပါတော့"

"ဟုတ်ပါတယ် ခြင်း ရာ..၊ ဦးသစ် တောင်းပန်ပါတယ်၊ မင်းရဲ့စိတ်တွေ ဘယ်ရောက်နေနေ လူကတော့ ယွန်း အတွက် ဖြစ်ရတော့မှာမို့လား၊ မချစ်သော်လည်း အောင့်ကာနမ်း ဆိုတာလိုပေါ့.."

"ဟုတ်ပါတယ် ကိုခြင်း..၊ မူးနေလို့ ယီမ်းယိုင်နေရင် ကိုခြင်းပဲ သိက္ခာကျမှာ၊ အရက်နံ့တွေနဲ့ ဧည့်ခံရတော့ရော ဘယ်သူကာရိုက်တာပဲပျက်မလဲ၊ ကိုခြင်း ပဲ ဖြစ်မှာ.."

နောက်ကနေ တောင်းပန်ဖျောင်းဖျသံ ထွက်လာတော့ ခြင်း ခေါင်း





ထောင်သွား၏။ သူ့အဖြစ်က အားလုံး ဝိုင်းဝန်းနားချနေရတဲ့အဖြစ် ရောက်ခဲ့ပြီလား..။

"မမတို့တောင် ထွက်သွားကြပြီ"

"ဟင်!.."

စင်းကျနေသည့် မျက်တောင်များတွေ ဖျတ်ခနဲ ပင့်တက်သွား၏။

"အချိန်ကိုလဲ ပြန်ကြည့်ဦးလေ၊ မင်းလဲ အတွေးအခေါ်ရှိတဲ့ လူငယ်တစ်ယောက်ပဲကွာ၊ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးရမှာမဟုတ်ဘူးလား"

သူ ဘာဖြစ်ချင်တာလဲ..၊ သူတို့ ဘာတွေ ပြောနေကြတာလဲ..။

သူ့ကိုယ်သူ ဘာမှ သိရှိနားမလည်ခဲ့ဘဲ အားလုံးကတော့ သူ့ကို သိနေကြသည်လား။ ရင်ထဲမှာ ပူနေသည်။ မင်္ဂလာပွဲကို သတိမရဘဲ မမ မျက်နှာကိုပဲ မြင်နေမိ၏။

ယွန်း ကို သတိရသည့်အခါ စိတ်ကျဉ်းကျပ်ခြင်းတို့ ဖြစ်လာခဲ့ပြီး မမ ကို သတိရတော့ ရင်ခုန်သံတွေ မြန်လာခဲ့သည်။ တစ်ချောင်ချောင်တစ်နေရာရာမှာ တစ်ယောက်တည်း ပြေးခွေပြီး တစိမ့်စိမ့် တွေးနေချင်၏။ ဘာကိုမှန်းတော့ မသိ..။ သူ ခံစားနေရခြင်းအတွက် အဖြေမရှာချင်ပါဘဲ ဒီအဖြေပဲ ထွက်လာနေသည်။ မမ ကို သူ ချစ်မိနေခဲ့ပြီ..။

ဘယ်တုန်းကမှ မသင့်မြတ်ခဲ့ပေမယ့် တစ်ရက်,နှစ်ရက်ကလေးဆိုတဲ့ ကာလအတွင်းမှာ မမဆီကရခဲ့သော နူးညံ့မှုလေး တစ်စုံတစ်ရာဟာ သူ့နှလုံးသားကို ကျောက်စက်ရေစင်နှင့် ဆွတ်ဖျန်းခံခဲ့ရသလို အေးမြကြည်နူးလို့ မပြီးနိုင်..။

လမ်းမှာ သရဲကြီး ဆိုသည့် အရှူးနှင့် ထိတ်လန့်ဖွယ်ဆုံခဲ့ပြီးမှ နေပြည်တော်ရောက်တဲ့အထိ မမနှင့်သူ ဘာပြဿနာမှ မဖြစ်ခဲ့တော့ပေ။ ထို့ပြင် နေပြည်တော်ညမှာလဲ မမ ကိုယ်ပူတွေကြီးလို့ ပြုစုခဲ့ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်သက်လုံးမှာ မိဘကိုပြုစုခဲ့ရသည်မရှိဘဲ သူကိုယ်တိုင် ပြုစုခံချင်တာလဲ မဟုတ်ပေမယ့် မေမေတို့ကသာ သူ့အတွက် ဗာဟီရအတို အထွာတွေကို လုပ်ကိုင်ပေးသွားနေကျ..။

အဲဒီနေ့ကမှ မမကို သူကိုယ်တိုင် ပွေ့ထူပြီး ဆေးတိုက်ခဲ့သည်။ စောင်ခြုံပေးပြီး အနားမှာ ငုတ်တုတ်ထိုင်ရင်း စောင့်ပေးခဲ့ရ၏။

ဖေဖေကတောင် အံ့သြနေတဲ့ပုံပါ။ ပြီးတော့ မေးသေးသည်။

"မင်းက ဟိုကောင်မလေးနဲ့ လက်ထပ်တော့မှာမို့လား.." တဲ့..။

မဆီမဆိုင် မေးလိုက်ပုံက ဖေဖေ့မျက်လုံးထဲမှာ အဖြေပေါ်နေသည်။ မမကို ဘာဖြစ်လို့ အခုမှ အဖြစ်သည်းနေသလဲ ဆိုတာမျိုး..။

သူ့ရင်ထဲမှာတော့ မမ အသည်းအသန်ငိုကြွေးခဲ့သည့် ရှိုက်သံတွေကို သတိရတိုင်း တုန်ခါနေဆဲ။ မမနှင့်သူ တစ်ယောက်တခြားစီ ထိုင်နေကြပေမယ့် ရင်ခွင်ထဲမှာ မမကို မြုပ်နေအောင် ဖက်ထားနေမိသလို တသိမ့်သိမ့် ကြည်နူးနေခဲ့တာလည်း မပြေနိုင်။

အဲဒီလောက်ထိ ဖြစ်သည်။ အဲဒီလောက်ထိ ချစ်ခဲ့ပါ၏။ အထိအတွေ့မှာ သာယာတာမျိုး မဟုတ်ပါ။ ရင်ခုန်သံတွေက လိုတဲ့အရပ်ကို ပဲ့ကိုင်မောင်းနှင်သွားခဲ့တာ ဖြစ်၏။

အပြန်ကျတော့ ဖေဖေ စီးနေသည့် လင်ခရိုဇာနှင့်ဖြစ်ကာ ဒရိုင်ဘာ ပါလာတော့ မမဘေးမှာ သူ အတူရှိနေခွင့်ရခဲ့သည်။

ဒီလိုအချိန်တွေဟာ ဘာဖြစ်လို့ နောက်ကျမှဖြစ်လာခဲ့တာလဲ..၊ သူ့ရင်ထဲမှာ ဖြစ်နေသလိုမျိုး မမမှာရော..။

"မမလေးလဲ ရေချိုးခန်းထဲမှာ ရေမချိုးဘဲ ငိုနေတယ် မေမေကြီးရဲ့"

"ဟင်!..."

သားနှင့်လူတစ်စုကို တော်ရာကနေ ကြည့်နေရင်း ဒေါ်ခင်ယု မသက်မသာ ခံစားမိ၏။ အနားမှာ မိသီ ကလည်း လက်ပိုက်လေးနှင့်





ရှိနေကာ ခြင်း တို့ရှိနေတာကိုလည်း မချောင်းရဲ၊ ဒေါ်ခင်ယု ကိုလည်း သူမ သိနေတာတွေကို ပြောပြချင်တာမို့ ခရီးသွားတုန်းက မြင်ခဲ့တွေ့ခဲ့ သမျှတွေပါ ပြောပြနေတော့သည်။

မ,ကိုင်ထားသည့် ခန်းဆီးစကို အသာလေး ပြန်ချလိုက်တော့ ပုလင်းထောင်နေသည့် သားရဲ့ပုံရိပ်က ပျောက်ကွယ်သွား၏။ ဒီဘက် အခန်းထဲကိုပဲ ပြန်လှည့်ဝင်လာခဲ့ကာ...

"ငါ့အမေ ရှိနေလျက်နဲ့ သားရဲ့မင်္ဂလာပွဲကို မျက်နှာလွှဲခဲပစ်ထားရတာ ရင်ထဲမကောင်းဘူး မိသီ ရယ်.."

ပြောနေရင်း မျက်ရည်ဝေ့ချင်သည်။ စာကြည့်စားပွဲပုလေးဘေးမှာ ထိုင်လိုက်တော့ မိသီ က ဘေးမှာ ဆောင့်ကြောင့်လေးထိုင်လိုက်ကာ...

"မေမေကြီးက ဘာဖြစ်လို့ အစ်ကိုလေးမင်္ဂလာပွဲကို မသွားတာလဲ ဟင်၊ အစ်ကိုလေးယူမယ့် မိန်းမကို သဘောမတူလို့လား.."

အိမ်တွင်းရေးတွေကို မိသီ အကုန်အစင် မသိရှာပါ။ ခုတောင်မှ ဟိုဘက်မှာ အိမ်စောင့်ကျန်ခဲ့တာမို့ ဒီဘက်မှာ အစ်ကိုလေး ပြင်ဆင်နေပြီလားလို့ မေးရင်း စိတ်ဝင်တစား ကူးလာတာ ဖြစ်၏။

"အစ်ကိုလေးလဲ ဘာဖြစ်နေတာလဲ မသိဘူးနော်၊ သနားပါတယ်"

"ဒါ သူ့အပြစ်နဲ့သူပါ၊ စိတ်မချမ်းသာဖြစ်ကြရုံအပြင် ဘာမှမတတ်နိုင်တော့ဘူး၊ သူ့ကြောင့် တကယ် သနားစရာကောင်းတာက သမီးလေးရယ်.."

"ဟင်.. ဘာဖြစ်လို့လဲ မေမေကြီး"

"ဒီလိုအတိုက်အခံတွေ ထ,လုပ်တော့ နှစ်ယောက်ပေါင်းမှ မိဘတစ်စုံပဲရှိတဲ့ သူတို့ဘဝကို နှစ်ဖက်စလုံးအတွက် ဘယ်လို အရိပ်မိုးပေးမလဲ.."

မိသီ ဟာ ရင်ဖွင့်ရမယ့်လူ မဟုတ်ပေမယ့် ရင်ပူလွန်းတော့လည်း ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ကိုယ့်သားအပြောမတတ်တာတွေကြောင့် ပမာ ဒီအခြေအနေအထိ ဖြစ်သွားတာလို့ပဲ သူမတို့ကတော့ ယုံကြည်သည်။

ဖအေလုပ်သူကလည်း တကယ်ကို ပြန်မလာခဲ့သလို သူမကရော ဘယ်သူ့ဘက်ကို လိုက်ရမလဲ..၊ မင်္ဂလာပွဲက တစ်ချိန်တည်း၊ တစ်နေရာတည်းမှာ..။ ဒါ ငါ့သားမို့ မဖြစ်မနေဆိုတာမျိုး ရပ်တည်ပေးမည်ဆိုလျှင် မိဘလို အုပ်ထိန်းခဲ့ပါသည်ဟု ကိုယ်ပြောခဲ့သမျှ ပမာ့ ရင်ထဲမှာ ဘယ်လိုဖြစ်သွားမလဲ..။

ဒါကြောင့် ကြားကျကျနေလိုက်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်သည်။ သားဘက်က မိဘမပါလို့ ဘယ်သူ့တွေ ဘာပြောပြော..၊ ဘာထင်ထင်..။ အထူးသဖြင့် ဒေါ်တင်သန္တာ ဆိုသည့်မိန်းမ အသိုင်းအဝိုင်းနှင့် မထိစပ်ချင်သည့်ဆန္ဒတွေက ရင်ဘတ်ထဲမှာအပြည့်..။

"ဟော... အစ်ကိုလေးတို့ ထွက်သွားကြပြီ မေမေကြီး၊ ကားသံကြားတယ်"

"သွားပါစေ"

ငုတ်တုတ်ထိုင်ရင်း ငိုချင်လာသည်။ နှစ်အိမ်စလုံးက မင်္ဂလာပွဲကြီးတွေ အကြီးအကျယ် ကျင်းပနေပါလျက် အိမ်ထဲမှာ ငုတ်တုတ်မျက်ရည်ဝေနေရသည့် ကိုယ့်အဖြစ်ကို ဒေါ်ခင်ယု မဖြေသာပါ..။

သားကလည်း သားပဲဖြစ်ကာ ပမာ့ ကလည်း သမီးလေးပဲ ဖြစ်သည်။ ထို့ကြောင့်..။

❤ ❤ ❤





## အခန်း [၄၂]

ပရိသတ်က သူ့ဘက်၊ ကိုယ့်ဘက် ခွဲထားပေမယ့် မင်္ဂလာပွဲထွက်ပြီဆိုတာနှင့် မျက်လုံးတွေက ဟိုဘက်ရော ဒီဘက်ရော ကူးလူးရှုပ်ထွေးသွားကြ၏။

"ဟဲ့.. ဟိုဘက်က စုံတွဲက အရပ်တွေညီပြီး လိုက်တယ်နော်"

"ဟုတ်တယ်၊ ယွန်း တို့စုံတွဲက ယွန်း က နည်းနည်းပုနေတယ်"

"ကိုယ်လုံးလေးလဲ သေးတော့ ပုတာ ပိုပေါ်တာပေါ့၊ ဒါပေမယ့် ဟိုဘက်က သတို့သားကလဲ အသားနည်းနည်းမည်းတော့ ခန့်ပေမယ့် သတို့သမီးနဲ့ မလိုက်ပါဘူး"

"အဲဒါ 'ပမာမြင့်မိုရ်'ကုမ္ပဏီက ဒေါ်မြပမာ လေ၊ အပြင်မှာ ဒီထက်ပိုလှတယ်"

ပြောစကားတွေ အမျိုးမျိုး ထွက်လာကြ၏။

ခြင်း နှင့် ပမာ အတူတူ နီးကပ်စွာနေခဲ့ကြတဲ့ အရင်းနှီးဆုံးလူတွေ ဖြစ်မှန်းတော့ သိတဲ့လူ နည်းပါသည်။ ဘာဖြစ်လို့လဲဆိုလျှင် သူတို့နှစ်ယောက် နေထိုင်သွားလာနေကြတာကိုက ပူးတွဲဆက်စပ်မိစရာ ဘာမှ မဖြစ်ခဲ့သောကြောင့် ဖြစ်သည်။ ဒါပေမယ့်...

"မြပမာ နဲ့ လွတ်လပ်ခြင်း က အတူနေခဲ့ကြတဲ့လူတွေ၊ ဘယ်လိုဖြစ်ပြီး တလွဲစီ ညားကြတာလဲ မသိဘူး"

"ဟယ်.. အဟုတ်လား အန့်တီမူ ရဲ့.."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ… ကဲ… မြပမာ ရဲ့ဘေးမှာ အမြဲတမ်းရှိနေတဲ့ အတွင်းရေးမှူးဆိုတဲ့ ဦးအောင်ခြင်း က ကိုယ့်ယောက်ျားနဲ့ မကြာမကြာ ဒင်နာစား ဖြစ်ကြတာ၊ လွတ်လပ်ခြင်း က သူ့သား…"

"ဟင်!…"

"အဲဒီနှစ်ယောက် ညားမှာပဲလို့ ငါတို့က တွက်ထားတာ၊ သေချာပါတယ် ဒီလက်ထပ်ပွဲတွေ ဒီလိုတစ်ချိန်တည်းဖြစ်လာတာ လုံးဝ မရိုးသားဘူး"

လူတချို့၏မျက်လုံးတွေက ခြင်း နှင့် ပမာ မျက်နှာတွေပေါ်မှာ ကူးလူးသွားကြ၏။ မလှမ်းမကမ်းမှာ ရှိနေကြသည့် ကိုပိုက် တို့လူစု တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်၍ ခေါင်းချင်းဆိုင်သွားကြသည်။

"ဦးသစ် ပြောကုန်ကြပြီ၊ ကြားလား‥"

ဦးသစ်လွင် က ခေါင်းညိတ်လိုက်ကာ ရေခဲမုန့် ဖန်ကလပ်လေးကို ကိုင်ရင်း ထိုဝိုင်းဆီလည်း မသိမသာ ငဲ့ကြည့်၏။

"အဲဒီမိန်းမကြီးကို ငါ သိတယ်၊ အန်ကယ်အောင် နဲ့ရင်းနှီးတဲ့ ဦးညွန့်ဝေ ရဲ့ဇနီး‥"

"ဒုက္ခပါပဲ ဦးသစ် ရာ‥၊ ခြင်း မျက်နှာကိုလဲ ကြည့်ပါဦး၊ စက်ရုပ်လို လျှောက်နေတာ"

"ဒါတင်မကဘူး၊ ကိုခြင်း တစ်ခါတစ်ခါ မမ ကိုလှမ်းကြည့်လိုက်ရင် စိုက်ငေးနေတာပဲ"

သူတို့အကဲခတ်ကြည့်လိုက်တော့ ယွန်း ရဲ့မေမေနှင့် အသိုင်းအဝိုင်းကလည်း မျက်နှာတွေမကောင်းကြဘဲ ဟိုဘက်ဒီဘက် ပြေးလွှား အကဲခတ်နေတာ ရှူးရှူးရဲရဲ‥။

"ဒီပွဲပြီးရင်တော့ ကိုခြင်း ပြဿနာ ရှိနိုင်တယ်"

"ဟုတ်တယ်၊ မင်္ဂလာပွဲကပ်ပြီဆိုမှ ဒီဘက်က လူကြီးမိဘတွေ





ကျန်ခဲ့တာ ဒေါ်တင်သန္တာ ဆိုတဲ့မိန်းမကြီး အစကြေမှာ မဟုတ်ဘူး"

အမျိုးမျိုးသောပူပန်မှုတွေ ဖြစ်နေကြရင်း ခြင်း မျက်နှာကို ပြင်ဆင်နေထိုင်ဖို့ ကိုပိုက် သတိပေးနေတာလဲ အားမလိုအားမရတွေ ဖြစ်လာသဖြင့် မျက်နှာရော လက်နှစ်ဖက်ရော စုံအောင် ပါနေတော့သည်။

"ဟိတ်ကောင်၊ မင်း စာခြောက်နေတာနဲ့ လူတွေ ပိုသိကုန်မယ်"

ဦးသစ် က သူ့လက်ကို တံတောင်နှင့်တို့၍ သတိပေးရသည်။ ကိုပိုက် ခေါင်းကုတ်ကာ…

"ကိုခြင်း က တအား သိသာတာပဲ"

"သိသာပါစေတော့‥"

ခြင်း မျက်နှာက နီမြန်းမြန်း ရီဝေဝေ၊ ဟိုဘက်က သတို့သား၊ သတို့သမီး တွဲထွက်လာကတည်းက သူ သတိထားမိသည်။

သိဟကို ဆိုသူနှင့် ယွန်း တို့ သိထားကြပြီးသား‥။ သူ နှုတ်ခမ်းမဲ့ခနဲ ဖြစ်သွား၏။ ထားလိုက်တော့ ဒါဟာ ဒဏ်ရာဖြစ်စေလောက်သည့် ထိခိုက်မှုမဟုတ်‥။

မြန်မာဆံထုံးမို့မို့ပြေပြေလေးနှင့် မဟာဆန်ဆန် နဖူးလေးပေါ်နေသော မမ မျက်နှာလေးထက်က မဟာဆန်သည့်အလှကိုပဲ သူ ငေးမိ၏။

ဖြူဖပ်ဖပ် နှိုစိမ်းရောင်ပိုးချိတ်နှင့် ပဝါချိတ်ထားသည့် ရင်ဘတ် တစ်ခြမ်းမှာ စိန်ရင်ထိုးက တဖျပ်ဖျပ် ခါနေသည်။

ပြီးတော့ တစ်တန်းသွား စိန်လည်တုံတစ်ခု‥။

မမကိုယ်မှာ ဒါပဲ ပါသည်။ ယွန်း မှာတော့ ရင်ဘတ်မှာ စိန်ဘယက်တွေ၊ လည်တုံတွေနှင့် မြန်မာဆန်ဆန် ဝတ်ရမည်ဆိုကတည်းက ပြင်ဆင်ထားလိုက်တာ ဒါတွေအတွက် ဘယ်လောက် အချိန်ယူခဲ့သလဲ သူ အံသြဆုံး‥။

သတို့သမီးနှစ်ယောက်စလုံး စိန်တွေချည်း ဝတ်ထားပေမယ့် ယွန်း



www.burmeseclassic.com

www.burmeseclassic.com



ကတော့ လက်ဝတ်ရတနာကြော်ငြာသလို တစ်ကိုယ်လုံး တဖျပ်ဖျပ်ခါနေလေသည်။

ပမာ တို့စုံတွဲနှင့် လမ်းဆုံမှာ ထိပ်တိုက်တွေ့ကြစဉ်…

"နေကောင်းတယ်နော်‥ ဦးသီဟကို‥"

သူနှင့် လက်ချင်းချိတ်ထားသည့် ယွန်း ထံမှဖြစ်၏။ ဦးသီဟကိုကတော့ ပြုံးပြခေါင်းညိတ်ရုံနှင့် မျက်နှာလွှဲ၏။ သူ ငုံ့ကြည့်လိုက်တော့ ယွန်း မျက်ဝန်းလေးတွေက စိန်တွေနှင့်အပြိုင် တလက်လက် စူးတောက်လျက်‥။

ခြင်း နောက်တစ်ခါ ပြုံးဖြစ်ကာ…

"ခဏပဲစောင့်‥၊ လက်ချိတ်ထားတာတွေ ဖြုတ်တဲ့အခါ သွားနှုတ်ဆက်ပေါ့"

နှစ်ကိုယ်ကြား ကပ်ပြောတော့ ယွန်း မျက်နှာကဒေါသတွေ သူ့ဆီ တန်းခနဲ‥။

"ယူက ငေါ့တာလား"

ခြင်း ဟက်ခနဲ ရယ်သည်။

"မင်း အားနာနေမှာစိုးလို့ပါ"

ယွန်း က မေးဖျားလေးပင့်၍ ဂရုမစိုက်သည့်ပုံနှင့်…

"ဟုတ်တယ်‥၊ သူနဲ့တို့ ငြိခဲ့တယ်၊ ဂရုမစိုက်သလိုလုပ်သွားတာကို မခံချင်လို့ တို့က ယူနဲ့တွဲခဲ့တာ"

"ဪ…"

"ဆောရီးပဲ ခြင်း‥၊ ယူ့ကို တို့ ခွင့်လွှတ်နိုင်ခဲ့တာ အဲဒါတွေ ရှိခဲ့လို့ပဲ"

"ကျေးဇူးပါပဲဗျာ‥၊ လုံးဝ ကျေးဇူးပါ"

"ဟွန်း‥၊ တကယ်တင်မှဖြစ်မှာနော်၊ လက်ထပ်ဖို့ထိ ဖြစ်ခဲ့တာက





တော့ သံယောဇဉ်တွေ ပါတယ်"

"အင်း…"

မျက်နှာချင်းဆိုင်ကနေ သာသာလေး ကပ်ရှောင်သွားတော့ မမနှင့် သူ့ပခုံးစွန်း အင်္ကျီစချင်းတော့ ထိမိသွားခဲ့သည် ထင်၏။

ဒီဘက်မှာ ပြောလက်စတွေကို မေ့သွား၏။ ကိမ်းမြနေသည့် မမ၏ နားသယ်စပ်ဆံစလေးတွေကို ဖျတ်ခနဲ ငုံ့ကြည့်မိရင်း ရင်တွေ ဗရမ်းဗတာ လှိုက်ခုန်သွား၏။

"မမကို ချစ်တယ်"

တစ်လောကလုံးကိုမေ့ထားပြီး မမ တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ပိုက်၍ အော်ဟစ်လိုက်ချင်သည်။ ဒါပေမယ့်…

"ယူ့မျက်လုံးကြီး ဆွေးမြည့်ပုပ်ပွနေတာကိုလဲ နည်းနည်း ပြင်လိုက်စမ်းပါ၊ ယွန်း ဆိုတဲ့မိန်းမ ယုံကြည်အောင် မင်္ဂလာအတူဆောင်ပြမယ်ဆိုတာ နှလုံးသားလက်ဖွဲ့နဲ့ ငိုချင်းချဖို့လား‥"

လက်ချင်းဖြုတ်ခါနီးတော့ ယွန်း က တည့်တည့်မေး၏။ အမေးရှိတော့ အဖြေရှိရမည်။ ခြင်း က နည်းနည်းလေးမှ မျက်နှာမပျက်ဘဲ…

"ငိုတော့ ငိုချင်တာ၊ ယောကျ်ားဆိုတော့ မကောင်းဘူးလားလို့"

ယွန်း က စိုက်ကြည့်ပြီး ရယ်သည်။ ပြောရဲလွန်းတော့လည်း ခြင်း တမင်ရွဲ့နေတာလို့ တွက်၍ ချိတ်ထားသည့်လက်ကို လွှတ်ပေးလိုက်သည်။ ထိုအခါ ဧည့်သည်တွေကို ဧည့်ခံသည့်အစီအစဉ်အဖြစ် ကိုယ့်ဧည့်သည်ဆီ ကိုယ်သွား‥။

"မင်းတို့ ဘယ်လိုဖြစ်ကုန်တာလဲ ခြင်း"

ဓာတ်သိမိတ်ဆွေတွေက သူ ရောက်သွားတာနှင့် ပါးစပ်ပြင်နေတာတွေကို ဖွင့်မေးတော့သည်။

"ငါတို့က မင်းရဲ့မမ မင်းဆီ ရောက်မယ့်ပဲ ထင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောကုန်ကြပြီ..၊ ငိုချင်ရဲ့လက်တို့ဆိုတာမျိုးလား၊ ရင်ထဲမှာ အတိုင်းအဆမဲ့ ဆွေးသွားသည်။

မမက သူနှင့် လမ်းကလေးပဲခြားသည့် စားပွဲဝိုင်းမှာ..၊ သူနှင့် ယွန်း လက်ချင်းဖြုတ်ထားကြပေမယ့် သီဟကို ကတော့ ပမာ့ လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထား၏။

ပြီးတော့ ပမာ့ မျက်နှာလေးကိုပဲ ငုံ့တကြည့်ကြည့်ရှိကာ...

"နေကောင်းရဲ့လား ပမာ၊ ကိုယ် အရမ်း စိတ်ပူတယ်ကွာ"

"ကောင်းပါတယ်"

ပမာ မျက်လွှာချပစ်လိုက်မိ၏။ ရှေ့တည့်တည့်မှာ ခြင်း က ကြည့်နေတာ တစ်ချက်မှ မျက်နှာမလွှဲ..။

နှုတ်ဆက်ရယ်မောနေကြသည့် မျက်လုံးတွေကိုလည်း ကြောက်သည်။ ရင်ထဲမှာလည်း နာကျင်နေ၏။

"မမလေး..၊ အစ်ကိုလေးရယ် အရက်တွေ သောက်နေတယ် သိလား"

အန်တီ့ဆီ သွားနိုင်းလိုက်လို့ ပြန်လာတော့ မိသီ သတင်းပေးခဲ့၏။ ထိုအချိန်မှာ ငိုကြွေးခွင့်မရှိတော့သည့် သူမမျက်ဝန်းမှာ မိတ်ကပ်ဆရာမက လှပစွာ ဘောင်ခတ်ပေးနေခဲ့ပြီ..။

"အခြေအနေတွေက ဒီတိုင်းဖြစ်လာတာကို သိပ်ဘဝင်မကျချင်ဘူးကွာ၊ မင်းအတွက် အရမ်းကို စိတ်ပူတယ်"

သီဟကို က ပမာ့ လက်ဖဝါးလေးကို ဆုပ်ညှစ်ပြီး အနားကပ်ကပ် ပြောသည်။

"အမယ်လေး သတို့သားရယ်..၊ ဒီမှာ မေးနေတာ ဖြေပါဦး"

"အေးလေ..၊ သူ့ရဲ့ သတို့သမီးကိုများ လုံးထွေးပြီး ပါးစပ်ထဲ ထည့်မွှံထားတော့မလား မသိဘူး"





ရယ်သံတွေကြားထဲမှာ ပမာ မျက်လွှာပင့်ကြည့်လိုက်တော့ ခြင်း က ဒီစားပွဲ၊ ဒီနေရာမှာ ရုပ်နေဆဲ..၊ ကြည့်နေဆဲ..။

ပမာ မျက်နှာကို တင်းပစ်လိုက်သည်။ ဒါပေမယ့် ငိုချင်သွား၏။ မျက်ရည်ကြည်တို့ ဝေတက်လာသည်နှင့် မျက်နှာကို တစ်ဖက်လွှဲပစ်လိုက်ရသည်။ ခြင်း က ထိုမျက်ဝန်းတွေကို စူးစိုက်ကြည့်နေပြီး ပြုံး၏။

သူ ကြည့်နေတုန်းမှာ သီဟကို နဲ့ တစ်ခုခုပြောကာ ပမာ လှည့်ထွက်သွားလေသည်။ ညှိုသည်နှင့် စကားမပြတ်ဘဲ သီဟကို လည်ပင်းရှည် ကျန်ခဲ့တာကိုကြည့်ရင်း ခြင်း နှုတ်ခမ်းမဲ့သွားသည်။

"ကျပျောက်သွားမှာ စိုးတာလား၊ ပိုင်ရှင်ပေါ်သွားမှာ စိုးလို့လား"

မေးလိုက်ချင်သည်။ သူ ပြန်ငဲ့ကြည့်လိုက်တော့ ယွန်း က သူမရဲ့ မိတ်ဆွေသူငယ်ချင်းတွေနှင့် ရယ်မော်မပျက်..။

ကိုယ့်ဘက်မှာတော့ အားလုံး အေးချမ်းလို့ပါလား။ သူ အကြည့်ကို မလွှဲဘဲ ယွန်း မျက်နှာလေးကို စိုက်ကြည့်နေလိုက်သည်။ ထင်သည့်အတိုင်းပါပဲ..။

ယွန်း ရဲ့အကြည့်တစ်ချက် ဝေ့သွားတာက သီဟကို ဆီ..၊ ဟို ဗွက္ကိုလ်ကတော့ ပမာ ထွက်သွားတဲ့အရပ်မျက်နှာဆီကိုသာ တကြည့်ကြည့်..။

မေတ္တာအကြောင်းကံတွေ ဘယ်လိုကွေ့ကောက်၍ ဘယ်လို ဖြတ်ကျော်စီးဆင်းခဲ့သည်လဲ..။ နာကျင်သော မဲ့ပြုံးနှင့် ခြင်း မျက်နှာသည်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄၄]

ရှာတာကတော့ မမ ကိုပဲ ဖြစ်သည်။ ဒါပေမယ့် မြင်လိုက်တော့ သူ့ခြေလှမ်းတွေ တုံ့သွား၏။ မတုံ့လို့လည်း မရတော့ပေ..၊ မမနှင့် သူ့ ရင်ဘတ်ချင်းတိုက်မိတော့မလို တည်းတည်းလေး..။

"မင်း ဒီဘက်ကို ဘာလာလုပ်တာလဲ"

မရှောင်သာသည့် လမ်းကျဉ်းလေးမှာ ခြင်း က ဘေးက သံပန်းကွက်တွေကို ကိုင်ထားသေးသည်။

"မမ.."

ပမာ က မျက်နှာမမော့ပါ..၊ ရှောင်တိမ်းထွက်ခွာဖို့သာ ခြေလှမ်းပြင်၏။ ထိုမျက်ဝန်းတွေကို သူ မြင်ချင်သည်။ မြင်ရမှဖြစ်မည်။

"မမနဲ့ ကျွန်တော် ရှင်းရှင်း သိသွားချင်တယ်၊ ခဏလောက်မော့ပါ"

ပမာ က မော့မလာပေ..။ ထို့ပြင် နုမွတ်ပြေပြစ်သော လှပသည့် မင်္ဂလာဝတ်စုံနှင့် ရင်ဘတ်လှလှမှာ လက်ခနဲ ကြွေဆင်းသွားတာက မျက်ရည်တစ်ပွင့်..။

"မမကို ဒီစကားလေးတွေ မပြောရဘဲနဲ့ ကျွန်တော် ဒီနေရာက တစ်ဖဝါးမှရွေ့မှာ မဟုတ်ဘူးနော်"

စိတ်နောက်ကိုယ်ပါ ရှိခဲ့သည့်အကျင့်အတိုင်း ခြင်း က ပမာ့ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ပစ်လိုက်ပြီး မျက်နှာမော့ပါလာအောင် ကြိုးစား၏။





ပမာ သည် သူ့လက်ကို ဆတ်ခနဲ ပုတ်ချပစ်ကာ လက်တစ်ဖက် မြှောက်တက်သွားတာ ရိုပ်ခနဲ၊ ဖောင်းခနဲမြည်သံနှင့် ရိုက်ချက်က နားထဲမှာ အူထူစပ်ဖျဉ်းသွား၏။ ထို့ပြင် ရိုက်ချက်နောက်ပါသွားသည့် ခြင်း မျက်နှာက တစ်ဖက်ကို စိုက်ခနဲ ဆင်း၏။

"မမ.."

"ဖယ်..၊ လွှတ်..."

ပမာ အတင်းတိုးတိုက်ထွက်တော့ ခြင်း က ဇွတ်ခနဲ ဆွဲဖက်ထားလိုက်ကာ...

"မမကို ကျွန်တော် ချစ်တယ်"

"ဘာပြောတယ်.."

ပမာ သူ့ကို ထုနှက်ရုန်းနေရင်း အသံစူးအောင် အော်၏။ ပြီးတော့ လှုပ်ရှားမှုတွေ တဖြည်းဖြည်း ရပ်တန့်သွားခဲ့ပြီး မျက်ဝန်းမှာ ဖိတ်ဖိတ်စင်စင် ပြည့်တက်လာကြသည့် မျက်ရည်တွေက အားကောင်းမောင်းသန် ဖြိုဆင်းကြလေသည်။

"မငိုပါနဲ့..၊ အဲဒီမျက်ရည်တွေကိုမြင်ရင် ကျွန်တော် လူသတ်ချင်စိတ်တွေ ဖြစ်ဖြစ်လာလို့"

ကြည်ဖြူခြင်းမရှိသည့် ကိုယ်လေးကို ခြင်း အတင်းတွေးဖက်ထားမိသည်။ ပြီးတော့ ဘယ်သူ့ကိုမှ မပေးလိုက်နိုင်သော ရယူပိုင်ဆိုင်လိုခြင်းအတွက် တိတ်တခိုး ဆုတောင်းမိသည်က...

* ဘဝဆက်တိုင်း..

ကိုယ်ညှို့လို့ ကိုယ်ခံ၊

မတော်တဆ အသည်းကွဲခြင်းမှ

ရှောင်ကြဉ်ပါ၏..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၄]

ကားရပ်သံကြားလိုက်ရသဖြင့် ထွက်ကြည့်မလို့လုပ်နေတုန်း ခြင်းကွင်းထဲကို ဝင်လာကြသည့် နှစ်ယောက်ကြောင့် ဒေါ်ခင်ယု မျက်လုံးတွေ ပြူးကျယ်ကုန်၏။

"သား...၊ အို... သမီးနဲ့..၊ ဘာ.. ဘာတွေ ဖြစ်လာကြတာလဲ"

"အန်တီ..."

ပမာ က တစ်ခုခုပြောမလို့ ခြေလှမ်းကိုရပ်ဖို့ပြင်သည်။ ခြင်း က အထဲကို တောက်လျှောက်ဆွဲခေါ်သွားရင်း...

"မြင်တဲ့အတိုင်းပဲ မေမေ၊ ဖြစ်သင့်တဲ့အတိုင်း အဖြစ်မခံနိုင်လို့ ဖြစ်ချင်သလိုလုပ်လာတာ"

"ဘာ.. ဘာပြောလိုက်တယ်၊ သား နေဦး..."

"တံခါးတွေ ပိတ်ခဲ့ပါ မေမေ၊ ဘယ်သူလာလာ ဖွင့်မပေးပါနဲ့"

"သားရယ်..၊ ဟဲ့.. ဪ... ဒုက္ခပါပဲ"

ဒေါ်ခင်ယု အိမ်ထဲကို ခြေလှမ်းလိုက်ပြီးမှ အိမ်ရှေ့တံခါး ပြေးပိတ်ရသည်။ ဘာမှမသိရသေးပေမယ့် အခြေအနေကို အကဲခတ်မိပြီမို့ သားတော်မောင် ဘာလုပ်လာပြီဆိုတာကို တွက်မိပြီးပြီ။ ထို့ကြောင့် ဟိုဘက်က မိသီ ကိုပါ မှာစရာရှိတာ ပြေးမှာလိုက်ရသေး၏။

"ပြောကြပါဦး သားရယ်၊ သမီးတို့ ဘာဖြစ်ခဲ့ကြတာလဲ"

အခန်းတံခါး ဖွင့်နိုင်းတော့ ဖွင့်ပေးသည်။





သားကိုမေးပြီးမှ ပမာ့ ကားမှာ ဝင်ထိုင်ကာ နှစ်ယောက်စလုံးကို မေးလိုက်မိ၏။

ပမာ က မင်္ဂလာဝတ်စုံလေးနှင့်အတိုင်းဖြစ်ကာ ငိုထားပုံလေးရှိပေမယ့် ပြင်ဆင်ထားတာတွေ ပျက်လောက်တဲ့အထိတော့ မဖြစ်ပေ..။

မေးလိုက်ကာမှ မျက်တောင်ရှည်တွေကို လက်ခုံလေးနှင့် အသာလေး ပင့်သုတ်ကာ...

"ပမာ မပြောတတ်တော့ဘူး အန်တီ..၊ ဒီလိုဖြစ်သွားတာ ဖြစ်အောင် တမင်ဖန်တီးခဲ့တာ မဟုတ်ပေမယ့်..."

"ကျွန်တော်ကတော့ တမင်လုပ်တာ၊ မမ ကြည်ကြည်သာသာ မလိုက်ရင်လဲ အတင်းမွေ့ခေါ်မှာပဲ၊ အဲဒီအချိန်အပိုင်းလေးအတွင်းမှာ လုံးဝ အတိအကျ ဆုံးဖြတ်လိုက်တာ အဲဒီအတိုင်း..."

"တော်ပါတော့၊ မင်း အဲဒီလို မိုက်ရူးရဲလုပ်ရတာ သိပ်ကို ဂုဏ်ယူနေလား"

"မိုက်ရူးရဲ ဖြစ်သွားချင်သွားမယ်၊ ဒါပေမယ့် ဂုဏ်ကို လိုချင်လို့... မဟုတ်ဘူး၊ မမကို လိုချင်တာ..."

"သား..၊ တိတ်စမ်း.."

ဒေါ်ခင်ယု နည်းနည်းတော့ ရှင်းသွားပါသည်။ ထင်ထားတာကလည်း ဒီတိုင်းပဲ ဖြစ်၏။

ပမာ ကတော့ ဒီလို တိမ်းလွှယ်ယိမ်းလွှယ်မှာ မဟုတ်..။

ခြင်း က ကျက်သရေခေါင်းပေါင်းနှင့် တိုက်ပုံကို ညင်ညင်သာသာ မဟုတ်လဲ ဖြစ်သလို ဆွဲလွှဲချွတ်ပစ်နေကာ...

"ပြောတော့ မယုံဘူး၊ မဓလူကြီးနဲ့ ယွန်း က အစကတည်းက အငြိဇယားတွေရှိနေတာ၊ အဲဒီနှစ်ယောက်အတွက် ဘာမှ ထည့်တွက်ဖို့ မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခြင်း…"

ပမာ နေရာမှ ဆတ်ခနဲ ထ,ရပ်လိုက်ကာ…

"မင်းက သူတို့ ဒီလိုရှိခဲ့လို့ ခုလိုပြန်လုပ်တာလား၊ မင်းရဲ့ ယွန်းကို ရွဲ့ချင်လို့.."

"မဟုတ်ဘူး၊ ယွန်း နဲ့ ဇယားက အစကတည်းက ရင်ထဲမှာတင်းခနဲ၊ ဖျင်းခနဲတောင် ရှိခဲ့ဖူးတာ မဟုတ်ဘူး၊ ကျွန်တော့်စိတ်ကိုက အရိပ်လေးမျက်နှာမှာ နယ်ကျွံပြီး လှုပ်မရ၊ ရုန်းမရဖြစ်ခဲ့တာ၊ ဒါကို သိလိုက်ရတော့ ကိုယ့်အတွက် ထွက်ပေါက်ရသွားတယ်၊ ဒါပဲ.."

"မင်း… မင်းကြောင့် ငါက ဘာဖြစ်သွားပြီလဲ၊ မင်း သိလား"

"ကျွန်တော့်မိန်းမ ဖြစ်သွားမှာလေ၊ အဲဒီလိုဖြစ်အောင် လုပ်လိုက်တာပဲ"

"ဟင်… မင်း…"

အ ရှူးစိုက်ကြည့်ပြီးမှ ဒေါသဖြစ်ဖြစ်နှင့် ခြင်း မျက်နှာကိုလွဲရိုက်ပစ်

ဖြ သည်။ ဒါပေမယ့် ခြင်း က ပမာ့ လက်ကို ဖမ်းဆုပ်ထားလိုက်..

"ဒေါသတွေ ထိန်းလိုက်ပါတော့၊ ကျွန်တော့်ပါး နာမှာကြောက်လို့ မဟုတ်ဘူး၊ မမ အရမ်းပင်ပန်းနေပြီ.."

"လွှတ်စမ်း..၊ လက်ကို.."

"သား လွှတ်လိုက်စမ်း၊ ဒီအချိန်ထိ ရန်ဖြစ်ဖို့ တွေးနေတုန်းလား ဟင်၊ မင်း ဘာလုပ်သင့်တယ်ဆိုတာ မသိဘူးလား"

ပမာ က လက်ကိုဆောင့်ရုန်းပြီး လှူပါ ယိုင်ထွက်သွားသဖြင့် ခြင်း က ပခုံးကို ပြန်ဆွဲထားလိုက်သည်။

"ဖယ်..၊ မကိုင်နဲ့.."

လက်ကလေးကို ထိမိကိုင်မိသမျှ ခါချပစ်တော့ ခြင်း က 'ကျွတ်'



ခနဲ ဖြစ်၏။ ဟိုမှာ နှစ်ယောက်သား စိတ်လွတ်ကိုယ်လွတ် ဖက်ထားမိကြတုန်း လှုံသံတွေကြားလိုက်ရသည်။ ကြည့်လိုက်တော့ ဒေါ်တင်သန္တာရယ်၊ တခြား အမျိုးသမီးကြီးတွေ နှစ်ယောက်,သုံးယောက်ရယ် အပြင်ထွက်လာကြတာ ဖြစ်၏။

ထိုအချိန်ခဏလေးမှာ မမ ရှက်ကြောက်ငေးကြောင်သွားတုန်း ကမူးရှူးထိုး လက်ဆွဲပြေးထွက်လာခဲ့တာက သူရယ်..။

ကားကို ဝေးလံတဲ့နေရာ မောင်းထွက်ဖို့ ဦးတည်လိုက်လျှင် မမ သောင်းကျန်းမှာစိုးကာ အိမ်ကိုပဲ မောင်းခဲ့လိုက်တော့ ရှင်းဖို့၊ ပြောဖို့ အကြောင်းတွေပဲ ရှိနေသလိုလို..။

ပမာ ပါလာခဲ့မိတာ ကိုယ့်ကိုယ်ကို ဘာတွေလုပ်မိမှန်းတောင် မသိတော့သလောက်ပင်။ လူတွေရဲ့မျက်နှာ ပြူးတိပြူးကြောင်ကို မြင်လိုက်ရချိန်မှာ ပူထူရှက်ကြောက်ကာ ဒီနေရာကနေ မမြင်ကွယ်ရာကို ပြေးထွက်သွားချင်တဲ့စိတ်ကသာ ရုန်းရင်းဆန်ခတ် ကြွတက်လာ၏။

ကားပေါ်တက်လိုက်ခဲ့မိတာ မှားပြီဆိုတာ တွေးမိပေမယ့်လည်း…

"မမ ခဏလေး ငြိမ်နေပါ၊ ကျွန်တော် ရှင်းပြပါ့မယ်.."

"မမ အရမ်းဆူနေရင် ကျွန်တော့်စိတ်တွေ လှုပ်ရှားပြီး တစ်ခုခု ဖြစ်သွားလိမ့်မယ်.."

"ခဏလေးပါ မမရာ.."

စသဖြင့် ခြင်း ရဲ့ ဘာကို ခဏစောင့်နိုင်းမှန်းမသိဘဲ ဒါကိုပဲ စောင့်နေမိခဲ့သည်။ တကယ်ဆို ခြေလှမ်းမှားပြီဆိုကတည်းက လုံးဝ ပြင်ဆင်ခွင့်မရှိတော့ဘူးဆိုတာကို အသိစိတ်မှာ ရှိနေမှာပါ..။

ဒါပေမယ့် မသိစိတ်မှာ အရှုံးနဲ့ သိက္ခာအတွက် ကာကွယ်ပိုခြင်းက မင်းမူနေခဲ့၏။ ခြင်း ကို ထုနက်ဆူပူနေတော့ရော ဘာထူးတော့မှာလဲ။

နောက်ထပ်ကျလာသည့် မျက်ရည်တွေကို ကိုယ့်တာရားနှင့်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ဖြေသိမ့်သုတ်ပစ်ရင်း…

"ပမာ တို့မှားပြီ အန်တီ၊ အဲဒါ…"

မျက်ရည်က သုတ်ပြီးမှ ထပ်ကျပြန်သည်။ ခြင်း ရဲ့အိပ်ရာအစွန်းမှာ အရုပ်ကြီးပြတ်လေး ထိုင်ချလိုက်တော့ ဘေးမှာ ဒေါ်ခင်ယု ပါ ထိုင်ပါလာကာ…

"မငိုပါနဲ့ သမီးရယ် သား ဘာလုပ်ခဲ့တယ်ဆိုတာ အန်တီ သိပါပြီ၊ သမီးမှာ အပြစ်မရှိဘူး…"

"မဟုတ်ဘူး…"

"ဟုတ်တယ်လို့ ထားလိုက်ပါ မမရာ…၊ ငိုလဲ ငိုမနေပါနဲ့တော့၊ မမ ဦးသီဟကို ကို မချစ်နိုင်သလို ကျွန်တော်လဲ ယွန်း ကို မချစ်ဘူး"

"ဘာပြောတယ် ခြင်း၊ မင်းက လူကြီးတွေကို ခွေးဖြစ်အောင်လုပ်နေတာလား"

"ဘာမှဖြစ်စရာ မရှိဘူး၊ ကျွန်တော့်ဖာတ် ကျွန်တော် နိုင်အောင်ကာ့သွားတာ ဘယ်မိဘမှ မပါခဲ့ဘူး၊ နောက်လဲ ဘာကြောင့်မှ ပါလာဖို့ မရှိဘူး၊ ကျွန်တော့်တို့တစ်သက်လုံး စိတ်ဆင်းရဲသွားရမယ့်အစား အခု စွန့်စားထိုက်လို့ စွန့်စားတာ၊ လူတွေ ဘာပြောပြော ပါးစပ်ညောင်းရင် ပိတ်သွားလိမ့်မယ်"

ဒေါ်ခင်ယု ဘာပြောရမှန်းပင် မသိတော့ပါ။ အစကတော့ မုန်းပါတယ်၊ နာပါတယ်နှင့် ခုကျမှ ဘာဖြစ်သွားတာလဲ…။

ခြင်း က သူ့ဘာသာ အင်္ကျီတွေ၊ ဘောင်းဘီတွေ ဆွဲထုတ်ပြီး ရေချိုးခန်းထဲဝင်သွား၏။ ပြန်ထွက်လာတော့ အဝတ်အစားလဲပြီးသွားပြီ။

"မမေ ဖိုးဘက်ကူးသွားပြီး မမအတွက် အဝတ်လဲဖို့ စီစဉ်ပေးပါလား"

"ဟင်…၊ အေး…"





ဒေါ်ခင်ယု ယောင်တောင်တောင် ထရပ်လိုက်ပြီးမှ ပမာ့ မျက်နှာလေးကို ပြန်ငုံ့ကြည့်မိသည်။ ဒီမိန်းကလေး မထူးစိတ်ပိုက်ပြီး ငြိမ်နေလိုက်ရတာလား၊ ဒါမှမဟုတ်…

သားကို တကယ်ပဲ သံယောဇဉ်မေတ္တာတွေ ရှိခဲ့တာလား၊ ဘယ်လိုမှလဲ အကဲခတ်မရသဖြင့် ဒီတိုင်းပဲ လှည့်ထွက်လာခဲ့မိသည်။

ဖြစ်စေချင်တာကတော့ သူတို့ချင်းသာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပေါင်းသင်းကြမယ်ဆိုရင် ဘယ်လိုအရေးကိစ္စဖြစ်ဖြစ် ဘယ်လို့ပုံစံနှင့်ပဲ ရှင်းရရှင်းရ…။

"တောက်…"

နောက်မှာ ဖုန်းမြည်သံနှင့်အတူ ခြင်း ရဲ့တက်ခေါက်သံကို ကြားလိုက်ရတော့ ဒေါ်ခင်ယု ခြေလှမ်းတုံ့သွားသေးသည်။

ခြင်း ကတော့ ပမာ စိတ်ညစ်မှာတစ်ခုကလွဲ၍ ဘာမှ မကြောက်သူမို့…

"ပြော…"

"ပြောရမှာက ငါ မဟုတ်ဘူး ခြင်း…၊ နင် ပြောရမှာ…"

ဒီကိုဆက်ကတည်းက ယွန်း ပဲဆိုတာ သူကလည်း သိပြီးသားမို့…

"ဘာမှပြောစရာမရှိဘူး…၊ နိုး…"

"နင် ငါ့ကို ကိုသီဟကို နဲ့…"

"ဟာ… ကိုယ့်ကိုယ်ကို အထင်တွေ ရွတ်ကြီးနေပြန်ပြီ၊ ဒီမှာ ယွန်း…၊ မင်းရင်ထဲမှာ ဘာတွေရှိနေမှန်း မသိပေမယ့် ကိုယ်ကတော့ မင်းအပေါ်မှာ သူငယ်ချင်းဆိုတဲ့ သံယောဇဉ်ထက် မပိုခဲ့သေးဘူး ထင်တယ်၊ ကိုယ့်အမူအရာတွေကို မင်း သိနေမှာပါ"

"မသိဘူး…၊ နင့်ဘာသာ ယောက်ျားမဆန်စွာ မျိုးသိကြိတ်ကြဲနေတဲ့ကိစ္စ၊ ငါ့ဘက်က ရှင်းတယ်၊ ကိုသီဟကို နဲ့ပြန်ခွဲပေးမယ်…"



www.burmeseclassic.com

www.burmeseclassic.com



"မရှင်းနဲ့တော့ ယွန်း…၊ စိတ်မဝင်စားဘူး၊ မမကို ဟိုအရင်ကတည်းက ချစ်နေခဲ့တာ၊ အဲဒါကြောင့် မင်းနဲ့ လက်ထပ်ရခါနီးတော့ ကိုယ် မရှုနိုင်မကယ်နိုင်ဖြစ်ခဲ့ရတာ တကယ်ပါ၊ အဲဒါတော့ ဝန်ခံပါတယ်"

"ဟွန်း…"

"ကိုယ့်ဘက်က ကျေနပ်စရာတစ်ခုက မင်းနဲ့ ကိုယ် မဖြူစင်ခဲ့ကြတာချင်းတူတော့ ဘယ်ဘက်ကမှ မနစ်နာပါဘူး၊ တခြား နစ်နာတယ်လို့ ထင်တာတွေကိုတော့ မင်းအမေနဲ့ပဲ ရှင်းရမယ် ထင်တယ်၊ ဘာဖြစ်ဖြစ် ကိုယ့်ဘက်က အဆင်သင့်ပဲ"

"မရဘူး၊ နင်တို့ကို အရှက်ပြန်းပြန်းကွဲအောင် လုပ်မယ့်သူ ရှိတယ်၊ အဲဒါ ကိုသီဟကို…"

"အရှက်ကွဲရမှာ ကိုယ်တို့မဟုတ်ဘူး၊ မပိုင်ဘဲ ဝင်မွေးတဲ့သူတွေ…"

"နင် ဘာပြောတယ်…"

"ကိုသီဟကို မကျေနပ်ရင် ကိုသီဟကို လာလိမ့်မယ်၊ မင်းနဲ့ပြောနေတဲ့အတွက် တန်ဖိုးရှိတဲ့ ကိုယ့်အချိန်တွေ ပွန်းပဲ့ကုန်ပြီ၊ ဆောရီး…"

ဖုန်းကို တမင်ဆောင့်ချပစ်လိုက်သည်။ ယောကျ်ားမာနတွေကို သိက္ခာပန်ဆင်ပြရမည်ဆိုလျှင် ယွန်း ဆိုတဲ့မိန်းကလေး ဘာကောင်းလို့လဲ…။

ဘယ်လိုမှ အကဲခတ်လို့မရလိုက်အောင် အမှုအရာတွေ ကောင်းခဲ့သည်။ ကိုယ့်ကို ပြန်ဆုံရလို့ပဲ ဝမ်းသာမဆုံးဖြစ်ရသတဲ့။ ငယ်သူငယ်ချင်းတွေမို့ သံယောဇဉ်က ရှိပြီးသားဆိုပြီး ချစ်တာ၊ ကြင်နာတာတွေ ရွတ်ပြခဲ့တာ ပြောမကုန်နိုင်…။

သီဟကို ဆိုတာ ဘယ်အကြောင်း ဘယ်စကားထဲမှာမှ တစ်စွန်းတစ်စမပါ။ ဒါကို အကြီးအကျယ် မကျေနပ်ဖြစ်ရလောက်အောင် သိလိုက်တဲ့အချိန်က မကြာခဲ့လို့။ မဟုတ်လျှင် ကိုယ်ကလည်း မချစ်မနှစ်





သက်ဘဲ မထူးစိတ်ပိုက်ခဲ့ရသည်။ ကိုယ့်ကို မချစ်တဲ့မိန်းမကြောင့် သွားပြီ…တစ်သက်လုံး…။

သူ့ရင်ထဲမှာ ယွန်း ဘယ်တုန်းကမှ စွဲနစ်မထင်ခဲ့ဘူးတာကိုတော့ မမ ယုံကြည်အောင် သူ ကြိုးစားရဦးမှာပါ…။

"မမ…"

သူ ဖုန်းချလိုက်တဲ့အထိ မမ မျက်လုံးမလွှဲဘဲ ကြည့်နေခဲ့သည်လား…။

ခေါ်လိုက်မှ ဟိုဘက် ဆတ်ခနဲလှည့်၏။

"မမ ယွန်း နဲ့ ကျွန်တော့်ကို ယုံပါ၊ မမကိုပေးတဲ့ ပန်းပုရုပ်လေးကလေ ကျွန်တော် ဟိုတုန်းကတည်းက ထုထားခဲ့တာ၊ သူက သူငယ်ချင်းဖြစ်သလို မမလဲ ကျွန်တော်နဲ့ ငယ်ပေါင်းပါ+ ကျွန်တော့်ရင်ထဲမှာ ဘယ်သူက ထင်ကျန်ရစ်တယ်ဆိုတာ မမ နည်းနည်း စဉ်းစားကြည့်ပါ"

သူ ဘေးမှာထိုင်လိုက်တော့ ပမာ က ကိုယ့်ကို ကျူ၍ ယက်ပိုက်ပစ်ကာ…

"ဟိုအဆောင် ဒီအဆောင် ကူးလူးပျော်ပါးနေရအောင် မင်းကိုယ်မင်း ဘုရင်တစ်ပါးလို့ ထင်နေသလား၊ ငါနဲ့ ဝေးဝေးမှာနေ…"

"ဘာလို့နေရမှာလဲ၊ ညာမနေပါနဲ့ မမရာ…၊ မမ ကျွန်တော်နဲ့ အတိုက်အခံတွေပြောမိပြီး ဒီလိုလုပ်ဖို့ တည်ဖြစ်သွားတာ၊ မမ ရင်ထဲမှာ ကျွန်တော် ရှိနေပါတယ်"

ပမာ က ဆတ်ခနဲ လှည့်ကြည့်၏။ ခေါင်းမှာစိုက်ထားသည့် ကပ်ပန်းတွေ တုန်ခါသွားသဖြင့် သူ့မျက်လုံးထဲမှာ ပမာ ပိုလှသွားသည်။

"ငါ့ဆုံးဖြတ်ချက်တွေ မှားချင်မှားသွားလိမ့်မယ်၊ ဒါပေမယ့် ပထမဆုံးနဲ့ နောက်ဆုံးပဲ၊ မှန်ဖို့ကြိုးစားခဲ့ပေမယ့် မှားသွားရင်လဲ…"

"ဟာ… မှားသွားတာတော့ ပြင်ရမှာပေါ့၊ မမ မချစ်ဘဲ သက်ထပ်ဖို့ ကြိုးစားရဲပေမယ့် ကျွန်တော်က မစွန့်လွှတ်နိုင်ဘူး၊ ကျွန်တော့်ဘဝ

www.burmeseclassic.com



အတွက် တကယ် လိုအပ်တာဟာ မမ စဲဆိုတာ သေချာလိုက်တဲ့အချိန်မှာ ကျွန်တော် လုပ်ထားခဲ့သမျှ အမှန်အမှားအားလုံးက ဘာမှမဟုတ်တော့ဘဲ ဖြစ်သွားပြီ၊ ဘာကိုမှလဲ ဂရုမစိုက်ဘူး၊ ဒါဟာ မြင်လို့မရတဲ့အမှား မဟုတ်သေးဘူး မမ၊ မနက်ဖြန်ဆိုတဲ့အချိန်မှာသာ အားလုံး နောက်ကျကုန်မှာ..."

"မင်း ကိုယ် လိုချင်တဲ့ဘက်ကိုပဲ ယူတွေးနေတာ၊ အခု အားလုံး အရှက်ကွဲကုန်ပြီ၊ သိရဲ့လား.."

"ဘာ..ကွဲကွဲဗျာ.."

စကားကောင်းပြောနေရင်း ခြင်း စ,ဖောက်လာသည်။ နေရာမှ ပုံ့ခဲ့နေ ထရပ်ကာ ဘောင်းဘီထဲ လက်နှိုက်လိုက်၊ ခါးတောက်မိလိုက်..။

ပြီးတော့ မမ ရှေ့မှာမို့ ပြန်ဖြေချကာ ခေါက်တုံ့ခေါက်ပြန် လျှောက်၏။ ထို့နောက်..

"မမက အဲဒီ အရှက်သိက္ခာတွေကို ကာကွယ်ရင်းနဲ့ တစ်သက်လုံး မချစ်တဲ့သူကို ပေါင်းသွားမှာလား"

ပမာ ရှေ့မှာ ခြေဖျားထောက်ထိုင်လိုက်ပြီး လက်ဖဝါးလေးနှစ်ဖက်ကို ဖိညှစ်ဆုပ်ကိုင်၏။

"မမလဲ သူ့မိန်းမ မဟုတ်သေးဘူး၊ ကျွန်တော့်မှာလဲ မိန်းမ မရှိဘူး၊ ဒီအချိန်ပိုင်းလေးမှာ ကျွန်တော်တို့ မဖွန့်စားသင့်ဘူးလား"

"ဘာဖွန့်စားတာလဲ..၊ ဖယ်.. လွှတ်..၊ မင်းကိုတော့ ငါက ချစ်တယ် ပြောမိလို့လား"

"မပြောဘူးလေ..၊ မပြောပေမယ့် သိနေတာပေါ့ မမ ဟိုလူနဲ့ လက်ချင်းချိတ်လာပြီး ကျွန်တော့်ကိုမြင်တော့ မျက်ရည်တွေ စီနေတယ်မို့လား"

ပမာ မျက်နှာလေးပျက်လျက် တစ်ဖက်လှည့်ဖို့ ပြင်၏။ ခြင်းက ဒေါသမှာ ဝင်ထိုင်လိုက်ပြီး ပမာ ခါးလေးကို ဆွဲသိမ်းဖက်ထားကာ...

"တီတီတာတာတွေ ပြောနေကြတာ ဘာလုပ်ဖို့လဲ မမရာ၊ ကျွန်တော်





က မျက်ဝန်းထဲမှာ ဒီတိုင်းပေါ်နေတဲ့ ရင်ထဲကသယ်ဖာတာတွေကိုပဲ လိုချင်တာ၊ ပြောနေဖို့ထက် ချစ်နေဖို့ပဲ လိုတာပါ၊ ဟုတ်တယ်မို့လားဟင်.."

"စကားတတ်ကိုင်း လှည့်ပတ်ပြောမနေနဲ့ ခြင်း၊ ငါ အရမ်း စိတ်ညစ်နေတယ်၊ ဝေးဝေးသွားနေပေး.."

ပမာ က အတင်းတွန်းဖယ်ရုန်းနေရင်း မျက်နှာကို ဒီဘက် နည်းနည်းမှမလှည့်..။

ခြင်း ကလည်း ဖွတ်တရွတ် ဖက်ထားကာ...

"မဖြစ်နိုင်ဆုံးက အဲဒါပဲ၊ မမ တစ်ယောက်တည်းနေရင် ရှက်တာတွေ၊ သိက္ခာတွေချည်းပဲ ပါလာပြီး ဒီကောင်က နောက်ရောက်သွားမှာ၊ လုံးဝ နေခွင့်မပေးနိုင်ဘူး"

ဖွတ်ပြော၊ ဖွတ်ဖြစ်နေသည့် ခြင်း သည် ဇိနိုက်လေးတစ်ကုံးကည်း နှင့် ဝင်းလက်နေသော ပမာ့ လည်တိုင် မွှေးညက်ညက်လေးကို ငုံနမ်းမိလိုက်၏။

"အို..."

ပမာ့ မျက်လုံးထဲမှာ လျှပ်စီးကြောင်းတွေ ဖြစ်ကုန်သည်။ လည်တိုင်မှာ နွေးသွားသော်လည်း တစ်ကိုယ်လုံး အေးစိမ့် ကျင်ခဲသွားသလိုပင်..။

အချစ်နှင့်စိမ်းသတ်ခဲ့သောလူမှာ သဝါလစ်မတတ် မေ့မူးပြာဝေသွားစဉ် ခြင်း ရဲ့ အနမ်းတွေက ဆင့်ကဲ ကျရောက်လျက်။ ပတ်ဝန်းကျင် အလင်းရောင်အားလုံး ပျောက်ဆုံးကုန်ပြီလား။ ခြင်း သည် သူ့မေးနားမှာ နှုတ်ခမ်းဖျားကို ဖိကပ်ရင်း...

"ကျွန်တော့်ကို သိမ်းပိုက်ခွင့်ပြုပါ.."

"ဟင့်အင်း..၊ ဟင့်အင်း.."

သူနှင့်အတူ လဲကျသွားခဲ့သောအခါ နူးညံ့နွေးထွေးနေသည့် ပျဉ်းခက်ရာသည် အိပ်ရာတစ်ခုလား..၊ ရင်ခွင်ကျယ်လား..။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတွေ ဗရမ်းဗတာ ပြောင်းဆန်နေသမျှ ရှက်မျက်ရည်တို့ သွင်သွင်စီး၏။ ခြင်း က ထိုမျက်ရည်တွကို ရပ်တန့်ခြောက်သွေ့ကုန်အောင် ကြိုးစားရင်း…

“မာနတွေကို ခဏလေး မေ့ပြီး ကျွန်တော့်ကို ချစ်တာတွေပဲ တွေးနော်၊ ဘဝတစ်လျှောက်လုံးမှာ ချမ်းသာပျော်ရွှင်ကြဖို့အတွက် အစဉ်အလာတွေ ဘယ်လိုရှိရှိကွာ‥”

ငုံ့မိုးစိုက်ကြည့်လာသည့် ခြင်း ၏ ရီဝေစူးရဲနေသော မျက်ဝန်းများကြောင့် ပမာ မျက်ဝန်းတွေကို မှိတ်ပစ်လိုက်မိသည်။

ရင်ခုန်သံတွေကို နားထောင် ခွဲခြားလို့ရလျှင် သိချင်သည်။

သူမ ပျော်နေသည်လား‥၊ ကြောက်ရွံ့နေခဲ့သည်လား‥၊ သေချာတာတစ်ခုက အရာအားလုံးသည် သူ့ရဲ့အနမ်းများအောက်မှာ မေ့ရလျှာပျောက်ဆုံးသွားခဲ့ပြီ‥။

တကယ်ပဲ ချစ်တော့ ချစ်ခဲ့သည်မို့…။

ပရိသတ်အတွက်
ထာဝရ



www.burmeseclassic.com